www.burmeseclassic.com



www.burmeseclassic.com

# မယ်မင်းဘုံ

# မြားနတ်မောင်ဝုန်းဒိုင်းကြဲနေသည်

၂၀၁၄ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅·၈၃

မယ်မင်းဘုံ

မြားနတ်မောင်ဝုန်းဒိုင်းကြဲနေသည်၊ မယ်မင်းဘုံ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၂၈၈-စာ၊ ၅×၇

(၁) မြားနတ်မောင်ဝုန်းဒိုင်းကြဲနေသည်

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

# အမှတ်တရ

သို့

မဂ်လာပါ မမမယ်မင်းဘုံ

ညီမလေးက မမဆီကို ပထမဦးဆုံး စာရေးတဲ့ ပရိသတ်တစ်ယောက်ပါ။

ညီမလေးက အခု တက္ကသိုလ်ဝင်တန်းဖြေပြီး အားနေတဲ့ အချိန်မှာ မမမယ်မင်းရဲ့ စာအုပ်တွေကို အကုန်နီးပါး ဖတ်ပြီးသွားပါပြီ။ အရမ်းကောင်းတာပဲနော်။ မမရဲ့ ဇာတ်ကောင်နာမည်တွေကလည်း အရမ်းမိုက်တယ်။ မမရဲ့ စာအုပ်တိုင်းကို အရမ်းကြိုက်တယ်။ မမရဲ့ "မိုးလုံလေလုံအိမ်ထောင်ပြုသည်" က တခြားစာအုပ်တွေနဲ့ မတူထူးခြားတယ်နော်။ ညီမလေးက အခုမှ မိတ်ဆက်စာရေးတာဆိုတော့ အမှားပါရင် ခွင့်လွှတ်ပါနော်။

ညီမလေး မမရဲ့ [illegible]စာနဲ့ ဓာတ်ပုံ ၁ ပုံ လိုချင်ပါတယ်။

မမ best seller တစ်ယောက်ဖြစ်ပြီး အောင်မြင်မှု သရဖူကို ဆောင်းနိုင်ပါစေလို့

ဆန္ဒပြုလျက်
နန်းအိမ့်ရတနာဖြိုး
လမ်းမတော်လမ်း၊ မြန်မာရပ်၊ သီပေါမြို့
ရှမ်းပြည်နယ်မြောက်ပိုင်း။

www.burmeseclassic.com



## အမှတ်တရ

သို့

မင်္ဂလာပါ မမမယ်မင်းဘို

မမဘိုရေးတဲ့ စာအုပ်ဖတ်ဖြစ်ပါတယ်။

ဒါပေမဲ့ မမဆီ စာရေးခွင့် မကြုံခဲ့ဘူး။

အခုရေးခွင့်ရတဲ့အတွက် ပြောမပြတတ်အောင်ဘဲ ပျော်ပါတယ်။

အစ်မရဲ့ နောက်လထွက်မယ့် စာအုပ်ကို ရင်ခုန်စွာနဲ့ စောင့်မျှော်နေမယ်နော်။

ညီမလေး
အေးအေးငြိမ်း
ကျွန်းချောင်းကြီးကျေးရွာ
ရေနံချောင်းမြို့နယ်
မကွေးတိုင်းဒေသကြီး။



## အမှတ်တရ

သို့

မမင်း

ပထမဆုံးရေးလိုက်တဲ့အတွက် အမှားပါရင် ခွင့်လွှတ်ပါနော်။

ညီမလေးက အစ်မရဲ့ ပရိသတ်တစ်ဦးပါ။ ညီမက အစ်မရဲ့ စာအုပ်အားလုံးကို မကြိုက်တာမရှိသလောက်ပါဘဲ။ တချို့စာအုပ်တွေတျ တော့ ဒီဘက်အပိုင်းကို မရောက်ဘူးထင်တယ်။

ညီမလေးတို့မြို့မှာဆိုရင် မမင်းရဲ့ စာအုပ်တွေ အကုန်လုံးတော့ မရှိဘူး။ ဖြစ်နိုင်ရင် မမင်းရဲ့ စာအုပ်တွေကို ညီမလေးအပိုင်ဝယ်သိမ်းထားချင်တယ်။ ဘယ်လောက်ဖတ်ဖတ် ဘယ်တော့မှ ရိုးမသွားဘူး။ ညီမလေးကို ခင်ရင် စာပြန်ပေးပါနော်။ ညီမလေးမျှော်နေပါ့မယ်။

မင်းဒီထက်မက အောင်မြင်မှု သရဖူဆောင်းနိုင်ပါစေ။

ညီမလေး
ဝင်းလှဲ့နိုင်
ရှမ်းပြည်နယ်မြောက်ပိုင်း
သီပေါမြို့
36336247။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

## အမှတ်တရ

သို့

မမမယ်မင်းဘုံ

မင်္ဂလာပါအစ်မ။

အစ်မရဲ့စာအုပ်တွေ အရမ်းဖတ်လို့ ကောင်းတယ်နော်။ အစ်မရဲ့ ထူးခြားတဲ့ စိတ်ကူးအတွေးတွေနဲ့ ပေါင်းစပ်ပြီး တစ်မျိုးနဲ့တစ်မျိုး စကားလုံးတွေ မထပ်အောင် ရေးနိုင်တာတွေ စာဖတ်ပရိသတ်လက်ထဲကနေ မလွှတ်ချင်အောင် ဆွဲဆောင်ထားတဲ့ စာလုံးစာသားတွေကြောင့် အခုဆို မမ စာအုပ်တွေပဲ ဖတ်ချင်နေတယ်။

ညီမလေးတို့ ရေးတဲ့စာတွေကို မိတ်ဆက်စာအမှတ်တရထဲမှာ ထည့်ပေးတာ ကျေးဇူးပါ။

အခုရေးလိုက်တာ ဒုတိယအကြိမ်ပါ။ ဘဝမှာ အောင်မြင်မှုတွေနဲ့ အမြဲတွေ့ကြုံရပါစေလို့ ဆန္ဒပြုရင်း

ခင်သက်ထား
မကွေးတိုင်းဒေသကြီး
ရေနံချောင်းမြို့
စည်ပင်သာရပ်။

BURMESE CLASSIC



စေတနာစာပေ၏

## အမှတ်တရ

သို့

မယ်မင်းဘုံ

အစ်မ နောက်တစ်ကြိမ် စာရေးလိုက်ပါတယ်။

ညီမလေးရေးတဲ့ "နိုးမြေကျ ခေါင်းခါသည်" စာအုပ်တလည်း အရမ်းဖတ်လို့ကောင်းတာပဲ။

အဲဒီ ဇာတ်လမ်းလေးကို အရမ်းသဘောကျတယ်။ ညီမလေးက စာအုပ်တွေကို ဘယ်လိုခံစားချက်နဲ့ ရေးတာလဲ သိချင်လိုက်တာ။

ညီမလေးကို အစ်မ တကယ်နှစ်သက်ပါတယ်။ အရမ်းတော်တယ်နော်။

အမြဲအားပေးနေမယ်နော်။

သူဇာစိုး
၃၆ ကျေးရွာအုပ်စု
ရေနံချောင်းမြို့
မကွေးတိုင်းဒေသကြီး။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

ဘုံဘုံရေ

မင်္ဂလာပါ။

ချမ်းမြေ့မှုအပေါင်းနဲ့ ပြည့်စုံနိုင်ပါစေ လို့ ဆုတောင်းပါတယ်။ ဆရာမလေး ဘုံဘုံရဲ့ "သံယောဇဉ်မျက်စောင်း" စာအုပ်လေးကို အရမ်းကြိုက်ပါတယ်။

ဘုံဘုံ လတိုင်း၊ လတိုင်းမှာ အကောင်းဆုံးဇာတ်လမ်းများကို ဖန်တီးနိုင်ပါစေ။

အမြဲတမ်း အောင်မြင်မှုတွေ ပန်ဆင်နိုင်ပါစေ။

ချစ်ပရိသတ်
NNM
စည်ပင်လမ်း
ဒဂုံမြို့သစ်တောင်ပိုင်း။



## အမှတ်တရ

Hello

မယ်မယ်

မင်္ဂလာပါနော်။ "သံယောဇဉ်မျက်စောင်း" ကို ဖတ်ပြီးပါပြီ။

ဖတ်လို့ ကောင်းပါတယ်။
ရွှေကြည်ရဲ့ အတျင့်တို သဘောမကျဘူး။
ဦးခါကို ကြိုက်တယ်။
လှိုင်းကိုလည်း သဘောကျတယ်။
ဒီတစ်ခေါက် လမင်းရဲ့ (၃၃) ကြိမ်မြောက် အားပေးတာလေးပါ။

မယ်မယ်ရေ မအားလို့ စာရေးတာတိုသွားတယ်။ နောက်မှာပဲ အားရပါးရ ရေးပေးလိုက်ပါ့မယ်။

ဒီထက်မကအောင်မြင်ပါစေနော်။

ခင်တဲ့
လမင်း 2nd Year (civil)
အမှတ် (၄၄/၃) တော်ဝင်သစ်ခွပြဲ
မင်္ဂလာဥယျာဉ်ရပ်ကွက်
ကလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

ဆရာမရေ

သံယောဇဉ်မျက်စောင်းက ဇာတ်လမ်းအရမ်းကောင်းတာပဲ။

ဦးခါနဲ့ ရွှေကြူတ်၊ လှိုင်းတို့ရဲ့ အကြောင်းလေးကို ဇာတ်အိမ်ဖွဲ့တာ သိပ်မိုက်တယ်။

ဒီဇာတ်လမ်းလေးကလေ အပြင်မှာ တကယ်ရှိသလားတောင် ထင်မိပါတယ်။

ဆရာမ သိပ်တော်တယ်။ ဇာတ်လမ်းလေးကို ပရိသတ် ခံစားရအောင် ရေးပေးထားတယ်။

ကျေးဇူးပါ ဆရာမရယ်။

တိုးတက် အောင်မြင်ပါစေ။

ပရိသတ်တစ်ဦး
ပခုက္ကူမြို့
မြို့မလမ်း
အမှတ် (၇) ရပ်။



## အမှတ်တရ

သို့

မင်္ဂလာပါ မမမယ်မင်းဘုံ

မမရေးတဲ့ စာအုပ်လေးတွေ ဖတ်ဖြစ်ပြီး အရမ်းလည်း ကြိုက်ပါတယ်။ မမမယ်မင်းဘုံရေးတဲ့ စာအုပ်လေးတွေ မှန်သမျှလက်က ချနိုင်အောင် ဆွဲဆောင်စေတယ်။ စကားလုံးလေးတွေက အရမ်းခေတ်မီတာပဲ မမ။

ဖူးကတော့လေ မမရေးတဲ့ မိုးလုံလေလုံ အိမ်ထောင်ပြုသည်ကို အကြိုက်ဆုံးပါ။ ဘယ်လိုခံစားပြီး ရေးတာလဲဟင်။

မမစာအုပ်တွေကို အမြဲတမ်း မျှော်နေပါ့မယ်။

မမကို ချစ်တဲ့
**ဖူးဖူးချစ်**
နဝဒေးဥယျာဉ်အိမ်ယာ
လှိုင်သာယာမြို့နယ်
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

မင်္ဂလာပါ ဘုံ

နင့်ရဲ့ စာအုပ်တိုင်း အတုန်ဖတ်တယ်နော်။ ဒို့ အုပ်စု မဖတ်တာ မရှိဘူး။

အောင်မြင်ဖို့လည်း အမြဲဆုတောင်းပေးနေတယ်။

ဘုံအောင်မြင်မှုများစွာ ပိုင်ဆိုင်ပါစေ။ လျှောက်လှမ်းနေတဲ့ အနုပညာခရီးလမ်းများမှာ အောင်မြင်ပါစေ

ချစ်သူငယ်ချင်းတစ်စု
တက္ကသိုလ်များ
ရန်ကုန်။



## အမှတ်တရ

သို့

Good Day ပါ ဘုံဘုံ

အသက်ငယ်ငယ်လေးနဲ့ အောင်မြင်နေတဲ့ ဘုံဘုံကို အားကျမိပါတယ်။ လေးစားမိပါတယ်။

စာအုပ်တိုင်းလည်း ကောင်းပါတယ်။ သံယောဇဉ်မျက်စောင်းဆိုလည်း ဇာတ်အိမ်လေး သိပ်ကောင်းပါတယ်။

ဘုံဘုံရေ နောက်လစာအုပ်လေးလည်း မျှော်နေမယ်။ ဘုံဘုံကို Face Book မှာလည်း အားပေးပါတယ်။

ခင်တဲ့
သဲသဲစု
နတ်ရေကန် အနောက်ပိုင်း
မြို့
ပဲခူးတိုင်းဒေသကြီး။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

ချစ်ရပါသောဘုံဘုံ

ပျော်ရွှင်ကျေနပ်မှုများဖြင့် စာရေးလိုက်ပါတယ်။ ဒီလထွက် "ရိုးမြေကျဲ ခေါင်းခါသည်" ဝတ္ထုလေးက သိပ်ကောင်းတာပဲ နော်။ မြသားထည်ရဲ့ မာနခပ်ကြီးကြီးပုံစံကို အရမ်းသဘောကျတယ်။ နေသူရိန်ရဲ့ အပြောင်းအလဲမြန်တဲ့ စိတ်ကိုတော့ မကြိုက်ဘူး။ ဒီဝတ္ထုလေးက အချစ်ရဲ့ သဘောတရားတွေကို အများကြီး သင်ပြပေးပါတယ်။ အရမ်းကြိုက်ပါတယ်။

ခင်စံဝယ်ဖြိုး
78th Road, (27×28) ကြား
ချမ်းအေးသာစံ
မန္တလေးမြို့။



## အမှတ်တရ

သို့

ဆရာမ မယ်မင်းဘုံ

အစ်မက ညီမရဲ့ ပရိသတ်တစ်ယောက်ပါ။ ညီမကလေ အသက်ငယ်ငယ်နဲ့ အောင်မြင်နေတာ အစ်မတော့ အရမ်းဂုဏ်ယူမိပါတယ်။ စာရေးဆရာ၊ အနုပညာသမားတွေဟာ စိတ်ထားအရမ်းနူးညံ့ကြတယ်လို့ ပြောကြတယ်။

ညီမရဲ့ ဝတ္ထုလေးတွေကို အသက်သွင်းပြီး ကြည့်ရတဲ့ကားလေးတွေကိုလည်း ကြိုက်ပါတယ်။ ညီမရဲ့ "နတ်သားအိပ်ဆေးခပ်ထားတဲ့ ညနေခင်း" ဗီဒီယိုလေးကော မထွက်သေးဘူးလား။ အရမ်းကြည့်ချင်နေပါပြီ။ ညီမအောင်မြင်မှုသရဖူ အပြည့်အဝ ရရှိပါစေ။

မိုမို
အောင်ချမ်းသာရပ်
မြို့သစ်လမ်း
ရေဦး။

www.burmeseclassic.com

www.burmeseclassic.com



# အမှတ်တရ

သို့

မမယ်မင်းဘုံ

မင်္ဂလာပါ။

ငယ်ရွယ်သူတွေ အကြိုက်အရေးအသားတွေနဲ့ ခံစားမှုပေါင်းများစွာ ဖန်တီးပေးတဲ့ ဆရာမကို ဂုဏ်ယူပါတယ်။ သံယောဇဉ် မျက်စောင်း ဝတ္ထုလေးကလည်း သိပ်ကောင်းပါတယ်။ ဒီဝတ္ထုလေးက ဒရမ်မာဆန်ဆန်ဝတ္ထုလေးလို့လည်း ခံစားမိပါတယ်။ နောက်ထပ်မှာလည်း ဇာတ်လမ်း ဇာတ်အိမ်မျိုးစုံ ဖွဲ့နွဲ့ရေးသားနိုင်ပါစေ။

ခင်တဲ့ပရိသတ်
MMG
အောင်မင်္ဂလာရပ်
ကျောက်ပန်းတောင်းမြို့။



# အမှတ်တရ

သို့

ဘုံလေးရေ

ဒို့က ဘုံလေးကို အမြဲတမ်းအားပေးနေတဲ့ တစ်ယောက်ပါ။ ဘုံလေးစာအုပ်တွေကို အမြဲဖတ်တယ် သံယောဇဉ် မျက်စောင်းကိုတော့ အခုထိ မဖတ်ရသေးဘူး။ ဗိုင်ငှားနေတဲ့ ဆိုင်မှာ မရှိသေးဘူး။ အဲဒီစာအုပ်ဆို အရမ်းဖတ်ချင်နေပါတယ်။

ဘုံလေးက သူများနဲ့မတူ အတွေးတွေနဲ့ ဆွဲမက်စရာလေးတွေ သိပ်ရေးတာပဲနော်။ ဘုံလေး ရှင်လန်းပါစေ။

ဘုံလေးကိုချစ်တဲ့
Mon
စေတနာဆောင်
ပညာရေးကောလိပ်
မြည်။

www.burmeseclassic.com

www.burmeseclassic.com



## အမှာစာ

သို့

အစ်မ မယ်မင်းဘုံ

အစ်မရဲ့ သံယောဇဉ်မျက်စောင်းထိုးကို သိပ်ကြိုက်တယ်နော်။ အစ်မရေ သံယောဇဉ်ပြီးတော့ ဘာစာအုပ်ထွက်မှာလဲ။ ညီမလေးတို့ အားပေးနေမယ်နော်။

အစ်မ စာပေလောကမှာ အောင်မြင်ပါစေ။

အမြဲအားပေးနေမယ့်

**မူမူစီ**
*BTech (Second year)*
နည်းပညာတက္ကသိုလ် (ဟသ်ာတ)



## အမှာစာ

သို့

မဂ်လာပါမမ

မမရဲ့ ဝတ္ထုတိုင်းကို အားပေးနေတဲ့ ပရိသတ်တစ်ဦးပါ မမ။ မမ စာအုပ်တိုင်း ကောင်းတယ်။

Fancy ဆန်တဲ့ အရေးအသားတွေမှာလည်း သိပ်ကြိုက်ပါတယ်။ ဝတ္ထုထဲက ကဗျာလေးတွေကလည်း အရမ်းမိုက်တယ်။ မမရဲ့ ဝတ္ထုကိုဆိုစ လယ် ဆုံး အသေအချာကို ဖတ်တာ။ မမဘုံရဲ့ Logo က ကျေးဇူးတင်စွာဖြင့်ဆိုတာလေးနော်။ titel လေးတွေကလည်း အရမ်းမိုက်တယ်။ မမ တစ်ယောက် ရေလိုအေးလို့ ပန်းလို မွှေးပါစေ။

ဆန္ဒမွန်ဖြင့်
နွေးနွေး
လမ်းရှည်လမ်း
ရေကူရပ်
မြည်မြို့။

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

# အမှတ်တရ

သို့

Dear Ma Ma Min

အစ်မရေ အစ်မရဲ့ ဝတ္ထုတိုင်းက စကားလုံးလေးတွေ ခေတ်ဆန်တယ်၊ ဇာတ်လမ်းတည်ဆောက်ပုံလေးတွေကိုလည်း ကြိုက်တယ်။ သံယောဇဉ်မျက်စောင်း စာအုပ်လေးထဲက ဦးခါပုံစံကို ကြိုက်တယ်။ တကယ့်ကို တည်ကြည်ပါတယ်။ ဇာတ်ဆောင်အမည်လေးတွေကလည်း အရမ်းမိုက်တယ်။ အစ်မရေ နောက်လ ဘာစာအုပ်ထွက်မှာလဲ။ မျှော်နေပါတယ်။

အစ်မအောင်မြင်တဲ့ အနုပညာရှင်တစ်ယောက်ဖြစ်ပါစေ။

အစ်မကို အစဉ်အားပေးလျက်
APP
စပ်စုံထွန်းလမ်း
၂-ရပ်ကွက်
ကျောက်မဲ။



## စေတနာစာပေ၏

# အမှတ်တရ

သို့

မဘုံရေ

သံယောဇဉ်မျက်စောင်းက မူကွဲထွက်တဲ့ စာအုပ်လို့ ထင်ပါတယ်။ မဘုံရေ ဒရမ်မာဇာတ်လမ်းလေးတွေလည်း ရေးပေးပါဦး။ မဘုံဖန်တီးတဲ့ ဇာတ်လမ်းတွေကို အရမ်းကြိုက်ပါတယ်။ မဘုံရဲ့ နတ်သားအိပ်ဆေးခပ်ထားတဲ့ ညနေခင်း ဗီဒီယိုအခွေလေး ဘယ်တော့ထွက်မှာလဲ ကြည့်ချင်လှပါပြီ။ သံယောဇဉ်မျက်စောင်းပြီးရင် ဘာစာအုပ်လေးထွက်မှာလဲ။ မျှော်နေပြီနော်။ မဘုံစာအုပ်တွေဆိုရင် တစ်လ ၂ အုပ်လောက် ဖတ်ချင်ပါတယ်။

မဘုံ စာပေခရီးမှာ အောင်မြင်မှုရရှိပါစေ။

ဆိမြူ
၆-ရပ်
ရတနာလမ်း
ထားဝယ်မြို့။

www.burmeseclassic.com

www.burmeseclassic.com





## အမှတ်တရ

သို့

မမယ်မင်း

အစ်မရဲ့ ပြန်စာလေးကိုရလို့ အရမ်းဝမ်းသာမိပါတယ်။ အစ်မကို Phone ဆက်တာ လက်ခံစကားပြောပေးတဲ့အတွက် ကျေးဇူးပါ။ အစ်မရေ ဒီတစ်ခါစာပြန်ရင် ဓာတ်ပုံကြီးကြီးလေး ထည့်ပေးပါဦး။

ညီမလေးတို့ဆီမှာတော့ စာအုပ်က အစုံမရှိဘူး။ ရှိတဲ့စာအုပ်လေးတွေကို အကုန်ဖတ်ပါတယ်။

အားပေးနေတယ်နော်။ ဘဝကို ရုန်းကန်နေရတဲ့ မိသားစု ဇာတ်ကလေးလည်း ရေးပေးပါ အစ်မရယ်။

တောင်းဆိုပါတယ်။

အခက်အခဲမရှိ အနုပညာ ခရီးမှာ လျှောက်လှမ်းနိုင်ပါစေ။

သူသူ တ-နှစ် သမိုင်း
မကွေးတိုင်းဒေသကြီး
မုံရွာမြို့
ရတနာဆောင်။



စေတနာစာပေ၏

အမှတ်တရ

သို့

မမယ်မင်းဘုံ

ဆရာမရေ မင်္ဂလာပါ။ ဆရာမ စာအုပ်လေးတွေ တစ်အုပ်ထက်တစ်အုပ် ပိုကောင်းလာပါတယ်။

"နိုးမြေကျ ခေါင်းခါသည်" ကလည်း ကောင်းပါတယ်။ ဆရာမ အရမ်းတော်လို့ ကျွန်တော် ဂုဏ်ယူပါတယ်။

ဗီဒီယိုအဖြစ် ဖန်တီးတာ ဘယ်သူတွေ ပါပါသလဲ။

ဒီထက်ပိုပြီး ကောင်းတဲ့ စာအုပ်တွေကိုလည်း ဖန်တီးနိုင်ပါစေ။

ဆရာမရဲ့ပရိသတ်

Ayng Bo
ရှမ်းတဲကြီး (အထက်)
လှည်းကူးမြို့။

www.burmeseclassic.com

www.burmeseclassic.com



## အမှာစာ

သို့

ညီမလေး မယ်မင်းရေ

ညီမလေးဝတ္ထုတွေကို ကြိုက်ပါတယ်။ ညီမလေး ဝတ္ထုတွေကို ရိုက်ထားတဲ့ ဇာတ်ကားတွေကိုလည်း ကြည့်ဖြစ်ပါတယ်။ ညီမလေးရေ ဆက်၍လည်း ကြိုးစားပါ။ မမကတော့ ညီမလေးစာအုပ်တွေထဲမှာ နှလုံးသား Hacker နဲ့ သံယောဇဉ် မျက်စောင်းကို အကြိုက်ဆုံးပါပဲ။ ထွက်သမျှစာအုပ်တွေကို အမြဲအားပေးနေမယ်နော်။

မမမေမြတ်နိုး
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်။



## အမှာစာ

မင်္ဂလာပါ ဆရာမ

ရှိသေလေးစားခင်မင်စွာ စာရေးလိုက်ပါတယ်။ ဆိုးမြေကျခေါင်းခါသည်ကို အလွန်နှစ်သက်ပါတယ်။ ရင်ထဲက အကယ်ဒမီကို အမြဲတမ်းကြည့်ဖြစ်တယ်။ ဆရာမကားလေးတွေ ရင်ထဲက အကယ်ဒမီ ပါတာ အမြဲတွေ့မိတယ်။ ဆရာမ Best Seller တစ်ယောက် ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။

လေးစားစွာဖြင့်
Naing Zaw
1st year (Phy)
Pyay University

www.burmeseclassic.com

www.burmeseclassic.com



# အမှတ်တရ

သို့

မမဘုံ

သံယောဇဉ်မျက်စောင်းထိုး ဖတ်ပြီးပြီ။ ရွှေကြုတ်ရဲ့ ပုံစံကို ကြိုက်တယ်။ ဦးခါ စိတ်ဓာတ်ကို လေးစားတယ်။ ဖြစ်သင့်တာမို့ ဒီဝတ္ထုမှာ သူ့လူနဲ့သူ ညားပေးတာကို သဘောကျတယ်။

မမဘုံရဲ့ နောက်ကျောက ချစ်သူကိုလည်း အရမ်းကြိုက်တယ်။

မမဘုံ အနုပညာ ပန်းခင်းလေးမှာ ထာဝရ မွှေးပျံ့နေပါစေ။

မမဘုံရဲ့

ခင်သကာ
အမှတ် (18) အောင်ဘောဂလမ်း
ဖော့ကန်ရပ်
အင်းစိန်။



# အမှတ်တရ

သို့

မမယ်မင်းရေ

မမယ်မင်းစာအုပ်တွေထဲမှာ English လိုလေး ထည့်ရေးပေးတာ သဘောကျပါတယ်။ ဗဟုသုတလည်း ရပါတယ်။ မြန်မာမိန်းကလေးတွေ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးကို ချစ်တတ်အောင် ပညာပေးလေးတွေ ရေးပေးပါဦး။

ထွက်တဲ့စာအုပ်တိုင်း Idea လေးတွေ မထပ်ပါ။

အောင်မြင်ကျော်ကြားပါစေ။

Mia Wai
၃-နှစ် (IC)
အရှေ့ပိုင်းတက္ကသိုလ်
ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

ဟယ်လို မဘုံ

မဘုံရဲ့ နောက်ကျောက ချစ်သူ့ မိုက် မိုက် မိုက် အရမ်းကြိုက်ပါတယ်။

ကျွန်တော်ရဲ့ အဖြစ်ကလေးနဲ့ တူပါသည်။

မဘုံ အောင်မြင်ကျော်ကြားပါစေ။

ဝေထွန်း
၄၅/၂ လမ်း
လမ်းမတော်
ရန်ကုန်။



## အမှတ်တရ

To

မမယ်မင်းဘုံ

မယ်မင်းရဲ့ စာအုပ်တွေကို အားပေးဖို့ ever ready ပါ။ မယ်မင်းရဲ့ အရေးအသားတွေက ရှယ်ကောင်းတယ်။ အကြိုက်ဆုံးကတော့ နောက်ကျောက ချစ်သူလို ဇာတ်လေးကို ကြိုက်တယ်။ သံယောဇဉ် မျက်စောင်းကိုလည်း ကြိုက်ပါတယ်။

မယ်မင်း အောင်မြင်ပါစေ။

ချစ်ခင်ရတဲ့
**မေစံပယ် (1st law)**
ကျောက်ဆည်တက္ကသိုလ်
ဟောဂန်ဆောင်
စဉ့်ကိုင်မြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com



# အမှတ်တရ

သို့

ဆရာမ မယ်မင်းဘုံ

အကြိုက်ဆုံးလို့ ပြောရခက်အောင် အားလုံးကို သဘောကျတယ်။

ဆရာမရဲ့ အကြောင်းလေးတွေကို ဂျာနယ်ထဲမှာ ဖတ်လိုက်ရပါတယ်။ ဆရာမအောင်မြင်လို့ အရမ်းပဲ ဝမ်းသာပါတယ်။ ကိုယ်ကြိုက်တဲ့ ဆရာမအကြောင်းလေးတွေ ဖတ်ရတော့ အရမ်းသဘောကျတယ်။

ကြိုးစားနော်။ Fighting ...

ချစ်တဲ့

မိုးဇံ
77 - အောင်သုခလမ်း
ကမာရွတ်၊ ရန်ကုန်။



# အမှတ်တရ

သို့

မမဘုံ

ဝတ္ထုတွေ အားလုံးကြိုက်ပါတယ်။ မမရဲ့ပုံတွေ အရမ်းလှတာပဲ။ မမဘုံရဲ့ Face book ထဲကို ကြည့်မိတယ်။ ဝေ အကြိုက်ဆုံးကတော့ မိုးလုံလေလုံအိမ်ထောင်ပြုသည်ကိုတော့ အကြိုက်ပဲ။ ရှေ့လထွက်မယ့်စာအုပ်လေးတွေကို မျှော်နေပါ့မယ်။

အေးမ
တပင်ရွှေထီးလမ်း
မြို့မ (၂) ရပ်ကွက်
ညောင်လေးပင်မြို့။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

ဘုံလေး

ဘုံလေးရဲ့ စာအုပ်တွေက အရမ်းကို ပေါက်တယ်။ ၁ ကနေ ၃၃ အုပ်ထိ အားလုံးဖတ်ပြီးပြီ။ မကြိုက်တဲ့စာအုပ် မရှိသလောက်ဘဲ။ အကြိုက်ဆုံးကတော့ နီးနီးနားနား ဒီလထွက်တဲ့ "သုံးယောဇဉ်မျက်စောင်း" ပါပဲ။

မေးစရာလေး နည်းနည်းရှိလို့ ဘုံရေ။ ဝတ္ထုမျက်နှာဖုံးမှာက သုံးယောဇဉ် မျက်စောင်းဖြစ်ပြီး အတွင်းမှာက သုံးယောဇဉ်မျက်စောင်းထိုးဖြစ်နေတယ်။ ခေါင်းစဉ် အမှန်က "သုံးယောဇဉ်မျက်စောင်းထိုး" ဆိုတာ ဟုတ်လားဟင်။ အဲဒါလေး သိချင်လို့ ရေးလိုက်တာပါ။

ဘုံလေးအမြဲအောင်မြင်ပါစေ။

ဘုံလေးကို အမြဲအားပေးနေတဲ့
မယ်ဒီ
70 - အင်းစိန်လမ်း
စံရိပ်ငြိမ်
ကမာရွတ်။



## အမှတ်တရ

သို့

ဘုံဘုံရေ။

ဘုံဘုံရဲ့ စာအုပ်လေးတွေ ဗီဒီယိုအခွေလေးတွေကို မလွတ်တမ်း အားပေးနေသူပါ။

ဒို့တွေကတော့ နောက်ကျောကချစ်သူကို ကြိုက်တယ်။ အမုန်းပြယ်ဝိုင်ကိုလည်း သိပ်ကြိုက်တယ်။

ဘုံဘုံရေ "ပင်လယ်အအေးပတ်အောင် ချစ်သူကလေစိမ်းတိုက်လေသည်" ဝတ္ထုလေးကို ဗီဒီယိုအဖြစ်ထွက်ပြီးပြီလား။ ဒို့တွေ အခွေဆိုင်မှာရှာတာ မတွေ့ဘူး။ ဒီဝတ္ထုလေးကို ကြိုက်တယ်။

တောင်းဆိုမေးမြန်းတာတွေ များသွားလို့ အားနာပါတယ်။ ထွက်သမျှ စာအုပ်တွေကို အမြဲအားပေးနေမှာပါ။

**နန်းမိမိ**
၈၀၊ ၃၂ × ၃၃ ကြား
ချမ်းအေးသာစံမြို့နယ်။
မန္တလေး။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ

သို့

မင်္ဂလာပါ ဆရာမလေးဘုံ

ဆရာမလေးဆီကို ဒီတစ်ခါနဲ့ဆို စာရေးတာ နှစ်ကြိမ်ရှိသွားပါပြီ။ ဆရာမဆီကို အခုလို အားပေးစာတွေ ပို့ပေးနေတာကို ဆရာမက အသိအမှတ်ပြု ကျေးဇူးတင်ပါတယ် ဆိုတဲ့ ပြန်စာအတွက် ကျေးဇူးပါခင်ဗျ။ ဆရာမဝတ္ထုတွေကို ဖတ်ရတာ အရမ်းပဲကောင်းတယ်။ ဒီလထုတ် "သံယောဇဉ် မျက်စောင်းထိုး" လေးဖတ်ပြီး အရမ်းပဲ သဘောကျပါတယ်။ ဆရာမလေး ဒီထက်မက အောင်မြင်မှုတွေ ရပါစေ။

ဆရာမလေးဘုံရဲ့ ထာဝရပရိသတ်
**ကျော်မင်းရွှေ**
2nd year (Maths)
ရတနာပုံတက္ကသိုလ်
(တက္ကသိုလ်ဆောင်)

# မယ်မင်းဘုံ



မြားနတ်မောင်
ဝှန်းဒိုင်းကြဲနေသည်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# မယ်မင်းဘုံ၏ထွက်ပြီးစာအုပ်များ

၁။ အချစ်ဧရိယာပြင်ပသို့ရောက်ရှိနေပါသဖြင့် (အောင်သီရိဗိဒိယို)

၂။ ချစ်ရင်...နှစ်မိနစ်စောင့် (ရွှေစင်ဦးဗိဒိယို)

၃။ ငွေတောင်ပြည်က မြို့သူ (အောင်သီရိဗိဒိယို)

၄။ ချစ်သူလိမ်ရို့ အေးကာရင်မ် (အောင်သီရိဗိဒိယို)

၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည် (ရွှေစင်ဦးဗိဒိယို)

၆။ အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ (အောင်သီရိဗိဒိယို)

၇။ ဆယ်ကျော်သက်ဂိမ်း (အောင်သီရိဗိဒိယို)

၈။ သက်ဆိုင်သူအတွက် ဝိုးမှုက်ရည်တွေ ဝပ္ပန်ဆောပေးခဲ့သည်။ (အောင်သီရိဗိဒိယို)

၉။ ကျွန်မသော စိတ်မကောက်ခဲ့ဘူးဆိုရင် (အောင်သီရိဗိဒိယို)

၁၀။ နှုတ်ခမ်းမှာရေးဖို့မေ့တဲ့စာ (အောင်သီရိဗိဒိယို)

၁၁။ အနန်းမြို့ကသတို့သား (မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေး)

၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ မိုးလင်းခဲ့တယ် (အောင်သီရိဗိဒိယို)

၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန် အသိပါ (အောင်သီရိဗိဒိယို)

၁၄။ နတ်သားအိပ်ဆေးခတ်ထားတဲ့ ညနေခင်း (အောင်သီရိဗိဒိယို)

၁၅။ ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည် (အောင်သီရိဗိဒိယို)

၁၆။ ဘာညာသာရကာ (အောင်သီရိဗိဒိယို)

၁၇။ ပျားရည်ဆင်ဖွဲ့ပာ (အောင်သီရိဗိဒိယို)

၁၈။ အနှစ်၊ Equation (အောင်သီရိဗိဒိယို)

၁၉။ တဆိတ်လောက်ခင်ဗျာ - ချစ်သူကို...ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ (အောင်သီရိဗိဒိယို)

၂၀။ အငြိုးကွန်ယက်နတ်သမီး (အောင်သီရိဗိဒိယို)

၂၁။ ပုံလေးရည်းစား မြို့ကြီးသား (အောင်သီရိဗိဒိယို)

၂၂။ အမုန်းပြယ်ဗိုင် (အောင်သီရိဗိဒိယို)

၂၃။ နှလုံးသား Hacker (အောင်သီရိဗိဒိယို)

၂၄။ ကွန်ရိုဖြစ်သောမျက်ဝန်းလေးသို့ (အောင်သီရိဗိဒိယို)

၂၅။ သူစိတ်နာတဲ့ကြားချြတ်အစီအစဉ် (အောင်သီရိဗိဒိယို)

၂၆။ 4 in 1 (အောင်သီရိဗိဒိယို)

၂၇။ လရောင်စစ်စစ်သမီးရည်းစား (အောင်သီရိဗိဒိယို)

၂၈။ ကိုယ့်နှလုံးသားတွင် သတို့သမီးပုန်းနေသည် (အောင်သီရိဗိဒိယို)

၂၉။ နေမထိအလွမ်း (အောင်သီရိဗိဒိယို)

၃၀။ မိုးလုံလေလုံ အိမ်ထောင်ပြုသည် (အောင်သီရိဗိဒိယို)

၃၁။ နောက်ကျောကချစ်သူ (အောင်သီရိဗိဒိယို)

၃၂။ ရိုးမြေကျခေါင်းခါသည် (စိမ်းခါနီဗိဒိယို)

၃၃။ သံယောဇဉ်မျက်စောင်းထိုး (အောင်သီရိဗိဒိယို)

ယခုလ

၃၄။ မြားနတ်မောင် ဝန်ခိုင်းကြဲနေသည်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## Intro

Cupid ဆိုတဲ့ မြားနတ်မောင်ဟာ
လူသားတိုင်းရဲ့ ကျေးဇူးရှင်လေးပါပဲ။
သူ့ကြောင့်ပဲ ကိုယ့်ရဲ့ကြင်ဖော်ကြင်ဖက်နဲ့ဆုံစည်းလို့
အနာဂတ်တွေ လှခဲ့ရတယ်။
လူတစ်ယောက်အတွက် မြားနတ်မောင်ဟာ
အချစ်မြားတစ်ချောင်းပဲ ပစ်တတ်တယ်တဲ့။
အဲဒီလို အချစ်မြားပိုင်ရှင် မြားနတ်မောင်က
ဝုန်းဒိုင်းကြလေတော့ ... ။

www.burmeseclassic.com

www.burmeseclassic.com

## ( ၁ )

"ဟား ... ဒယ်ဒီက မမိုက်ပါဘူးဗျာ၊ ဘရိုတ်ဖတ်စ်စားတာ သားကိုတောင် မစောင့်ဘူး"

ရှေးက ပြောလည်းပြော စားပွဲပေါ်က ကိတ်မုန့်တစ်ချပ်ကိုလည်း ယူစားလိုက်သည်။ ဒယ်ဒီက အပြုံးတစ်ခုနဲ့ အတူ သူ့အတွက် ကော်ဖီငှဲ့ပေးရင်းက ...

"ဟား ... မင်းက ဘယ်အချိန်နိုးမယ်မှန်းမှ မသိတာကွ။ မင်းသာ ငါစောင့်နေလို့ကတော့ ညစာပါ ပေါင်းစားရမယ်။ ညက ဘယ်အချိန်မှ မင်းပြန်ရောက်လဲ"

"two o'clock"

"ဟား ... ကဲလှချည်လားကွာ။ မနေ့က ငါတောင် ဆယ့်တစ်ပြန်ရောက်တာ။ ရှေး ဒီကစ်ပတ်ထဲ မင်း night out တွေ များနေပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"သား သိပါတယ် ဒယ်ဒီရာ၊ စိတ်ချ ... သားက ဘာမှ ဖယားကပ်တာ မဟုတ်ဘူး။ ကဲမယ် ... ဟဲမယ် ...ဆွဲမယ်။ ဘလင်း ဘလင်းလေးတွေပါ"

ရှေးက သူ့ကိုယ်သူ လက်မထောင်၍ ခပ်ကြွားကြွားလေး ပြောလိုက်လျှင် ဒယ်ဒီက ထုံးစံအတိုင်း သူ့ခေါင်းကိုတစ်ချက်ပုတ်၍ ကော်ဖီဆက်သောက်သည်။

"ဩော် ... သား၊ ဒီနေ့ မင်း အပြင်သွားဖို့ ရှိသေးလား။ ငါ ဆိုင်ခဏ သွားကြည့်မလို့"

"သွားလေ ... ရတာပဲ။ လောလောဆယ်တော့ သွားစရာ အစီအစဉ် မရှိသေးဘူး။ ဩော် ... ရှိတယ် ... ရှိတယ်၊ သား မေ့သွားလို့။ မာမီ့ဆီ သွားရမှာ။ ဟိုနေ့ကတည်းက မလာလို့ဆိုပြီး အပီညော်နေတာ"

"ဟား ... ဟုတ်လား။ အဲဒါဆို သွား သွား ဟော့ကောင်ရေ။ ငါ ပစ္စည်းလာပို့နိုင်းထားတဲ့ ချာတိတ်ကို ဆိုင်ပဲလှမ်းချိန်းလိုက်တော့မယ်။ မင်း မသွားဘူးဆို မင်းမာမီက ငါ့ကို ဖုန်းဆက်ပြီး ကျိုင်မှာကွ"

သူက အဲဒီစကားကြောင့် ဟက်ဟက်ပက်ပက်ကြီး ရယ်မောမိသည်။ ပြောရမယ် ဆိုရင်တော့ သူ့ရဲ့ life style ဟာ တစ်မျိုးတော့ အဆန်းသားပင်ဖြစ်၏။ သူ့ဒယ်ဒီနဲ့မာမီ ကွာရှင်းပြက်စဲခဲ့တာဟာ သူ ရှစ်တန်းကျောင်းသားအရွယ်ကတည်းက





ဖြစ်သည်။ ဒါပေမဲ့လည်း ဒီနေ့ ဒီအချိန်ထိ ဒယ်ဒီနဲ့မာမီဟာ မိတ်ဆွေကောင်းတွေလို အမြဲတရင်းတနှီးရှိပြီး အမြဲအဆက်အသွယ် ရှိကြသည်။ သူ့အထင်ကတော့ ဒယ်ဒီနဲ့မာမီက အသွင်မတူလို့ ဘဝခရီး အတူရှေ့ဆက်ဖို့ အဆင်မပြေနိုင်ဘူးဆိုတာသိလို့ လမ်းခွဲလိုက်တာပဲဖြစ်၏။ သူ့ဒယ်ဒီက ခေတ်မီမီနေကာ လုံးဝအေလန်းဖယား၊ မာမီကျတော့ ရိုးရိုးအေးအေးသမား။ ဒယ်ဒီနဲ့မာမီလမ်းခွဲကြတော့ သူက မာမီနဲ့ လိုက်နေခဲ့တာဖြစ်သည်။ ဒါပေမဲ့ ဒယ်ဒီ့သားဖြစ်တဲ့သူက ဒယ်ဒီ့လိုပဲ လွတ်လပ်ပွင့်လင်းတဲ့ life ကို နှစ်သက်သူမို့ နောက်ပိုင်းမှာ ဒယ်ဒီနဲ့ပဲ နေဖြစ်တာဖြစ်သည်။ သူ့အတွက် ကံကောင်းတာ တစ်ခုကတော့ ဒယ်ဒီကလည်း နောက်မိန်းမ,မယူခဲ့သလို မာမီကလည်း နောက်ယောက်ျား ထပ်မယူခဲ့ခြင်းပဲဖြစ်သည်။

သူ့ဘက်က ဒယ်ဒီနဲ့မာမီကို ပြန်လည်ပေါင်းစည်းရေးခေါင်းစဉ်ဖြင့် ရင်ကြားစေ့ဖို့ ကြိုးစားသော်လည်း ဒယ်ဒီကော မာမီကပါ အိမ်ထောင်ရေးဆိုတဲ့ ဝါဒီကြီးကို မနှစ်မြို့ လက်သင့်မခံတော့တာကြောင့် သူလည်း လက်လျှော့ခဲ့ရပါသည်။

"ဩော် ... ဟော့ကောင်။ မင်းမာမီဆီသွားရင် ကိုးရိုကားရားတွေ လုပ်မသွားနဲ့နော်"

"သိပါတယ် ဒယ်ဒီရာ။ ဒယ်ဒီကလည်းနော် မာမီနဲ့ပတ်သက်လာရင် ever အပိုးကို ကျိုးနေတာပဲ။ အဲဒါဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းလိုက်ကြပါလားဗျာ။ သားက မာမီ့ဆီ တစ်ခါတစ်ခါ သွားရတာ နေကပူ ကားကကျပ်နဲ့ စိတ်ပိန်တယ်"

"ဟောကောင် ... ဘာမှလာပြီး စာဖတ်ပြမနေနဲ့၊ ငါနဲ့မင်းမာမီနဲ့ ဘော်ဒါတွေလို နေလာတာပဲကြာပြီ။ ဒါမျိုးလေးပဲ ကောင်းပါတယ်ကွာ။ ဖအေကို ထောင်ဆန်တဲ့ အိမ်ကြီးထဲ လာမပို့နဲ့ကွ။ ကဲ ... ကဲ ... ငါရေသွားချိုးတော့မယ်။ မင်းလည်း သွားမယ်ဆို လုပ်တော့လေ"

ဒယ်ဒီက ပြောရင်းနဲ့ ထသွားကာ သူ့အခန်းထဲဝင်သွားလေသည်။ ရှေးကတော့ ကော်ဖီကို ခိမ်ခံဆွဲသောက်ရင်း သူ့ဖုန်းဖွင့်ကာ facebook သုံးနေလိုက်သည်။ သူတို့သားအဖနှစ်ယောက်ရဲ့ မနက်ခင်းဟာ ပုံမှန်အိပ်ရာနိုးချိန်ရယ် မရှိဘဲ အိပ်ချင်သလိုအိပ်၊ နိုးတဲ့အချိန်မှထကာ ကော်ဖီနဲ့မုန့် ဘရိတ်ဖတ်စ်ဆွဲရင်းဖြင့် ဖြတ်သန်းနေကြပဲဖြစ်သည်။

ဒက်ဒီက Shopping Mall တော်တော်များများမှာ အမျိုးသားသီးသန့် fashion ဆိုင်တွေ ဖွင့်ထားကာ ဒယ်ဒီဆိုင်က လူငယ်ယောကျ်ားလေးများရဲ့ choice မို့ စီးပွားရေးကတော့ အေးရာအေးကြောင်းပဲဖြစ်သည်။ အချိန်တန်ရင် ဒယ်ဒီဆိုင်တွေထဲက တစ်ဆိုင်ဆိုင်ကို သူက တာဝန်ယူပြီး လုပ်ငန်းတွေ ဆက်လက်တိုးချဲ့မယ်ဆိုတဲ့ reason နဲ့အတူ သာသာယာယာ ဘဝကိုဖြတ်သန်းနေသူ ဖြစ်သည်။





ရှေးက အခုလည်း သာသာယာယာပဲ facebook သုံးရင်း ပျင်းလာပြီဖြစ်တာမို့ Internet ပိတ်လိုက်ကာ ကော်ဖီကို လက်စသတ်လိုက်ရင်း အခန်းထဲပြန်ဝင်ကာ ရေချိုးလိုက်သည်။ သူ ရေချိုးခန်းထဲဝင်တုန်း ဒယ်ဒီက အပြင်ကနေ သွားပြီဟု ပြောသွားလျှင် သူက ဒယ်ဒီလည်း သွားပြီမို့ ရေမြန်မြန်ချိုးကာ သူလည်း မာမီ့ဆီသွားဖို့ ပြင်ရဆင်ရတော့သည်။ ရှေးက မာမီ့ဆီသွားရမှာမို့ ဒီနေ့ မုန့်ဖိုးတောင်းလို့ကောင်းအောင် ရှပ်အင်္ကျီနဲ့ ပုဆိုးကိုပဲ ဝတ်ဆင်လိုက်သည်။ သူ့မာမီက ရှေးရိုးဆန်သူမို့ မာမီ့ရှေ့မှာဆို သူက သိပ်ပြီးတော့လည်း ဘလင်း ဘလင်းတွေ မလုပ်ရဲပေ။ ရှေးက အားလုံးပြင်ဆင်ပြီးသောအခါ သူဝတ်ထားတဲ့ ပုဆိုးခရမ်းရောင်နဲ့လိုက်တဲ့ ကတ္တီပါဖိနပ် ခရမ်းရောင်ကိုရွေးစီးလိုက်သည်။ အဲဒါကတော့ မာမီ့စတိုင်လ်လို့ ပြောရမည်။ မာမီက သူ့အတွက် ပုဆိုးဝယ်ပေးတိုင်း အဲဒီပုဆိုးနဲ့ဆင်တူ ကတ္တီပါဖိနပ်ပါ ဝယ်ပေးနေကြမို့ သူ့မှာ ကတ္တီပါဖိနပ်က အရောင်စုံဖြစ်သည်။ ရှေးက အိမ်တံခါးတွေ သေချာပိတ်ကာ သံပန်းသော့ခတ်ပြီးလျှင် Lift ဖြင့် အောက်ထပ်ကို ဆင်းလာခဲ့သည်။ ကားပါ့ခ်ထဲမှာ ရပ်ထားတဲ့ သူ့ရဲ့ RAV-4 ကားလေးဆီသွားကာ ကားပေါ်ရောက်တာနှင့် ထုံးစံအတိုင်း အလန်းလွန် အလွန်လန်းတဲ့ Club Mix သံစဉ်တွေဖြင့် မာမီ့ဆီ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မာမိက ဘိုးဘိုးတို့နှင့် အတူတူနေတာမို့လို့လည်း သူက ဒယ်ဒီ့ဆီမှာ နေဖြစ်တာဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် မာမို့မှာက ဘိုးဘိုးကော နောက်ပြီး အန်တီလေးတို့ မိသားစုတွေပါ ရှိနေတာကြောင့် သိပ်ပြီး lonely ဖြစ်မှာ မဟုတ်ပေ။ ဒယ်ဒီကျတော့ ဆွေရယ်မျိုးရယ် မရှိဘဲ တစ်ဦးတည်း ဖြစ်နေတာကြောင့် သူက ဒယ်ဒီ့ဘက်က ရပ်တည်ကာ ဒယ်ဒီနဲ့ အတူနေဖြစ်တာဖြစ်သည်။ ရှေးက ကားမောင်းလာရင်း မာမို့ခြံနားရောက်ပြီ ဆိုတာနှင့် သီချင်းကိုပိတ်လိုက်ကာ ကားဟွန်းတီးလိုက်သည်။ ခြံတံခါးလာဖွင့်လျှင် သူက ပေါ်တီကိုအောက်ထိ ဝေါခနဲ မောင်းချလာခဲ့လျှင် ရွှေရုပ်က သူ့ကို အပြေးအလွှား လာကြိုလေ၏။

"ဟား... ကိုကို တယ်လည်း ချောမောနေပါလား။ ဘာလဲ မေချစ်ဆီမှာ မုန့်ဖိုးပိုရအောင် အခွဲချိန်းလာတယ်ပေါ့လေ ဟုတ်လား"

"ဟား ဟား ... သိရင်လည်း တိုးတိုးနေ။ ရှူး ... မာမိကော"

"ရှိတယ်။ ဖုန်းပြောနေလို့။ လာ ... ကိုကို"

ရှေးက သူ့ရဲ့ညီမလေး ရွှေရုပ် ခေါ်ဆောင်လာရာ ဧည့်ခန်းထဲသို့ ဝင်လာလျှင် မာမိက သူ့ကို ထိုင်ဦးဆိုတဲ့သဘောဖြင့် လက်လှုပ်ပြသည်။ အန်တီလေးက သူ ရောက်လာတာနှင့် သူ့အကြိုက် ဆန်းကစ်သီးဖျော်ရည်ကို ယူလာရင်း ...





"အမယ်လေး ... ငါ့တူလေးကတော့ ဘယ်တော့ကြည့်ကြည့် အလန်းဇယားပဲဟော့။ ကဲ ... ရော့ ... သောက်ဦး"

"အန်တီလေးကလည်း အလန်းဇယားပါပဲ။ အန်တီလေး ဗိုက်ဆာတယ်။ ဘာရှိလဲ"

"ဟင်း ... နင့်မွေးသဖခင် ငါ့ယောက်ဖက နင့်ကို ဘာမှ မကျွေးဘူးလား"

အန်တီလေးစကားကြောင့် သူက ပြုံးမိသွားသည်။ မာမိနဲ့ အန်တီလေးက ညီအစ်မအရင်း ဆိုပေမယ့် တစ်စက်ကလေးမှ မတူတဲ့ ဘုရားစူးညီအစ်မတွေပဲ ဖြစ်သည်။ အန်တီလေးက သူတို့နဲ့တွဲလို့ရအောင် update အန်တီလေးပဲ ဖြစ်သလို ဒယ်ဒီနဲ့လည်း ဒီနေ့ ဒီအချိန်ထိ ဘော်ဒါတွေပဲဖြစ်သည်။ ထူးခြားစွာပင် သူ့ခဲအို ဒယ်ဒီကို ယောက်ဖလို့လည်း နောက်ပြောင်ပြီး ခေါ်တတ်သေးသည်။ အခုလည်း ဒယ်ဒီက ဘာမှမကျွေးဘူးလားဟု နောက်မေးနေတာမို့ သူကလည်း ခပ်ရွှတ်ရွှတ် ပြန်ဖြေလိုက်သည်။

"ဟုတ်ပါ့ အန်တီလေးရာ။ အန်တီလေးယောက်ဖက သားကို ဘာမှမကျွေးလိုက်ဘူး။ သူ့ချစ်ချစ်အိမ် ဒီနေ့ သားသွားမယ်ဆိုတော့ အဲဒီကနေ ပါဆယ်ထည့်ခဲ့လို့တောင် မှာခဲ့သေးတယ်"

"ဟဲ့ ကောင်လေး ... ပြောလိုက်ရင် နောက်ရွှတ်ရွှတ်နဲ့"

မာမိက ဖုန်းပြောပြီးတာနဲ့ သူ့ကို လှမ်းဟန့်ရင်း သူ့ဘေး လာထိုင်၏။ သူ့ရဲ့ဒီမိုင်းကို အကဲခတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့တော့ တယ်လိမ္မာနေပါလား"

"ဟဲ ဟဲ ... မာမီ့ စိတ်တိုင်းကျလေ။ မာမီ ဖိနပ်လည်း ခရမ်းပဲနော်။ ဝမ်းဆက် ဟဲ ဟဲ။ အန်တီလေး ... ထမင်းစားမယ်ဗျ"

"အေးပါ ... အဆင်သင့်ပဲ။ ငါ့တူလေး လာမယ်ဆိုကတည်းက မင်းမာမီက ရှယ်ချက်ထားတာ။ မင်းအကြိုက် ဝက်ပုန်းရည်ကြီးပါ ချက်ထားတယ်"

"ဟား ... ရှယ်ပဲ။ အဲဒါကြောင့် မာမီနဲ့ အန်တီလေးကို ချစ်ရတာ"

"ဟင်း ... အပြောကတော့ ရွှေမန်းပဲ ငါ့သားကတော့။ ကဲ ... လာ ... ထမင်းစားကြမယ်။ ဪ ... ရွှေရုပ်ရေ... ပြီးရင် မေချစ်ကို စိမ်းဆီသွားပေးပါဦး။ မေချစ်တို့မှာထားတာ ရပြီတဲ့။ အဲဒါလေး သွားယူလာခဲ့လိုက်"

"ဟုတ် ... ဟင် ... သမီးက သင်တန်းသွားရမှာလေ မေချစ်ရဲ့"

ရွှေရုပ်နဲ့ မာမီ့စကားထဲ သူက ကူညီလိုရအောင် ဝင်စပ်စုလိုက်သည်။

"မာမီ ဘာဖြစ်လို့လဲ"

"ဪ ... မေမေ မှာထားတဲ့ စိန်လော့ကက်ပါ။ အဲဒါ ရပြီဆိုလို့ သွားယူခိုင်းတာ။ ဪ ... အတော်ပဲ။ သား





ဒီနေ့ ရောက်နေတာပဲဟာ။ ထမင်းစားပြီးရင် ရွှေရုပ်ကို အဲဒီအိမ် သားလိုက်ပို့ပေးလိုက်။ ရွှေရုပ် ... ပြီး သမီးက ပစ္စည်းယူပြီး ကိုကိုနဲ့ပြန်ထည့်ပေးလိုက်။ ပြီးတော့ သမီး သင်တန်းကိုပါ တစ်ခါတည်း လိုက်ပို့ခိုင်းလိုက်လေ။ သား ပြန်လာတော့မှ မေမေတို့ စကားပြောကြတာပေါ့"

"ဟား ... မာမီတို့ကတော့ မောင်းတယ်ဟေ့။ ရွှေရုပ်မကို ပါ သင်တန်းပို့ပေးရဦးမယ်"

"အမယ်လေး ကိုကိုရယ် ... တစ်ခါတလေလေး လုပ်ပေးရတာကို။ သိပ်ဖောက်တာပဲ"

"မဖောက်ပါဘူးဗျာ။ မဖောက်ရဲပါဘူး။ ကဲ ... မာမီစိတ်တိုင်းကျ ဖြစ်စေရမယ် ဟုတ်လား"

ရှေးက မာမီ့သဘောကျ လုပ်ပေးဖို့ ကတိပေးလိုက်လျှင် မာမီက ကျေနပ်စွာပြုံးရင်း ...

"အရမ်းကို လိမ္မာနေတယ်။ ကဲ ... လာ ... လာ ... သား၊ ထမင်းသွားစားကြမယ်"

ရှေးက ခေါင်းညိတ်ပြရင်း မာမီ့ပခုံးကိုဖက်၍ ဒိုင်းနင်းရွမ်းထဲ သွားလိုက်သည်။ အင်မတန်မှ ဖွယ်ရာကာ ဟီးထနေသော ထမင်းပိုင်းကို မြင်ရသောအခါ ဆာနေတဲ့ဗိုက်က ပိုဂွီသွားကာ တံတွေးတစ်ချက် မျိုချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မြန်မြန်သွက်သွက်နော်။ ငါက စောင့်ရတာကြာရင် စိတ်မရှည်ဘူး"

"ဟင် ... ကိုကိုက အထဲမလိုက်ဘူးလား"

"အာ ... မလိုက်ပါဘူး"

"ဟယ် ... ကိုကိုရယ်၊ ဒီလောက် သိန်းချီတန်တဲ့ ပစ္စည်းကြီးကို သွားယူရမှာ။ ကိုယ့်ညီမလေးကို စိတ်ချလက်ချ လွှတ်ရက်တယ်။ အံ့တာပဲ"

ရွှေရုပ်က ထုံးစံအတိုင်း သူလိုချင်တာ မရမချင်း နားငြီးအောင် ဖောက်တော့မှာမို့ ရှေးက မျက်နှာတစ်ချက်မဲ့လိုက်ရင်း ရွှေရုပ် အလိုလိုက်ရတော့သည်။

"ရပြီ ... ရပြီ။ ဒီလောက်ဆို ရပြီ။ လိုက်ခဲ့မယ်။ ဟုတ်ပြီလား"

"ဟဲ ဟဲ ... ဂလိုမှပေါ့။ လာ ... ဆင်း"

ရှေးက ရွှေရုပ်နဲ့အတူ ကားပေါ်က ဆင်းလာလိုက်သည်။ လုံးချင်းတိုက် ဖြစ်သော်လည်း သူက ခြံထဲဝင် ကားမရပ်





ဘဲ ခြံရှေ့မှာပဲ ကားရပ်ခဲ့ကာ ရွှေရုပ်နဲ့အတူ အဖော်လိုက်ခဲ့ပေးလေသည်။ ရွှေရုပ်က ခြံရှေ့က ဘဲလ်တီးလိုက်လျှင် ခြံစောင့်က ထွက်လာကာ ...

"ဘာကိစ္စလဲ"

ဟာ ... လေသံက မာလှချည်လား။ ရှေးကခြံစောင့်ရဲ့မျက်နှာကြောနဲ့ လေသံကို စိတ်ထဲ တင်းခနဲ ဖြစ်သွား၏။ ရွှေရုပ်ကတော့ သတိတောင် ထားမိဟန်မတူဘဲ တွေ့ခွင့်တောင်းလေ၏။

"ဟို ... အန်တီစိမ်းနဲ့ တွေ့ချင်လို့ပါ။ ဒေါ်ချစ်မိုးခင် လွှတ်လိုက်တာပါ"

"ဪ ... မမကြီး မှာထားတယ်။ ဝင်ပါ"

ကွာ ... မဟုတ်သေးပါဘူး။ ရှေးက စိတ်ထဲမှာ ဘဝင်မကျလွန်း၍ ကလိကလိတောင် ဖြစ်ရသည်။ ခြံစောင့်ကလည်း မျက်နှာကြော အတင်းသားနဲ့။ မရွှေရုပ် ဆိုတာကလည်း ပြောနေတဲ့လေသံက ဘုရင်မကြီးကို မော်ဖူးခွင့်တောင်းတဲ့ အောက်ကျို့လေသံလေးနဲ့။ ရှေးက စိတ်ထဲ ဘဝင်မကျ ဖြစ်ရင်းက ရွှေရုပ်နဲ့အတူ ဝင်လာခဲ့လေသည်။ မာမီ မှာထားတဲ့ စိန်လော့ကတ် ယူဖို့အတွက် အရင်ဆုံး တွေ့ရတဲ့သူကကို အချိုးကမပြေတာ။ သူတို့က အိမ်ထဲရောက်လျှင် ဧည့်ခန်းထဲမှာ ထိုင်စောင့်နေရသေးသည်။ ဧည့်ခန်းထဲမှာ သူတို့နှစ်ယောက်တည်းပဲ စောင့်နေရတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရှေးက စိတ်ထဲ လုံးဝဘဝင်မကျတော့တာမို့ ရွှေရုပ်ကို ခပ်တိုးတိုး မေးရတော့သည်။

"ရွှေရုပ် ... နင် အဲလိဇဘက်အိမ်တော်နဲ့များ မှားလာ သလား။ မှာထားတဲ့ စိန်လော့ကတ်ယူဖို့ ဒီလောက်တောင် စောင့်ရလားဟာ။ ပိုက်ဆံပေးဝယ်ရပေလို့ပဲ"

"ဟား ... ရှူး ... ကိုကို။ တိတ်တိတ်နေစမ်းပါ။ ဟိုမှာ လာပြီ"

လာပြီဆိုတဲ့ အသံနဲ့အတူ ရွှေရုပ် မျက်လုံးအရွှေ့ ကို သူကပါ လိုက်ကြည့်မိသွားသည်။ ဝါး ... လုံးဝမှ လုံးဝ လုံးဝ ကို နေပူဂူထဲက အိုအေစစ်တစ်ခုပါလား။ အမျိုးသမီးရဲ့မျက်နှာထ ဘယ်နေရာက ထွက်နေမှန်း မသိတဲ့ မာန်ပါသော အရှိန်အဝ တစ်ခုက အရမ်း အရမ်းကို ထည်ဝါလေသည်။ ရဲရင့်ခြင်းကိုဆောင် တဲ့ အနီရဲရဲ ရင်ဖုံးအလန်းစားအင်္ကျီနှင့် ကြိုးကြီးချိတ်လို ချိုင် အနက်ထဘီနှင့် ထင်းလင်းထွက်နေသော အမျိုးသမီးဟာ တကယ့် ကိုပဲ ဂန္ထဝင်ကဗျာတွေ ပေါင်းစပ်ထားသလို ကာရန်ညီလှပါသည်။

"အန်တီစိမ်း ... နေကောင်းတယ်နော်"

"အင်း ... ကောင်းပါတယ်။ ထိုင်ပါ ...။ ဆောရီးနော် တို့ ကျောက်မျက်ကုမ္ပဏီတစ်ခုနဲ့ အလုပ်ကိစ္စ ဖုန်းလေ မပြတ်သေးလို့ စောင့်ခိုင်းသလို ဖြစ်သွားတာ"

"ရပါတယ် အန်တီစိမ်းရဲ့"





ရွှေရုပ်က အပြုံးဖြင့် စကားပြန်ပြောပြီးတာကို အမျိုးသမီးက ကျက်သရေရှိသော အပြုံးဖြင့် ပြန်တုံ့ပြန်ကာ ကတ္တီပါဘူးအနီထဲက လော့ကတ်ကို ဖွင့်ပြကာ ရွှေရုပ်ကိုပေးရင်း...

"မမချစ်နဲ့တော့ အကုန်ပြောထားပြီးသားပဲ။ ဒါလေးပေး လိုက်နော်။ တစ်ချက် စစ်ကြည့်လိုက်ဦး"

"ဟုတ်ကဲ့ ... အန်တီစိမ်း။ မေချစ် ဖုန်းပြန်ဆက်မယ်လို့ မှာခိုင်းလိုက်ပါတယ်"

"ဟုတ်ပြီ"

အမျိုးသမီးက ရွှေရုပ်နဲ့ လိုအပ်တာကိုပဲ ပြောကာ ရွှေရုပ်ဘေးက သူ့ကိုတော့ စဝင်လာကတည်းက ရှိတယ်လို့ ယူဆပုံတောင် မရကာ တစ်ချက်တောင် မကြည့်ချေ။ ရွှေရုပ်ဆို တဲ့ ညီမကလည်း ဘေးက ဘာဆိုတာကို မိတ်ဆက်ပေးဖော် တောင် မရတာမို့ ရှေးက သူ့ကို သတိထားမိအောင် ချောင်းတစ် ချက်ဟန့်လိုက်သည်။ သူ တွက်ဆထားသလိုပဲ အမျိုးသမီးက သူ့ကို တစ်ချက်ကြည့်သည်။ ဒီတော့မှ ရွှေရုပ်က အလိုက်သိစွာ မိတ်ဆက်ပေး၏။

"သြော် ... အန်တီစိမ်းကို မိတ်ဆက်ပေးရဦးမယ်။ ဒါ မေချစ်ရဲ့သားလေ။ ရွှေရုပ်ရဲ့ cousin ပေါ့။ ဒီနေ့ သူ့ကို လိုက်ပို့ခိုင်းရတာ"



www.burmeseclassic.com

www.burmeseclassic.com



တောက် ... ဝေတိမလေးကလည်း သင့်ရုံသာမိတ်ဆက်ပေးပြီး နာမည်လည်း ပြောပြပေးခြင်း မရှိချေ။ ရှေးက အပြုံးဖြင့် နှုတ်ဆက်လျှင် သူမက အကဲခတ်သလို တစ်ချက်ကြည့်၏။ ပြီးတော့ ကျက်သရေရှိသော အပြုံးဖြင့် ပြန်လည်တုံ့ပြန်ကာ ...

"သြော် ... မမချစ်သားက မမချစ်နဲ့ တူတယ်နော်"

တူတယ်ဆိုတာ သူ ဒီနေ့ ဝတ်လာတဲ့ traditional ရှပ်နဲ့ ပုဆိုးကြောင့် မာမီ့လို မြန်မာဆန်ဆန်ပဲနော်လို့ ဆိုလိုတာဖြစ်မည်။ ရှေးက ကျေးဇူးဘာညာ စသဖြင့် ပြောမလို့လုပ်တုန်း ရွှေရုပ်က သွက်သွက်လက်လက်ပင် ရှေ့ကဦးဆောင်သွားတာကြောင့် သူ့မှာ ပြောချိန်တောင် မရလိုက်ချေ။

"ဟုတ်တယ် အန်တီစိမ်းရဲ့။ ကိုကိုက မေချစ်နဲ့ ဆင်တယ်လေ။ သြော် ... အဲဒါဆို ရွှေရုပ် သွားလိုက်ဦးမယ် အန်တီစိမ်း"

"ဟုတ်ပြီ ... ဟုတ်ပြီ။ လာယူပေးတာ ကျေးဇူးပဲနော်"

"ဟုတ်ကဲ့"

ရွှေရုပ်က မတ်တတ်ထရပ်တာမို့ သူကပါ ထရပ်ကာ ပြန်ဖို့ နှုတ်ဆက်လိုက်လေ၏။

"သွားလိုက်ပါဦးမယ် မမ"





အခေါ်အဝေါ်ကြောင့် ရွှေရုပ်က သူ့ကိုပြုံးကြည့်ကာ အမျိုးသမီးကတော့ အပြုံးဖြင့် ခေါင်းဆတ်ပြသည်။ ရှေးက သူ့ရဲ့အဲဒီအခေါ်အဝေါ်ကြောင့် သူ့ဘာသာလည်း ပြုံးမိသည်။ တကယ်ဆို ရွှေရုပ်က အန်တီဆို ပုံမှန်အားဖြင့် သူလည်း အန်တီပဲ ခေါ်ရမှာပေါ့။ ဒါပေမဲ့ သူ့စိတ်က အန်တီလို့ခေါ်ဖို့ လက်မခံပေ။ အဲဒီအမျိုးသမီးဟာ သူ့ထက် အသက်ကြီးတယ် ဆိုပေမယ့် အန်တီလို့ ခေါ်ရလောက်မယ့် အရွယ်မျိုးလည်း မဟုတ်သေးပေ။ အဲဒါကြောင့်မို့လည်း သူက မမလို့ ခေါ်လိုက်တာဖြစ်သည်။

သူနဲ့ရွှေရုပ်က ခြံထဲက ထွက်လာလို့ ကားပေါ်တက်ပြီ ဆိုတာနှင့်. ရွှေရုပ်က စတင် တော်လ်ကီဖောက်တော့တာဖြစ်သည်။

"ကိုကိုကတော့ မွေတယ်နော်။ သွားပြီး မမ လုပ်နေတယ်"

ရှေးက ကားမောင်းထွက်လာရင်းမှ ခပ်ကြောကြောလေး ပြန်ဖြေလိုက်သည်။

"နင်ကမှ အထူအပါး နားမလည်တာ။ ဘာအန်တီလဲ။ အဲဒါ အန်တီခေါ်ရမယ့် အရွယ်လား"

"သြော် ... အန်တီစိမ်းက မေချစ်ကို မမ ခေါ်တဲ့ဟာကို။ မေချစ် တူမ ရွှေရုပ်က အန်တီပဲ ခေါ်ရမှာပေါ့"

"နေစမ်းပါဦး။ သူက ဘာလဲ။ နည်းနည်းပါးပါး ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ရှေးက နည်းနည်းစပ်စုကြည့်လိုက်လျှင် ရွှေရုပ်က ရှင်းလင်းရေး လုပ်တော့၏။

"အန်တီစိမ်း နှာမည်က ဒေါ်စိမ်းမမကျော်တဲ့။ မိုလ်ချုပ်ဈေးမှာ ရွှေနဲ့ကျောက်မျက်ရတနာဆိုင် ဖွင့်ထားတယ်။ စိန်နဲ့ပတ်သက်တာတွေလည်း အရောင်းအဝယ်လုပ်တယ်"

ရှေးက ဘာဆက်ပြောဦးမလဲ စောင့်နေလျှင် ရွှေရုပ်ဆီက ဘာမှဆက်ထွက်မလာတာကြောင့် သူက ရွှေရုပ်ကို တစ်ချက်ပြန်ကြည့်ကာ ...

"ဟဲ့ ... ဆက်ဦးလေ"

"ဘာဆက်ရမှာလဲ။ အဲဒါပဲလေ"

"သေလိုက်စမ်း။ လိုချင်တဲ့ပွိုင့်ကို ပါမလာဘူး"

"ကိုကိုက ဘာသိချင်လို့လဲ"

ရွှေရုပ် မေးခွန်းကြောင့် ရှေးက ဟဲခနဲ တစ်ချက်ရယ်လိုက်ရင်း အမှန်အကန် ပြန်ဖြေလိုက်သည်။

"ဟဲ ဟဲ ... မမက အပျိုကြီးလား"

"ဗုဒ္ဓေါ ... အဲဒါမေးပြီး ဘာလုပ်ဖို့လဲ"

"ဟား ... ရှည်တာဟာ။ ဖြေမယ့်သာ ဖြေစမ်းပါ။ အပျိုကြီး မှလားလို့"

ရှေးက ထပ်မေးလျှင် ရွှေရုပ်က စူပုပ်ပုပ် မျက်နှာထားဖြင့် ခေါင်းညိတ်ပြသည်။ သူက သေချာမှုအတွက် တစ်ချက်





ကျေနပ်စွာ ပြုံးလိုက်သည်။ တကယ်ပဲ သူထင်သလို ဖြစ်သည်။ သုံးဆယ်နည်းနည်းစွန်းရုံ အသက်အရွယ် အရမ်းအရမ်းကို ကျက်သရေရှိကာ မျက်နှာထားက အရှိန်အဝါတွေဖြင့် ထည်နေကတည်းက သူက အပျိုကြီးလို့ တွက်ဆတားပြီးသားဖြစ်သည်။ သူ့ရဲ့သဘောကျ ပြုံးနေတဲ့အပြုံးကို ရွှေရုပ်က အကဲခတ်ရင်း ...

"အဲဒါက ဘာဖြစ်ရတာတုံး။ ကိုကိုနော် ... ပေါက်ကရတွေ တွေးမနေနဲ့။ အန်တီစိမ်းက အရမ်းကို မာနကြီးတာ။ သူနဲ့တွေ့ဖို့တောင် ကိုကိုမြင်တဲ့အတိုင်း။ စိတ်ဝင်စားတာတွေ ဘာတွေ လုပ်မနေနဲ့။ ဒီနေ့ ကိုကို့ကို စကားပြန်ပြောတာ မေချစ်သား လူရိုးလေးရဲ့ အဝတ်အစားကြောင့် ထည်သွားတာ"

"နင် ဆရာမကြီးမလုပ်စမ်းပါနဲ့။ ငါ နင့်အစ်ကိုပါ။ ကဲ ... ပြောဦး။ ငါက ဘယ်မောင်းပေးရမှာလဲ"

"ယုယတို့ ကွန်ဒို"



www.burmeseclassic.com

www.burmeseclassic.com



ရှေးက ရွှေရုပ်ကို သင်တန်းသွားဖို့ လမ်းကြောင်းမေးလိုက်လျှင် ရွှေရုပ်က သူမသူငယ်ချင်းအိမ်ကို မောင်းနိုင်းနေတာမို့ သူက ထပ်ကောလိုက်သေးသည်။

"ဟ ... နင်ပြောတော့ သင်တန်းဆို။ သူငယ်ချင်းဆီ ဘာသွားလုပ်ဦးမလို့လဲ"

"အာ ... ကိုကိုလည်း ရွှေရုပ် သင်တန်းက ယုယတို့ကွန်ဒိုမှာ။ ရွှေရုပ်က အခု မော်လ်ဒယ်သင်တန်း တက်နေတာလေ"

"ဟမ် ... မော်လ်ဒယ်သင်တန်း။ ဟား ... ကဲချက်ဟာ။ နင်က မော်လ်ဒယ်လုပ်ဦးမလို့လား။ ဟင်း ... စိတ်ညစ်တယ်"

"အိုး ... ကိုကိုကလည်း၊ မော်လ်ဒယ်လုပ်မှ မော်လ်ဒယ်သင်တန်း တက်ရမှာလား။ ဒီခေတ်ကြီးထဲမှာ လူတိုင်းနဲ့ရင်ဘောင်တန်းပြီး နေတတ် ထိုင်တတ် စားသောက်တတ်ဖို့ စမတ်ကျဖို့ မော်လ်ဒယ်သင်တန်း တက်ရမှာပေါ့။





မော်လ်ဒယ်သင်တန်း ဆိုတာနဲ့ပဲ မော်လ်ဒယ်လုပ်ဖို့ တက်တယ် ထင်နေတာလား။ Smart and Style ဖြစ်ဖို့တက်တာ"

ရွှေရုပ်က သူ့သင်တန်းကို ဇွတ်ကို မွှန်းနေတာကြောင့် ရှေးက ဟက်ဟက်ပက်ပက် ရယ်လိုက်ရင်းက ...

"ဟား ဟား ... ဟုတ်လား မဟုတ်လား စောင့်ကြည့်မယ်ဟေ့။ နေစမ်းပါဦး ... ဒီသင်တန်းကို မာမီကပါ တက်ခွင့်ပြုတာလား"

"ကိုကိုကလည်း သူ့အမေအကြောင်း မသိတာကျနေတာပဲ။ မေချစ်က ပွားတာပေါ့။ ဒါပေမဲ့ မေမေ့ကော ဖေဖေကော ဘိုးဘိုးကြီးကပါ တက်ခွင့်ပြုတဲ့ဟာကို။ နောက်ဆုံးတော့ မေချစ်လည်း လက်ခံရတာပေါ့"

"ကောင်းပါ့ဟာ။ ညည်းကတော့ မယ်တော်ပဲ ဖြစ်မလား။ မော်လ်ဒယ်ပဲ ဖြစ်မလား ကြည့်ဦးမယ်"

"ကိုကိုနော်"

ရှေးက ရွှေရုပ်ရဲ့သင်တန်းကို ခပ်သွက်သွက်လေး မောင်းချလာခဲ့သည်။ သင်တန်းတည်ရှိရာ ကွန်ဒိုဝင်းရဲ့ပါကင်မှာ ကားရပ်လိုက်လျှင် ရွှေရုပ်က သူ့လက်ထဲက ကတ္တီပါဘူးကိုအပ်က ...

"ကိုကို ... ရော့ ... ကိုကို့တာဝန်နော်။ တစ်ခုခုဆို ကိုကို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ငါကလေးမဟုတ်ဘူး။ လျှာမရှည်နဲ့။ သိတယ်"

"သိလည်း သွားတော့မယ်။ တာ့တာ"

ရွှေရုပ်က ကားပေါ်က ဆင်းဆင်းချင်းမှာပဲ ဘေးကားက တစ်ယောက်ကို လှမ်းနှုတ်ဆက်လေသည်။

"ဟိုင်း ... တီချယ်။ အခုမှ လာတာလား"

"ဟုတ်တယ်။ ဒီနေ့ နည်းနည်း နောက်ကျနေတာလေ ရွှေရုပ်ရဲ့"

သူက ရွှေရုပ် နှုတ်ဆက်တဲ့ အသံလာရာကို လှမ်းရှိုးလိုက်သည်။ ဟား ... ပါးပါး။ ရှေးက ဆံပင်တွေကို အပြောင်လှန်တင်ကာ ပိုနီတေးလ်စတိုင်လ် ခပ်မြောက်မြောက် စုစည်းထား၍ လမင်းတစ်စင်းပမာ ဖြူစင်ရှင်းထွက်နေသော မျက်နှာကို Ray-Bin မျက်မှန်က အလန်းဇယား အမျိုးသမီးအသွင် ထပ်မံပံ့ပိုးထားတာကြောင့် သူက လုံးဝကို ငေးခနဲ ဖြစ်သွားရပါသည်။ အလှအပကို ခံစားတတ်တဲ့ သူ့နှလုံးသားက ရွှေရုပ် တီချယ်လို့ ခေါ်တဲ့ အမျိုးသမီးလေးကို လေ့လာကြည့်လိုက်သည်။ အဲဒီအမျိုးသမီးကလည်း သူ့ထက် အသက်ကြီးလေသည်။ ဒါပေမဲ့ လုံးဝကို နုဖပ်နေကာ ဘယ်တော့မှ ရိုးမသွားတဲ့ Free Style ဖြစ်သော အတွင်းခံ vest စွပ်ကျယ်တစ်ထည်ကို အပေါ်ကနေ ချောကလက်ရောင်ရုပ် ခံဝတ်၍ Skinny ဂျင်းကျပ်ကျပ်ဖြင့် လုံးဝကို သဘာဝပန်းချီကားတစ်ချပ်ပဲ ဖြစ်သည်။ သူမ ကားထဲက အိတ်ကိုထုတ်





နေပုံကို ရှေးက ငေးကြည့်ရင်း အငေးလွန်ကာ စတီယာတိုင်ကနေ ချော်၍ လက်ထောက်မိကာ ဟွန်းက တီခနဲမြည်သွားသည်။ သူက လန့်သွားသလို ရွှေရုပ်နဲ့ တီချယ်မမကလည်း လန့်သွားတာ သူ့ကို လှမ်းကြည့်လျှင် သူနဲ့အကြည့်ဆုံသလို ခံစားလိုက်ရသည်။

"ကိုကို ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ဘူး"

သူ့ရဲ့အဖြေစကားအဆုံးမှာ တီချယ်မမက သူမကား lock ကို ရီမုဒ်ဖြင့်ပိတ်ရင်းက ရွှေရုပ်ကို လှမ်းပြော၏။

"တို့ တက်နှင့်မယ်နော် ရွှေရုပ်"

"ဪ ... ဟုတ်ကဲ့။ ရွှေရုပ်ပါ လိုက်မယ်လေ တီချယ်။ ဒါက ရွှေရုပ်ရဲ့ cousin လေ။ လိုက်ပို့ပေးတာ"

ချစ်ညီမ ရွှေရုပ်က အလိုက်တသိပင် မိတ်ဆက်ပေးသွားတော့ တီချယ်မမက ဖော်ရွေလိုက်လှဲစွာသော အပြုံးကို ပြုံးပြသည်။ သူက ကားပေါ်ကနေ ပြန်ပြုံးပြလိုက်၏။ ရွှေရုပ်ဟာ မိတ်သာဆက်ပေးပြီး သူ့နာမည် မိတ်မဆက်ပေးတာက အတော်ဆိုးဝါး၏။ အခုလည်း cousin ဆိုတာသာ ပြောပြီး သူ့ကိုလှည့်တောင် မကြည့်တော့ဘဲ တီချယ်မမနဲ့အတူ ကွန်ဒိုဝင်းထဲ ဝင်လို့သွား၏။ ရှေးက နာမည်မသိလိုက်ရတာကြောင့် ဖုန်းထုတ်ကာ ရွှေရုပ်ကို message ရိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"Teacehr's Name ?"

သူက message send ပြီးသည့်နောက်မှာ message ပြန်အလာကို ထိုင်စောင့်နေချင်သော်လည်း စိန်လော့ကတ်တန်ဖိုးကြီးက ရှိသေးတာမို့ကားမောင်း ထွက်လာခဲ့သည်။ ဒီနေ့ကတော့ ထူးခြားတယ် ပြောရမယ်။ အမျိုးသမီးနှစ်ယောက်ဟာ သူ့ထက်အသက်ကြီးပြီး အရမ်းမှ အရမ်းကိုလှတဲ့ မမတွေဖြစ်လို့နေ၏။ အလှတရားတွေအတွက် ရင်ဘတ်နဲ့ခံစားတတ်တဲ့ သူ့နှလုံးသားက မမတွေရဲ့ အလှတွေကို bravo ပေးမိသည်။ ရှေ့က ဖို့ရှင်မိနေတုန်းမှာ သူ့ဖုန်း message က တုံခနဲ ဝင်လာလျှင် သူက အမြန်ဆုံးဖွင့်ဖတ်လိုက်သည်။

"May Ye` Ye` "

ဝါး ... ကြွေတယ်ကွာ။ ရှေ့က message ဖတ်ကာ ဟက်ဟက်ပက်ပက်ကို ပြုံးမိသွားသည်။ မြရဲရဲဆိုတဲ့ မမက တကယ်ပဲ ဘလင်း ဘလင်း ဖြစ်တဲ့ အလှတရားတွေနဲ့ ဆွဲဆောင်မှုရှိလေသလို စိမ်းမမကျော်ဆိုတဲ့ မမကလည်း ဂန္ထဝင်ဆန်၏။ ရှေ့က စိတ်ဝင်စားစရာကောင်းတဲ့ မမတို့အကြောင်း တွေးရင်း မာမီ့ဆီ ပြန်လာခဲ့တော့သည်။

❦ ❦ ❦



မာမီ့အိမ်ကို ပြန်ဝင်ကာ စိန်လော့ကတ် ပေးအပြီး သူက မာမီ့ဆီမှာ သာသာယာယာနေမယ် စိတ်ကူးတုန်း ဖုန်းက ထပ်ဝင်လာလေသည်။

"အေး ... ကျော်ဇင်ရေ ပြော"

"သူငယ်ချင်းရေ ... မနက်ဖြန် ငါ အလုပ်မဆင်းနိုင်သေးဘူးကွာ။ အန်ကယ့်ကို ခွင့်တင်ပေးပါဦး"

"ဩော် ... အေး ... ရတယ်လေ။ ငါ ဒယ်ဒီ့ကို ပြောလိုက်မယ်။ မင်းအမေ မသက်သာသေးဘူးလား"

"အေးကွာ ... သိပ်မသက်သာဘူး ဖြစ်နေတယ်။ အိမ်မှာကလည်း ငါနဲ့အမေ နှစ်ယောက်ပဲရှိတာဆိုတော့ ငါအမေ့ကို စိတ်မချလို့ကွ"

ရှေ့က သူ့သူငယ်ချင်းအတွက် တကယ်ပဲ ကိုယ်ချင်းစာမိလေသည်။ ကျော်ဇင်က သူနဲ့ ကျောင်းအတူတက်ကာ သူ့ဒယ်ဒီမှာ အလုပ်ဝင်နေတာဖြစ်၏။ သူ့သူငယ်ချင်း ဖြစ်ပေမယ့် အနေအထားချင်းက မတူတာကြောင့် ကျော်ဇင်ရဲ့ဘဝကို သူက တတ်နိုင်သမျှ ကူညီပေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင် ... ဘာမှ မင်း နောက်ဆံတင်းမနေနဲ့။ အန်တီ သက်သာမှလာခဲ့။ ငါလည်း ညနေလောက် မင်းဆီ လာခဲ့ပါဦးမယ်။ မင်း ဘာမှ အလုပ်အတွက် စိတ်ပူမနေနဲ့။ ဒယ်ဒီ့ကို ငါ ပြောထားလိုက်မယ်။ မင်း ဘာအကူအညီ လိုသေးလဲ သူငယ်ချင်း"

"ရတယ် သူငယ်ချင်း။ ငါ အဆင်ပြေပါတယ်"

"အေးပါ ... အဲဒါဆို ငါ ခဏနေမှလာခဲ့မယ် ဟောကောင်"

"ရပါတယ်ကွာ။ မင်း မအားရင် မလာပါနဲ့"

"ဟောကောင် ... ဘာမှ အားနာမနေနဲ့။ ငါလာခဲ့မယ်။ ဒါပဲ ... ဒါပဲ"

ရှေးက ဖုန်းပြောပြီးနောက်မှာတော့ ကျော်ဇင့်ဆီသွားဖို့အတွက် မာမီ့ကို ခွင့်တောင်းလိုက်သည်။

"မာမီ ... သား ပြန်တော့မယ်"

"ဟယ် ... သားရယ်၊ ညနေအထိ နေပါလား။ ဘာကိစ္စမို့လို့ သွားမှာလဲ"

"သားသူငယ်ချင်းအမေ နေမကောင်းလို့ မာမီရ။ သနားပါတယ်ဗျာ။ သူတို့က သိပ်လည်းအဆင်ပြေကြတာမဟုတ်ဘူးလေ။ သားက အဲဒါကြောင့် အားပေးတဲ့အနေနဲ့သွားတာပါ"





"အမယ်လေး ... ဟုတ်ပါပြီ။ သား ... ရော့ ... မုန့်ဖိုး ယူသွားဦး။ နောက်နေ့ လာခဲ့ဦးနော်။ မင်းမလည်း လာလိုက်ရင် အေးအေးဆေးဆေးကို မရှိဘူး"

ရှေးက မာမီ မုန့်ဖိုးပေးတဲ့ ငါးထောင်တန်တစ်အုပ်ကို ကျေနပ်သဘောကျစွာ ယူလိုက်ရင်း မာမီ့ပါးကို ရွှတ်ခနဲနမ်းကာ နှုတ်ဆက် ထွက်လာခဲ့တော့သည်။ ရှေးက Mart တစ်ခုမှာ မုန့်ဝင်ဝယ်လိုက်ပြီးမှ ကျော်ဇင့်ဆီ ထွက်လာခဲ့၏။ ဘာပဲဖြစ်ဖြစ် သူလာတော့ ဒီကောင်ကြီး အားတက်မယ် ဆိုတာကို သူ သိလေသည်။ ရှေးရဲ့ကား ကျော်ဇင့် အိမ်ရှေ့ ထိုးရပ်လိုက်တာနှင့် ကျော်ဇင်က ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်ကာ ...

"ဟား ... ရှေး၊ မင်းကလည်းကွာ။ တကူးတက လာရတယ်လို့။ လာ ... အိမ်ထဲဝင် သူငယ်ချင်း"

ရှေးက ကျော်ဇင်နဲ့အတူ အိမ်ထဲဝင်လာလျှင် အိမ်ရှေ့မြေကွက်လပ်မှာ ကလေးတွေ ကစားနေတာ တွေ့တာကြောင့် သူက သတိထား အကဲခတ်မိတာကို ကျော်ဇင် ရိပ်မိတာကြောင့် မေးဖို့မလိုဘဲ ပြောပြသည်။

"ဘေးအခန်းလေးကို ငါ လူငှားတင်လိုက်တာကွ။ အပိုဝင်ငွေရှာတဲ့ သဘောပေါ့ကွာ"

"သြော် ... အေး ... ကောင်းပါတယ်ကွာ။ ရော့ ... အန်တီ့အတွက် အားရှိမယ့် အစားအသောက်တွေ။ အန်တီ ... သက်သာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... မောင်ရှေး လာတယ်။ အင်း ... တော်တော်တော့ သက်သာပါတယ် သားရယ်။ နလုံးသမားဆိုတော့ သိတဲ့အတိုင်း။ အခု ကောင်းလိုက် အခု ဖောက်လိုက်နဲ့ပေါ့"

"ကောင်းသွားမှာပါ အန်တီရဲ့။ ဘာမှစိတ်မပူပါနဲ့။ ကျွန်တော်တို့လည်း ရှိနေတာပဲဟာ။ အန်တီ့ဖို့ အိုဗာတင်းတို့ မုန့်တို့ ဝယ်လာတယ်။ စားလိုက်ဦးနော်"

"ကျေးဇူးအများကြီး တင်ပါတယ် သားရယ်။ သာခု ... သာခု ... သာခု"

"အမေ ... သား ရှေးနဲ့ လက်ဖက်ရည်ဆိုင်သွားလိုက်ဦးမယ်။ အမေ သက်သာတယ် မလား"

"အေး ... သွား ... သွား ... ရတယ် သား"

"အား ... မသွားဘူး။ ရတယ် ... ဟော့ကောင်။ ငါတို့ အိမ်ရှေ့ကွပ်ပျစ်မှာ စကားပြောလည်း ဖြစ်ပါတယ်ကွာ။ လာ ... အိမ်ရှေ့သွားမယ်"

ရှေးက မသွားဖို့ ဖွတ်တားမှ ကျော်ဇင်က လက်ခံကာ အိမ်ရှေ့က ကွပ်ပျစ်မှာ သူတို့နှစ်ယောက် စကားထိုင်ပြောဖြစ်သည်။

"ကျေးဇူးအများကြီး တင်ပါတယ် ရှေးရာ။ မင်းပဲ ငါတို့ကို အစစအရာရာ ကူညီပေးနေလို့ အဆင်ပြေနေတာ"





"ဒါတွေ ပြောစရာ မလိုပါဘူး ကျော်ဇင်ရာ။ အပြန်အလှန်ပေါ့"

"ဟဲ့ ... ထွေးကြည် ... ထွေးကြည် ... အခု ထွက်လာခဲ့စမ်း"

သူတို့ စကားပြောနေတုန်း ကျော်ဇင်တို့ ခြံထဲကို ခေါင်းတင် မောင်းတင်ဖြင့် ဒေါသတကြီး အော်ဟစ်ဝင်လာသံကြောင့် သူက လန့်သွားကာ ဘာပါလိမ့်ဆိုပြီး လှမ်းကြည့်လိုက်သည်။ အမျိုးသမီး တစ်ယောက်ပဲ ဖြစ်၏။ ရှပ်အင်္ကျီကို လက်ခေါက်ဝတ်ကာ ထဘီတိုတိုဖြင့် ဒေါသတကြီး ဝင်ချလာတာကြောင့် သူက ဖြုံတော့ ဖြုံသွားသည်။ သူက ဘာပါလိမ့်အကဲခတ်နေတုန်း ဟိုဘက်ဘေးအခန်းက အမျိုးသမီးကလည်း ဆောင့်ကြီးအောင့်ကြီး ထွက်ချလာကာ ...

"အမယ်လေး ... ခုနစ်သံချီဟစ်လို့။ ဘယ်လိုဖြစ်လို့ ဒီလောက်တောင် အော်နေရတာလဲ"

"ဟဲ့ ... အသံထွက်တာပဲ လူကြားတယ်။ ဂဏန်းညှပ်တာကျ လူမသိလိုက်ဘူး။ ရှင့်ကို ဒီအိမ်အထိမှ လာမတောင်းရင် ရှင်က ပေးမယ့်လူမှ မဟုတ်တာ"

"ဩော် ... မရှိသေးလို့ မပေးနိုင်တာပေါ့အေ။ နို့မို့ဆိုလို့ကတော့ ထွေးကြည်တို့က ပေးပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒါဆို ရှင်က အခုလည်း မပေးနိုင်ဘူးဆိုတဲ့ သဘောပေါ့ ဟုတ်လား"

"မကျေနပ်ရင် အသားလိုးယူသွားအေ။ ကျုပ်လည်းအဆင် မပြေသေးဘူး"

"မထွေးကြည် ... ရှင် ဘာစကား ပြောတာလဲ။ ရှင်က မိဖော်အကြောင်း မသိသေးဘူး ထင်တယ်။ ရှင် ပိုက်ဆံ လာယူတုန်းက အဲဒီမျက်နှာထားလား"

ဟား ... ပွဲကတော့ ကြမ်းချေပြီ။ ရှေးက တစ်ခါမှ မမြင်ဘူးတဲ့ အဖြစ်အပျက်မို့ စိတ်ဝင်တစား ကြည့်နေလျှင် ကျော်ဇင်က သူ့ကို လက်အသာကုတ်ကာ ...

"ဟေ့ကောင် ... အိမ်ထဲပြန်ဝင်ရအောင်"

"အာ ... နေပါဦးကွ။ ဘာဆက်ဖြစ်မလဲ ကြည့်ပါရစေဦး"

"ဟား ... ပြဿနာပဲကွာ"

ရှေးက စိတ်ဝင်တစားဖြင့် အဲဒီ အကြွေးတောင်းတဲ့ ရန်ပွဲကို ကြည့်နေတုန်းမှာပင် ပွဲက ပိုဆူလာ၏။

"မရှိပါဘူးဆိုမှ ငါက ဘာလုပ်ပေးရမှာလဲ။ မရှိလို့ချေး သုံးနေရတာဟေ့။ နင့်ဆီက ပိုက်ဆံကိုလည်း အလကားယူ တာ မဟုတ်ဘူး။ အတိုးပေးထားတာ။ အခု မရှိသေးပါဘူး ဆိုတာကို ခဏတော့ စောင့်မှပေါ့အေ"





"ဩော် ... အတိုးပေးရမှာပေါ့။ ကျွန်မက အလှူကြီးပေးနေ တာမှ မဟုတ်တာ။ စီးပွားရေး လုပ်နေတာ။ ကျေနပ် ကြည်ဖြူလို့ ယူပြီးမှ အခုမှ ဘာဖြစ်တယ် ညာဖြစ်တယ် မပြောနေနဲ့။ ကျွန်မ ရှင့်ကို အားနာလို့ နှစ်ပတ်စောင့်ပေး နေတာ။ ဒီနေ့တော့ မရလို့ မဖြစ်ဘူး။ မရရင် ရပ်ကွက်ရုံး ကို သွားတိုင်မယ်"

"အမယ်လေး ... အံ့ဩပါရဲ့အေ။ အကြွေးတောင်းတာ ဓားပြတိုက်နေတာ ကျနေတာပဲ။ နင် ဒီလောက်ကြမ်းနေ လို့ နင့်ကို လန်ပြေးကုန်တာ။ ရော့ ... ရော့။ တစ်သောင်း ပဲ ရှိတယ်။ ဒါပဲ အရင်ယူထား"

ဟိုအမျိုးသမီးက မဲ့ကာရွဲ့ကာပြောရင်း ရင်ဘတ် ကြားထဲက ပိုက်ဆံနှိုက်ကာ ပေး၏။

"ဟင်း ... လန်ပြေးပစေ။ ဒီလောက်ကြမ်းတာတောင် တောင်းရတာ ဘယ်လိုတောင်းရသလဲ ကြည့်ဦးလေ။ တစ်သောင်းဆိုလည်း တစ်သောင်းပေါ့။ ကျန်တဲ့ပိုက်ဆံကို သုံးရက်အတွင်း လာယူမယ်"

ဟားပါးပါး ... ပြတ်သားချက်ကတော့ ကြောက် ခမန်းလိလိပါလား။ ရှေးက စာရင်းစာအုပ်ဖွင့်ကာ ချက်ချင်းရေး မှတ်နေသော အမျိုးသမီးကို အကဲခတ်ကြည့်ရင်း နည်းနည်းတော့ ငြိသွားရသည်။ ဒီအမျိုးသမီးက ကြည့်တာနဲ့ အင်မတန်ထက်မယ့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိသာတဲ့ အချိုးမျိုးဖြစ်သည်။ ရှေးက အဲဒီအမျိုးသမီးကို ကြည့်နေတုန်းမှာ ဖြုန်းဆို အဲဒီအမျိုးသမီးက သူ့ကိုလှမ်းကြည့်တာကြောင့် သူနဲ့က တန်းခနဲ အကြည့်ဆုံသွားတာကြောင့် အမျိုးသမီးက သူ့ကို မျက်စတစ်ချက်ပစ်ပြကာ ခပ်မာမာလေသံဖြင့် မေး၏။

"ဘာလဲ"

မေးတဲ့ပုံစံက ရုပ်လေးနဲ့မလိုက်အောင်ကို ဂိုဏ်းစတားဒီဇိုင်းမို့ သူက ရယ်ချင်မိသွားတာကို အတင်းထိန်းချုပ်ကာ ပြုံးစိစိမျက်နှာထားဖြင့် သူမကို ပြန်ကြည့်ရင်း ခေါင်းအသာယမ်းပြလိုက်သည်။ အမျိုးသမီးက ရှုတည်တည် ပြန်ကြည့်ကာ ထွက်သွားလေ၏။ အဲဒီတော့မှ ကျော်ဇင်က သူ့ပခုံးကို အသာပုတ်ကာ ...

"အားနာလိုက်တာ သူငယ်ချင်းရာ"

"ရပါတယ်ကွာ။ ဘာအားနာစရာမှ မလိုပါဘူး။ အဲဒီအမျိုးသမီးက ဘာလဲ"

"မင်းကလည်းကွာ၊ ဒီလောက် ဂျမ်းတောမကို မေးနေရသေးတယ်။ သူက နေ့ပြန်တိုးလည်း ပေးစားတယ်။ အပေါင်ခံတယ်။ တို့တစ်ရပ်ကွက်လုံးကတော့ မဇော်နဲ့ ကင်းတဲ့သူကို မရှိဘူး"

အတိုးပေးစားတယ်။ ဒီစကားက အဆန်းတကြယ်မျိုးတော့ မဟုတ်ပေမယ့် သူ့အတွက်ကတော့ အဆန်းပဲဖြစ်သည်။





အဲဒီလို ချောချောမောမော အမျိုးသမီးတစ်ယောက်က တကယ့်ဈာတေးလန် ဖြစ်နေရတာကိုက အဆန်းဖြစ်၏။ ရှေးက မဇော်ဆိုတဲ့ ကျားကျားလျားလျား နာမည်တစ်ခုကြောင့် စိတ်ဝင်စားမိသွားကာ ကျော်ဇင်ကို ဆက်ဗျူးမိသွားသည်။

"သူ့နာမည်က ဘယ်သူ"

"ခခဇော်တဲ့။ ငါတို့ထက်တော့ လေးငါးနှစ်ကြီးမယ်။ တစ်ရပ်ကွက်လုံးကတော့ မဇော်ဆို ဖိန့်ဖိန့်တုန်ပေါ့ကွာ"

အဟား ဟား။ သူ့အတွက်ကတော့ ဒီနေ့က တိုက်ဆိုင်နေလို့ facebook မှာ status တင်ပေးရမလို ဖြစ်နေ၏။ ဒီကနေ့မှာ မာမီကျေနပ်အောင် ပုဆိုးဝတ်ခဲ့လို့တဲ့ သူက ပုဆိုးဝတ်ဖြစ်သည်။ ပြီးတော့ တစ်မျိုးဆီ ထူးခြားနေတဲ့ အစ်မကြီးသုံးယောက်ကိုလည်း တစ်နေ့တည်းမှာ စတင်မြင်ဖူးခဲ့သည်။ အဲဒါဟာ တိုက်ဆိုင်လေသော စိတ်ဝင်စားမှုဖြစ်တာကြောင့် သူက ဒီကနေ့ကို မှတ်မှတ်ထင်ထင် မှတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

မြက ကိုယ်ယူမယ့်စာအုပ်ကို လှမ်းအယူမှာ ကိုယ့်ထက်ကြိုဦးသွားသော လက်တစ်ဖက်ကြောင့် အဲဒီလက်ပိုင်ရှင်ကို ဖျတ်ခနဲ ကြည့်လိုက်မိသည်။ ချာတိတ်လေးတစ်ယောက် ဖြစ်တာကြောင့် အလျှော့ပေးလိုက်ပြီး တခြားစာအုပ်တွေကို ရွေးနေတုန်းမှာ မြရဲ့မြင်ကွင်းရှေ့သို့ အဲဒီလက်တစ်ဖက် ရောက်လာပြန်တာမို့ မြက ပြန်အကြည့်တွင် ချာတိတ်က မြကိုပြန်ပြုံးပြကာ ခုနက စာအုပ်ကို ကမ်းပေးရင်းက ...

"ဒီစာအုပ်လေး ယူချင်လို့လား။ ယူလိုက်ပါ"

မြက စာအုပ်ကို ပြန်ပေးတဲ့အဖြစ်ကြောင့် ဘာမှ ပြန်မပြောရသေးခင် သူ့ကို ကြည့်လိုက်မိသည်။ အဲဒီကောင်လေးက မြကို ရင်းရင်းနှီးနှီး ပြုံးပြနေတာမို့ မြက အသိများလားဆိုပြီး သေချာကြည့်လိုက်မိသည်။ မြရဲ့ဦးနှောက်ကို စဉ်းစားမှုမပေးရသေးခင်မှာပဲ အဲဒီကောင်လေးက သူ့ဘာသာသူ မိတ်ဆက်လေသည်။





"ကျွန်တော့်ကို မမှတ်မိဘူး ထင်တယ်။ လွန်ခဲ့တဲ့ နှစ်ရက်က ရွှေရုပ်ကို သင်တန်းလိုက်ပို့ပေးတဲ့ ရွှေရုပ်ရဲ့အစ်ကိုပါ"

အဲဒီတော့မှ မြက ဒိုင်းခနဲ သွားမှတ်မိသည်။ အေးပေါ့ ... အဲဒါကြောင့် တူပါတယ်၊ မြင်ဖူးပါတယ် ထင်နေတာ။ ဟိုနေ့က ကားပေါ်ကနေ လှမ်းတွေ့လိုက်တဲ့ ပုံစံက အရမ်းကြီး ရင့်ကျက်နေတဲ့ပုံစံနဲ့ဖြစ်ပြီး အခုကျတော့ ဒီဇိုင်းက ပန့်ခ်အထာဖြင့် အထာကျနေတဲ့ ဒီဇိုင်းမို့ မြက မမှတ်မိလိုက်တာဖြစ်သည်။ ရွှေရုပ် အစ်ကိုပါဆိုမှ မြက ပြန်မှတ်မိသွား၍ ပြုံးလိုက်ရင်းက...

"သြော် ... ဒါကြောင့် မြင်ဖူးသလို ရှိနေတာ"

"ဟုတ်ကဲ့ ...။ ဒီနေ့ မထင်မှတ်ဘဲ မမနဲ့အပြင်မှာထပ်တွေ့ရတာ အံ့သြစရာပဲ။ မ, စာအုပ်လာဝယ်တာလား။ ရော့ပါ ... ဒီစာအုပ် မ,ပဲ ယူလိုက်ပါ"

"နေပါစေ။ ရပါတယ်"

"မဟုတ်တာ ... ယူပါ မ,ရဲ့။ ကျွန်တော့်မှာက ဖတ်လက်စ စာအုပ်လေးတွေ ရှိသေးတယ်လေ။ ဒီစာအုပ်ဝယ်ထားလည်း ကျွန်တော် လောလောဆယ် မဖတ်ဖြစ်သေးပါဘူး"

မြက စာအုပ်ကို လက်ထဲမထည့်ရုံတမယ် ဖွတ်မေးနေတာမို့ ငြင်းမနေတော့ဘဲ ယူလိုက်တော့သည်။

"ကျေးဇူးပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်စရာ မလိုပါဘူး မမရယ်။ မ,က စာအုပ်တွေ ဖတ်ရတာ ဝါသနာပါတယ်နဲ့တူတယ်။ ကျွန်တော်ကလည်း စာအုပ်ဖတ်ရတာ ဝါသနာပါတယ်။ ဝါသနာတူချင်းဆုံနေပြီ။ ကျွန်တော့်နာမည် ရှေးဘုန်းကံပါ မမ"

ဘလိုင်းကို ဖွတ်ဖော်ရွှေ လာလုပ်နေတာကြီးက သိသာတာမို့ မြက ပြုံးရုံလေး ပြုံးလိုက်မိသည်။ ခပ်ဆန်းဆန်းနာမည်တစ်ခုကြောင့် မြက သူ့ကိုပိုပြီး မှတ်မိသွားသည်။ ဒီလိုပဲ မြကို ရောတတ်တာကြောင့် မြက အထာနပ်စွာဖြင့် ခေါင်းသာ ညိတ်ပြရင်းက ...

"Ok ... အဲဒါဆို တို့ သွားလိုက်ဦးမယ်နော်"

"ခင်ဗျာ ... ဩော် ... ဟုတ် ... ဟုတ်ကဲ့ မမ။ See You နော်"

မြက စာတတ်နေသော အပြုံးဖြင့် ပြန်လည်နှုတ်ဆက်ခဲ့ကာ ကောင်တာမှာ စာအုပ်ဖိုးရှင်းပြီး ထွက်လာခဲ့သည်။ မြအတွက်ကတော့ အဲဒီလို လာရောတဲ့ အထာတွေက ဖန်တရာတေနေပြီ ဖြစ်တာကြောင့် အဲဒီလို အထာတွေလာတိုင်း မြရဲ့ရဲ့တို့ပြုံးနေတတ်တာဟာ ရိုးနေပြီ ဖြစ်သည်။

မြက ဒီနေ့သင်တန်းနားရက် ဖြစ်တာမို့ အေးအေးလူလူပဲ ကားတစ်စီးဖြင့် မြို့ပတ်နေကြဖြစ်သည်။ ရက်သတ္တပတ်ရဲ့ တနင်္ဂနွေတစ်ရက်ကိုတော့ မြက ဘာအလုပ်မှ မလုပ်ဘဲ အနားယူဖြစ်၏။ အဲဒီလိုမှ မလုပ်ရင်လည်း မြတော့ stress တွေ





ပိပြီး သေမှာပဲဖြစ်သည်။ ကိုယ်တွေ ဆယ်ကျော်သက်အရွယ်တုန်းက လုံးကြီးပေါက်လှ မယ်ကိုယ်လုံးမျိုးကမှ မော်လ်ဒယ်ဖြစ်တာမို့ အဲဒီလို ခန္ဓာကိုယ် ဖြစ်ခဲ့သလို ပြောင်းလဲလာတဲ့ ကာလနဲ့ လိုက်လျောညီစွာ flat LED ဖြစ်မှ မော်လ်ဒယ်ဖြစ်တဲ့ခေတ်ရောက်တော့လည်း မြတို့က အမီလိုက်နိုင်ခဲ့၍ ကြံနိုင်ခဲ့သည့်အတွက် ကိုယ့်ရဲ့ဝါသနာကို အရင်းခံတဲ့ Model Talent School တစ်ခု တည်ထောင်ကာ talent ရှိတဲ့သူတွေ ဖြစ်လာဖို့ ပျိုးထောင်သည့်အလုပ်ကို လုပ်ကိုင်ရင်း မြက ယနေ့ model လောကရဲ့ Trainer ကောင်းတစ်ယောက်အဖြစ် ရပ်တည်နေနိုင်ခဲ့သည်။

မြရဲ့ဘဝအတွက် နည်းစနစ်ကျကျ အတွေးအခေါ်ခံယူချက်များဖြင့် အောင်မြင်လာခဲ့နိုင်သူမို့ ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း Proud ဖြစ်ခဲ့ရသည်။ မြအတွက်တော့ မြကသာ idol ပဲ ဖြစ်၏။

ကိုယ့်ကိုယ်ကိုယ် ဘာမှမလိုဘူးလို့ထင်ရအောင်ပြည့်စုံတဲ့ မြအတွက် အားလုံးကတော့ မြရဲ့လက်တွဲဖော် ၎လိုနေလို့ဆိုပြီး ရွေးစေချင်ကြသည်။ ဒါပေမဲ့ မြအတွက်ကတော့ ရတာမလိုလိုတာမရမို့ အပျိုကြီးဖြစ်နေရတယ် ဆိုတာထက် ဘယ်သူကမှ စိတ်တိုင်းကျချင်စရာ မကောင်းတာကြောင့် မြက အပျိုကြီးဖြစ်နေရတာဖြစ်သည်။ ဘယ်သူ့မှ စိတ်တိုင်းမကျပါဘူးဆိုတဲ့ မြရဲ့စကားအတွက် မေမေကတော့ တအံ့တဩ မျက်လုံးတွေဖြင့်ကြည့်၍ သူ့ရင်ဘတ်သူဖိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... အံ့သြတယ်။ နင့်မှာ ဒီလောက်ယောကျ်ားများစွာနဲ့ ကြုံတွေ့နေတာ။ ဒါတောင် တစ်ယောက်မှ စိတ်တိုင်းမကျဘူးလား။ မြ ... ငါ့မှာ ညည်းကို တစ်ယောက်တည်း မွေးထားတာ။ ငါတို့မျိုးဆက်ပြတ်ဖို့ ညည်းက တမင်ကို ယောကျ်ားမယူတာလား ... ဟုတ်လား"

မေမေ အဲဒီလိုပြောတိုင်း မြမှာ အပြစ်ကြီးကျူးလွန်ထားသူ တစ်ယောက်နှယ် အစွပ်စွဲခံရတာမို့ မခံချင်စိတ်ဖြင့် မေမေနဲ့ အမြဲအတိုက်အခံ ဖြစ်ရလေသည်။

"မေမေရော ... မြမှာက ဘယ်သူ့မှ အားကိုးဖို့မလိုတဲ့ အရည်အချင်းတွေ ရှိပြီးသား။ ကိုယ့်မှာ အရည်အချင်းရှိနေမှတော့ မြက ဘာယောကျ်ားယူဖို့ လိုလို့လဲ။ မေမေတို့နှယ်တော့ ခက်တော့တာပဲ။ ကိုယ့်အမေကို တစ်သက်လုံး လုပ်ကျွေးပြုစုချင်တဲ့ သမီးအလိမ္မာလေးကိုများ သူများလက်ထဲ ထည့်ပေးချင်ရတယ်လို့"

မြက အဲဒီလို အနိုင်နဲ့ပိုင်းပြောကာ အမြဲစကားစ ဖြတ်ခဲ့လျှင် မေမေက အမြဲတဗျစ်တောက်တောက်ပြောကာ ကျန်နေမြဲပင်။ ဘယ်သူတွေ ဘယ်လိုပဲပြောပြော မြကတော့ ကိုယ်ယုံကြည်ရာကို ကိုယ်လုပ်နိုင် အောင်မြင်ခဲ့တာမို့ ကိုယ့်ကိုယ်ကိုယ်သာ အတော်ဆုံးလို့ သတ်မှတ်လေသည်။





ခခဖော်က ဈေးခြင်းတောင်းကို စားပွဲပေါ် ဝုန်းခနဲ ဆောင့်ချလိုက်ကာ လူကလည်း ထိုင်ခုံမှာ ဒေါကြီးမောကြီးဖြင့် ထိုင်ချလိုက်လျှင် အမေက အကဲခတ်ရင်းက ...

"ဘာဖြစ်လာရပြန်ပြီလဲ မိဖော်ရယ်။ ညည်း ဈေးလေး တစ်ခါသွားဝယ်ပါတယ်။ ကဲ ... ပြော ... ဘယ်သူနဲ့ဖြစ်လာခဲ့ပြန်ပြီလဲ"

အမေက ဖော့်ကို ဆူသလိုလေးပြောရင် မေးတာမို့ ဖော်က မျက်မှောင်တစ်ချက် ကြုတ်လိုက်ရင်းက ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်သည်။

"ဘာဖြစ်ရမှာလဲ အမေရယ်။ ဈေးထဲက ကုန်စုံဆိုင်က မိချိုပေါ့။ သမီးကိုများ ဈေးလာဝယ်တာလား။ လာသိမ်းတာလားတဲ့။ ဘယ်လောက် မိုက်ရိုင်းလဲလို့။ အဲဒါကြောင့်မို့ မိဖော်တို့ ကောင်းကောင်းကို ပြောခဲ့ပစ်လိုက်တယ်။ လူကိုများ ချစ်တီးသေလို့ ဝင်စားတာတဲ့။ ရိုင်းလိုက်တာ

www.burmeseclassic.com



ဆိုတာ။ တစ်ခါတည်း သမီးအကြွေးလည်း ပြန်တောင်းလိုက်ကော သင်း ချက်ချင်းကို လေက ပျော့ကျသွားတာ။ ဒေါသကို ဖြစ်တယ်"

"ဟင်း ... ငါလည်း ညည်းနဲ့တော့ စိတ်ညစ်ပါတယ် မိဖော်ရယ်။ မသွားလိုက်နဲ့ သွားလိုက်တာနဲ့ ရန်ကဖြစ်လာခဲ့ပြီ။ နင်နဲ့တော့ ခက်တော့တာပဲ။ ဈေးထဲမှာလည်း ဈေးထဲမှာမို့။ ဟိုဘက်ရပ်ကွက်ထဲမှာလည်း ဟိုဘက်ရပ်ကွက်မှာမို့။ ညည်းကို ဟိုက ချစ်တီးမလို့ ပြောမှပေါ့။ တကယ်လည်း နင်က အဲဒီအတိုင်း ဖြစ်နေတာကိုး"

"အမေနော် ... ကိုယ့်သမီးကို။ သမီးက စီးပွားရေးလုပ်နေတာ အမေရဲ့။ သမီး ပိုက်ဆံထုတ်ပေးနေလို့ သူတို့အဆင်ပြေနေကြတာကိုး"

"ဟဲ့ ... အတိုးယူတာလည်း ထည့်ပြောဦးလေ"

အမေက အဲဒီလူတွေဘက်က ဝင်ပြောနေတာကြောင့် ဖော်က ပိုပြီး ဘဝင်မကျ ဖြစ်ရကာ မျက်နှာကို မဲ့လိုက်ရင်းက...

"အမေရယ် ... စီးပွားရေးလုပ်နေပါတယ်ဆိုမှ သူတို့အဆင်ပြေသလို သမီးလည်း အဆင်ပြေမှ ဖြစ်မှာပေါ့။ အတိုမယူဘဲ ပိုက်ဆံချေးရအောင် အမေ့သမီးက အလှူကြီးပေးနေတာလည်း မဟုတ်ဘူး။ ဩော် ... မအေးရေ ... ရော့ အဲဒီခြင်း နောက်ဖေးသွားထားလိုက်တော့"





ဖော်က အမေ့ကို ပြောနေရင်းက မအေးကို လှမ်းပြောကာ ပိုက်ဆံအိတ်ထဲက ပိုက်ဆံကို တစ်ချက်ထုတ်စစ်ရင်း အမေ့ကို ပြောလိုက်၏။

"မေမေ ... အမေက သွေးတိုးနေတာ ဒီနေ့ ဘာဟင်းမှ ဝင်မချက်နေနဲ့။ မအေး သူ့ဘာသာ သူစီစဉ်ချက်လိမ့်မယ်။ သမီးလိုအပ်တာ အကုန်ဝယ်ပေးပြီးပြီ။ အခု သမီး ယုဇနပလာဇာ ခဏသွားလိုက်ဦးမယ်"

"ဟဲ့ ... ဘာလုပ်ဦးမလဲလို့။ ဘာသွားဝယ်မလို့လဲ"

"မနက်ဖြန် အမေ့ရွာက မအေးကြည် လာမယ်မှလား။ အဲဒါ သူပြန်ရင် သမီး အထည်လေးတွေ၊ ပုဆိုးလေးတွေ ရောင်းခိုင်းဖို့ ထည့်ပေးလိုက်မလို့"

"အမယ်လေး ... ချစ်တီးမရယ်။ အမေတောင် ညည်းကို ချစ်တီးမ ခေါ်ချင်လာပြီ။ နင်ဟာလေ။ ကဲ ... သွားမယ်ဆိုလည်း အဝတ်အစားလေး ဘာလေးလဲ ပြင်ဆင်ပြီးမှ သွားလေ။ ဒါကြောင့် ညည်း လင်မရတာ"

အလုံးလိုက်ကို ပစ်ပြောလိုက်တဲ့ စကားကြောင့် ဖော်က မခံချိမခံသာတွေ ဖြစ်ရကာ ...

"အမယ်လေး ... ဘယ်လိုပြောလိုက်တာလဲ မေမေရယ်။ ခဲဖော်တို့က လင်ဆို ခြင်လို အပိုကောင်တွေ အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့ကောင်တွေလို့ သတ်မှတ်ထားလို့ကို မပတ်သက်တာ။ မရလို့ မယူတာ မဟုတ်ပါဘူး။ မယူလို့ကို မရတာ”

“အေးပော့ ... ညည်းကို မနိုင်ဘူး”

ဇော်က မေမေ့စကားကို မသိကျိုးကျွန်ပြု၍ အိမ်ထဲက ထွက်လာကာ ဈေးဝယ်ဖို့အတွက် ပလာဇာကို ထွက်လာခဲ့သည်။ ပလာဇာတခွင် ပြိုပြိုစင်အောင်ပတ်ကာ လိုအပ်တာဝယ်ခြမ်းပြီး အထုပ်ကြီးအထုပ်ငယ်ဆွဲကာ ကားငှားဖို့ ထွက်အလာမှာ အနောက်က “ခဏ ... ခဏ”ဆိုတဲ့ ခေါ်သံကြားတာကြောင့် ဇော်က လှည့်ကြည့်မိလျှင် ဇော့်ဆီ အပြေးရောက်လာကာ ...

“ဖုန်းကျနေလို့ လိုက်ပေးတာပါ”

ဟယ် ...။ ဇော်က ကိုယ့်ရဲ့ Huawei ဖုန်းလေးကို လာပြန်ပေးတာကြောင့် ဖုန်းလေးကို ယူလိုက်ပြ ကျေးဇူးတင်စကားပြောလိုက်သည်။

“ဟယ် ... ဟုတ်ပါရဲ့။ အထုပ်တွေက များနေတော့ လက်ထဲကိုင်ထားရာက ဘယ်လိုကျခဲ့လဲ မသိဘူး။ ကျေးဇူးအများကြီး တင်ပါတယ်”

ဇော်က ဖုန်းလေးကို ပြန်ယူလိုက်ရင်း ကျေးဇူးတင်စကားဆိုလိုက်ကာ ဖုန်းပြန်ပေးသူကို ကြည့်လိုက်လျှင် စိတ်ထဲမှာ သူ့ကို မြင်ဖူးသလိုလို ရှိသွားသည်။ ဘယ်သူပါလိမ့်။





“သြော် ... ဟိုမမပဲ”

ယဉ်ယဉ်ကျေးကျေး ထွက်ကျလာတဲ့ စကားလေးသံကြောင့် ဇော်က သူ့ကို ထပ်ကြည့်ရင်းက ...

“မင်းက သိလို့လား”

“သြော် ... မမက မမှတ်မိဘူး ထင်တယ်။ ဟိုနေ့က ကျွန်တော် ကျော်ဇင့်အိမ်ကို လာလည်ရင်းနဲ့ မမနဲ့ဆုံတာလေ”

သြော် ... သိပြီ။ အဲဒီနေ့က မတွေးကြည်ကို အကြွေးတောင်း၍ မရလို့ ပွဲကြမ်းနေတာကို တအံ့တသြ မျက်နှာဖြင့် ဇော့်ကို ကြည့်နေတာကြောင့် ဇော်က ဒေါကန်ကန်ဖြင့် သူ့ကို ဟောင် သွားကောမိသေးတာပဲ။ ဇော်က မှတ်မိသွားတာကြောင့် သူ့ကို အားနာသလိုလေး ဖြစ်သွားကာ ...

“သြော် ... သိပြီ။ မင်းကို ဘာမှမဆိုင်ဘဲ အဲဒီနေ့ကပြောမိသွားတာ ဆောရီးနော်”

“ရပါတယ် မမရယ်။ ပြဿနာမရှိပါဘူး”

အဲဒီကောင်လေးက ဇော့်ထက်တော့ လေးငါးနှစ်ငယ်ပုံပေါက်သည်။ အခေါ်အပြောက အင်မတန် နားဝင်ချိုယဉ်ကျေးလှတာကြောင့် ဇော်က အဲဒီနေ့က ကိစ္စအတွက် ဆောရီးလုပ်လိုက်တာဖြစ်သည်။

“ဖုန်းလိုက်ပေးတာ ကျေးဇူးပါပဲ။ သွားမယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ခဏ ... ခဏ မမ"

ဇော်က နှုတ်ဆက်ကာ သွားမယ်အထွက်မှာ သူက တစ်ချက်လှမ်းတားတာကြောင့် ဇော်က ဘာလဲဆိုတဲ့ သဘောဖြင့် မေးဆတ်ပြလိုက်လျှင် ကောင်းလည်းက ချိုသောအပြုံးဖြင့် ပြုံးပြရင်း ...

"ကျွန်တော့်နာမည် ရှေးဘုန်းကံလို့ ခေါ်ပါတယ်။ နောက်တွေ့ရင် ခေါ်မယ်နော် မမဇော်"

ဘာလဲကွ။ ယောကျ်ားတွေများ။ ဇော်က မမဇော်လို့ ခေါ်ဝေါ်သုံးနှုန်းမှုကြောင့် မျက်နှာကို ခပ်တင်းတင်းထားကာ ဘာမှတုံ့ပြန်မှုမပေးဘဲ ထွက်လာခဲ့သည်။ ရှေးဘုန်းကံတဲ့။ နာမည်က လူနာမည်လည်း မဟုတ်ဘူး။ ယောကျ်ားတွေများ ဇော်တို့ဘက်က နည်းနည်းလေး မျက်နှာသာ ပေးလိုက်တာနဲ့ ရောတော့တာပဲ။ ဇော်ကတော့ ယောကျ်ားတွေကို ကြည့်မရတာဟာ ဇော်ကိုယ်တိုင်ကိုက ကြည့်လို့ကို မရလို့ပဲဖြစ်သည်။





စိမ်းက ဘုရားကို အသေအချာ အာရုံပြု ပူဇော်ရှိခိုးကန်တော့ပြီးသည့်နောက်မှာ ကြည်လင်အေးချမ်းသောစိတ်ဖြင့် ငြိမ်းချမ်းနေ၏။ တစ်ပတ်တစ်ခါ ပုံမှန် ဘုရားတက်တာဟာ နှစ်ကာလများစွာ ကြာခဲ့ပြီမို့ စိမ်းအတွက်တော့ ဒီလိုအေးချမ်းသောစိတ်ဟာ အမြဲပိုင်ဆိုင်နေကြပဲဖြစ်သည်။ စိမ်းဂုဏ ဘုရားတစ်ပတ်ပတ်ပြီးနောက် ပြန်ဖို့ထွက်လာခဲ့လျှင် စောင်းတန်းမှာ ကောင်လေးတစ်ယောက်က လာနှုတ်ဆက်၏။

"ဟာ ... မမ ဘုရားလာတာလား"

ရင်းနှီးဖော်ရွေစွာ နှုတ်ဆက်လိုက်တဲ့ဟန်ကြောင့် စိမ်းက မြင်ဖူးပါတယ်ဆိုတဲ့စိတ်နဲ့ ကြည့်လိုက်မိလျှင် ဟိုနေ့က ရွှေရုပ်နဲ့အတူ အိမ်လာသွားတဲ့ ချာတိတ်ဆိုတာ ချက်ချင်းမှတ်မိသွား၏။

"ဩော် ... မင်းကိုး"

"ဟား ... မမက ကျွန်တော့်ကို မှတ်မိသားပဲ။ ဝမ်းသာလိုက်တာဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိပါတယ်။ မင်း ဘုရားလာတာလား"

"ဟုတ်ကဲ့ မမ။ ဒီနေ့က ကျွန်တော့်မွေးရက် ဗုဒ္ဓဟူးဆို တော့ ဘုရားတက်တာပါ။ အခု မမနဲ့ဆုံရတာ ဝမ်းသာ လိုက်တာ။ ဟိုနေ့က ကျွန်တော့်နာမည်ကို မိတ်မဆက်ပေး လိုက်ရဘူး။ ကျွန်တော့်နာမည်က ရှေးဘုန်းကံလို့ ခေါ်ပါ တယ် မမ"

"အိုကေ ... မှတ်ထားလိုက်ပါ့မယ်။ ဒါပဲမှလား ... သွား ဦးမယ်"

"ဪ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ပါ ခင်ဗျ"

ကောင်လေးက ရိုကျိုးစွာ စိမ်းရဲ့ရှေ့က ဖယ်ပေးလျှင် စိမ်းက ခေါင်းတစ်ချက် ဆတ်ပြရင်း ထွက်လာခဲ့တော့သည်။ ဘုရားကအပြန်တွင် စိမ်းက ဆိုင်ကိုတန်းဝင်ကာ အလုပ်တွေ ဖယ်ဆက်သလို လုပ်ရ၏။ တစ်နေ့ တစ်နေ့ ဖြတ်သန်းနေရသော နေ့စဉ်ဘဝဟာ စိမ်းအတွက်တော့ အလုပ်တွေနဲ့ပဲ ကုန်ဆုံးစေတာ ဖြစ်သည်။ တစ်ကိုယ်တည်း အပျိုကြီးဘဝဖြင့် ဖြတ်သန်းနေသော စိမ်းအတွက်တော့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူဝံ့ကြွားမှုများစွာဖြင့် လက်မထောင်ကာ ဘယ်သူ့ကိုမှ အားမကိုးခဲ့ချေ။





၄

ဇော်က အနောက်ကနေ မလှမ်းမကမ်းလိုက်လာကာ လှကို မခန့်လေးစားဖြင့် ပြောင်သလိုလို ရိသလိုလို အပြောတွေ ကို တတ်နိုင်သမျှတော့ သည်းညည်းခံနေပေးလိုက်သည်။

"ဟေ့ကောင် ... အပျိုကြီးတွေ ဘာကြောင့် လင်မရလဲ မင်းသိလား"

"ပြောစမ်းပါဦးကွ။ ဘာလို့လဲ"

"ဘာလို့ လင်မရလဲဆိုတော့ ကြိုက်မယ့်လူ ယူမယ့်လူမရှိ လို့ပေါ့ကွာ"

"ဟား ဟား ... ဟုတ်တာပေါ့ကွ။ နေစမ်းပါဦး ကြိုက် မယ့်သူက ဘာလို့မရှိရတာတုံး"

"ဪ ... ဘယ်ရှိပါ့မလဲကွာ။ ဒီလောက် အာကြမ်း လျှာ ကြမ်းတာကိုး။ နားငြီးမခံနိုင်လို့ပေါ့။ ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ဇော်က ဘယ်လိုမှ သည်းညည်းမခံနိုင်လွန်းစွာ စော်ကားနေတဲ့ အဆုံးမှာ ဖွတ်ကို ဖိနှိပ်ထိန်းချုပ်လာရတဲ့ ဒေါသတွေကို ဘယ်လိုမှ ထိန်းမနိုင်တော့ဘဲ အဲဒီဂျလေဘီနှစ်ကောင်နဲ့ တည့်တည့်ရင်ဆိုင်ရင်းက ...

"ဒီမှာ ... နင်တို့ ဘာကောင်တွေလဲ။ သတ္တိရှိရင် တိုက်ရိုက်ပြောပါလား"

"ဟား ... ကျုပ်တို့ပြောတဲ့အထဲမှာကော ခင်ဗျားအကြောင်းပါလို့လား"

"ဟဲ့ ... နင်တို့ စောင်းမြောင်းပြောနေကြတာ မရှက်ဘူးလား၊ ယောကျ်ားဖြစ်ပြီးတော့ အဲဒီလို ပြောရတာ ဝါသနာပါတာလား။ နင်တို့ ယောကျ်ားတွေ မဟုတ်ကြဘူးလား"

"ဟား ဟား ... သိချင်တယ်ပေါ့"

"တောက် ... အရိုင်းအစိုင်းကောင်တွေ"

ဇော်က ဒေါသတကြီးဖြင့် လက်ထဲကထီးဖြင့် ကောက်ရိုက်မယ်အလုပ်မှာ အနောက်ကနေ ဇော်ရဲ့ထီးကိုလှမ်းဆွဲကာ အတင်းဖွတ်တားလေသည်။

"ဟား... ဟ ... မလုပ် မလုပ်ပါနဲ့ မဇော်ရယ်။ ကျွန်တော်တောင်းပန်ပါတယ်။ ကိုအော်ကြီး ခင်ဗျားတို့ကလည်းဗျာ၊ ကိုယ့်တစ်ရပ်ကွက်သားတည်းချင်း ဒီလို နောက်ဖို့တော့ မသင့်ပါဘူးဗျာ။ ခင်ဗျားတို့ ကိုယ့်လမ်းကိုယ်သွားတော့ဗျာ"





ဇော့်ကို လာဆွဲတဲ့သူက ကျော်ဇင် ဖြစ်လို့နေကာ ကျော်ဇင်က အဲဒီနှစ်ကောင်ကို ဟောက်လိုက်တာနှင့် အဲဒီနှစ်ကောင်က ကျော်ဇင့်ကို မကျေမချမ်းဖြင့် ကြည့်ကာ ရယ်သလို ပြောရင်း ထွက်သွားလေသည်။

"ဟင်း ... မင်းကလည်း ဝင်ပြီး hero က လုပ်ချင်သေးတယ်"

"ဟာ ... ဒီလူတွေကတော့ ..."

ကျော်ဇင်က ဒေါသထွက်ကာ အနောက်ကလိုက်မယ် လုပ်နေတာကြောင့် ဇော်က ကျော်ဇင့်ကို လှမ်းတားလိုက်ရသည်။

"နေပါစေတော့။ မင်း အခုလို ကူညီတာကိုပဲ ကျေးဇူးတင်ပါတယ်"

"ရပါတယ် အစ်မရယ်။ ကိစ္စမရှိပါဘူး။ အခု မဇော်ဘယ်သွားမလို့လဲ"

"နင်တို့ရပ်ကွက်ထဲ အကြွေးလာကောက်ပြီးလို့ အိမ်ပြန်မလို့ဟ။ အဲဒါကို ဟိုကောင်တွေ အနောက်ကလိုက်ပြီး အရှုပ်ထုပ်လာလုပ်နေလို့"

"ဩော် ... ဖြစ်ရမယ်။ ကဲလာ ... ကျွန်တော် မဇော်ကို ပြန်လိုက်ပို့ပေးမယ်။ လာ ..."



www.burmeseclassic.com

www.burmeseclassic.com



ဇော်က ကျော်ဇင်နဲ့အတူတူ တွဲလျှောက်လာရင်းက မှ ကျော်ဇင် ပြန်လိုက်ပို့ပေးတာကို လက်ခံရ၏။

"မဇော်လည်း တစ်နေ့ တစ်နေ့ အလုပ်တွေ လုပ်နေရတာ တော်တော်ပင်ပန်းတာပဲနော်။ အကြွေးလိုက် ကောက်တာ အဖော်လေး ဘာလေးတော့ ဝါမှပေါ့ အမရာ"

"အမယ်လေး ကျော်ဇင်ရယ်။ တစ်သက်လုံး ငါတစ်ယောက် တည်း အကြွေးကောက်လာတာ နှစ်ချို့နေပြီ။ နင်က အခုမှလာပြီးတော့ ပူနေရသေးတယ်"

"ဩော် ... အရင်တုန်းက မပြောမိဘူးဆိုတာ ဒီနေ့လို အဖြစ်မျိုးမှ မရှိဘူးတာ။ အခုတောင် ကျွန်တော် တွေ့လိုက် လို့။ နို့မို့ဆို အစ်မ စိတ်အနှောင့်အယှက် ဖြစ်ရတာပေါ့"

ကျော်ဇင့်စကားကြောင့် ဇော်က သူ့ကို လှောသလို တစ်ချက် ရယ်လိုက်ရင်း ...

"အမယ်လေးဟယ်၊ ငါကလည်း အဲဒီအကောင်တွေကို စိတ်ကောင်းဝင်နေလို့ ဘာမှပြဿနာမတက်လိုက်တာ။ နို့မို့ လို့ကတော့ ဒီထီးကျိုးအောင်ကို ရိုက်မှာ"

"ဟား ဟား ... မဇော်ကတော့ဗျာ။ ဒါကြောင့်မို့လို့လည်း အစ်မက နာမည်ကြီးနေတာ"

"အဲဒီလိုပဲ ဖြစ်ရမယ်လေ။ ဒါနဲ့ ... နင်က ဘယ်သွားမလို့ လဲ"





"ကျွန်တော့်သူငယ်ချင်းဆီပါ။ ပြီးခဲ့တဲ့ရက်တွေက ကျွန် တော့်အမေ နေမကောင်းတာနဲ့ အလုပ်လည်း မဆင်းဖြစ် ပါဘူး။ အဲဒါ သူငယ်ချင်းကပဲ အကုန်ကူညီထားတာ။ သူ့ကိုကျေးဇူးတင်စကား သွားပြောဖို့လေ"

ကျော်ဇင်က သူငယ်ချင်းဆီ သွားမယ်ဆိုတာကြောင့် ဇော်က မျက်လုံးထဲမှာ ကျော်ဇင့်သူငယ်ချင်း နာမည်ခပ်ဆန်းဆန်း နဲ့ တစ်ယောက်ကို ပြေးမြင်မိသည်။ စိတ်ထဲမှာ သိချင်လာတာ ကြောင့် ကျော်ဇင့်ကို မေးကြည့်မိသွားသည်။

"နင့်သူငယ်ချင်းဆိုတာ ဟိုတစ်ယောက်မှလား။ နာမည် ခပ်ဆန်းဆန်းနဲ့လေ"

"ဟာ ... အစ်မက ရှေးကို မှတ်မိရုံတင်မကဘူး နာမည် တောင် သိနေတယ်။ နေပါဦး ... ဟိုတစ်ခါ ကျွန်တော် မိတ်မဆက်ပေးလိုက်ပါဘူး"

ဇော့်မေးခွန်းကြောင့် ကျော်ဇင် တစ်ယောက် အဆန်း တကြယ်တွေဖြစ်ကာ ဇော့်ကိုတောင် မေးခွန်းပြန်ထုတ်နေတာ ကြောင့် ဇော်က သူ့ကို ရှင်းချက်ပြန်ထုတ်ပေးရသေးသည်။

"ဟိုတစ်ရက်က ပလာဇာသွားရင်း ဆုံတာပါ။ သူက ငါ့ ဖုန်းကျကျန်ခဲ့လို့ လိုက်ပေးရင်း ထပ်တွေ့တာ"

"ဩော် ... ထပ်တောင် ဆုံပြီးကြပြီကိုး။ ဒီကောင် ကျွန် တော့်ကို အဲဒီကိစ္စ ဘာလို့မပြောရတာပါလိမ့်။ လျှို့ထား တယ် ကြည့်စမ်း။ တွေ့မှ မေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်ရဲ့စကားကြောင့် ဇော်က ရှက်ရွံ့ရွံ့ဖြစ်သွားရကာ ကျော်ဇင့်ကို လှမ်းဟန့်လိုက်ရသည်။ အလကားနေရင်း ဇော့်ရဲ့သိက္ခာက ကျဦးမှာ။ အဲဒီလိုမျိုးတော့ နည်းနည်းလေးတောင် အဖြစ်မခံနိုင်ပေ။

"ဟဲ့ ... ကျော်ဇင်၊ နင် ဘာစကားပြောတာလဲ။ ရိုးရိုးသားသားတွေ့လို့ တွေ့တယ် ပြောတာနော်"

"ဟုတ်ပါတယ် မဇော်ရယ်။ ကျွန်တော် သိပါတယ်"

"အေး ... သိရင် ပြီးတာပဲ။ နင်လည်း လိုက်မပို့နဲ့တော့။ ငါဘာသာ သွားတော့မယ်။ သွားမယ်ဟေ့ ... သွားမယ်"

ဇော်က ကျော်ဇင့်ကို ထားခဲ့လိုက်ကာ ခပ်သုတ်သုတ်ထွက်လာခဲ့လိုက်သည်။ အမြတ်ကတ်စရာ။ ယောကျ်ားတွေများ နည်းနည်းလေး မေးမိတာနဲ့ လိုရာဆွဲတွေးချတ်တတ်တာချည်းပဲ။ အဲဒါမျိုးတွေဆို မေတ္တာကို မရှိဘူး။

❦ ❦ ❦





"ဒီတလောအတွင်း ငါ့သမီး ကံတွေအတော်နိမ့်နေပါလား"

"ဟုတ်တယ် ဆရာမကြီးရယ်။ ဒီတလော လုပ်ငန်းကိုင်ငန်းတွေ အဆင်ကိုမပြေဘူး။ စိမ်းကို ကယ်ပေးပါဦး"

စိမ်းကို စိတ်မချမ်းမသာဖြင့် ဆရာမကြီးကို အားကိုးအကြီး အကူအညီ တောင်းရသည်။ အခုတလောမှာ စိမ်းရဲ့လုပ်ငန်းတွေဟာ သိသိသာသာကို အဆင်မပြေ ဖြစ်လာတာဖြစ်၏။ အဲဒါကြောင့် အနှောင့်တွေကင်းအောင် စိမ်းတို့အားကိုးယုံကြည်ရတဲ့ ဆရာမကြီးရဲ့ အကူအညီကို လာယူရတာဖြစ်သည်။

"လုပ်ငန်းကိုင်ငန်း အဆင်မပြေဖြစ်တာက ဆရာမကြီးကူညီပေးလို့ ရပါတယ်။ ဒါကလည်း အနိုက်အတန့်သဘောမို့ပါ။ သမီး နောက်လကနေစပြီး အညွှဲတွေလွတ်ပြီ။ အရေးကြီးတာ တစ်ခုက ဒီလပိုင်းအတွင်းမှာ သမီးနာမည်ပျက် သိက္ခာကျကိန်း ဖြစ်မယ်လို့ မြင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



နာမည်ပျက်ကိန်း။ ဘုရားရေ ...။ စိမ်းက လန့်ဖျပ် ထိတ်လန့်စွာ ကိုယ့်ရင်ဘတ်ကို လက်ဖြင့်ဖိကာ ဆရာမကြီးကို ထပ်မေးရတော့သည်။

"ဆရာမကြီးရယ် ... ဒုက္ခပါပဲ။ အဲဒါ စိမ်း ဘယ်လိုလုပ်ရမလဲဟင်"

"ဗုဒ္ဓဟူးသားတစ်ယောက်ကို ဗုဒ္ဓဟူးနေ့ရဲ့ ဗုဒ္ဓဟူးနံထောင့်မှာ ဂုဏ်တော်ပုတီးကိုးပတ် စိပ်ခိုင်းရမယ်။ အရေးကြီးဆုံးက သမီးအတွက် ယတြာလုပ်ပေးရမယ့်သူဟာ အဝတ်အစားအစုတ်နဲ့ ဖြစ်ရမယ်နော်။ အညံ့ချေမှာဖြစ်လို့။ သူ ပုတီးစိပ်ပြီးတာနဲ့ သမီးက သူ့အဝတ်အစားတွေယူပြီး စွန့်ပေးလိုက်"

"ဟုတ်ကဲ့ပါ ဆရာမကြီး။ စိမ်း သေသေချာချာလုပ်ပါ့မယ်"

"အဲဒါလေး သေသေချာချာလုပ်လိုက် သမီး။ ဒါ အညံ့တွေအားလုံး ချေတဲ့သဘောပဲ။ အဲဒါပြီးမြောက်သွားတာနဲ့ သမီးကံကြမ္မာက အကောင်းဆုံး ဖြစ်သွားလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာမကြီး။ စိမ်းလည်း ဆရာမကြီး ရှိနေလို့ပေါ့။ နို့မို့ဆို ဘာမှ အဆင်ပြေမှာကို မဟုတ်ဘူး"

"ငါ့သမီးကို ကယ်ပေးရမှာပေါ့။ ငါ့သမီးလေး မေတ္တာရေးကံတွေ အထူးကောင်းနေတယ်။ ဒီအချိန်ကာလဟာ ပျိုရွယ်





သူတွေအတွက် စန်းပွင့်ချိန်ပဲ။ ဘယ်လိုလဲ ... အပျိုကြီးဇာတာ။ ဆရာမကြီး တွက်ကိန်းထဲမှာတော့ သမီးက အပျိုကြီးဇာတာ မပါဘူးနော်"

ဆရာမကြီးစကားကြောင့် စိမ်းက ဟက်ဟက်ပက်ပက် ပြုံးမိသွားသည်။ အဲဒီတစ်ခုကတော့ တကယ့်ချွင်းချက်ပဲဖြစ်သည်။

အပျိုကြီးဇာတာ မပါဘူး ဆိုပေမယ့်လည်း စိမ်းကတော့ ယောက်ျားတွေကို လုံးဝဥဿုံ စိတ်မဝင်စားလေတာကြောင့် စိမ်းက လုံးဝကို အိမ်ထောင်ရေးဆိုတာကြီးကို neglect လုပ်ထားတာဖြစ်၏။

"ကဲပါ ... လောလောဆယ် အရေးကြီးတာက ယတြာကိုသာ သေချာလုပ်လိုက်။ ဗုဒ္ဓဟူးသား ဖြစ်ရမယ်နော်"

ဆရာမကြီးကဗုဒ္ဓဟူးသားဆိုတာကြောင့် ရုတ်တရက်ခေါင်းထဲဝင်မလာသေးကာ စိမ်းရဲ့တပည့်မလေး လင်းလက်က လွယ်လွယ်ကူကူမို့ ဆရာမကြီးကို မေးလိုက်၏။

"ဆရာမကြီး စိမ်းရဲ့တပည့်မလေး လင်းလက်ကို ယတြာချေခိုင်းလို့ ရတယ်မှုလားဟင်။ သူက ဗုဒ္ဓဟူးသမီး"

"အဲ့ ... အဲဒါတွေကြောင့် သေချာမှာတာ။ ယတြာလုပ်ပေးမယ့်သူက အမျိုးသမီး မဖြစ်ရဘူး။ အမျိုးသားဖြစ်ရမယ်။ လွဲလို့မရဘူးနော်။ အရေးကြီးလို့။ အဲဒီဗုဒ္ဓဟူးသားကို



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစား အစုတ်နဲ့ ပုတီးစိပ်ခိုင်း၊ သူ ပုတီးစိပ်ပြီးပြီ ဆိုတာနဲ့ သမီးက သူစွန့်လိုက်တဲ့ အဝတ်အစားဟောင်းကို တစ်ခါတည်း ယူစွန့်လိုက်ပြီး အညှံ့တွေကျေပါစေဆိုပြီး လိုရာဆုတောင်းရမှာ"

စိမ်းက ယတြာကြောင့် နည်းနည်းတော့ စိတ်အိုက်သွားရသည်။ ဗုဒ္ဓဟူးသား။ စိမ်းရဲ့မိသားစု အမျိုးမိတ်ဆွေထဲမှာ ဗုဒ္ဓဟူးသားကို မျက်လုံးထဲ ပြေးမမြင်သေးပေ။ ဒါပေမဲ့လည်း အဲဒါက အရမ်းအရေးကြီးတဲ့ ယတြာမို့ မလုပ်လို့က မဖြစ်ပေ။

"ဟုတ်ကဲ့ ... စိတ်ချပါ ဆရာမကြီး။ စိမ်း သေသေချာချာ လုပ်ပါ့မယ်"

စိမ်းက ဆရာမကြီးကို ဉာဏ်ပူဇော်ခ ကန်တော့ပြီးနောက် ပြန်လာခဲ့တော့သည်။ စိမ်းက ဗုဒ္ဓဟူးနေ့မှာချေမယ့် ယတြာအတွက် ဗုဒ္ဓဟူးသားကို တော်တော်စဉ်းစားနေရသည်။ ကိုယ့်အတွက် ယတြာလုပ်ပေးမယ့်သူ ဆိုတော့ တွေ့ကရာကို ခေါ်အကူအညီတောင်းလို့ကလည်း မဖြစ်ပေ။ စိမ်းရဲ့အညံ့အနိုက်တွေကို ဖျောက်ဖျက်ပေးမယ့်သူဆိုတော့ ယတြာလုပ်ပေးမယ့်သူက သီလလေးတော့ ကောင်းဖို့လိုအပ်ပေသည်။ အဲဒီလိုလူမျိုးကို စိမ်း ဘယ်လိုမှ စဉ်းစားလို့ကို မရသေးချေ။

"ဟင်း ... ငါတော့ စိတ်ညစ်တာပဲ ချိုရယ်။ အဲဒီဗုဒ္ဓဟူးသား ဘယ်သွားရှာရမယ်မှန်းတောင် မသိတော့ပါဘူး"





စိမ်းက စိမ်းရဲ့စက္ကူထရီမလေး ချို့ခို တိုင်ပင်ကြည့်တော့ ချိုကလည်း ဝိုင်းတော့စဉ်းစားပေးရှာပါသည်။

"မမ ... ဟို ကိုလွင်မောင် ဆိုရင်ကော"

"အယ် ... မဖြစ်ပါဘူးဟယ်။ အဲဒီလူက နဂိုကတည်းက ခွာမရတာ။ ငါ အဲဒီအကူအညီသာ တောင်းလိုက်လို့ကတော့ ဆရာမကြီး ဟောတာထက်တောင် ပိုမှန်သွားဦးမယ်။ အပို့ကြီးဇာတာ မပါဘူး ဆိုတာလေ"

"ဟင်း ဟင်း ... ဟုတ်တယ်နော်။ အဲဒါဆို ဘယ်သူ့ကို အကူအညီတောင်းရပါ့မလဲ"

စိမ်းကလည်း နောက်သုံးရက်ဆို ရောက်လာတော့မယ့် ဗုဒ္ဓဟူးနေ့အတွက် ဗုဒ္ဓဟူးသားကို စဉ်းစားရတာ ဦးနှောက်တွေလည်း ခြောက်လှပြီဖြစ်သည်။ အဲဒီအချိန် ဖုန်းကလာတာမို့ စိမ်းက ဖုန်းကိုင်လိုက်၏။

"ဟယ်လို"

"စိမ်းရေ ... မမချစ်ပါ။ ပြောလို့ရမလား ညီမ။ အလုပ်များနေလား"

"ဪ ... ဟုတ် ... မမချစ်။ ရတယ် ... ပြောလို့ရတယ် မမ"

မမချစ်ဆီကဖုန်းမို့ စိမ်းက ပြောနေရင်းကမှ ခေါင်းထဲမှာ ဖျတ်ခနဲ အလင်းတန်းတစ်ခုက ဝင်လာလေသည်။ မမချစ်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့သား နာမည်က ရှေးဘုန်းကံ။ ဟိုတစ်ခါ ဘုရားမှာဆုံတော့ သူက ဗုဒ္ဓဟူးသားလို့ ပြောသွားတာပဲ။ စိမ်းက အဲဒီကောင်လေး ကို ပြေးမြင်မိသွားသည်။ သူ့ကို ဘယ်လိုအကူအညီ တောင်းရပါ မလဲ။ စိမ်းက မမချစ်နဲ့ စကားပြောရင်းက ခေါင်းထဲမှာတွေးမိ သွားသည်။

"မမ ဟိုတစ်ခါ ပြထားတဲ့ ဒီဇိုင်းလေးလေ။ မိုးစက်ဒီဇိုင်း လေး၊ မှတ်မိလား ညီမ"

"ဟုတ်ကဲ့ … မှတ်မိတယ် မမချစ်"

"အေး … အဲဒီ ကတ်တလောက်လေးလေ မမချစ်ကို တစ် ချက်ပြန်ပြပါဦး။ စိမ်းမှာ ရှိသေးလား"

"ရှိတယ် မမချစ်။ ရှိတယ် … စိမ်း ဘယ်လိုပို့ပေးရမလဲ"

"ရတယ် … စိမ်း။ အဲဒါဆို ညနေ မမ ရွှေရုပ်ကို စိမ်းဆီ လာယူခိုင်းလိုက်မယ်လေ"

"ဟုတ်ပြီ မမချစ်။ ရတယ်လေ"

"ဟုတ်ပြီ … ကျေးဇူးနော် စိမ်း။ See You"

စိမ်းက ဖုန်းပြောပြီးတဲ့ နောက်မှာတော့ စိတ်ကျေ နပ်မှုအပြည့် ရရှိသွားလေသည်။

"ချိုးရေ … မမ ဗုဒ္ဓဟူးသားကို တွေ့ပြီ။ သူ့ကို အကူအညီ တောင်းဖို့ပဲ လိုတော့တယ်"

"ဟုတ်လား မမ။ ဘယ်သူလဲဟင်"





"မမချစ်ရဲ့ သားလေ။ အဲဒီကောင်လေးဆို မမကို ယတြာ ချေပေးဖို့ အသင့်တော်ဆုံးပဲ။ သူ့ကို မ,သိတယ်။ ပြော ကြည့်ရမှာပဲ"

"ဟုတ်လား။ အဆင်ပြေပါစေ မမရယ်။ တချို့က အညံ့ ယတြာဆို ကိုယ့်ကိုညံ့သွား နိုက်သွားမှာစိုးလို့ဆိုပြီး မချေ ပေးချင်တာမျိုး ရှိတယ်"

"အေး … အဲဒါကြောင့် မမလည်း လူကိုမနည်းစဉ်းစား နေရတာ။ ဒီကောင်လေးကတော့ ကူညီပေးမယ် ထင်တာ ပါပဲ။ ညနေ သူ့ညီမလေးလာတော့ အစ်မ ပြောကြည့် လိုက်ဦးမယ်"

စိမ်းက စိမ်းရဲ့အကူအညီတောင်းမှုကို အဲဒီကောင် လေး လက်ခံပေးဖို့ကို မျှော်လင့်ရသည်။ ဒီကောင်လေးနဲ့ဆို အဆင်ပြေမယ်လို့ စိမ်း ထင်မိတာကြောင့် သူ ယတြာချေပေးဖို့ စိမ်း ပြောကြည့်ရမှာဖြစ်သည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



မြကာ မနက်ခင်းစောစော Gym ဆော့ပြီးနောက်မှာ lift ဖြင့် အိမ်ပေါ်ပြန်တက်လာခဲ့သည်။ မြ အခု အသစ်ပြောင်းနေတဲ့ ကွန်ဒိုက မြအတွက်တော့ အရမ်းပဲ အဆင်ပြေသည်။ Facilities ကောင်းမွန်လှစွာ အောက်ဆုံးထပ်မှာ Gymnasium ပါ ပါဝင်တာမို့ အရမ်းအဆင်ပြေလှပေ၏။ မြကာ ဒီတစ်ခါတော့ ပျော်ရွှင်စိတ်ချမ်းသာစွာ Gym ကစားပြီးနောက် အိမ်ရောက်လျှင် ရေမိုးချိုး ပြင်ဆင်ပြီးကာမှ ဘရိတ်ဖတ်စ် စားလေသည်။ မြတို့က သားအမိနှစ်ယောက်တည်း နေကြတာမို့ မြရဲ့ကိစ္စအဝဝကို မမေ ကသဲ လုပ်ပေးရတာဖြစ်သည်။ မြကတော့ တစ်နေ့ တစ်နေ့ Training ပေးရ၊ ဖက်ရှင်ရှိုးတွေရဲ့ organizer လုပ်ရနဲ့ အားတယ် ကို မရှိချေ။ အခုလည်း မြကာ မမေ အဆင်သင့် ပြင်ပေးထား တဲ့ ဘရိတ်ဖတ်စ်ဝိုင်းမှာ ဝင်ထိုင်လိုက်လျှင် မမေက မုန့်လာချ ပေးရင်းက ...

"ကဲ ... သမီး ... ဒီနေ့တော့ ညည်း ညနေ စောစောအိမ် ပြန်ခဲ့ဦးနော်။ အမေနဲ့ဘုရားအတူတက်ရအောင်။ ဒီနေ့





Schedule မှာ ငါကြည့်တာတော့ ညည်း သိပ်အလုပ်မများ ပါဘူး"

"ဟုတ်ကဲ့ ... မမေ။ လေးနာရီခွဲလောက် အရောက်ပြန် လာခဲ့မယ်လေ"

မြကာ ကော်ဖီငှဲ့ကာ သောက်ပြီးမှ မမေက မြ ပန်းကန်ထဲသို့ ထမင်းကြော် ထည့်ပေးလေသည်။ မြကာ ဗိုက် ဆာဆာနဲ့ အားပါးတရစားမယ်အလုပ်မှာ ပန်းကန်ထဲက ပဲပြုတ် နဲ့ရောကြော်ထားတဲ့ ထမင်းကြော်ကြောင့် မြကာ မျက်နှာကိုရှုံ့မဲ့ ပစ်လိုက်ကာ ...

"အာ ... မမေရယ်။ လုပ်ပြီ။ ထမင်းကြော်ကို ပဲပြုတ် တွေနဲ့။ သမီးမှ ပဲပြုတ်မကြိုက်တာ"

"ဩော် ... အေး ... ဟုတ်သားပဲ။ ဖယ်စားလိုက်အေ။ ဒီမနက်စာက ပေါက်ပေါက် ထမင်းကြော်တာ။ သူ့ပဲပြုတ် တွေ ထည့်လိုက်တာ"

မြကာ စိတ်ပျက်စွာဖြင့် အားပါးတရစားတော့မယ့် စိတ်ကို လျှော့၍ ကိုင်ထားတဲ့ ဇွန်းခက်ရင်းကိုချကာ ပေါက်ပေါက် ကို အော်ခေါ်ရတော့သည်။

"ဟဲ့ ... ပေါက်ပေါက်၊ လာဦး ဒီကို"

"ရှင် ... လာပြီ မမလေး"

"နင် ထမင်းကို ဘယ်လိုကြော်ထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာဖြစ်လို့လဲ။ မမလေးအကြိုက် မားသားချိုက်စ် လေးတောင် ထည့်ပြီးကြော်ထားတာလေ"

"ငါ ပဲပြုတ်စားတာ နင် မြင်ဖူးလို့ ထည့်ထာလား ... ဟုတ်လား"

မြက စိတ်တိုလာတာကြောင့် ဗိုလ်ဆာတာပါရော နေသော စိတ်တိုမှုကြောင့် ပေါက်ပေါက်ကို အော်လိုက်လျှင် ပေါက်ပေါက်က မျက်နှာငယ်လေးဖြင့် ပြန်ဖြေရှင်းချက်ပေး၏။

"ဟို ... ဟို ... ပဲပြုတ်လေးထည့်တော့ ဆိမ့်ပြီးပိုစားကောင်းအောင်လို့ပါ"

"တောက် ... နင်ဟာလေ။ အရမ်းရှုည်တယ်။ ပဲပြုတ်ကို ငါ လုံးဝမကြိုက်ဘူး၊ အခု ငါ့မှာ စားရခက်ပြီ"

"ကဲ ... ပဲပြုတ်ထည့်လည်း ဘာဖြစ်လဲ မြရဲ့ရယ်။ ညည်းဟာလေ အဲဒါကြောင့် လင်မရတာ။ ဒီလောက်ဇီဇာကြောင်တာ"

မေမေက မဆိုင်တာတွေပါ ဝင်ပြောတာကြောင့် မြက လင်မရတာ ဆိုတာကို မခံနိုင်စွာ မေမေ့ကို ပြန်ပြောရသည်။

"ဘာဆိုင်လို့လဲ မေမေကလည်း။ တစ်ဆိတ်ရှိ ဒီလင်မရတာပဲ ပြောနေတယ်။ အခုယူ အခုရတယ်။ မလိုချင်လို့ မလိုအပ်လို့ မယူတာ"





"အမယ်လေး ... ပြောလိုက်ရင် ဒီအတိုင်းပဲ။ ဆတ်ဆတ်ထိမခံ ပြန်ပြော။ ဒီထမင်းကြော်ထဲ ပဲပြုတ်ထည့်တာလည်း မကြိုက်။ ဟိုဟာလည်း မကြိုက်။ ဒီဟာလည်း မကြိုက်နဲ့ ငါလည်း ဒီလောက် ဇီဇာကြောင်တဲ့ သမီးမျိုးကို ဘယ်လို များ မွေးထားမိလဲ မသိပါဘူး"

မြက ဖွင့်နေကြ ခေတ်ပြားဟောင်းကြီးကို မရိုးနိုင် ... ခံစားရရင်း ကော်ဖီပဲ ထိုင်သောက်နေရသည်။

"သမီး ... အမေ အကောင်းပြောနေတာ။ ညည်း အသက်လည်း မနည်းတော့ဘူး။ တဖြည်းဖြည်းနဲ့ အပျိုဟိုင်းကြီးဘဝကို ရောက်တော့မယ်။ မဟိုင်းခင် အမြန်ယူတော့။ အဲဒါဆို ညည်း ဇီဇာမကြောင်နိုင်တော့ဘဲ ဘဝကို နေတတ်သွားလိမ့်မယ်"

"ဟင်း ... မေမေရယ်။ ခေတ်ပြားဟောင်းက ဖွင့်ပဲဖွင့်နိုင်လွန်းတယ်။ ဇီဇာကြောင်တာက အောရီဂျင်နယ်ဗီဇ။ ယောကျ်ားယူလို့လည်း မပျောက်ဘူး။ ယောကျ်ားတွေများတော့ တွေ့တာနဲ့ရောမယ် ဖော်မယ် ဆိုတာချည်းပဲ"

မြက ပြောနေရင်းကမှ ဟိုနေ့က မြကို free ဝင် ...ကြောင်ကာ လာရောသွားသော ရွှေရုပ်အစ်ကို့ကို ပြေးမြင်မိသွား ...သည်။ ယောကျ်ားတွေများတော့ ဘယ်လိုမှ အထင်ကြီးဖို့ မကောင်း ...အောင် ကြောင်ချင်ရောချင်နေတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ညည်းပါးစပ်လေးကိုပိတ်ပြီး တိတ်တိ
ဆိတ်ဆိတ် ဘရိတ်ဖတ်စ်စား။ အင်မတန် စီဇာကြောင်
မိန်းမကို ဒီအချိန်ရောက်မှတော့လည်း ယူမယ့်ယောက်
က ရှိတော့မှာလည်း မဟုတ်ပါဘူး"

မြကဘာမှဆက်မပြောတော့ဘဲ ပါးစပ်ပိတ်
ကော်ဖီဆက်သောက်နေလိုက်တော့သည်။ အဲဒီ မမေတစ်ယော
ဟာ ကိုယ့်သမီးလေးကိုဆို ပြောလိုက်ရင် တဆုံးချည်းပဲ။ မြ
တော့ ကိုယ့်မှာ ကိုယ်ပိုင်အရည်အချင်းတွေ ပြည့်လို့နေတာ
အိမ်ထောင်ရေးဆိုတာဟာ အားကိုးမရှိတဲ့ မိန်းမတွေအတွ
အားကိုးရာလို့ပဲ မြင်လေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဗျူဟာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"





## ( ၄ )

"ကျေးဇူးအများကြီး တင်ပါတယ်၊ တို့ကို အခုလိုကူညီ
ပေးတာ"

"ပြဿနာမရှိပါဘူး မမရဲ့။ ကျွန်တော်က အခုလို ကူညီခွင့်
ရတာကိုပဲ ဝမ်းသာလှပြီ။ မမ ကျွန်တော် ဝတ်ထားတာ
အဆင်ပြေပါတယ်နော်"

စိမ်းက အဲဒီတော့မှ ကောင်လေးရဲ့အဝတ်အစားကို
သတိထား ကြည့်လိုက်မိသည်။ ခပ်နွမ်းနွမ်း ရှပ်အင်္ကျီအဖြူလေး
ကို နွမ်းဖတ်ဖတ် ကချင်ပုဆိုးလေးဖြင့် တွဲဖက်ဝင်ဆင်ထားသည်။
သူနဲ့ ဘာမှမဆိုင်ဘဲနှင့် စိမ်းရဲ့ယတြာအတွက် အဝတ်အစားတွေ
ဆေးရမှာကို စိမ်းက အားနာသလိုတောင် ရှိသွားရသည်။

"အဆင်ပြေပါတယ်။ တို့အတွက် အခုလို ကူညီပေးတာကို
ကျေးဇူးအများကြီး တင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မမရယ်။ ကိစ္စမရှိပါဘူး။ ကဲ ... ကျွန်တော် ပုတီးစိပ်လိုက်ဦးမယ် မမ။ ဂုဏ်တော်ကိုးပတ် စိပ်ရမှာ နော် မမ"

"ဟုတ်တယ် ... ဟုတ်တယ်။ တို့ ဒီမှာပဲ စောင့်ပေးမယ်"

"ရပါတယ် မမရဲ့။ ဒီမှာက နည်းနည်းနေရှိန်တယ်။ ဟိုကစောင်းတန်းမှာ စောင့်နေလိုက်လေ"

"ဟုတ်တယ် မမ။ ချို့တို့ ဟိုမှာ စောင့်နေလိုက်မယ်လေ"

ချိုကပါ ဝင်ပြောတာကြောင့် စိမ်းက ခေါင်းညိတ်လက်ခံကာ စောင်းတန်းမှာ ချိုနဲ့အတူတူ ထိုင်စောင့်ဖြစ်သည်။

"ကောင်လေးက စိတ်ပါလက်ပါနဲ့ ကူညီပေးရှာပါတယ် မမရယ်။ အဆင်ပြေသွားတာပဲ တော်သေးတာပေါ့။ သူ ကံညံ့သွားမလား ဘာမလား ဆိုပြီး အတွေးမခေါင်တဲ့ လူမျိုးမို့"

"အေး ... ဟုတ်တယ်နော်။ ဟဲ့ ... အဲဒီလို ကံညံ့တယ် ဆိုတာ ဟုတ်ပါ့မလား ချိုရယ်"

"ချိုတော့ မပြောတတ်ဘူး။ ဒီလိုပဲ တချို့က အတွေးခေါင်ကြတာလေ။ စိတ်ထဲမထားပါနဲ့ မမရယ်။ ဪ ... ဒါနဲ့လေ။ အဲဒီကောင်လေးက မမချစ်ရဲ့သား ဟုတ်လား။ အရမ်း ဆင်တာပဲ"





ချို့စကား အဆန်းကြောင့် စိမ်းက နားမရှင်းဖြစ်သွားတာကြောင့် ချို့ကို မေးခွန်းထုတ်ရသည်။

"ဟဲ့ ... ဘယ်သူနဲ့ ဆင်လို့လဲ"

"အို ... မမကလည်း အဲဒီလို ရုပ်ချင်းဆင်တာကို ပြောတာ မဟုတ်ဘူး။ အဆင်လေး ဖြစ်တာကိုပြောတာ။ ချောတယ်။ မိုက်တယ်။ သစ်တယ် အဲဒါကို ပြောတာပါ။ ဟီး ဟီး။ တို့ အပျိုကြီးမမကတော့ ဆရာမကြီး ဟောချက်တွေနဲ့ ကွက်တိဖြစ်နေပြီနဲ့ တူပါတယ်"

"ဟဲ့ ... တော်စမ်း။ ဘာတွေ လျှောက်ပြောနေတာလဲ"

စိမ်းက ဟန့်လိုက်မှဘဲ ချိုတစ်ယောက်ဟာ လျှာလေးတစ်လစ်ဖြင့် ပါးစပ်ပိတ်တော့သည်။ ဒါတောင်မှ မျက်နှာပိုးက မသေဘဲ ပြောင်ချော်ချော် လုပ်နေလို့ စိမ်းက မျက်စောင်းတစ်ချက် ထိုးလိုက်ရသည်။ စိမ်းက ကိုယ့်အတွက် စေတနာသန့်သန့်ဖြင့် ယတြာချေပေးနေသော ရှေးဘုန်းကံဆိုသည့် ချာတိတ်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ သေသေချာချာ စိတ်နှစ်၍ စိမ်းအတွက် ပုတီးစိပ်ပေးနေတာ အရမ်းကိုပဲ ကျေးဇူးတင်စရာကောင်းလှသည်။

စိမ်းက ပုတီးစိပ်လို့ ပြီးသွားသော သူ့အနားကို အမြန်သွားလိုက်လျှင် ကောင်လေးက စိမ်းကို ကြည်ကြည်လင်လင် ပြန်ပြုံးပြ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သေသေချာချာ အာရုံပြုပြီး ကိုးပတ်တိတိ စိပ်ပြီးသွားပါပြီ မ"

"ကျေးဇူးအများကြီး တင်ပါတယ်ကွယ်။ ဪ ... ဒါနဲ့ ရှေးဘုန်းကံ အဝတ်အစား အပိုတွေကော"

"ခင်ဗျာ ... ဘာလဲ မမ"

စိမ်းပြောတာကို နားမလည်ဟန်ဖြင့် ပြန်မေးတာကြောင့် စိမ်းက ပြန်ရှင်းပြရလေသည်။

"ဟို ... ရှေးဘုန်းကံ အစုဝတ်ထားတဲ့ အဝတ်အစားတွေကို တို့ကို ပေးရမှာလေ။ လဲဖို့ အဝတ်အစားအပိုကောလို့ မေးတာ"

"အဟင်း ... မမ။ ကျွန်တော့် ... ကျွန်တော့်မှာက မပါဘူးဗျ။ ရွှေရုပ်ကပြောတော့ ကျွန်တော် အဝတ်အစား အဟောင်းဝတ်ပြီး မမအတွက် ပုတီးစိပ် ယတြာချေပေးရုံပဲတဲ့။ ဒါပေမဲ့လည်း ပြဿနာမရှိပါဘူး။ ရတယ် မမ။ ကျွန်တော် ဒီအဝတ်အစားတွေ ပြန်လာပို့ပေးလိုက်မယ်"

ဟင်း ... ဒုက္ခပါပဲ။ စိမ်းက လဲ့ပြီဖြစ်တာကြောင့် စိတ်တော့ ကသိကအောက် ဖြစ်ရလေသည်။ ရွှေရုပ်ကို စိမ်း သေသေချာချာ ပြောလိုက်ပါရက်နဲ့ လဲ့ဖြစ်အောင်လဲ့တယ်။ ကောင်လေးက အဆင်ပြေအောင အဝတ်အစားတွေ ပြန်လာပို့ပေးမယ်လို့ ပြောပေမယ့်လည်း စိမ်းအတွက်က ယတြာလဲ့သွားပြီမို့





အဆင်မပြေချေ။ ဒါပေမဲ့ သူကလည်း အဝတ်အစား အပိုမပါဘူးဆိုတော့ ခွကျပြီဖြစ်၏။

"အဲဒီလိုဆို ယတြာလွဲသွားလိမ့်မယ် မောင်လေးရဲ့။ ဪ ဒီလိုလုပ်ပါလား။ မစိမ်းလည်း အဆင်ပြေသွားအောင်လို့လေ အစ်မက ကြားထဲက ပြောပေးရတာပါ။ ဟို မောင်လေး အတွင်းအင်္ကျီ ပါတယ်မှလား"

"ဟဲ့ ... ချို ..."

ချို မေးလိုက်တဲ့စကားကြီးကြောင့် စိမ်းက ဟဲ့ဆိုပြီး လှမ်းဟန့်ပေမယ့် ရှေးဘုန်းကံကတော့ မအီမလည်မျက်နှာထားဖြင့် ခေါင်းညိတ်ပြကာ ...

"ဟုတ် ... ဟုတ်ကဲ့ ပါပါတယ်"

"အဲဒါဆိုရင်တော့ မောင်လေး အဆင်ပြေမယ်ဆိုရင်လေ တစ်ခါတည်းပဲ အဝတ်အစားလေးတွေ စွန့်လိုက်ချင်တယ်။ ဖြစ်နိုင်မယ် ဆိုရင်တော့ ကူညီပါလား မောင်လေးရယ် နော်။ မမစိမ်း အတွက်ကလည်းလေ တကယ့်ကို အရေးကြီးတဲ့ယတြာ ဖြစ်နေလို့ပါ။ ကူညီပါနော်"

"ဟုတ် ... ဟုတ်ကဲ့ပါဗျ။ ဟိုဟာ အင်္ကျီပဲမှလား မမ"

စိမ်းရဲ့စက္ကူထရီကောင်း ဗီသစ္စာသော ချိုက စိမ်းအာမှတောင် ပြောစရာမလိုချေ။ အလိုက်တသိပင် ဝင်ပြောသွားလေသည်။

www.burmeseclassic.com



"အပေါ်အကျီ မဟုတ်ဘူးလေ။ အပေါ်အောက်။ ဖြစ် ... ဖြစ်တယ်မှလား။ ကူညီပေးပါ မောင်လေးရယ် ... နော်"

"ဟုတ်ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင်တော့ တို့ကို ကူညီပေးစေချင်ပါတယ်။ ပုတီးတောင် စိပ်ပြီးသွားပြီဆိုတော့လေ။ ယတြာလေးကို အထမြောက်သွားစေချင်တာပေါ့နော်"

စိမ်းကပါ တစ်ခါထပ်၍ request လုပ်လိုက်လျှင် ရှေးဘုန်းကံက ချီတုံချတုံ ဖြစ်နေကာ စဉ်းစားပြီးသွားမှ ခေါင်းတစ်ချက်ညိတ်ပြရင်း ...

"ဟုတ်ကဲ့ပါ မမရယ်။ မမ အဆင်ပြေဖို့ပဲဟာ ကျွန်တော် လုပ်ပေးရမှာ၊ ဟို ... ဒါပေမဲ့လေ ဘုရားပေါ်ကြီးမှာကျ တော့ သိပ်အဆင်မပြေဘူးလေ။ ကားနားမှာဆို မမအဆင် ပြေတယ် မှလားဟင်"

"ရတယ် ... ရတယ်။ အဲဒါဆိုလည်း သွားကြမယ်လေ။ လာ ... မမ"

ချိုက သွက်သွက်လက်လက်ပင် စိမ်းတို့ကို ဦးဆောင်သွားတာမို့ စိမ်းက ချို့ကို တကယ်ပဲ ကျေးဇူးတင်ရလေသည်။ မဟာဝိဇယဘုရားမှာမို့ နည်းနည်း လူရှင်းတာကြောင့် ယတြာချေရတာ အဆင်ပြေတာဖြစ်သည်။ စိမ်းက ကားရပ်ထားသောနေရာအထိ လိုက်လာရကာ ကားနားရောက်လျှင် ...





"ဟို ... ခဏ ... ခဏနော်။ ကျွန်တော် ကားထဲမှာ ချွတ်လိုက်ပါ့မယ်"

"အို ... အေး ... အေး ... အဲဒါ ပြောနေရလား"

"မဟုတ်ဘူးလေ မမရဲ့"

"ရတယ် ... ရတယ် ... မောင်လေး။ အစ်မ နားလည်တယ်။ လုပ်လုပ် ... မြန်မြန်လေးသာ"

ကောင်လေးက ကားထဲဝင်ထိုင်လိုက်ကာ စိမ်းနဲ့ချိုက အပြင်မှာ စောင့်နေရ၏။ ဆင်ပြောင်ကြီး အမြီးမှတစ်ဆိုသလိုဒီအဝတ်အစား စွန့်တော့မယ့်အချိန်မှ ပြဿနာက ရှိနေတာ ဖြစ်၏။ စိမ်းမှာ ရှက်ကိုးရှက်ကန်းတွေဖြစ်၍ တကယ့်ကိုပဲ အနေရအထိုင်ရက ခက်စေပါသည်။

"မမ ... ရော့ ... ရော့"

ကားတံခါးဖွင့်၍ လက်တစ်ဖက်က ထွက်လာကာ အကျီကိုအရင်လှမ်းပေးတာကြောင့် စိမ်းက ပိုပြီးစိတ်ပင်ပန်းရသည်။

"မမ ... ယူလိုက်လေ"

ချိုက သတိပေးနေပေမယ့် စိမ်းအတွက်က အဲဒါပြဿနာပင်ဖြစ်၏။ သူများအကျီဖြစ်တဲ့အပြင် လောလောဆယ်ဝတ်ထားရာမှ ချွတ်ပြီးပေးတာဆိုတော့။ စိမ်းမှာက ဆိုက်ကိုလို့ပဲ ပြောရမလား။ အရမ်းကို အသန့်အပြန့်ကြိုက်တာ ဖြစ်သည်။ စိမ်းတင်မက စိမ်းရဲ့ပတ်ဝန်းကျင်ကပါ သန့်ရှင်းတော့ပြောင်



www.burmeseclassic.com

www.burmeseclassic.com



နေမှ သဘောကျတာဖြစ်၏။ အခုတော့ အရမ်းကို သန့်တာကြိုက်လှသည့် စိမ်းဟာ သူများဝတ်ထားတဲ့အကျီကိုကိုင်ကာ သင့်ရာနေရာသို့ စွန့်ရမှာဖြစ်သည်။ ရှေးဘုန်းကံဟာ လူရည်သန့် တစ်ယောက်ဖြစ်ပေမယ့် အခုမှ နေပူထဲကလာတဲ့လူ မှလား။ ချွေးထွက်တာ ဘာညာတော့ ရှိမှာပေါ့။ စိမ်းက စဉ်းစားရင်းဖြင့် ယူရမှာ ဝန်လေးလာ၏။

"မမ ... ဘာလုပ်နေတာလဲ။ ရော့လေ ..."

ပြောရင်းက ရှေးဘုန်းကံဟာ ကားတံခါးဖွင့်ဆင်းလာလျှင် အဲဒီတော့မှ ပိုဆိုးကုန်တာဖြစ်သည်။ စိမ်းက သူ့ပုံစံကို မြင်ရလျှင် ချက်ချင်းမျက်လုံးကို လွှဲပစ်လိုက်သည်။ ဟင်း ... ဒုက္ခပါပဲ။ သူက မြင်းခေါင်းစွပ်ကျယ်လို စွပ်ကျယ်အဖြူနှင့် အောက်က JJ ဘောင်းဘီတိုနဲ့မို့ မြင်ရတာဟာ စိမ်းအတွက်တော့ ကိုးရိုးကားရားတွေ ဖြစ်နေ၏။

"မမ ... ရော့လေ မမရဲ့။ အကျီနဲ့ပုဆိုး"

ယတြာချေရမှာလည်း ဖြစ်နေတာကြောင့် စိမ်းကိုယ်တိုင်ယူမှ ရမှာဖြစ်တဲ့အတွက် စိမ်းက စိတ်ကို လုံးဝလျှော့ချလိုက်ကာ သူ့ဆီက အကျီနဲ့ပုဆိုးကို ဆတ်ခနဲ ဆွဲယူကာ အိတ်ထဲ မြန်မြန်ထည့်လိုက်သည်။ ရှေးဘုန်းကံမှာလည်း စိမ်းတို့ရှေ့မှာ ရှက်ကိုးရှက်ကန်းဖြစ်၍ ကားနားက လုံးဝမခွာဘဲ ကပ်ရပ်အနေအထားဖြင့်သာ စကားပြော၏။





"ကျွန်တော် ဘာဆက်လုပ်ပေးရဦးမလဲဟင် မမ"

"သြော် ... ရပါပြီ ... ရပါပြီ။ မင်းလည်း ပြန်ချင်ပြန်လို့ရပြီလေ။ တို့က မင်းအဝတ်အစားတွေကို စွန့်ရဦးမှာ"

"သြော် ... ဟုတ် ... ဟုတ် ... အဲဒါဆို ကျွန်တော်ပြန်လိုက်မယ်လေ မမ။ မမ လိုအပ်တယ်ဆို ကျွန်တော့်ဆီ ဖုန်းဆက်လိုက်လေ။ ဒါ ကျွန်တော့် ဖုန်းနံပါတ်ပါ"

သူက ကတ်ထုတ်ပေးလျှင် စိမ်းက လက်ခံယူလိုက်ပြီးနောက် သူ့ကို ခေါင်းတစ်ချက်ဆတ်ပြကာ ကျေးဇူးတင်စကားဆိုလိုက်သည်။

"ကျေးဇူးတင်ပါတယ် ရှေးဘုန်းကံ။ ဟို နောက်ပြီး မင်းရဲ့ အဝတ်အစားတွေအတွက် တို့ အစား အလျော်ပြန်ပေးပါ့မယ်"

အာ ... နေပါစေ မမရယ်။ မလိုပါဘူး။ မဟုတ်တာ ... ကျွန်တော်က မမရဲ့အလုပ်ကိစ္စတွေ အဆင်ပြေပါစေတော့ဆိုတာကိုပဲ မျှော်လင့်တာပါ။ ကျွန်တော့်ကို ကျေးဇူးတင်ဖို့ ကျေးဇူးဆပ်ဖို့ ဘာမှမလိုပါဘူး မမရယ်"

စိမ်းက အဲဒီစိတ်သဘောထားလေးကိုတော့ သဘောကျမိသွားလေသည်။ စိမ်းကို တကယ်စိတ်လိုလက်ရ ကူညီပေးတာလေးကိုလည်း စိမ်းက တကယ်ကျေးဇူးတင်မိတာ ဖြစ်သည်။ ကောင်လေးက စိမ်းတို့ကို နှုတ်ဆက်ပြီး ထွက်သွားလေလျှင် ချိုက ချီးမွမ်းခန်း ထပ်ဖွင့်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ကောင်လေးက တော်တော်လေးကို ကူညီတတ်တာပဲနော်။ သနားပါတယ်။ ပြန်သွားတာ အင်္ကျီနဲ့ပုဆိုးလေးတောင် ပါမသွားရှာဘူး"

"ဟဲ့ ... နင့်ဟာက ဘာစကားတုံး"

"အဲ ... ဟုတ်သားပဲ။ ချို့က ရိုးရိုးပြောတာပါ"

"ကဲပါ ... လာ ... လာ ... အင်္ကျီသွားစွန့်ရဦးမယ်"

စိမ်းက သန့်သန့်ပြန့်ပြန့်ရှိတဲ့ ထောင့်တစ်နေရာမှာ စွန့်ခဲ့ကာ ကိုယ့်အညှိတွေ ပြေပျောက်ဖို့ အသေအချာလေး ဆုတောင်းခဲ့ကာ ယကြာကိစ္စအားလုံး အဆင်ပြေပြေ ပြီးမြောက်သွားလျှင် စိမ်းက ကိုယ့်ကို အဆင်ပြေဖို့ ထောက်ပံ့ကူညီပေးခဲ့သည့် ရှေးဘုန်းကံကို ကျေးဇူးတင်မိလေသည်။

❦ ❦ ❦





အခုတလောမှာ မိုးလေးကလည်း ခပ်ဖွဲဖွဲကျစပြုနေပြီမို့ ဇော်က ခေါက်ထီးတစ်လက် ချိုင်းကြားညှပ်ကာ အကြွေးလိုက်ကောက်ရတာဖြစ်သည်။ ဇော်တို့နေတဲ့ရပ်ကွက်က ငွေကြေးအဆင်ပြေတဲ့သူတွေက များတာမို့ ကိုယ့်ရပ်ကွက်မှာ အလုပ်လုပ်နေရင် သိပ်တွက်ခြေမကိုက်တာကြောင့် ဇော်က စီးပွားရေးဈေးကွက် ချဲ့ထွင်ရကာ ဘေးရပ်ကွက်တွေက မရှိမရှားလေးတွေရှိတာကြောင့် ဒီဘက်ရပ်ကွက်မှာ ငွေတိုးချေးတဲ့ အလုပ်ကိုလုပ်နေရတာဖြစ်သည်။ အိမ်က ကောင်မလေးကို လွှတ်ပြန်ရင်လည်း မရမှာ သိနေတာကြောင့် ဇော့်ကိုမှ ကြောက်ကြတဲ့အတွက် ဇော်က နေပူပူ မိုးရွာရွာ အကြွေးလိုက်သိမ်း၊ ပြန်ချေး၊ နေ့ပြန်တိုးပေးစသဖြင့် လုပ်နေရတာဖြစ်သည်။

ဇော်က မအေးရီအိမ် နေ့ပြန်တိုး အရင်သွားယူပြီးမှ ကိုတိုးကြီးလက်ဖက်ရည်ဆိုင်မှာ အတိုးယူဖို့ လာခဲ့လိုက်သည်။

"ဟား ဟား ... မင်း စဉ်းစားကြည့်လေကွာ။ အဖိုးကြီးဆိုကတည်းက Expire နီးနေပြီလို့ အချက်ပေးထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရောင်းကုန်တစ်ခုလိုပဲကွ။ မိန်းမတွေဟာ ၃၅ ကျော်လို့မှ ယောကျ်ားမရသေးဘူးဆို အဲဒီလို အပျိုကြီးတွေကို အ–ပျို–ကြီး definition နဲ့ညီလို့ ယောကျ်ားမရတာလို့ သတ်မှတ်လို့ရတယ်ကွ"

"ဟ ... တယ်ဆိုတဲ့ စာပါလား။ ဘာလဲကွ။ အ–ပျို–ကြီး definition"

"ရှင်းမယ်လေကွာ။ အ–ဆိုတာ အကြင်နာတရားကင်းမဲ့ခြင်း၊ ပျို–ဆိုတာတော့ ပျိုပျိုမေများကဲ့သို့ ဆွဲဆောင်မှုမရှိခြင်း၊ အဲ ... ပြီးတော့ ကြီး–သူကတော့ သေးသေးလေးတွေကို အကြီးကြီးချဲ့ပြီး ရစ်တတ်ခြင်း။ အဲဒီလို အ–ပျို–ကြီး definition နဲ့ ကွက်တိဖြစ်နေလို့ အပျိုလေး အရွယ်လွန်ပြီး အပျိုကြီးဖြစ် ဟော ... နောက်ဆုံးကျတော့ Expire လည်းကုန် ရောင်းလည်းမကုန်တော့ အပျိုကြီးကနေ အပိုကြီးဘဝကို ရောက်သွားလေရောပေါ့ကွာ။ ဟား ... ဟား"

နားထဲကို တစ်လုံးချင်း ဝင်ရောက်လာသော လှောင်ပြောင်သရော်နေသော စကားတို့ကြောင့် ဇော်က ဘယ်လိုမှ သည်းမခံနိုင်တော့စွာ အဲဒီလက်ဖက်ရည်ဆိုင်ဝိုင်းထဲမှာ အာပေါင်အာရင်းသန်သန် ပြောနေသော အဲဒီအကောင်ကိုရှင်းဖို့ ဆိုင်ထဲဝင်ကာ သူ့ပခုံးကို ခေါက်ထီးဖြင့် ပုတ်လိုက်ရင်း ...

"ဒီမှာ ... နင် ဘာစကား ပြောတာလဲ။ ပြန်ပြောလိုက်စမ်း"





ဇော်က ဒေါသတကြီး အမေးပြု၍ အဲဒီပြောတဲ့သူကို ကြည့်လိုက်လျှင် ထင်မှတ်မထားစွာပင် ဟိုကောင်လေးဖြစ်လို့နေလေ၏။

"ဟာ ... မ ... မမ"

ဇော်က ရုပ်ကလေးနဲ့မှမလိုက် အပျိုကြီးမကောင်းကြောင်းကိုများ ပက်ပက်စက်စက်ကို ပြောထွက်လေသော အဲဒီကောင်ကို ဒေါသတကြီးဖြင့် ကောလိုက်တော့သည်။

"မင်းကိုလည်း ဒီလောက်အထိ ပြောတတ်လိမ့်မယ်လို့တောင် ငါမထင်ထားဘူး။ နင့်မှာ အမေတွေ အစ်မတွေ မရှိကြဘူးလား။ ဟမ် ... ဘယ့်နှယ်ဟယ် အပျိုကြီးမကောင်းဘူး အပျိုကြီးမကောင်းဘူး အပိုကြီးဘဝကိုရောက်သွားတယ် ပြောရအောင် အဲဒီဟာတွေက နင့်ကို ဘာလုပ်နေလို့လဲ။ နင်တို့ ငါလာမယ်ဆိုတာ သိလို့ တမင်ပြောတာ မှုလား"

"ဟား ... ဘုရားပေးပေး ကျမ်းပေးပေးပါ မမရယ်။ ကျွန်တော် မမကိုရည်ရွယ်ပြောတာ မဟုတ်ရပါဘူး။ ဒီ... ဒီမှာလေ ဒီကောင် သူနဲ့ စကားရည်လုပြောနေတာပါ"

"တိတ်စမ်း ... ဟဲ့ ... ဒီမှာ ခခဇော်တဲ့။ တစ်ဇော်တည်း ရှိတယ်။ နင်က ဒီရပ်ကွက်ထဲလာပြီး ငါ့ကို စောင်းသလား မြောင်းသလားနဲ့။ ဒီမှာ ခခဇော်အကြောင်းကို မေးကြည့်လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဇော်က ပြောလေ ပိုဒေါသထွက်လေ ဖြစ်ရကာ သူ့ကို နင်းကန်ဖိကောနေတာကြောင့် လက်ဖက်ရည်ဆိုင်မှာထိုင်နေတဲ့ လူတချို့က ကွက်ကြည့် ကွက်ကြည့် ကြည့်နေကြတာဖြစ်၏။ ဇော်က ကိုယ့်ကိုများ အပိုကြီးလေး ဘာလေး ပြောထားတာမို့ အဲဒီကောင်လေးကို တော်တော်လေးကို ဒေါကန်သွားတာဖြစ်သည်။

"ဟုတ်ပါတယ် အစ်မရာ။ ဒီကောင်က အစ်မကိုပြောတာ မဟုတ်ပါဘူး။ အဲဒါတော့ ကျွန်တော် ရဲရဲကြီးအာမခံပါတယ် မဇော်ရယ်"

"ဟား ဟား ... ဘာဖြစ်ကြတာလဲ"

ကိုတိုးကြီးက အခုမှ ဆိုင်ထဲက ထွက်လာကာ အသည်းအသန် ဝင်မေးရင်း ဇော့်ကို ပြော၏။

"မဇော်ရယ် ... ဒီအထိ တကူးတက လိုက်လာနေသေးတယ်။ ငါ လာပေးမှာပေါ့"

"အမယ်လေး ... လူကိုယ်တိုင် ဒီလောက်လာတာတောင် နေ့ရွှေ့ ညရွှေ့နဲ့။ ကဲ ... ကဲ ... ပေး၊ ဘယ်မှာလဲ အတိုး"

ဇော်က ဒေါသအရှိန် ကိုတိုးကြီးဘက် ပုံကျသွားကာ ဖိဟောက်လိုက်မှ ကိုတိုးကြီးက ပိုက်ဆံထုတ်ပေးလေ၏။ ပိုက်ဆံစစ်ယူပြီး ပိုက်ဆံအိတ်ထဲ ပြန်ထည့်ကာ ဇော်က အဲဒီ အကောင်တွေကို မကြည်ကြည့် တစ်ချက်ကြည့်ကာ ထွက်လာ





တော့သည်။ စိတ်ထဲမှာတော့ အဲဒီ ဟိုရှေးဘုန်းကံဆိုလား ရှေးရေစက်ဆိုလား အဲဒီအကောင်ကိုတော့ ဒေါသထွက်နေတာဖြစ်၏။ ဘယ့်နှယ် ... အပျိုကြီး မကောင်းကြောင်းကို သူပဲ အာပေါင်အာရင်းသန်သန် ပြေနေတယ်။ တွေးရင်းနဲ့ ဇော်က ပိုပြီး တန့်နံ့ ဒေါသထွက်ရလေသည်။

"မမ ... မမ"

အနောက်ကနေ အပြေးအလွှား ခေါ်သံကြောင့် ဇော်က လှည့်ကြည့်လျှင် ဟိုချာတိတ် ဖြစ်နေတာမို့ ပိုဒေါကန်သွားရသည်။ ချာတိတ်က ဇော့်အနားရောက်လာကာ ...

"ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ် မမရယ်။ စိတ်မဆိုးပါနဲ့နော်"

"ဟဲ့ ... နင် ဘာတွေ လာပြောနေတာလဲ။ ငါ့ဒေါသကို တော်တော်ထိန်းချုပ်ထားရတာနော်"

"မမ ဒေါသဖြစ်နေမှန်းသိလို့ ကျွန်တော် လိုက်တောင်းပန်နေတာပေါ့။ မမကို စောင်းပြီး ပြောတာလည်း မဟုတ်ပါဘူးဗျာ"

ဇော်က ရပ်ကွက်ထဲမှာ ဖြစ်နေတာကြောင့် ရပ်ကွက်ထဲက သို့လော သို့လော မျက်လုံးတွေကို သတိထားမိသွားတာကြောင့် ပိုဒေါကန်သွားကာ ခြေလှမ်းတွေကို တုံ့ခနဲရပ်ပြီး ရဲရဲရင်ဆိုင်လိုက်သည်။

www.burmeseclassic.com



"ဟဲ့ အကောင် ... နင် ဘာကိစ္စ ငါ့နောက်က လိုက်နေရတာလဲ"

"မမဆီက ခွင့်လွှတ်တယ်ဆိုတဲ့ စကားမှ မကြားရသေးတာ။ ကျွန်တော်က မမကို ပြောတာမှ မဟုတ်တာ"

"နင် ဘာဖြစ်တောလဲ။ သွား ... ကိုယ့်လမ်းကိုယ်"

ဖော်က ဒေါသဖြစ်ဖြစ်နဲ့ နှင်ထုတ်လိုက်တော့ ကောင်လေးက ခေါင်းယမ်းပြကာ ...

"နိုး ... ကျွန်တော်က ခေါင်းမာတယ်။ မမကို ပြောတာ မဟုတ်တဲ့ကိစ္စကို မဟုတ်ကြောင်းတော့ ရှင်းပြရမှာပဲ"

ဖော်က အဲဒီ ဂျစ်တီဂျစ်ကန်ပုံစံကို ပိုပြီးတော့တောင် အမြင်ကတ်ရသေးသည်။ ခဖော်ဟာ တစ်သက်လုံး သူများသေးသေးတင်တောင် ခံလာတာမဟုတ်ဘူး။ ဖော့်ကို အဲဒီကလေးလိုလို ခွေးလိုလို အထာလာခင်းတာမို့ ဖော်က ခါးကိုထောက်ကာ ကောလိုက်တော့သည်။

"အဲဒီလောက်မာတဲ့ခေါင်း ကွဲပါစေဟယ်။ နင့်ကို ငါ အပြတ်ပြောတာနော်။ နင် ဆက်လိုက်လာလို့ကတော့ ဒီ ရပ်ကွက်ထဲမှာ အတိုးမရလို့ ပွဲကြမ်းတာထက် ဆိုးသွားမယ်။ တောက်"

ဖော်က ဆဲရေးတိုင်းထွာလာရင်း တစ်ခါတည်းကို လှည့်ထွက်လာခဲ့လိုက်သည်။ ဖော့်ဒေါသကို ကြောက်သွားတယ်





ဟု ထင်ရသော ကောင်လေးက အနောက်ကိုတော့ ဆက်မလိုက်လာတော့သဖြင့် အဲဒီတော့မှ စိတ်နည်းနည်းအေးရသည်။ ရပ်ကွက်ထဲကကြည့်တဲ့ မျက်လုံးတွေက ဖော့်ကိုမေးငေါ့ဖို့ အသင့်စောင့်နေတဲ့ မျက်လုံးတွေဖြင့် ကြည့်နေကြတာမို့လည်း ဖော်က အဲဒီကောင်ကို ပိုဒေါသဖြစ်ရတာဖြစ်သည်။

ဘယ့်နှယ်ဟယ်။ နေရင်းထိုင်ရင်း အကုသိုလ်တက်တယ်။ အတိုးမမှန်တဲ့ လူတွေကြောင့် စိတ်ကုန်ရတာ တစ်မျိုး။ သင်းတို့ အာချောင်လို့ ဒေါသထွက်ရတာက တစ်မျိုးနဲ့။ ပြော... မပြောချင်ပါဘူးတော်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



မြက ဒီနေ့ Fashion Show ပွဲရဲ့ Organizer တစ်ယောက်အနေဖြင့် အရမ်းကို ကျေနပ်ဂုဏ်ယူမိသည်။ ဒီပွဲမှာက လုံးဝနာမည်ကြီး model မပါဘဲ အသစ်တွေကိုသာ ကောင်းကောင်း train ပေးခဲ့ပြီး စွန့်စားလိုက်တဲ့ပွဲဖြစ်သည်။ ထင်မှတ်မထားလောက်အောင်ပင် မြရဲ့ model တွေနဲ့ ဒီဇိုင်နာဆင်ယင်ပေးတဲ့ ဒီဇိုင်းတွေက match ဖြစ်ကာ စပွန်ဆာပါ ထပ်ရပြီးနောက်နှစ်ပွဲဆက်လုပ်ပေးဖို့ ကမ်းလှမ်းခံရတာမို့ ဒီနေ့ မြ အမျှားကြီးကို မျှော်လင့်ထားတာထက် ပိုပြီးအောင်မြင်တာဖြစ်သည်။ ပွဲပြီးလို့ အားလုံးပြီးစီးသွားချိန်မှာ မြက ပြန်ဖို့ ကားပါ့ခ်ကို လျှောက်အလာမှာတော့ မြရဲ့ကားကိုမှီကာ စောင့်နေသော မော်လ်ဒယ် မိုးဇိုင်းကို တွေ့ရ၏။

"ဟယ် ... မိုးဇိုင်း မပြန်သေးဘူးလား"

မိုးဇိုင်းက ဒီနေ့ပွဲမှာ ပါဝင်တဲ့ မော်လ်ဒယ်ဖြစ်ကာ မြကိုယ်တိုင် train ပေးခဲ့သူမို့ မြက နှုတ်ဆက်လိုက်လျှင် မိုးဇိုင်းက လက်ထဲက ပန်းစည်းကြီးကို မြရှေ့သို့ ကမ်းပေး၍ ...





"Congratulation ပါ မ,။ ဒီနေ့အတွက် မ,ရဲ့အောင်မြင်မှုကို ဂုဏ်ယူပါတယ်"

မြက ပန်းစည်းကို လက်ခံယူလိုက်ပြီး သဘောကျကျေနပ်စွာ ပြုံးလိုက်ရင်း ...

"တကယ်တက Appreciate လုပ်ရတယ်လို့ မိုးဇိုင်းရယ်။ တို့ အောင်မြင်တာ မဟုတ်ပါဘူး။ မင်းတို့ အောင်မြင်မှုရဲ့ ဝိတ်ကို တို့က ယူတာပါ။ ပန်းစည်းကြီးက လှလိုက်တာ။ တို့အတွက် ပန်းစည်းလက်ဆောင်တွေတောင် သိရှိကို့နဲ့ အိမ်ပို့ခိုင်းလိုက်ပြီလေ။ ကဲ ... နောက်မှဆုံမယ်။ သွားတော့မယ်"

မြက နှုတ်ဆက်ကာအထွက် မြရဲ့လက်ကို ဖိဆုပ်ဆွဲကိုင်လိုက်တဲ့ အထိအတွေ့တစ်ခုကြောင့် မြက စိတ်ထဲထောင်းခနဲ ဖြစ်သွားရကာ လက်ကိုဆောင့်ရုန်းလိုက်ရင်း ...

"ဟော့ ... ဒါဘာလုပ်တာလဲ မိုးဇိုင်း၊ လွှတ်စမ်း"

"ခဏလေးပါ မ,ရယ်။ မမကို ကျွန်တော် စကားလေးပြောချင်လို့ပါ"

"အေး ... အဲဒါဆိုလည်း ပါးစပ်က ရိုးရိုးတန်းတန်းပြောလေ။ ဘာကိစ္စလဲ ... ပြော"

"ကျွန်တော် မမကို ချစ်တယ်"

"ဘာ ... ဘာဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မြကထိန်းချုပ်ထားရတဲ့ဒေါသ ပေါက်ကွဲထွက်လာကာ သူ့ကို အော်ပစ်လိုက်တော့သည်။

"ဟုတ်တယ် မမ။ ကျွန်တော့်ရဲ့ရည်ရွယ်ချက်က မမနဲ့ ချစ်သူဖြစ်ခွင့်ရဖို့။ မမ ကျွန်တော့်ကို ပြန်ချစ်ပါနော်"

"မိုးဇိုင်း ... မင်း ရိုင်းလှချည်လား။ ငါက မင်းထက် အသက်အများကြီး ကြီးတယ်နော်။ နောက်ပြီး မင်း ဒီလောကထဲ ရောက်လာအောင် ငါပဲ လမ်းကြောင်းပေးခဲ့တာ။ မင်းက အဲဒါကို ဒီစကား ပြောရဲတယ်"

"မ,ရယ် ... အချစ်မှာ အဲဒါတွေ စဉ်းစားနေဖို့ မလိုပါဘူး။ မ ... ကျွန်တော့် အချစ်ကိုသာ လက်ခံပါဗျာ"

မိုးဇိုင်းက ဖွတ်ပြောနေရင်းက မြရဲ့လက်ကို ဖွတ်အတင်းဆွဲတာမို့ မြက ဒေါသထွက်ထွက်ဖြင့် ရုန်းရင်းက ရုန်းရင်း ဆန်ခတ်တွေ ဖြစ်ကုန်ကာ မိုးဇိုင်းရဲ့လူနှစ်ယောက်က ကားပေါ်က ဆင်းလာကာ မြကို ဖွတ်ဆွဲခေါ်တာကြောင့် မြက အော်ဟစ် အကူအညီတောင်းရတော့သည်။

"လာကြပါဦး ... လာကြပါဦး"

"ဟေ့ကောင်တွေ ... လွှတ်လိုက်စမ်း"

မြတို့ရဲ့ပြဿနာကြားထဲကို ဝင်လာသူက ဟိုကောင်လေး ဖြစ်လေသည်။ အဖွဲ့လိုက် ထိုးကြကြိတ်ကြရင်း မိုးဇိုင်းက ကားထဲက သေနတ်တစ်လက်ကို ထုတ်လာတာမို့ မြက ဟိုကောင်လေးအတွက်ကို စိတ်ပူသွားရ၏။





"ဟော့ ... ချာတိတ်၊ နောက်မှာ"

မြရဲ့ စိုးရိမ်ပူပန်လှသော စကားအဆုံးမှာ အဲဒီချာတိတ်ကလည်း မြေပြင်ပေါ်သို့ လဲအကျဖြစ်၏။ အဲဒီအချိန်မှ Security တွေက ရောက်လာကာ မိုးဇိုင်းတို့ကို ခေါ်သွားကြသည်။ မြအတွက်ကတော့ ကိုယ့်ကြောင့် ဖြစ်သွားရတဲ့ ကိစ္စအတွက် အရမ်းကို စိတ်ပူပန်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ( ၅ )

ဆေးရုံရောက်တော့ ခေါင်းကွဲသွားသည့်ဒဏ်ကြောင့် လေးချက်တောင် ချုပ်လိုက်ရတာမို့ မြမှာ တကယ်ပဲ အပြစ်မကင်းသလို ခံစားရလေသည်။ မြကိုကယ်တင်ရင်း ဖြစ်ရတာမို့ မြမှာ ရှေးဘုန်းကံကို တောင်းပန်ရသည်မှာလည်း အခါခါပဲ ဖြစ်သည်။

"တောင်းပန်စရာ မလိုပါဘူး မမရယ်။ ကျွန်တော်လည်း ဘာမှဖြစ်တာမှ မဟုတ်တာ။ သုံးယောက် တစ်ယောက် ဖြစ်နေလို့ပေါ့ မမရာ။ နို့မို့ဆို အဲဒီကောင် မလွယ်ဘူး"

ခေါင်းမှာ ပတ်တီးအဖွေးသား ဖြစ်နေတာတောင် မြအတွက် ဒေါသထွက်ပေးလေသော သူ့ကို မြက ကျေးဇူးတင်စွာ ကြည့်ကာ ...

"ကျေးဇူးအများကြီးတင်ပါတယ် ရှေးဘုန်းကံရယ်။ တို့ကြောင့် မင်း အခုလို ဖြစ်ရတာကို တို့ တကယ်ပဲ စိတ်မကောင်းပါဘူး"





"အာ ... ရပါတယ်ဆို မမရယ်။ ကျွန်တော်က မမနဲ့ အခုလိုမျိုး ရင်းနှီးမှုရှိသွားတာကိုပဲ တစ်မျိုးဝမ်းသာနေတာ။ မမလို ထက်ထက်မြက်မြက် အမျိုးသမီးမျိုးကို ကျွန်တော်က လေးစားတယ်ဗျ"

မြက အဲဒီစကားအတွက် ပြုံးမိသွားလေသည်။ ဒီကောင်လေးက တကယ်ပဲ ခင်ခင်မင်မင်နဲ့ ဖော်ရွေပျူငှာ ကူညီစိတ်လေးတော့ ရှိသည်။ မြအတွက်နဲ့ ကြားထဲက ဘာမဆိုင် ညာမဆိုင် ကူညီပေးရင်းက အခုလိုမျိုး ခေါင်းအရိုက်ခံရတယ်ဆိုတော့ မြမှာ သူ့ကို အားလည်းနာရသလို မြကိုကူညီပေးခြင်းအတွက် တကယ်ပဲ ကျေးဇူးတင်ရလေသည်။

"ရှေးဘုန်းကံကိုလည်း အစ်မက တကယ်ပဲ ကျေးဇူးတင်နေတာပါ"

"ကျေးဇူးတင်စရာချည်းပဲ ပြောမနေပါနဲ့တော့ မမရယ်။ ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်လို သဘောထားပေးတယ် ဆိုရင်ပဲ ကျွန်တော်က အရမ်းဝမ်းသာနေမိမှာပါ"

"welcome ပါ။ မင်းလို ကူညီတတ်တဲ့စိတ်ဓာတ်ရှိတဲ့ သူမျိုးကို တို့က ခင်ပါတယ်။ ကဲ ... စကားတွေ သိပ်အများကြီး ပြောနေလို့ မင်း ပင်ပန်းပြီး ခေါင်းမူးနေပါဦးမယ်။ အနားယူလိုက်ပါဦး။ မင်းမိသားစုလည်း ခဏနေရောက်လာတော့မှာပါ။ တို့ ဖုန်းခဏ သွားပြောလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ မမ"

မြက အခန်းထဲက ထွက်လာခဲ့ကာ အိမ်ကိုဖုန်းဆက်ရတော့သည်။ အခုလောက်ဆို မြကို နှောင့်ယှက်တဲ့ ဟိုကောင်လည်း ကောင်းကောင်း နောင်ကြဉ်နေလောက်ပြီဖြစ်သည်။ မိုးဗိုင်းရဲ့ မဆင်မခြင် ရမ်းကားလိုက်တဲ့ အကျိုးဆက်ကြောင့် မဆီမဆိုင် ဝင်ကူညီပေးတဲ့ ဟိုကောင်လေးလည်း ခေါင်းအရိုက်ခံရသလို မြမှာလည်း နောက်နေ့ဂျာနယ်တွေရဲ့ ခေါင်းကြီးပိုင်းသတင်းအဖြစ် အတင်ခံရမှာက သေချာနေပြီမို့ မြမှာ အဲဒီ မနူးမနပ် ချာတိတ်တွေကို ပို၍ ပို၍ စိတ်ပျက်ရလေသည်။

❦ ❦ ❦





"မမချစ်ကော နေကောင်းနေပြီ မဟုတ်လား ရွှေရုပ်"

"ဟုတ် ... ကောင်းတော့ ကောင်းနေပါပြီ။ အိမ်မှာလည်း ဒီရက်တွေက အားတယ်လို့ကို မရှိပါဘူး အန်တီစိမ်းရယ်။ ကိုကို ဆေးရုံတက်နေတော့ မေချစ်က ဆေးရုံမှာပဲ စောင့်ပေးနေရတာ"

"ဘယ်သူ ဆေးရုံတက်တာ"

"ကိုကိုလေ သူများကို ဝင်ကူညီပေးရာက ခေါင်းရိုက်ခံရတာ"

ဟင် ...။ ဟိုကောင်လေး အရိုက်ခံရတယ်။ စိမ်းက ထိတ်လန့်သွားစွာ ထပ်ပြီး မေးခွန်းပြန်ထုတ်ရလေသည်။

"ဟင် ... ဟို ... ရှေးဘုန်းကံ အရိုက်ခံရတယ် ဟုတ်လား"

"ဟုတ်တယ် အန်တီစိမ်း"

ရွှေရုပ်အတွက် ကော်ဖီယူလာပေးတဲ့ ချိုက ရှေးဘုန်းကံ အရိုက်ခံရတယ်ဆိုတဲ့ သတင်းစကားကြောင့် တအံ့တဩ ဖြစ်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... အရိုက်ခံရတယ်ဆိုတော့ အခြေအနေ ဘယ်လို ရှိလဲဟင်"

"ခေါင်းက လေးချက်ချုပ်လိုက်ရတယ်"

"လေးချက်တောင်"

စိမ်းကော ချို့ကပါ အလန့်တကြားဖြင့် အော်မေးလိုက်လျှင် ရွှေရုပ်က တအံ့တသြဖြစ်ကာ ခေါင်းညိတ်ပြရင်း ...

"ဟုတ်တယ်။ ဘာ ... ဘာဖြစ်လို့လဲဟင် အန်တီစိမ်း"

"မမ ... ကောင်လေးက သနားပါတယ်နော်။ မမ ယတြာချေပေးလိုက်လို့ အခိုက်တွေ အညံ့တွေ ရသွားတာ ထင်တယ်"

ချို့စကားကြောင့် စိမ်းက တွေခနဲတော့ ဖြစ်သွားရသည်။ တကယ်ပဲ အဲဒီကောင်လေးက စိမ်းကို ယတြာချေပေးလိုက်လို့ အညံ့တွေက သူ့ဆီရောက်သွားပြီး အရိုက်ခံလိုက်ရတာများလား။

"ဩော် ... အဲဒီလို မဟုတ်ပါဘူး မမချို့ရဲ့။ ကိုကို့ကိုက သူများကိုသွားပြီး ကူညီပေးရင်းက အနေမတတ်တော့ အရိုက်ခံလိုက်ရတာ။ ယတြာချေပေးလို့လည်း မဟုတ်ပါဘူး။ အန်တီစိမ်းစိတ်ထဲ ဘာမှမထားနဲ့နော်"

ရွှေရုပ်က အခြေအနေကို ထိန်းတဲ့အနေဖြင့် စိမ်းဘက်က ပြောနေပေမယ့် စိမ်းရဲ့စိတ်ထဲမှာလည်း ရှေးဘုန်းကံ





ခေါင်းအရိုက်ခံရတဲ့ကိစ္စဟာ တကယ်ပဲ စိမ်းနဲ့သက်ဆိုင်နေသလိုမျိုးကြီး ခံစားရလေသည်။ စိမ်းအတွက် အညံ့တွေကြေစေဖို့ ယတြာချေပေးတဲ့အတွက် ဒီလိုဖြစ်ရတယ်လို့ပဲ စိတ်ထဲမှတ်ယူကာ ...

"ဘယ်လိုကြောင့်ပဲ ဖြစ်ဖြစ်ပါ ရွှေရုပ်ရယ်။ ရှေးဘုန်းကံအခုလို ဖြစ်တယ်ဆိုတော့ တကယ် စိတ်ထဲမကောင်းဘူး။ သူ အခု သက်သာရဲ့လားဟင်"

"ဟုတ် ... သက်သာနေပါပြီ အန်တီစိမ်းရဲ့။ စိတ်မပူပါနဲ့"

"ဘာကြောင့်ပဲဖြစ်ဖြစ် ရှေးဘုန်းကံ အခုလိုမျိုး ဖြစ်ရတယ်ဆိုတော့ စိတ်ထဲမှာ တို့ပယောဂ မကင်းသလိုမျိုးကြီး ခံစားနေရတယ်။ အို ... တို့ ဆေးရုံကို သတင်းမေးလာလို့ရတယ် မဟုတ်လား"

"ဟုတ် ... ရပါတယ်။ ကိုကိုက (...)ဆေးရုံမှာလေ"

"ဟုတ်ပါပြီ။ အဲဒါဆို သတင်းသွားမေးရမှာပေါ့"

စိမ်းအတွက်တော့ ရှေးဘုန်းကံ ခေါင်းအရိုက်ခံရတဲ့ကိစ္စဟာ စိမ်းပယောဂ မကင်းသလို ခံစားရလေသည်။ ဒီကောင်လေးဟာ စိမ်းအတွက် အညံ့တွေကြေဖို့ ယတြာချေပေးလို့ ဒီလိုကံတွေနိမ့်ရတာဖြစ်မယ်။ တကယ်ကိုပဲ စိတ်မကောင်းဖြစ်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဇော်က ဒီနေ့တော့ ကြက်သားကာလသားချက်လေး ချက်စားချင်တာမို့ မနက်စောစော ကိုယ်တိုင်ပဲ ဈေးလာလိုက်တော့သည်။ ကိုယ်နေတာက ဟိုဘက်ရပ်ကွက်က တိုက်ခန်းတွေမှာ နေတယ်ဆိုပေမယ့် ဈေးကျတော့ ဒီဘက်ရပ်ကွက်က ဈေးတန်းမှာ လာဝယ်ရတာက ပိုသဘောတွေ့လေသည်။ ပြီးတော့ ဒီဈေးထဲမှာကျတော့ ဇော်နဲ့ ကင်းတဲ့သူဆိုတာ မရှိသလောက်ရှားတာမို့ ဝယ်ရ ခြမ်းရသည်မှာ ပိုကောင်းလေသည်။

"မရီ ... ကြက်တစ်ပိဿာ ထည့်လိုက်။ တစ်ခါတည်း သေချာခုတ်ပေးလိုက်နော်"

"အမယ်လေး ... မဇော်ကိုယ်တိုင် ဈေးလာတာပဲ။ စိတ်ချ ... ပိုပိုသာသာလေးကို ထည့်ပေးလိုက်မှာ"

"အစ်မ ... ကြက်အသည်းအမြစ် ကျွန်တော်မှာထားတာ ရပြီလား"

"ဩော် ... ရပြီ။ ရပြီ မောင်လေးရေ။ ရော့ ... ပိုပိုသာသာလေး ထည့်ပေးထားတယ်နော်"





ဇော်က ဘေးကလာဝယ်တဲ့ အသံကြောင့် ကြည့်လိုက်လျှင် ကျော်ဇင် ဖြစ်နေတာမို့ လက်ဖက်ရည်ဆိုင်ထိုင်ကာ အတင်းထိုင်ပြောနေတာကို သတိရတာကြောင့် ကြည့်လို့မရစွာ မျက်စောင်းထိုးပစ်ရင်း ဟိုဘက်ကို မျက်နှာလွှဲနေလိုက်သည်။

"ဩော် ... ဘယ်သူများလဲလို့။ တိုက်တိုက်ဆိုင်ဆိုင်ပဲနော်။ တွေ့ပဲ တွေ့တတ်တယ်"

ကျော်ဇင်က ဇော့်ကို တစ်ချက်လှမ်းကြည့်ကာ ပြောတဲ့လေသံကလည်း မခိုးမခန့်လေသံနဲ့မို့ ဒေါသက ထောင်းခနဲ ထွက်လာရကာ သူ့ကို တည့်တည့်ကြည့်လိုက်ရင်းက ...

"ဒီမှာ ... နင်က ဘာတုံး။ ဘယ်လိုလေသံနဲ့ ငါ့ကိုစကားပြောနေတာလဲ"

"ပြောရမှာပဲ။ အခု ခင်ဗျားကြောင့် ကျွန်တော့်သူငယ်ချင်းက ဆေးရုံရောက်နေပြီလေ။ ကျုပ် ဒေါသမထွက်ဘဲ နေမလားဗျ"

ဟမ် ...။ ဇော်က သူပြောတာရဲ့ ဆိုလိုရင်းကို မျက်တရက် နားမလည်ချေ။

"ဒီမှာ ... နင် ဘာတွေလာပြောနေတာလဲ"

"ဩော် ... ခင်ဗျားကတော့ ပျော်နိုင်ရွှင်နိုင် နေတာပေါ့။ အခု ဟိုကောင် ရေးဘုန်းကံက ခင်ဗျား ဆုတောင်းပေးလိုက်သလို ခေါင်းကွဲသွားလို့ ဆေးရုံရောက်နေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

ဇော်က ရုတ်တရက်တော့ သူပြောတာကို ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ ဟိုတစ်နေ့က ဇော် ဒေါသဖြစ်ဖြစ်နဲ့ သူ့ကို ခေါင်းကွဲပါစေဟယ်ဆိုပြီး သွားကျိန်ဆဲလိုက်မိတာပဲ။ အခု … အခု သူက ဆေးရုံမှာဆိုတော့ ဘုရားရေ။ ဇော်က တကယ်ကိုပဲ အဲဒီတော့မှ လန့်ဖျပ်သွားရကာ ကျော်ဇင့်ကို အသည်းအသန် မေးရတော့သည်။

"ဘာ … ဘာဖြစ်တယ်။ ရှေးဘုန်းကံက ဘာဖြစ်လို့ ဆေးရုံရောက်နေတာ"

ကျော်ဇင်က ဇော့်ကို မကြည်မလင်ပုံစံဖြင့် ကြည့်ကာ ကြက်သားထုပ် ခြင်းထဲထည့်လိုက်ကာ ပိုက်ဆံလမ်းပေးလိုက်ပြီးမှ …

"တော်ပါပြီ မဇော်ရယ်။ ဒီကောင်လည်း အခုလောက်ဆို နောင်ကြဉ်နေလောက်ပါပြီ။ အစ်မကို ကြောက်သွားလောက်ပြီ။ မသိချင်ပါနဲ့တော့ဗျာ။ သွားလိုက်ပါဦးမယ်"

ကျော်ဇင်က မထိတထိ စကားဖြင့် ချန်ထားခဲ့ကာ ထွက်သွားလျှင် ဇော့်မှာ မခံချိမခံသာဖြင့် ကျန်ခဲ့ရတာမို့ အဲဒီကိစ္စကို အပြတ်မေးဖို့ ကျော်ဇင့်နောက် အမီလိုက်ရတော့သည်။

"မရီ … ကျွန်မ ပြီးတော့မှ ကြက်သားထုပ် လာယူမယ်။ ဟိုအကောင့်နောက်လိုက်ပြီး ရှင်းအောင်မေးရဦးမယ်"





"ဩော် … အင်း … အင်း။ ဘာ … ဘာဖြစ်တာလဲဟင်"

"ဩော် … ရှင်ကလည်း စပ်စုလိုက်တာ။ ကြက်သားသာ အလေးမခိုးဘဲ ပိုပိုသာသာလေး ထည့်ထား"

ဇော်က မကြည်မလင်စိတ်ဖြင့် မရီကိုပါ ဟောက်ခဲ့ကာ ကျော်ဇင့်နောက်ကို အမီလိုက်လာကာ မေးရတော့သည်။

"ဟဲ့ … ဟဲ့ … ကျော်ဇင် နေစမ်းပါဦး။ နေစမ်းပါဦး"

ဈေးထိပ်အထွက်နားမှာ ကျော်ဇင့်ကို အမီလိုက်နိုင်တာမို့ လှမ်းအော်ခေါ်လိုက်လျှင် သကောင့်သားက သူ့ကို ခပ်တည်တည်ဖြင့် ပြန်ကြည့်ကာ …

"ဘာလဲဗျ"

"နင် ခုနက ဘာတွေပြောသွားတာလဲ။ ငါ့ကိုများ ပြောနေတာ ရန်သူကြီးပုံစံနဲ့။ နင်က ဘာဖြစ်ရတာလဲ။ အခု ရှေးဘုန်းကံကကော ဘာကိစ္စ ဆေးရုံရောက်တာလဲ။ သူရောက်တာ ငါနဲ့ ဘာဆိုင်လို့လဲ"

"ဟား … ဆိုင်တာပေါ့။ ဆိုင်လို့ကို ကျွန်တော်က ပြောနေတာ။ ဟိုနေ့က ကိုတိုးကြီးဆိုင်မှာ ပြောနေတာကလည်း အစ်မကိုပြောတာ မဟုတ်ပါဘူးဗျာ။ အဲဒါကို မဇော်က ရှေးကို စွတ်ဒေါသတွေဖြစ်ပြီး ကောနေတာလေ။ ဟင်း … ခင်ဗျားဆုပေးသလိုပဲ ပြည့်သွားပါတယ်။ ဒီကောင် အခု ခေါင်းရိုက်ခံရလို့ ဆေးရုံရောက်နေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



ဇော်က အဲဒီစကားအတွက် တကယ် တုံ့ပြန်ရခက်လေသည်။ ဝဇီဗေဒ ထိတိုင်းရှုဆိုတာမျိုးက တကယ်ကြီး တကယ်ကြီးပဲလား။ ဇော်က ဒေါသထွက်ထွက်နဲ့ ပြောမိလိုက်တဲ့ ခေါင်းကွဲပါစေဆိုတဲ့ စကားက တကယ်ပဲ အဲဒီကောင်လေးကို တိုက်ဆိုင်စွာ ထိမိစေတဲ့ ကျိန်ဆိုသောစကား ဖြစ်နေသွားခဲ့တာမျိုးလား။ ဇော်က ကျော်ဇင့်အမြင် မကြည်မလင် ဖြစ်မှုအတွက် အရင်ဆုံး ရှင်းချက်ထုတ်ရလေသည်။

"ဒီမှာ ... ဒီမှာ ... ကျော်ဇင် ... နင် ငါ့ကို အဲဒီလိုမစွပ်စွဲပါနဲ့။ ငါ့မှာ ရှေးဘုန်းကံကို ဒီလိုပဲ ပြောလိုက်တာ။ သူ့ကို နစ်နာပါစေဆိုတဲ့ ရည်ရွယ်ချက် မရှိပါဘူး"

"ကျွန်တော့်သူငယ်ချင်းကတော့ အခု ခေါင်းအရိုက်ခံလိုက်ရတယ်လေ"

"ဘယ် ... ဘယ်လိုဖြစ်တာလဲ"

"ဒီကောင်က သူများကို ဝင်ကူညီပေးရင်းနဲ့ အရိုက်ခံရတာ။ မဇော်နဲ့ ဘာမှမဆိုင်ပါဘူး။ ဒါပေမဲ့ တိုက်ဆိုင်တာမှ အရမ်းကို တိုက်ဆိုင်နေလွန်းလို့ပါ။ ကျွန်တော့်သူငယ်ချင်း ရှေးဘုန်းကံက ကျွန်တော့်အတွက် အရမ်းကောင်းတဲ့သူမျိုး။ အခု သူ အရိုက်ခံရတယ်ဆိုတော့ ကျွန်တော် စိတ်မကောင်းဖြစ်ပြီး အစ်မကို ပြောမိသွားတာပါ"

ဘာကြောင်းမှန်းတော့ မသိ။ ကျော်ဇင်က ဇော်နဲ့ မဆိုင်ပါဘူးလို့ ပြောလည်း အဲဒီတော့မှ ဇော်က ပိုင်ဆိုင်တယ်လို့





ခင်လေတော့သည်။ ဒါပေမဲ့ ဇော်က ကိုယ့်ကို ဘာလိုင်းကော၊ တာသွားသောကြောင့် အနိုင်လိုချင်စိတ်ဖြင့် ခပ်တည်တည် ဆော်ပြောက်လိုက်တော့သည်။

"အေး ... ငါနဲ့မဆိုင်တဲ့ ကိစ္စကို ဘာကိစ္စ လာဆွဲစိနေရတာလဲ။ ကြည့်လုပ်နော် ကျော်ဇင်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့။ တောင်းပန်ပါတယ် အစ်မရယ်"

ကျော်ဇင်က ဇော် ကောလိုက်တော့မှ ပါးစပ်ပိတ်၍ သာလျှောချသွားတော့သည်။

"အဲဒါဆို သွားလိုက်ဦးမယ်နော်"

"နေဦး ... သူက အခု ဆေးရုံမှာပဲ မှလား"

"ဟုတ်တယ် အစ်မ။ (...)ဆေးရုံမှာ"

ဇော်က သိချင်တာလည်း သိရပြီမို့ ထုံးစံအတိုင်း မျက်နှာကြောတင်းတင်းဖြင့် ချေထားလိုက်တော့သည်။ ကျော်ဇင် တစ်ယောက် ကျွတ်ကြဲပြီး ထွက်သွားတော့မှ ဇော်က စဉ်းစားခန်း ဝင်ရတော့သည်။ ဘာပဲဖြစ်ဖြစ် ဇော်က သွားပြီး ကြိုတင်နိမိတ် ဖတ် ပြောလိုက်မိသလို ဖြစ်သွားတဲ့အတွက် အဲဒီကောင်လေး ဘုန်းကံ ဆေးရုံရောက်သွားတဲ့ ကိစ္စဟာ ဇော်နဲ့ ပယောဂ ကင်းသလိုမျိုးချည်း ခံစားရတာကြောင့် သတင်းလေးတော့ သွားမေးသင့်သည်ဟု ယူဆရပါသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## ( ၆ )

ရှေးက Wifi free ရကာ connection ကလည်း လွန်စွာကောင်းလွန်းလှသောကြောင့် သာသာယာယာပင် ipad တစ်လုံးဖြင့် internet သုံးနေရတာဖြစ်သည်။ ဆေးရုံမှာက ပိုပြီး ဒီမ်ကျနေတာ ဖြစ်တာကြောင့် မဆင်းသေးဘဲ သာသာယာယာ နေ,နေတာ ဖြစ်သည်။ ဒါပေမဲ့ အဲဒီလို သာယာနေတာက ပို သာယာစေတဲ့ အချက်ဆိုတာ သူ အခုမှ ပိုသိလာရတာဖြစ်၏။ သူ ဆေးရုံတက်နေသည်ဆိုတဲ့ သတင်းကြောင့် သူ့ကို စိုးရိမ်တကြီး ဖြင့် သတင်းလာမေးသူဟာ မမစိမ်း ဖြစ်လို့နေ၏။

"မမ ... မမ ကျွန်တော့်ဆီလာတယ်"

"ရွှေရုပ် ပြောလို့ သိရတာ။ ဘယ်လိုဖြစ်ရတာလဲ ရှေးဘုန်းကံ ရယ်"





"ဘာမှမဖြစ်ပါဘူး မမရယ်။ ပါးပါးလေးပါ။ ဘာကြောင့်ပဲ ဖြစ်ဖြစ်ဗျာ မမလို အလုပ်များတဲ့ လူတစ်ယောက်က အခု လိုမျိုး ကျွန်တော့်ဆီ တကူးတကချည်း လာတယ်ဆိုတော့ ဂုဏ်ယူတယ်"

"မင်းကလည်း ကြံကြံဖန်ဖန် ဂုဏ်ယူရတယ်လို့။ တို့က မင်းအတွက် တကယ်စိတ်မကောင်း ဖြစ်တာပါ။ ဘာပဲ ဖြစ်ဖြစ် တို့ကြောင့် မင်း အခုလို ဖြစ်ရတာလေ"

မမစိမ်း ပြောတဲ့ စကားကို သူက နားမရှင်းဖြစ် သွားရသည်။ မမ ကြည့်ရသည်မှာလည်း တကယ်ပဲ စိတ်မကောင်း ဖြစ်နေတဲ့ပုံစံ ဖြစ်နေတာကြောင့် သူက နည်းနည်းတော့ စဉ်းစား သွားရကာ ...

"ဘယ်လို မမ။ ကျွန်တော်က ကျွန်တော့်ဘာသာ ကျွန်တော် အရိုက်ခံရတာပါ။ မမကြောင့် မဟုတ်ပါဘူး"

"ဘာကြောင့်ပဲဖြစ်ဖြစ် တို့ကတော့ တို့ကြောင့် ဖြစ်တယ် လို့ပဲ ယူဆတယ်။ မင်း တို့ရဲ့အညွှံ့တွေကြေဖို့ ယတြာချေ ပေးထားတာလေ။ တို့ရဲ့အညွှံ့တွေကို မင်း ခံယူသလို ဖြစ် သွားလို့ မင်း အခုလို ဖြစ်ရတာလေ။ တို့ပယောဂမကင်း ဘူးလို့ ခံစားရလို့"

သူ့ရင်ထဲက ပျော်ရွှင်မှုက လှစ်ခနဲတော့ ထွက်ပြူ လာရသည်။ မမက တကယ့်ကို တည်တည်ငြိမ်ငြိမ်နဲ့ လုံးဝအေး

www.burmeseclassic.com



အထာဖြစ်သည်။ အဲဒီလို တည်ကြည်ခန့်ညားတဲ့ မဖုရားက သူ့အတွက် တကူးတကချည်း စိတ်ပူရပါတယ် ဆိုတော့ကား သူတော့ ကြွေပြီဆရာပဲ ဖြစ်၏။

"အဟား ... ကျွန်တော်တော့ အရိုက်ခံလိုက်ရတာ တန်သွားပြီဗျာ။ မမလို business woman တစ်ယောက်က ကျွန်တော့်အတွက် ဒီလောက်ထိ ခေါင်းထဲထည့် စံစားပေးတယ်ဆိုတော့ ဘယ်လိုပြောရမယ်မှန်းတောင် မသိတော့ပါဘူး။ ကြွေတယ်ဗျာ"

သူ့စကားကြောင့် မမက တစ်မျိုးသော မျက်နှာဖြစ်သွားကာ ချက်ချင်းတည်တင်းသွား၍ ...

"ဟဲ့ ... ဘာတွေ ပြောနေတာလဲ။ ငါက မင်းကို အကူအညီတောင်းမိလို့ ကိုယ့်လိပ်ပြာကိုယ် မလုံတာနဲ့ မင်းကို သတင်းလာမေးတာ"

အပျိုကြီးမမမှာ သူပြောတဲ့စကားကို တစ်မျိုးတစ်မည် ထင်သွားကာ သူ့ကိုဟန့်သွားအောင် ပြောတာကြီးက သိသာတာကြောင့် ရှေးက ပြုံးစိစိဖြစ်သွားတဲ့ မျက်နှာကို မမ စိတ်ဆိုးသွားမှာ စိုးတာကြောင့် ဖွတ်ကို မျက်နှာပိုးသတ်လိုက်ပြီးမှ ...

"ဩော် ... ကျွန်တော်က သဘောရိုး ပြောတာပါ"

"ဟဲ့ ... ငါကလည်း ဘာပြောလို့လဲ။ တော်ပြီ ... တော်ပြီ၊ မင်းသက်သာတယ်ဆို ပြီးတာပဲ။ သွားမယ်"





မမစိမ်းက ကပျာကယာ ထွက်သွားတာမို့ သူက ပြုံးရွှင်ကျေနပ်စွာဖြင့် မမကို လှမ်းနောက်လိုက်သည်။

"မမ ... ကျွန်တော် ဆေးရုံကဆင်းရင် ယကြာထပ်ချေပေးဦးမယ်နော်"

သူ့ရဲ့နောက်ှတ်ှတ် စကားကြောင့် မမစိမ်းက သူ့ကို ခပ်တည်တည် မျက်နှာပေးဖြင့် ပြန်ကြည့်ကာ ထွက်သွားသည်။ ဘာပဲဖြစ်ဖြစ် သူ့စိတ်ထဲမှာတော့ ရေရေလည်လည် ကြွေကျမြေခရလေသည်။ မမလို အလန်းစား ဣန္ဒြေရှင်အမျိုးသမီးကြီးက သူ့ကို စိတ်ပူပြီး တကူးတက ဆေးရုံလို လာသတင်းမေးတယ်ဆိုတာကြီးက သူ့အတွက် ဂုဏ်ယူစရာ ရင်ခုန်စရာကြီးဖြစ်သို့နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ကံဇာတာဟာ နောက်ထပ်တစ်ဆင့်တက်ကာ ကျေနပ်ဖွယ် ကောင်းစေပါ၏။ နေ့ခင်း ထမင်းစားချိန်ပြီးလို့ မေမေတို့ အိမ်ခဏပြန်သွားချိန်မှာ သူ့ဆီသို့ အသည်းအသန်ခဲ မှန်ဖြင့် စိုးရိမ်စိတ်ပူစွာ ရောက်လာသူမှာ မမဇော်ပဲ ဖြစ်၏။ အရိုင်းဆန်တဲ့ အလုတရားများဖြင့် သူ့ကို တကယ်ကြီး စိုးရိမ်စိတ်ပူနေရှာတာကြောင့် သူဟာ ကျေနပ်စိတ်တော့ ဖြစ်သွားရသည်။

"မမ အခုလိုလာလိမ့်မယ်လို့ ကျွန်တော် လုံးဝထင်မထားဘူး မမရာ"

"ငါ့ကို ကျော်ဇင်ပြောလို့သိတာ။ မင်းကိုလည်း တောင်းပန်ချင်လို့ပါ"

တောင်းပန်ချင်လို့။ လုပ်ပြန်ပြီ။ ရှေးက မမဇော် ပြောတဲ့ စကားကို ဒီတစ်ကြိမ်တော့ နားမလည် ဖြစ်ရတာမို့ သူက မမဇော်ကို မေးခွန်းပြန်ထုတ်ရတော့သည်။





"ခင်ဗျာ ... မမက ဘာကို တောင်းပန်တာလဲ"

"တို့ကြောင့် မင်း ခေါင်းကွဲရတာလေ"

"အား ... ဟုတ်ပါဘူး မမကလည်း။ ကျွန်တော့်ဘာသာ အရိုက်ခံရတာပါ။ မမကြောင့် မဟုတ်ပါဘူး"

"ဘယ်ဟုတ်ပါ့မလဲ။ ဟိုတစ်ရက်က မင်းကို ဒေါသဖြစ်ပြီး ပြောလိုက်တဲ့ စကားက နိမိတ်တစ်ခုလို ဖြစ်သွားတာလေ။ မင်း အခုလို ဖြစ်တယ်ကြားတော့ ငါပယောဂမကင်းဘူးလို့ ခံစားရတယ်"

မမဇော် စကားကြောင့် သူက အံ့အားသင့်ရလေ၏။ ဘယ်လိုဖြစ်တာပါလိမ့်။ မနက်ကလည်း အင်မတန် မာနကြီးလေသည့် မမစိမ်းက သူ ဆေးရုံတက်ရတာဟာ သူမကြောင့်ပါလို့ ဘာမဆိုင် ညာမဆိုင် ဆွဲစိသွားသလို အခုကျပြန်တော့လည်း မမဇော်က သူမကြောင့်ပါဆိုပြီး ပြောပြန်လေတော့ သူက ပျော့ပျောင်းလာတဲ့ မမနှစ်ယောက်ရဲ့စိတ်သဘောကို အတော်ကို အံ့အားသင့်ရပါသည်။ ဒါပေမဲ့ မမဇော်လို ဖိုက်တာအထာ ခပ်ကြောကြော နေတတ်သူနဲ့ သူဟာ အခုချိန်မှာ ယှဉ်တတ်ရင် super peace တောင် ဖြစ်နိုင်တဲ့ အခြေအနေမို့ သူက သာသာယာယာ ညှိနှိုင်းလိုက်၏။

"မမနဲ့ ဘာမှမပတ်သက်ပါဘူး။ အဲဒီအတွက် မမစိတ်ထဲ ဘာမှမဖြစ်ပါနဲ့။ ကျွန်တော့်ဘာသာ အရိုက်ခံရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... အဲဒီလိုတော့ သိတာပေါ့။ ဒါပေမဲ့ မင်းအခုလို ဖြစ်ရတာဟာ တို့ နိမိတ်ဖတ်လိုက်သလို ဖြစ်သွားရတော့ အားနာရတာပေါ့"

"အဟားဟား ... မမကလည်းဗျာ။ ဘာပဲဖြစ်ဖြစ် ကျွန်တော် အခုလို ခေါင်းရိုက်ခံရတာက ကျွန်တော့်အတွက်တော့ ကံကောင်းတယ်လို့ ကျွန်တော်က ယူဆလိုက်ပြီ။ ထပ်ပြီး ကံကောင်းရအောင်လို့ မမ ကျွန်တော့်ကို အရင်တုန်းက စိတ်ဆိုးတာတွေကို ခွင့်လွှတ်ပေးမယ် မလားဟင်"

သူ့ရဲ့မေးခွန်းကြောင့် မမက အပြုံးတစ်ချက်ဖြင့် ခေါင်းညိတ်ပြကာ ...

"မင်းကို တို့ စိတ်မဆိုးပါဘူး ရှေးဘုန်းကံရယ်။ မင်းသာ နေကောင်းအောင်နေပါ"

ဘာပဲဖြစ်ဖြစ် မမဇော်လို ဖိုက်တာမမရဲ့ ခွင့်လွှတ်ခြင်း peace ကို သူ ရရှိလိုက်သည့်အတွက် အရမ်းပဲ ကြည်နူး ဝမ်းသာရလေသည်။

"ကျေနပ်တယ် မမရာ။ မမက လူကို အရမ်းပျော်ရွှင်သွားစေတာပဲ"

သူ့ရဲ့ဖလော်ဖလယ် တော်လ်ကီကြောင့် မမဇော်က အပျိုကြီးပီသစွာ တစ်မျိုးတစ်မည် ရှက်သွားလေကာ သူ့ကို မျက်နှာထားတင်းတင်းဖြင့် ဖိဟောက်လေတော့သည်။





"ရှေးဘုန်းကံ ... မင်းတို့ယောက်ျားတွေဟာလေ နည်းနည်းလေး ပ,စားပေးလိုက်တာနဲ့ စကားပြောတာကိုက အချိုးမပြေတော့ဘူး"

"ဟာ ... မဟုတ်ရပါဘူး မမရာ။ ကျွန်တော်က ဒီလိုပဲ သဘောရိုး ပြောတာပါ။ ဘာသဘောမှ မဟုတ်ပါဘူး"

မမဇော်က သူ့ရဲ့စကားအတွက် မျက်စောင်းတစ်ချက်ထိုးကာ ...

"မင်း နေကောင်းအောင်ပဲနေ။ ကဲ ... တို့ရောက်နေတာလည်း ကြာပြီဆိုတော့ သွားတော့မယ်"

"မမ ... ကျွန်တော် လိုက်ပို့ပေးချင်လိုက်တာဗျာ"

သူက မမဇော် စိတ်ဆိုးမယ်မှန်း သိတာကြောင့် တမင်တကာကို စလိုက်လျှင် ထင်ထားတဲ့အတိုင်းပင် မမဇော်က သူ့ကို ပြန်ကာနီးမှာ နှုတ်ခမ်းတလုန် ပန်းတလုန်ဖြင့် ရန်တွေ့သွားလေတော့သည်။

"ရှေးဘုန်းကံ ... နင် ကြည့်လုပ်နော်။ ခေါင်းအရိုက်ခံထားရလို့ မင်းကို သည်းခံနေတာ။ ဟွန်း"

ရှေးက အဲဒီ ရန်တွေ့သွားပုံကိုပဲ သဘောတွေအကျကြီးကျ၍ တဟားဟား ရယ်မောနေရလေသည်။ ဘာပဲဖြစ်ဖြစ် ဒီကနေ့ဟာ သူ့အတွက်တော့ တကယ်ကို ကံတက်ချိန်ပဲဖြစ်၏။ မမဇော်လို ဆတ်ဆတ်ကြဲ ခပ်ချောချော မမကြီးက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ ဘာတွေပူပြီး တကူးတက ဆေးရုံကို သတင်းလာမေးတယ် ဆိုတော့ကား သူ့အတွက် ရင်ထဲမှာ ဘာညာဘာညာဖြစ်ရလေသည်။





"ရွှေဘုန်းကံရေ ... မင်းအတွက် ကြေးအိုးဆီချက်ရပြီဟေ့။ ထွက်စားတော်မူပါ သခင်လေးရေ"

နောက်ဖေးကနေ ထည်ဝါသောအသံဖြင့် အော်ခေါ်လိုက်လျှင် ရွှေက ဒယ်ဒီခေါ်သံကို သဘောတကျ ပြုံးလိုက်ရင်း နောက်ဖေး dinning room ထဲသို့ ခပ်သွက်သွက်လေး ဝင်လာတော့သည်။

"ဟား ... ဟာ ချစ်ဖေဖေက ကြေးအိုးဆီချက်လေး ဝယ်ကျွေးရတာကို ငြိုငြင်တယ်ပေါ့လေ"

"ကိုယ်တော် ... မင်းဟာလေ အင်မတန်ကို လျှာကြောရှည်တယ်။ အဲဒါကြောင့် မင်း အရိုက်ခံရတာ။ စားစရာရှိတာစား။ ဘာမှ စကားများမနေနဲ့ ဒီမှာ လူက တင်းလာတာနော်"



www.burmeseclassic.com

www.burmeseclassic.com



ရှေးက ကြေးအိုးဆီချက်ကို တူဖြင့်နယ်ဖတ်ထား ဝက်သားဖတ် တစ်ဖတ်ကို ပါးစပ်ထဲ ထည့်ဝါးလိုက်ရင်းက ဒယ်ဒီ့မျက်နှာကို အကဲခတ်လိုက်သည်။ ဒယ်ဒီ့ကြည့်ရတာ တကယ် တင်းနေတဲ့ပုံစံမို့ သူက မေးလိုက်၏။

"ဘာတွေ တင်းလာတာလဲ ဒယ်ဒီရ။ ဘယ်သူနဲ့ ဘာဖြစ် လာလို့လဲ"

"ဘယ်သူရှိရမလဲကွ၊ မင်းရဲ့မွေးသမိခင် ကျေးဇူးရှင်ပေါ့"

"oh My Mother ! What happen Daddy"

ဒယ်ဒီက သူ့ကို မပြောသေးခင် ရေခဲသေတ္တာထဲက Tigher ဘူးကိုယူကာ ဖွင့်ဖောက်သောက်လိုက်ရင်း သူ့ကိုဖုန်းနေတဲ့ အကြောင်းတွေ ရင်ဖွင့်ပြလေသည်။

"ဘာဖြစ်ရမလဲကွ။ အင်မတန်မှ ရှေးဆန်ပါတယ်ဆိုတဲ့ မင်းမာမီက ဒီနေ့ ငါ့ဆီ ဖုန်းဆက်ပြီး ဘာပြောတယ်ထင် လဲ"

"ပြန်လည်ဆုံတွေ့ကြပါစို့လား အချစ်ရယ်တဲ့လား"

"မင်းဘိုးအေ ... ဆုံတွေ့မှာ။ မင်းရဲ့အကောင်းစားမိခင် ကြီးက ငါ့ကို ဘာပြောတယ် မှတ်လဲ။ လာမယ့်အပတ် တနင်္လာမှာရောက်မယ့် မင်းမွေးနေ့ကို ခြံထဲမှာ လုပ်ပေး မယ်တဲ့"





ကြားကြားချင်းတော့ သူလည်း သာသာယာယာပဲ ဖြစ်သည်။ ပြီးတော့မှ သူ့ဦးနှောက်က အချက်ပေးသံတွေ မြည် သာကာ ဒယ်ဒီ့ကို ပြုံးကြည့်ရင်းက ပျာယီးပျယာတွေ ဖြစ်ကုန်၏။

"ဟား... ဒယ်ဒီ။ birthday လုပ်လို့မရဘူးလေ။ ဘတ်ဒေး လုပ်ရင် သားတို့ ဗန်ကောက်သွားလို့ ဘယ်ရတော့မလဲ"

"သိတယ်။ အဲဒါကြောင့် ငါလည်း စိတ်ညစ်နေတာ။ မင်း မာမီကိုက တိုက်တိုက်ဆိုင်ဆိုင်ကွာ။ ဒီနှစ် သားရဲ့ဘတ်ဒေး ကို ခြံထဲမှာ လုပ်ပေးမယ်တဲ့။ မင်းအဘိုး ကိုယ်တိုင်ကိုက ပြောတော့ ငါလည်း မငြင်းနိုင်ဘဲ ဖုဖုနဲ့ အင်းခဲ့ရတယ်"

"အဟား ... သေပါပြီ ဒယ်ဒီရာ။ သားက ဂျိုးဇက်တို့ကို တောင် ချိန်းပြီးသွားပြီ။ ဒယ်ဒီကလည်း သားတို့ ဒီနှစ် ဘတ်ဒေးကို ပတ္တရားမှာ လုပ်မယ်လို့ ပြောလိုက်လေဗျာ။ မာမီက ကျွန်တော့်ကို အဲဒီကိစ္စ ဘာတစ်ခွန်းမှ မပြောပါ ဘူး"

"ငါ့ကိုလည်း ညနေကမှ ပြောတာပါဗျား။ မင်း အဘိုး ကိုယ်တိုင်ကိုက ဆန္ဒရှိနေမှတော့ ငါက သွားပြီးနီးလိုက် ရင် မင်းမာမီနဲ့ မင်းအဘိုးက ငါ့ကို အနိကပ်တွေ လာ ကုန်မှာပေါ့ကွ"

ဒယ်ဒီက ဘာမှမတတ်နိုင်ပါဘူးဆိုတဲ့ အထာဖြစ် တာကြောင့် သူဟာ တကယ်လေရပြီဖြစ်သည်။ ဒီတစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘတ်ဒေးကို သားအဖနှစ်ယောက် ဗန်ကောက်သွားကာ လန်းကြဖို့ ရည်ရွယ်ထားတာ ဖြစ်သည်။ ဒယ်ဒီကော သူပါ ဗန်ကောက်ကို အကြိမ်ကြိမ် ရောက်ဖူးပေမယ့် သားအဖနှစ်ယောက်ဆုံပြီး တစ်ခါမှ မသွားဖြစ်သေးပေ။ အဲဒါကြောင့် ဒီနှစ်တော့ ဗန်ကောက်ကို နှစ်ယောက်အတူသွားကာ အသားကုန်ကို သွားလန်းကြမည် ဖြစ်သည်။ အခုတော့ မာမီရဲ့ကြားဖြတ်ဝင်လာတဲ့ အစီအစဉ်ကြောင့် ပွင့်းပြီဖြစ်သည်။

"အဟား... သွားပါပြီ ဒယ်ဒီရာ။ မာမီကလည်း အကြောင်းမကြား ဘာမကြားနဲ့"

"မင်းကို မနက်ဖြန်ကျမှ ခေါ်ပြောလို့ နေမှာပေါ့ကွ။ မင်းမာမီက ဒီမှာ မွေးနေ့ပွဲလေး လုပ်ပေးချင်တယ်ဆိုမှတော့ လက်ခံလိုက်ပေါ့ကွာ။ တို့သားအဖက မင်းဘတ်ဒေးပြီးမှ လိမ့်တာပေါ့"

"ဟား ... အဲဒါဆိုရင်တော့ စလုံးပါ ခရီးဆက်မယ်။ ဒယ်ဒီ အဲဒါ လက်ခံရမယ်"

"ခွေးကောင်လေး ... မင်းအဖေ ငါ့ကို မီလျံနာများ ထင်နေလား။ မင်း ဗန်ကောက်မှာ ဖြုန်းမှာတင် ငါ့ဆိုင်ရဲ့ တစ်နှစ်စာအမြတ်လောက်ရှိတယ်။ စလုံးအထိတော့ ပို့မပေးနိုင်ဘူး ဟောကောင်ရေ။ ကဲ ... မင်းလည်း စားတော့။ ငါလည်း Sky Net က ဓာတ်လမ်း သွားကြည့်လိုက်ဦးမယ်"





ဒယ်ဒီက သူ့ဘီယာဘူးကိုင်ကာ အိမ်ရှေ့ထွက်တော့မှာမို့ ဒယ်ဒီ မသွားခင် သူက ဒယ်ဒီ့ကို လှမ်းစလိုက်၏။

"ဒယ်ဒီ ဘာလဲ ... ဒယ်ဒီက မာမီဖုန်းဆက်တာနဲ့ပဲ သားကိုတောင် ဂရုမစိုက်ဘဲ ချေတယ်ပေါ့လေ။ ဘဝင်တွေ မြင့်သွားတယ်ပေါ့"

သူ့စကားကို ဒယ်ဒီက ခေတ်မီဘိုးတော်ကြီးပီသစွာ အနိုင်နဲ့ပိုင်းပြီး ပြန်လည်ချေပ ကိုးသွင်းသွားလေသည်။

"ဟောကောင် ... မင်းမာမီ အဘွားကြီးလောက် ဖုန်းဆက်တာနဲ့ပဲ ငါက ဘဝင်မြင့်သွားစရာလား။ ရှီးတယ်။ မင်း ဒယ်ဒီမှာ အလန်းလေးတွေ ဆက်တာတောင် မကိုင်ချင်လို့ ဖုန်းကို Silent တောင် လုပ်ထားရတာ။ သဘောပေါက်တယ်နော်။ မင်းလောက်ကတော့ မင်းအဖေက အကြောသေးပြီးတောင် ယှဉ်လို့ရတယ်"

ဒယ်ဒီက သူ့ကို အနိုင်ပိုင်း ထွက်သွားလေလျှင် သူ့မှာ ပျော်ရွှင်စွာရယ်မောရင်း ဒယ်ဒီ ဝယ်လာပေးတဲ့ ကြေးအိုးဆီချက်ကို အားပါးတရ စားလေသည်။ ဆေးရုံက ဆင်းလာပြီး ကတည်းက သူ့မှာ အလုပ်တွေကအရမ်းမှ အရမ်း အရမ်းကိုများနေတာပဲ ဖြစ်လေ၏။ သူ့ရဲ့ကြီးမားတဲ့ အလုပ်တွေက တစ်နေ့ တစ်နေ့ အိမ်မှာ စားလိုက်၊ သောက်လိုက် ပြီးရင် game ဆော့လိုက်ဖြင့် လုံးဝကို အငြိမ်ဇယား ဖြစ်လေသည်။ ပြီးတော့ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကာလတွေက ကမ္ဘာ့ဖလားရာသီကိုရောက်လာပြီမို့ သူက ဘော
တွေကို အမှန်အကန် အားပေးသူအဖြစ် တစ်ညမပျက် အကြည့်
တာဝန် ယူလေတာကြောင့် အိပ်ရေးပျက်မှုအတွက် အစားများများ
ဖိကာ အရင်ကလာတွေထက်တောင် ပို၍ လွတ်လပ်လေသည်။

နောက်ပြီးတော့ ကံတက်တာ တစ်ခုက အင်မတန်
ကိုမှ ဘုဘောက်ကျလှပါတယ်ဆိုတဲ့ မမသုံးယောက်နဲ့ အော်
မက်တစ်ကြိုးကို peace တွေ ဖြစ်သွားခြင်းပင် ဖြစ်သည်။ မ
မြရဲရဲကို သူ့ဘက်က superman ဝင်လုပ်ကာ ကူညီပေးလိုက်ခြင်း
အားဖြင့် သူ့ခေါင်းအရိုက်ခံရသည်။ အဲဒီအတွက် မမမြက သူ့
ကို အရမ်းတွေ ကျေးဇူးတင်ရာကနေ peace ဖြစ်လေ၏။ ဟော
ပြီးတော့ မမစိမ်း အရမ်းကို အနေတည်ကာ ဘဝင်ခေါင်ခိုက်နေ
တဲ့ မမစိမ်းကို တလောက ယကြာချေပေးပြီးနောက်မှာ သူ
အရိုက်ခံရတဲ့သတင်း ကြားလျှင် လွန်စွာမှ စိုးရိမ်စိတ်ပူကာ သူ့
ဆီ သတင်းလာမေး၍ အဲဒီလိုဖြစ်ရခြင်းဟာ သူမအတွက် အညှ
ယကြာချေပေးလို့ ဖြစ်ရတာဆိုပြီး စိတ်မကောင်း ဖြစ်ရပြန်ကာ
သူက မဟုတ်ပါဘူး ဘာဘူး ပြောရင်း သူနဲ့ peace ဖြစ်သွား
ပြန်၏။ အဲ ... ပြီးတဲ့နောက်မှာတော့ မမခက်။ သူမကတော့ ပ
ရက်က ခေါင်းကွဲပါစေဟယ့်ဆိုတဲ့ ကျိန်သလို အပြောမျိုးကြောင့်
သူ ခေါင်းကွဲရပါတယ်ဆိုပြီး သူ့အတွက် စိတ်မကောင်းခြင်းများ
စွာဖြင့် သတင်းလာမေးရာမှ သူနှင့် peace ဖြစ်သွားလေ၏။





အဲဒီအတွက် သူ့မှာ အရမ်း အရမ်းကို ပျော်ရွှင်
နေကာ ကျေနပ်မိလေသည်။ ဘာကြောင့်မှန်းရယ်တော့ မသိ။ ဒီ
မကြီးသုံးယောက်ကို သူ့စိတ်ထဲမှာ ရင်းရင်းနှီးနှီး ခင်မင်မိလေ
သည်။ အဲဒီအတွက်ကြောင့်လည်း သူနဲ့ရှော့ခ်နည်းနည်း ရှိခဲ့ဖူး
သည့် မမတွေကို အခုလို ပြန်လည် Peace ဖြစ်သွားသည့်
အတွက် စိတ်ချမ်းသာရပါသည်။

ရှေးက ကြေးအိုးဆီချက် စားနေရင်းနှင့် မမသုံး
ယောက်အကြောင်းကို စဉ်းစားမိသွားရာက idea တစ်ခုတော့
ရသွားသည်။ အစကတော့ ဇန်ကောက်သွားပြီး ဘတ်ဒေးလုပ်မလို့
အစီအစဉ်ကနေ မာမီက မွေးနေ့ပွဲ စီစဉ်ပေးမယ် ဆိုတာကြောင့်
သူက အဲဒီဘတ်ဒေးကို မမတွေဖိတ်ဖို့ စီစဉ်ရန် တေးထားလိုက်
တော့သည်။

"ရှေးရေ ... ဖုန်းလာတယ်ဟေ့။ မင်းမာမီဆီက လာကိုင်
ဦး"

ဒယ်ဒီက အိမ်ရှေ့ကနေ လှမ်းအော်ခေါ်တာကြောင့်
သူက ချက်ချင်းပင်ထကာ မာမီနှင့် ဖုန်းပြောလိုက်သည်။

"ဟယ်လို ... မာမီ ပြောပါ"

"အေး ... သားရေ။ ဘာလုပ်နေလဲ"

"ညနေစာ ကြေးအိုးဆီချက် စားနေတာ မာမီ ဘာပြောမ
လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... သားကို စကားအေးအေး ပြောချင်လို့။ သား ဒီနေ့ည အိမ်မှာပဲ လာအိပ်ပါလား"

သူ နည်းနည်းတော့ အံ့သြသွားသည်။ မာမီဟာ တော်တန်ရုံ အရေးကြီးတဲ့ကိစ္စ မရှိဘဲနဲ့တော့ သူ့ကို ညအိပ်ညနေ ခေါ်လေ့ခေါ်ထတော့ မရှိပေ။ ဒယ်ဒီဟာ အိမ်မှာတစ်ယောက်တည်း ရှိနေတယ်ဆိုတာ မာမီက သိတာကြောင့် သူ မာမ့်ဆီမှာ ညလာ အိပ်မယ်ဆိုရင် ဒယ်ဒီ တစ်ယောက်တည်း ဖြစ်နေမှာဆိုတဲ့ ငဲ့ကွက်မှုကြောင့် မာမီက တော်တန်ရုံ မခေါ်ပေ။ အခု ပြောစရာ လည်း ရှိတယ်ဆိုတော့ သူက သွားဖို့ပဲ ဆုံးဖြတ်လိုက်ကာ —

"ဟုတ်ကဲ့ မာမီ။ အဲဒါဆို ကျွန်တော် ခဏနေ ထွက်လာခဲ့လိုက်မယ်လေ"

"အေး ... အေး သား။ ကားလည်း ဖြည်းဖြည်းမောင်းဦး။ သာ ဒယ်ဒီကို သား ညပြန်မလာဘူးဆိုတာ ပြောလိုက်ဦးနော်"

"ဟုတ်ကဲ့ ... မာမီ"

ရှေးက ဖုန်းချပြီးသွားလျှင် ဒယ်ဒီက သူ့ကိုအကဲ ခတ်ကြည့်ကာ လှမ်းမေးလေ၏။

"ဘာတဲ့လဲကွ။ မင်းမာမီက"

"မသိပါဘူး။ သားကို ဒီနေ့ည အိမ်မှာလာအိပ်တဲ့။ ဘာ တွေ မှာတမ်းခြွေမလို့လဲ မသိဘူး"





"ဟား ... ထူးခြားတယ်ဟေ့။ မင်းရဲ့မာမီကတော့ ဘာတွေ စတန့်ထွင်နေလဲ မသိပါဘူး။ ကဲ ... ကဲ ... အဲဒါဆိုလည်း သွားပေါ့ကွာ။ ဟော့ကောင် ... ဟော့ကောင် ... dressin g change သွားဦးနော်"

ဒယ်ဒီက ဂရုတစိုက် သတိပေးလိုက်မှ သူက ပြုံး သွားသည်။ သူ့ရဲ့မာမီဟာ အင်မတန်မှ မြန်မာဆန်သူဖြစ်တာ ကြောင့် သူ အခုလို စွပ်ကျယ်နှင့် ဘောင်းဘီတိုဝတ်ကာ သွား လို့ကတော့ စည်းပျက်ကမ်းပျက် အပြင်ထွက်လာတာတောင် ဒီလိုမျိုး ပရမ်းပတာ လုပ်လာရသလား ဆိုပြီး သူ့ကို ရေလည် အောင်ရုံမက ဒယ်ဒီ့ကိုပါ ကောတော့မှာဖြစ်သည်။ ဒယ်ဒီက အဲဒါကို မှတ်မိတာကြောင့် သူ့ကို အဝတ်အစားလဲခိုင်းလိုက်လျှင် သူက ခေါင်းညိတ်ပြရင်းက ...

"ဒယ်ဒီကတော့ သူ့ချစ်ချစ် ဘာကြိုက်လဲဆိုတာ သိပ်သိတာပဲနော်။ ဟား ဟား ... စိတ်ချပါ ဒယ်ဒီဖားသားရ။ သားကို ဒယ်ဒီက ဒီနိုင်းချိန်းပေးလိုက်တယ် ပြောလိုက်ပါ့မယ်"

ဒယ်ဒီက "ခွေးကောင်လေး"ဟု လှမ်းအော်လိုက်ကာ ချစ်စနိုး ဆဲလိုက်ရင်း ပြုံးလို့နေလေသည်။ ရှေးက ပျော်ရွှင် မြူးတူးသောစိတ်အစဉ်တို့ဖြင့် အခန်းထဲဝင်ကာ အဝတ်ဗီရိုထဲက Alter ရှပ်အနက် ကျပ်ကျပ်နှင့် ပုဆိုးတစ်ထည်ယူကာ လဲလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့အကြိုက် my ရေမွှေးကို ဆွတ်လိုက်သည်။ ပြီးတဲ့နောက် သူက မာမီဆီသွားဖို့ ထွက်လာခဲ့ကာ ဒယ်ဒီကို လှမ်းနှုတ်ဆက်လိုက်သည်။

"ဒယ်ဒီ ... အဲဒါဆို သား သွားတော့မယ်။ တစ်ယောက်တည်းဆိုပြီးတော့လည်း သိပ်ကဲမနေနဲ့ဦးနော်။ ဒယ်ဒီ မနက် ဆိုင်မသွားခင် သား လာခဲ့မယ်"

"Ok ... ဟုတ်ပြီ။ သွား ... သွား"

ရှေးက ဒီကနေညတော့ မာမီဆီမှာ သွားအိပ်ရမှာမို့လို့ ဖလန်း ဖလန်း ဒီနိုင်းထက် မာမီစိတ်ကြိုက် ဒီနိုင်းဝတ်လာကာ ထွက်လာခဲ့တော့သည်။

❦ ❦ ❦





သူ အိမ်ရောက်သွားတဲ့ အချိန်မှာ ရောက်ရှိနေတဲ့ ဧည့်သည်တော်ကတော့ မမစိမ်းပဲ ဖြစ်သည်။ မမစိမ်းရဲ့ကားက ခြံထဲမှာ ဦးစွာရောက်ရှိနေတာမို့ သူက ဝမ်းသာအားရဖြင့် အိမ်ထဲဝင်လာလိုက်လျှင် ဧည့်ခန်းမှာ ရောက်နေတာက မမစိမ်းအပြင် ဆားမှာ အမျိုးသားတစ်ဦးကိုပါ တွေ့လိုက်ရသည်။ သူရောက်နေတာကို မာမီက လှမ်းတွေ့လိုက်လျှင် သူ့ကို လှမ်းခေါ်လိုက်လေသည်။

"ရှေး ... သား ... လာလေ။ အဲဒီမှာ ဘာရပ်လုပ်နေတာလဲ"

မာမီ ခေါ်သံကြောင့် မမစိမ်းကော အဲဒီဘဲကြီးကပါ သူ့ကို လှမ်းကြည့်လိုက်တာမို့ သူက ခပ်တည်တည်နှင့်ပင် ဧည့်ခန်းထဲ ဝင်လာလိုက်ကာ မာမီဘေးနားကခုံမှာ ဝင်ထိုင်လိုက်ကာ...

"ဟုတ် ... သား အခုပဲ ရောက်တာ မာမီ။ ဧည့်သည်တွေ ရောက်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေးက မမစိမ်းကို လှမ်းပြုံးပြလိုက်ရင်းက မေမေ့ကို ပြောလိုက်သည်။

"ဟုတ်တယ် သားရဲ့။ ဒီမှာလေ စိမ်းတို့က ဖိတ်စာလာဖိတ်ကြတာ"

ဖိတ်စာ ...။ အဲဒီစကားကြောင့် သူဟာ ရင်ထဲမှာ တကယ်ကို တစ်မျိုးကြီး ဖြစ်လို့သွားရလေသည်။ ဖိတ်စာလာဖိတ်တယ်ဆိုတော့ ဒါဟာ မမစိမ်းရဲ့ ...။

"ဘယ်လိုလဲ ရွှေးဘုန်းကံ။ နေကောင်းသွားပြီလား။ မမတို့ပွဲကို မင်းမေမေနဲ့အတူ လိုက်ခဲ့နော်"

သူ့ရင်ထဲမှာ ဘယ်လိုမျိုးကြီးမှန်း မသိလေတော့သော ခံစားမှုကြီးက ရင်ထဲတိုးဝင်လာလေသည်။ မမ တကယ်ပဲ မင်္ဂလာဆောင်တော့မယ်ဆိုတာ သူ အခုမှ သိလိုက်ရတာမို့ စိတ်ထဲမှာလည်း တကယ့်ကို ပြောရခက်စေသော အိလည်လည်ဖိလင်ကြီးပဲ ဖြစ်လေ၏။

"ဟုတ်တယ်။ သားပါ တစ်ခါတည်း လိုက်ခဲ့လိုက်"

"ခေါ်သွားရမှာပေါ့ မမရဲ့။ မမရဲ့သားက ဒီလိုပွဲမျိုးဆို ဘယ်အလွယ်ခံပါ့မလဲ။ စိမ်းတို့ရဲ့ Jewerly show မှာ အိမ်က မင်းညီမ ရွှေရုပ်ကလည်း show လျှောက်မလို့တဲ့ ရွှေးရေ။ ဘယ်လိုမှကို တားမနိုင်ရ ဆီးမရ ဖြစ်နေတာ"

"ဗျာ"





အန်တီလေးက အအေးဗန်းကို သယ်ယူလာကာ သူ့ကို လှမ်းပြောလိုက်လျှင် အဲဒီတော့မှ သူက မမစိမ်းရဲ့ရတနာဆိုင် Show ပွဲ ဖိတ်စာမှန်း သိရကာ သူ့ရင်ထဲက အပူလုံးက ဟုတ်ခနဲ ငြိမ်းသွားရသည်။

"ရွှေရုပ်လေးက မင်းသမီး သိပ်ဖြစ်ချင်နေတဲ့ဟာ လုပ်ပါစေ။ နောက်ပြီး ဒီပွဲကလည်း စိမ်းတို့ကုမ္ပဏီကပဲ main sponsar လုပ်ထားတာ။ အဓိက,ကတော့ စိမ်းတို့ရဲ့ customer တွေကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ lucky draw အစီအစဉ်တွေလုပ်ပြီး ပွဲကိုခမ်းနားအောင်လုပ်ဖို့ ရည်ရွယ်ထားတယ်။ မမချစ်တို့လည်း လာဖြစ်အောင် လာနော်။ ရွှေးဘုန်းကံလည်း လာခဲ့နော်"

"စိတ်ချ မမ။ ကျွန်တော် သေချာပေါက် လာခဲ့မယ်"

သူ့ရဲ့ကတိပေးမှုအဆုံးမှာ မမစိမ်းက သူ့ကိုပြုံးပြရင်းက ခေါင်းဆတ်ပြလေသည်။ မမစိမ်းတို့ ပြန်သွားလေသော အခါ သူက ရင်ထဲမှာရှိနေတဲ့ မကျေမချမ်း မတင်မကျ ဖြစ်နေသော မေးခွန်းကို မာမီ့အား ချက်ချင်းမေးလိုက်သည်။

"မာမီ ... မမစိမ်းနဲ့ ပါလာတာက ဘယ်သူလဲ။ တစ်ခါမှလည်း မတွေ့ဖူးပါဘူး"

"အဲဒါက စိမ်းရဲ့မောင်ဝမ်းကွဲလေးလေ။ နေပါဦး။ သား ဒီလို စပ်စပ်စုစု တစ်ခါမှ မမေးဖူးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မာမီကလည်း။ မာမီ တခြားညှိသည်တွေကို သားမှမသိတာ။ မမစိမ်းနဲ့ကျတော့ သားက ရင်းနှီးတယ်လေ။ ဩော် ... မာမီ ညတောင် လာအိပ်နိုင်ပြီး တကူးတက ပြောစရာရှိတာက ဘာများပါလိမ့်"

"မင်းကို မိန်းမပေးစားမလို့ နေမှာပေါ့ ရှေးရဲ့။ ဟားဟား ... ကဲ ... သားအမိတွေ နောက်မှ စကားအေးဆေးပြော။ ရှေးရေ ... လာဟေ့။ မင်း လာမယ်ဆိုလို့ အန်တီလေး ဒိန်ချဉ်လုပ်ထားတယ်။ လာသွားသောက်ရအောင်။ လာ"

ရှေးက သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ အန်တီလေးနောက်လိုက်သွားကာ ဒိန်ချဉ်သွားသောက်လေသည်။ ဘာပဲဖြစ်ဖြစ် သူ့အတွက် သိပ်ရှာရှာဖွေဖွေ စဉ်းစားနေစရာမလိုပါဘဲ အလိုလိုနေရင်း စိတ်တွေ မြူးကြွ ပျော်ရွှင်နေမှုဟာ ဟိုဘဲကြီးက မမစိမ်းရဲ့မောင် ဖြစ်ပြီး အပြန်မှာ မမစိမ်း ပြုံးလို့ပြသွားတဲ့ အပြုံးတစ်ခုကြောင့် သူ့စိတ်တွေ လန်းဆန်းလာရတယ်ပဲ ပြောရမှာဖြစ်သည်။





"သားကို မေမေ စကားအေးဆေး ပြောချင်လို့ အိမ်ခေါ်လိုက်တာ။ အမိက,ကံတော့ သားရဲ့ဘဝရှေ့ရေးအတွက်ပေါ့"

ရှေးက မာမီ့စကား အထူးအဆန်းကြောင့် နည်းနည်းတော့ အံ့အားသင့်သွားရလေသည်။ ညဘက် အိပ်မက်ဆုံရာအစီအစဉ်ကို မိသားစုတွေ ကြည့်နေချိန်မှာ မာမီက သူ့ကို စကားအေးအေးဆေးဆေး ပြောဖို့အတွက် အပေါ်ထပ် ဝရန်တာကို ခေါ်သွားလေသည်။ လသာဆောင်မှာ အေးအေးအေးဆေးထိုင်ကာ စကားစလိုက်တဲ့ မာမီ့စကားကြောင့် သူက အထူးအဆန်းတော့ ဖြစ်သွားရသည်။

"ဟုတ် ... မာမီ ဘာပြောမလို့လဲ"

"သားရဲ့မွေးနေ့ကို မေမေ ခြံထဲမှာလုပ်ဖို့ စီစဉ်ထားတယ်။ မင်းအဖေ ပြောတယ်မှလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ပြောတယ် မာမီ။ အစကတော့ ဒယ်ဒီနဲ့ ကျွန်တော်က မွေးနေ့မှာ ဗန်ကောက်သွားဖို့ လုပ်ထားတာ ဒါပေမဲ့ မာမီက မွေးနေ့လုပ်မယ်ဆိုတော့ နောက်မှပဲသွား တော့မယ်လေ"

သူ့ရဲ့အဖြေစကားကို မာမီက သဘောကျ ကျေနပ် စွာ ပြုံးလိုက်၍ သူ့ကို သေချာစိုက်ကြည့်ကာ ...

"သားက ဒီလိုဆိုတော့လည်း သိပ်လိမ္မာနေတာပဲ"

"ဟာ ... မာမီကလည်း သားက လိမ္မာပြီးသားပါဗျား ဘယ်တုန်းကများ မာမီ စီစဉ်တာဆို လက်မခံဘဲ နေမှာ လို့လဲ။ ဟဲ ဟဲ ... သားတင် လိမ္မာတာမဟုတ်ဘူးနော် ဒယ်ဒီကလည်း အခုထိ မာမီ့စကားဆို နာခံတာ"

"ဟင်း ... ဟင်း ... အဲဒါဆိုရင်လည်း ထပ်ပြီးတော့ လိမ္မာပေးပါဦး သားရယ်။ ရှေး ... အဲဒီ မွေးနေ့ညကျရင် မေမေ သားနဲ့ရည်ရွယ်ထားတဲ့ မိန်းကလေးနဲ့ မိတ်ဆက် ပေးမယ်"

"ဗျာ"

ရှေးက ဘာဆက်ပြောရမယ်တောင် မသိတော့ချေ။ မေမေ့ဆီက အခုလို စကားမျိုး ကြားရလိမ့်မယ်လို့ လုံးဝတွက်ဆ မထားတာကြောင့် ပိုပြီးအံ့သြရလေ၏။

"ဗျာ"





ရှေးက ဘာဆက်ပြောရမယ်တောင် မသိတော့ချေ။ မေမေ့ဆီက အခုလို စကားမျိုး ကြားရလိမ့်မယ်လို့ လုံးဝတွက်ဆ ထားတာကြောင့် ပိုပြီးအံ့သြရလေ၏။

"မာမီ ... မာမီ ဆိုလိုတာက သားကို မိန်းမပေးစားမယ် လို့ ဆိုလိုတာလား"

"ဟုတ်တယ် သား။ သားကို တစ်ချိန်မှာ မေမေ သဘောကျ နှစ်သက်တဲ့သူနဲ့ပဲ လက်ထပ်ပေးဖို့ ဆုံးဖြတ်ထားခဲ့ပြီးသား။ အခု မေမေ့အတွက် အရမ်းကို သဘောကျစရာကောင်းတဲ့ ချွေးမလောင်းလေးကို မေမေ ရှာတွေ့ထားတယ်။ အဓိက, က သားနဲ့ သူ့ကို တွေ့ပေးချင်တဲ့ ရည်ရွယ်ချက်နဲ့ မေမေ တစ်ချက်ခုတ် နှစ်ချက်ပြတ် စီစဉ်လိုက်တာ"

အဲဒီကိစ္စဟာ သူ့အတွက်တော့ ကြီးမားတဲ့ conflict တစ်ခုပဲ ဖြစ်သည်။ သူ့ကို ထိန်းချုပ်တာနဲ့ ကန့်သတ်မှုဘောင် ထဲကို မာမီက တည့်တည့်ကို ထည့်သွင်းလိုက်တာပဲ။ ရှေးက ထိုင်နေရာမှ ထရပ်လိုက်တာ မာမီ့ကို ငြင်းဆန်လိုက်သည်။

"အဲဒါကတော့ ကျွန်တော် လုံးဝသဘောမတူတဲ့ကိစ္စပဲ မာမီ။ ကျွန်တော်က ကိုယ်ထူထောင်မယ့် အင်ပါယာထဲမှာ ကျွန်တော် တင်မြှောက်မယ့်မိဖုရားကို ကျွန်တော့်ဘာသာ ရွေးချယ်ဖို့ ဆုံးဖြတ်ပြီးသား။ အဲဒါလေး တစ်ခုတော့ခွင့် ပြုပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ သား။ မင်းမှာ မေမေ့ကို ဒီလောက် တောင် ခါးခါးသီးသီး ပြောရအောင် မင်းမှာ ချစ်သူရှိနေ လို့လား"

"သားမှာ girlfriend တွေက တစ်ပုံကြီးပါ။ ဒါပေမဲ့ လက်တွဲဖို့တော့ ဆန္ဒမရှိသေးဘူး"

"ဘယ်လို။ girlfriend ... ကျစ်။ မင်းအဖေနဲ့ မေမေ လမ်း ခွဲခဲ့တဲ့ အကြောင်းရင်းက ဘာလဲ မင်း သိလား။ အဲဒါပဲ။ ရှေးဘုန်းကံ ... မေမေမွေးတဲ့ မေမေ့ရဲ့သားဟာ ဘယ်တော့ မှ လူရှုပ်မဖြစ်ရဘူး။ အဲဒါ မေမေ့ရဲ့အာသီသပဲ"

မာမီ့စကားကြောင့် သူက စိတ်တော့ ရှုပ်သွားရသည်။ မာမီဟာ ဒယ်ဒီ့ကိုဆို အပြစ်ပြောဖို့သာ သိတယ်လို့ သူကတော့ ယူဆချင်သည်။ အဲဒါကြောင့်မို့လို့ သူက မာမီ့ကို ပြန်ပြောလိုက် သည်။

"ဒယ်ဒီက လူရှုပ်မဟုတ်ပါဘူး မာမီ။ ကျွန်တော်လည်း လူရှုပ်မဟုတ်ဘူး။ ကျွန်တော်ဟာ ဒယ်ဒီနဲ့တူတဲ့ ဘဝကို ပျော်ပျော်ဖြတ်သန်းတတ်တဲ့ လူတစ်ယောက်ပါ။ ဒါပေမဲ့ ကျွန်တော် လုံးဝပျက်စီးမှုမရှိဘူး မာမီ"

"မာမီဆိုတဲ့ အခေါ်အဝေါ်ဟာ မိခင်နှင့် သူ့သားသမီးကြား မှာ နွေးထွေးမှု အတိုင်းအတာ ဘယ်လောက်ရှိလဲလို့ မင်း ထင်လဲ သား"





"အခေါ်အဝေါ်ဆိုတာ နှုတ်ဖျားက ထွက်လာတဲ့ sign တစ်ခုပါ မာမီ။ အမေလို့ခေါ်ခေါ် မာမီလို့ခေါ်ခေါ် အဲဒါ ဟာ သူ့သားသမီးက သူ့မိခင်ကို အမြတ်တနိုးခေါ်တဲ့ နာမ်စားပဲလေ။ မေမေခေါ်ပြီး ရိုင်းနေတဲ့ သားသမီးတွေ၊ မိဘကျေးဇူးကို နားမလည်တဲ့ သားသမီးတွေမှ တစ်ပုံကြီး ပဲ"

"တော်စမ်း ရှေးဘုန်းကံ။ မင်း အမေကို ဘယ်လိုပြောနေ တာလဲ။ မင်းရဲ့မွေးနေ့ပွဲမှာ မင်းနဲ့လက်ထပ်ပေးမယ့်သူကို မေမေ မိတ်ဆက်ပေးမယ်ဆိုတဲ့ စကားက မင်းနဲ့ မေမေ့ကို ဒီလောက်ထိ ပြဿနာတက်သွားစေသလား"

မာမီက တစ်ခါတလေ တင်းမာသည်ထက် ပို၍ တင်းမာလာကာ သူ့ကို အပြတ်ပြော၍ မေးခွန်းထုတ်လေသည်။ ရှေးက စိတ်ရှုပ်ထွေးစွာဖြင့် လေပူတစ်ချက် မှုတ်ထုတ်လိုက်ကာ ပြန်ဖြေလိုက်သည်။

"ကျွန်တော့်ဘဝမှာလည်း ကျွန်တော့်မိဘတွေရဲ့ အိမ်ထောင် ရေးလိုဖြစ်မှာ စိုးရိမ်လို့ ကျွန်တော့်လက်တွဲဖော်ကို ကိုယ့် ဘာသာ ရွေးချယ်ဖို့ ဟိုးငယ်ငယ်ကတည်းက ဆုံးဖြတ်ခဲ့ တာပါ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် မာမီက သူ့ကို တအံ့တသြကြည့်ကာ မျက်ရည်များ ကျလာသည်။ မာမီ မျက်ရည်ကျသွားစေတဲ့အထိ သူ့စကားလုံးတွေကို ကြမ်းသွားစေခဲ့တာမို့ သူလည်း တကယ် စိတ်မကောင်း ဖြစ်ရလေသည်။

"ရှေးဘုန်းကံ ... မင်း ဘယ်လိုစကားမျိုး ပြောလိုက်တာလဲ။ အေး ... မင်းကလည်း မင်းဆုံးဖြတ်ချက်နဲ့မင်း မှန်တယ်လို့ ယူဆခဲ့သလိုပဲ ငါကလည်း ငါ့ဆုံးဖြတ်ချက်နဲ့ ငါပဲ။ မင်းကို မင်းအမေရဲ့ခံစားချက်မျိုး မခံစားစေချင်လို့၊ မင်းအဖေလို မကြေကွဲစေချင်လို့ အမေကိုယ်တိုင် ရွေးချယ်ပြီး မင်းအတွက် လက်တွဲဖော်ကို မင်းလက်ထဲကို ငါကိုယ်တိုင်ထည့်ပေးမှာ။ မင်း သိပ်ချစ်ပါတယ်ဆိုတဲ့ မင်းဒယ်ဒီနဲ့ ငါ ဘာကြောင့် လမ်းခွဲခဲ့တာလဲ မင်း သိလား။ သူ့ကို ငါ အဲဒီလို အချစ်တစ်ခုတည်းနဲ့ ရွေးခဲ့မိလို့ ငါ့မိဘအသိုင်းအဝိုင်းနဲ့ ပြဿနာတက်ခဲ့ရတယ်။ ဘယ်လိုမှ အဆင်မပြေခဲ့ဘူး ...

မင်းတစ်မျက်နှာတည်းနဲ့ ငါ့ဘက်က သည်းညည်းခံခဲ့လည်း မင်းဒယ်ဒီက သူ့ရဲ့ပျော်ပျော်နေတတ်တဲ့ အလုပ်ကို အကြောင်းပြပြီး club တက်တဲ့ ဗီဇကို မဖျောက်ခဲ့ဘူး။ အဲဒါကြောင့် ငါ လမ်းခွဲခဲ့တာ။ မင်းမိဘတွေ ခံစားခဲ့ရတဲ့ အိမ်ထောင်ရေးကို မင်း ပြန်ခံစားရမှာစိုးလို့ မမေကိုယ်တိုင် ရွေးချယ်ခဲ့တာ။ မင်း နားလည်လား။ မင်း သိသလား ရှေးဘုန်းကံ"





မာမီက သူ့ကို မျက်ရည်တွေကြားထဲက စကားတွေ အများကြီး ပြောပြသည်။ မာမီ့ဆီက အဲဒီလို မျက်ရည်တွေနဲ့ အဲဒီလို စကားလုံးမျိုးတွေ ထွက်လာလိမ့်မယ်လို့ သူ ထင်မထားခဲ့ပေ။ ပြီးတော့ အသည်းမာတဲ့ မာမီ့ဆီက အဲဒီလို စကားလုံးမျိုးတွေ ရင်ဘတ်ထဲမှာ ရှိနေလိမ့်မယ်လို့ လုံးဝမသိထားတာပဲ ဖြစ်သည်။

ပြီးတော့ ဒယ်ဒီနဲ့ပတ်သက်တဲ့ ခံစားချက်တွေ ဒီလောက် တနင့်တပိုး ရှိထားလိမ့်မယ်လို့လည်း မသိခဲ့ပေ။

"မာမီ ... ကျွန်တော် တောင်းပန်ပါတယ် မာမီ"

မာမီက သူ့ရဲ့အနားသို့ တိုးကပ်လာကာ သူ့ရဲ့ ခေါင်းနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ ...

"သား ... မင်းဟာ မေမေ့ရဲ့တစ်ဦးတည်းသော မျှော်လင့်ချက်။ တစ်ခုတည်းသော အနာဂတ်။ မင်းရဲ့ကိုယ်ထဲမှာ မေမေ့ရဲ့သွေးတွေ စီးဆင်းနေတယ်။ မေမေမွေးတဲ့ မေမေ့သားရဲ့အိမ်ထောင်ဖက်ကို မေမေ ရွေးချယ်ပေးပိုင်ခွင့်မရှိဘူးလား သား။ ဟင် ..."

မာမီ့စကားတွေက သူ့ကို ဆိုက်ကိုသွင်းပေးနေတာ သူဟာ နည်းနည်းတော့ တွေဝေသွားသည်။ မာမီ ရွေးချယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သူ့ကို သူ့ဘက်က လက်မခံသည့်တိုင် လက်ခံဖို့ စိတ်သွင်းပြီး တွေ့ကြည့်ရမှာပဲ ဖြစ်သည်။

"မာမီရယ်။ ကဲ ... မာမီက သားကို ဘယ်သူနဲ့ရည်ရွယ်ပေးဖို့ ဆန္ဒရှိတာလဲ"

သူ့မေးခွန်းကြောင့် မာမီ့မျက်ဝန်းအရောင်တွေ ချက်ချင်းတက်လာကာ သူ့ကို ဝမ်းသာအားရဖြင့် ပြန်ဖြေ သည်။

"ဖြိုးပီယတဲ့။ မေမေ သိပ်ချစ်ရတဲ့ ချွေးမလောင်းလေးပေါ့"

"မာမီ့လိုပဲ ထက်ထက်မြက်မြက် မိန်းကလေးလား"

ဒီတစ်ခါတော့ သူ ထင်တာ အကြီးကြီး လွဲသွားလေသည်။ သူ့ရဲ့မေးခွန်းကို မာမီက ခေါင်းခါပြသည်။

"မဟုတ်ဘူး။ သူက မေမေ့လိုလည်း မြန်မာဆန်ဆန် မဝတ်စားတတ်ဘူး။ သားလိုမျိုး ခေတ်ဆန်ဆန်နေတတ်တဲ့ ကောင်မလေး။ ဒါပေမဲ့ သူက ပုံစံကသာ ထက်မြက်ပေမယ့် အရည်အချင်းကတော့ စီးရိုးပဲ"

"ဗျာ"

မာမီ့စကားကြောင့် သူက ဘာပြောရမယ်မှန်းတော့ မသိတော့ချေ။ အဲဒီလို မိန်းကလေးမျိုးကို မာမီ ဘယ်ကနေရှာ ရှာထားပါလိမ့်။





"ဘယ်လို ... မာမီ။ အဲဒီလို မိန်းကလေးမျိုးကို မာမီ ဘယ်က ရှာထားတာလဲ"

"ရှာထားတာ မဟုတ်ဘူး။ မင်းအတွက် ပျိုးထောင်ထားတာ။ ပီယဟာ မေမေ မွေးစားထားပြီး သူ့ရဲ့အရာရာတိုင်းကို မေမေ ထောက်ပံ့ပေးထားတာ။ မင်းရဲ့လက်တွဲဖော်ဖြစ်လာမယ့် မိန်းကလေးတစ်ယောက် ဖြစ်အောင် မေမေ နှစ်တွေ အချိန်ကုန်ခံပြီး ပုံသွင်းပေးခဲ့ရတာ"

မာမီ့စကားတွေက သူ့အတွက် အံ့သြပြီးရင်း အံ့သြရာတွေ ဖြစ်နေတော့သည်။ သူ့အတွက် လက်တွဲဖော်ကို မာမီက စနစ်တကျ ပျိုးထောင်ပုံသွင်းခဲ့တယ် ဆိုတာကြီးက အံ့သြရာကြီးဖြစ်သည်။

"မာမီ ဘာတွေ ပြောနေတာလဲ။ မာမီပြောတာကို ကျွန်တော် နားမရှင်းဘူး"

"အဲဒါကြောင့်မို့လို့ မေမေက သူ့ကို သား မြင်ဖူးအောင် မွေးနေ့မှာ ပေးတွေ့ဖို့ စီစဉ်ထားတာပေါ့ သားရဲ့။ သား ကောင်မလေးကိုမြင်ရင် ချစ်မှာ သေချာပါတယ်"

"မာမီက သားဘဝလက်တွဲဖော်ကို အရည်အချင်းမရှိတဲ့ သူ ဖြစ်သင့်တယ်လို့ ယူဆထားတယ်ပေါ့။ ဟုတ်လား"

သူ့မေးခွန်းကြောင့် မာမီက အဓိပ္ပာယ်တွေများစွာ ပါဝင်သော အကြည့်တို့ဖြင့် သူ့ကို ပြန်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ထက်လွန်းတဲ့ မိန်းမတစ်ယောက်ကို ယောကျ်ားတစ်ယောက်က တာရှည်လာရင် အမြင်စောင်းလာနိုင်သလို သားလို ခေတ်ဆန်တဲ့ ကောင်လေးတစ်ယောက်ကလည်း အနေအေးတဲ့ မိန်းမမျိုးကို တာရှည်မချစ်နိုင်ဘူး ဆိုတာ မေမေ သိနေတယ်။ အဲဒါကြောင့် သားဘဝအတွက် တစ်သက်တာ လက်တွဲနိုင်မယ့်သူကို မာမီ ပျိုးထောင်းခဲ့တာပါ"

"ဒီကိစ္စ ဒယ်ဒီ သိလား မာမီ"

"မလိုဘူးလေ။ သားရဲ့အိမ်ထောင်ရေးကို စီမံသူဟာ မိခင်ပဲ ဖြစ်ရမှာဟာ ထုံးစံပဲလေ။ အဲဒီစကားတွေ ပြောချင်လို့ မာမီ မင်းကို ခေါ်ရတာ သား။ အဓိက,က သားရဲ့ဘတ်ဒေးမှာ သားလက်တွဲရမယ့် မိန်းကလေးကို မေမေ သားနဲ့ မိတ်ဆက်ပေးဖို့ စီစဉ်ထားတယ်ဆိုတာ သား သိဖို့ပဲ"

မာမ့်စကားတို့က ဒီနေရာမှာ အဆုံးသတ်သွားပြီဖြစ်သည်။ အဲဒီတော့ သူ့ခေါင်းထဲမှာ သိထားရမှာ တစ်ခုသည် မာမီစီစဉ်ထားတဲ့ မွေးနေ့ပွဲမှာ သူလက်ထပ်ရမယ့် လန်ထွက်ကာ အရည်အချင်း ဓိုးရိုးပါဆိုတဲ့ မိန်းကလေးကို သူ စောင့်ကြည့်ရမည်ပဲ ဖြစ်လေသည်။

❦ ❦ ❦





BURMESE CLASSIC

မြရဲရဲက ကားပေါ်တက်ခါနီးမှာ အဝေးကိုတစ်ချက်ချက်လုံးကစားမိသလို ဖြစ်သွားလျှင် တိုက်ခန်းလှေကားတစ်ခုကနေ ဆင်းလာသော အမျိုးသမီးတစ်ဦးကို လှမ်းမြင်လိုက်၏။ ဟင် ...။ မြက တူပါတယ် ဆိုသော စိတ်ခံစားမှုမှတစ်ဆင့် သေချာကြည့်လျှင် တကယ့်ကို ချွတ်စွပ်တူနေတာကြောင့် အံပြေးအလွှား သွားခေါ်ရလေသည်။

"ခခဇော် ... ခခဇော်။ ဟဲ့ ... ဇော် ... နင် ခခဇော် မဟုတ်လား"

မြရဲ့ ဝမ်းသာအားရ လှမ်းခေါ်အမေးမှာ ဇော်က မျက်မှောင်တစ်ချက်ကြုတ်၍ မြကို ပြန်ကြည့်သည်။ လူတော့ မမှားဘူးဆိုတာ အသေအချာပဲဖြစ်၏။

"မြ ... မြရဲရဲ။ ဟုတ်တယ်မှလား"

ဇော့်ရဲ့ ပြန်လည်တုံ့ပြန်မေးခွန်းမှာ မြက အတော်ကို ပျော်ရွှင်လို့ သွားလေသည်။ မတွေ့ရတာ အင်မတန်ကြာပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော သူငယ်ချင်းဟောင်း တစ်ယောက်ကို ရုတ်တရက်ကြီး တွေ့လိုက်ရတာဟာ ဝမ်းသာစရာပဲ ဖြစ်၏။

"ဟုတ်တယ်လေ။ ငါ နင့်သူငယ်ချင်း မြရဲ့"

"ဟယ် ... ဝမ်းသာလိုက်တာဟယ် မြရယ်။ ငါတို့တွေ မတွေ့ဖြစ်တော့လောက်ဘူးလို့တောင် ငါက ထင်ထားတာ။ ကြည့်စမ်းပါဦးဟယ်။ နင် တော်တော်လေးကို လှလာတာပဲ"

"အမယ်လေး။ အရင်အတိုင်းပါပဲဟယ်။ အေးဟယ် ... ငါတို့တွေ မဆုံဖြစ်ကြတာ ကျောင်းပြီးကတည်းကဆိုတော့ ကြည့်ပါဦး။ အချိန်တွေ ဘယ်လောက်တောင် ကြာသွားပြီလဲ။ နင် အခု ဘယ်သွားမလို့လဲ။ အချိန်ရတယ်ဆို ငါတို့ တစ်ခုခုစားရင်းသောက်ရင်း စကားပြောကြရအောင်လေ"

"အေး ... အချိန်ရတယ်။ ငါက ဟိုဘက်ရပ်ကွက်မှာ အကြွေးသွားကောက်မလို့။ ကိစ္စမရှိဘူး။ နင်နဲ့ပဲ သွားမယ်လေ"

"လာ ... ငါ့မှာ ကားပါတယ်"

မြက ဇော့်ကို လက်တွဲခေါ်လာကာ ကားပေါ်တက်စေပြီး ဒီနားက ဆိုင်တစ်ခုမှာ ဝင်ထိုင်ဖို့ မောင်းချလာခဲ့သည်။ ဆိုင်ထဲရောက်မှပဲ မတွေ့ရတာ ကြာပြီဖြစ်တဲ့ သူငယ်ချင်းနှစ်ယောက် စကားတွေ ဖောင်ဖွဲ့နေတော့သည်။





"ဇော်ရယ် ... နင့်တို့တွေ စစ်ကိုင်းဘဲ ပြောင်းသွားတယ်လို့ ငါက မိုးအေးတို့ဆီက ကြားတယ်။ အဲဒီနောက်ပိုင်း ငါ နင့်သတင်းတွေ မကြားတော့ဘူး။ နင် အခု အိမ်ထောင်ကျနေပြီလား"

"အမယ်လေး။ မဦးမချွတ်အေ ... ငါက အရင်လို အပျိုလေးပဲ။ အဲ ... ဒါပေမဲ့ အပျိုလေးထက် serviece ရင့်သွားတဲ့ အပျိုကြီးစာရင်းဝင် ဖြစ်သွားပြီပေါ့ဟယ်။ ငါ့ပဲ မေးနေတယ်။ နင်ကကော ကလေးဘယ်နှယောက်ရှိပြီလဲ"

ငယ်ကျင့်မပျောက်စွာ ပြောလိုက်ရင်း တဲ့လွှတ်တတ်သော ဇော့် အကြောင်းကို သိနေသူပီပီ မြက ဟက်ဟက်ပက်ပက် ရယ်လိုက်ရင်းက ...

"ဟား ဟား ... အမယ်လေး ဇော်ရယ်။ နင်က ငါ့ကို အထင်ကြီးနေပြန်ပြီ။ ငါလည်း အပျိုကြီးပါဘဲဟယ်။ နင်နဲ့ ဘဝတူပဲ"

"ဟယ် ... တကယ်။ ဟယ် ... နင်က ဒီလောက်လှတဲ့ဟာ။ ဘာလို့ ယောကျ်ားမယူတာလဲ"

"ဟဲ့ ... မိဇော်။ နင်ကတော့လေ။ ငယ်ငယ်တုန်းကလိုပဲ။ ဘာမှမပြောင်းလဲဘူး။ လှတာနဲ့ပဲ ယောကျ်ားက ယူရတော့မှာလား။ အဲ့ဒါဆို နင်ကျတော့ကော"

www.burmeseclassic.com



"ငါက မလှပါဘူးဟယ်။ ပြော် ... နောက်ပြီး ငါက ငယ်ငယ်တုန်းကလိုတော့ မတူတော့ဘူး။ အရင်တုန်းက ငါက ဗွာပဲဗွာတာ။ အခုတော့ ကက်ကက်လန် ရန်တွေ့ တတ်နေပြီ။ ငါက ခုနက နင်နဲ့တွေ့တဲ့ တိုက်ခန်းဒုတိယ ထပ်မှာ နေတာလေ။ ဟိုဘက်ရပ်ကွက်တွေက သာမန် လက်လုပ်လက်စားတွေဆိုတော့ သူတို့ကို နေ့ပြန်တိုးချေး တယ်။ အတိုးပေ့ စားတာယ်ပေါ့ဟယ်။ နင်ကော ဘာတွေ လုပ်နေလဲ"

မြက ဇော့်ရဲ့ ပွင့်ပွင့်လင်းလင်း ပြောစကားကြောင့် ပြုံးမိသွားသည်။ ဇော်ဟာ ဟိုးအရင်ကတည်းက သိပ်ပြီးပတ်ဝန်း ကျင်ကို ဂရုစိုက်တတ်တာ မဟုတ်ပေ။ အခုလည်း သူ့ကိုဘာတွေ လုပ်နေလဲ မေးကတည်းက ဇော် တစ်ယောက် မြ ဘာဆိုတာကို မသိတာဏ သေချာလေပြီ။ မြဟာ celebrity တစ်ယောက်နီးနီး တော့ လူသိများတာပဲ ဖြစ်သည်။ ယနေ့ model လောကရဲ့ trainer တစ်ယောက်အဖြစ် TV channel တွေရဲ့ ထုတ်လွှင့်ခြင်း တွေမှာ ခဏ ခဏ ပါနေသူတစ်ယောက်မို့ မြကိုဆို လူတော် တော်များများက သိကြပါသည်။ အခု ဇော် မသိဘူးဆိုကတည်းက ဇော် တစ်ယောက် စီးပွားရေးတွေ ဘယ်လောက်သောင်းကျန်နေ သလဲဆိုတာ သိသာပါသည်။





မြက ဇော့်အကြောင်း တွေးမိကာ ပြုံးလိုက်ရင်းကမှ ပြန်ဖြေလိုက်သည်။

"ငါက model trainer လုပ်နေတယ်လေ"

"ဟယ် ... ဟုတ်တယ်။ ကောင်းလိုက်တာဟယ်။ အဲဒါများ နင်က တစ်ခါတည်း မော်လ်ဒယ်လုပ်လိုက်တာ မဟုတ် ဘူး။ နင်က နဂိုကတည်းက ရုပ်ရှိပြီးသားဟာ"

"အမယ်လေး ... မိန်းမ မြှောက်မနေနဲ့။ အေးဟာ ... နင့် ကို အခုလို ပြန်တွေ့ရတာ တကယ်ဝမ်းသာတယ်။ ပြော် ကြည့်စမ်း ... မေ့နေတာ နင့်ကိုတွေ့ရင် ဝမ်းသာမယ့်သူ နောက်တစ်ယောက် ရှိသေးတယ်"

"ဘယ်သူတုံး"

"ဘယ်သူရှိရမလဲဟာ၊ ဟို ... ဒေါ်သန့်လေ"

မြ ပြောလိုက်တာနှင့် ဇော်က အားရဝမ်းသာစွာ သောပုံစံဖြင့် မြကို ပြန်ကြည့်ကာ ...

"ဟယ် ... စိမ်းလား။ နင်နဲ့ စိမ်းနဲ့က အဆက်အသွယ်ရှိ တယ်"

မြက ခေါင်းညိတ်ပြလိုက်သည်။ တကယ်တော့ စိမ်းနဲ့မြ ပြန်ဆုံတာ သိပ်မကြာသေးပေ။ ဆုံမယ့် ဆုံတော့လည်း တက္ကသိုလ်မှာ အတွဲဖြစ်ခဲ့ဆုံး သူငယ်ချင်းနှစ်ယောက်နဲ့ ရှေ့ဆင့် နောက်ဆင့် ဆုံရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ငါနဲ့ စိမ်းလည်း ပြန်ဆုံတာ သိပ်မကြာသေးဘူးဟ။ အမယ်လေး ... စိမ်းက အခုဆို အရမ်းကိုအောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်မကြီး ဖြစ်နေတာနော်။ သူ့ရဲ့ရတနာဆိုင်အတွက် Fashion Show ပွဲတစ်ပွဲလုပ်ဖို့ ငါ့ agency ကို လာအပ်ရင်းနဲ့ သူနဲ့ငါ ပြန်တွေ့တာ။ သူလည်း နင့်ကို ပြန်တွေ့ရင် သိပ်ဝမ်းသာမှာဟ။ ငါတို့တွေက မတည့်အတူနေတွေမှလား"

အဲဒါကတော့ ဇော်က ကျေကျေနပ်နပ်ကြီးကို ခေါင်းညိတ်လေ၏။ အဲဒါကတော့ ဟုတ်သည်။ ဇော်ရယ်၊ မြရယ်၊ ပြီးတော့ စိမ်းရယ် ဆိုတာဟာ တစ်ချိန်က တက္ကသိုလ်ရဲ့ နာမည်ကြီးတွေပဲ ဖြစ်ခဲ့သည်။ သုံးယောက်ဟာ မေဂျာမတူ သူငယ်ချင်းတွေဖြစ်ပြီး အင်မတန်လည်း ခင်ကြသလို အင်မတန်လည်း ရန်ဖြစ်တတ်ကြသူတွေ ဖြစ်သည်။

"ဟုတ်ပါ့ဟယ်။ နင်တို့တွေ အခုလိုမျိုး တိုးတက်အောင်မြင်နေကြတာတွေ တွေ့တော့ ဝမ်းသာလိုက်တာဟယ်။ ဒါနဲ့ စိမ်းကော အိမ်ထောင်ကျသွားပြီလား"

"ဟင့်အင်း ... သူလည်း အပျိုကြီးပဲဟ။ သိတယ်မှလား။ ငါတို့တွေက အမြဲ ကံတူအကျိုးပေးပဲဟာ။ သြော် ... ဒီလိုလုပ်။ လာမယ့်တနင်္ဂနွေကျရင် (......)ဟိုတယ်မှာ ငါနဲ့ စိမ်း ပေါင်းပြီး စီစဉ်တဲ့ fashion show ပွဲရှိတယ်။ ကား





ထဲမှာ ဖိတ်စာပါလာတယ်။ နင်လာခဲ့ဟာ။ စိမ်းနဲ့လည်း တွေ့ရတာပေါ့။ အခု သူက မနေ့က ဗန်ကောက်ခဏသွားလို့။ သန်ဘက်ခါမှ ပြန်ရောက်မယ်ဆိုလို့။ နင် show ပွဲကို သေချာပေါက် လာခဲ့နော်"

မြရဲ့စကားအဆုံးမှာ ဇော်ရဲ့မျက်နှာက နည်းနည်းလေး မှိုင်းသွားသည်။ ပြီးတော့ မြကို ကြည့်ကာ သက်ပြင်းတစ်ချက်ချရင်း ...

"မလာတော့ပါဘူးဟာ။ ငါက အဲဒီလိုပွဲမျိုးတွေလည်း တက်ဖူးတာ မဟုတ်ဘူးဟ။ နောက်မှပဲ အေးဆေးတွေ့မယ်လေ"

"အာ ... ဇော်ကလည်း မဟုတ်တာ။ ဒီပွဲက ငါတို့သူငယ်ချင်းတွေ ပြန်ဆုံစေတဲ့ အမှတ်တရပွဲလို့တောင် ပြောလို့ရတဲ့ဟာ။ လာခဲ့ပါဟ။ နင်ကလည်း"

"အေး ... အေးပါဟယ်။ ငါ ကြိုးစားပါ့မယ်"

ဇော်ရဲ့ကတိပေးမှုအဆုံးမှာ မြကတော့ တကယ်ပဲ ဝမ်းသာသွားရလေသည်။ စိမ်းရဲ့ Jewelry Show ပွဲကို အကြောင်းပြုပြီး သူငယ်ချင်းဟောင်းတွေ ပြန်ဆုံရမှာဟာ ပျော်ရာ အစီအစဉ်ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ( ၉ )

ဇော်က ရွှေရောင်စာလုံးတွေဖြင့် ခမ်းနားထည်ဝါစွာ ထွင်းကာ စာစီထားသော ဖိတ်စာလေးကိုဖတ်ကာ ရင်ထဲတော့ မောဟိုက်သွားလေသည်။ ကိုယ့်ရဲ့ကျောင်းနေဘက်သူငယ်ချင်း ဟောင်းရဲ့ပွဲကို လာပါနော် လာပါနော်ဆိုပြီး ဒီလောက် တကြော်ကြော်ပြောကာ ဖိတ်သွားတဲ့ မြရဲ့မျက်နှာက ရှိတာမို့ မသွားဖို့က တော့ မဖြစ်နိုင်ပေ။ ဒါပေမဲ့ သွားဖို့ကျပြန်တော့လည်း ဇော့်စိတ်ထဲမှာ မသွားချင်ပေ။ အဲဒီ ချိုတုံချတုံ ဒွိဟဖြစ်နေမှုအတွက် အမေကတော့ ဇော့်ကို သွားဖို့သာ တိုက်တွန်းလေ၏။

"မိဇော်ရယ်။ ကိုယ့်ရဲ့သူငယ်ချင်း အပေါင်းအသင်းက ဖိတ်ရင် သွားရမှာပေါ့ဟဲ့။ လူမှုရေး ရှိသေးတယ်လေ"

"သွားတာက ဟုတ်တယ် အမေရဲ့။ အသွားက ရပ်ကွက်ထဲက အလှူသွားသလို ရိုးရိုးလေးနဲ့ မပြီးဘူး"





"ဟင်း ဟင်း ... ငါ သဘောပေါက်ပါတယ် မိဇော်ရယ်။ ညည်းရဲ့မသိစိတ်ကိုက ကပ်စီးနဲ့ တွန့်တိုနေတာ။ ဒီမှာ မိဇော် ... ငွေ ဘာလို့ရှာတာလဲ"

မေမေက ဒီဘူတာဆီ လာဆိုက်ပြီဆိုတာ သဘောပေါက်ရတာမို့ ဇော်က မေမေ့မေးခွန်းကို ဘာမှမပြောပေ။ ဇော် ဘာမှမဖြေတော့ ဇော့်ရဲ့နောက်ကျောကို ဖြန်းခနဲ တစ်ချက်ရိုက်လိုက်ကာ ...

"မသိချင်ယောင်ဆောင်နေတဲ့ မိန်းမ။ မှတ်ထား။ ညည်း ငွေရှာတာ သုံးဖို့ဟဲ့။ သုံးဖို့။ ပိုက်ဆံတွေ နင်းရှာပြီး အဲဒီငွေတွေ မီးခံသေတ္တာထဲ ထည့်သာထားပြီး မသုံးလို့ကတော့ အဲဒီပိုက်ဆံတွေကို ပင်ပင်ပန်းပန်း ဘာလို့ရှာနေတော့မလဲ။ ငွေရှိနေလည်း ကုန်တာမှ မဟုတ်တာ ...

ညည်းအေ ... ကိုယ့်အသက်လည်း သုံးဆယ့်ငါးကျော်ပြီ။ အဘွားကြီးစာရင်းထဲ ဝင်တော့မယ်။ ကိုယ်ရှာထားတဲ့ငွေနဲ့ ကိုယ့်ဘာသာ ပြင်ပြင်ဆင်ဆင် နေစမ်းပါဦး။ ညည်း ဘာလို့ ညည်းသူငယ်ချင်းပွဲကို မသွားချင်လည်း ငါ သိတယ်။ ညည်း ဝတ်ဖို့ စားဖို့ ကုန်မယ့်ငွေကိုတွက်ပြီး နှမြောနေလို့မှလား"

"ဟာ ... မဟုတ်ပါဘူး အမေရယ်။ အမေ မသိပါဘူး။ ဒီလိုပွဲမျိုးဆိုတာက ပကာသနတွေ ပြည့်နေတဲ့ပွဲမျိုး အခြေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့။ သမီး ပိုက်ဆံဘယ်လောက်ပဲရှာရှာ သူတို့ ချမ်းသာတာကို မမီဘူး အမေရဲ့"

"အိုအေ ... အမြင့်က ကိုယ်မပိုင်တဲ့ဟာကိုယှဉ်ရင် အဲဒါ အရှုံးပဲ မိဇော်။ လူဆိုတာ သူ့အိုးနဲ့ သူ့ဆန်ပါအေ။ သူတို့ နေ့တိုင်း ပုစွန်တုပ်နဲ့ ထမင်းစားနိုင်ရင် ငါတို့ ကြက်သားနဲ့ စားနိုင်တယ်။ ငါတို့ ကြက်သားနဲ့ စားနေချိန် ချဉ်ရည် ငါးပိတို့စရာနဲ့ စားနေရတဲ့သူတွေ အများကြီး။ ငါ ဒါကြီးတော့ မစားနိုင်ဘူးဆို ငတ်သေရုံပဲရှိတယ်။ သူတို့ စားတဲ့ ဟင်းမျိုးစားချင်ရင် အဲဒီလိုဟင်း စားနိုင်ဖို့ လက်ရှိ ရှိနေတဲ့ဟင်းနဲ့ အာဟာရပြည့်အောင်စားပြီး အဲဒီဟင်းစားနိုင်အောင် ကြိုးစားတတ်ရတယ်။ ညည်းကလည်း လူတန်းစေ့နေနိုင် စားနိုင်နေတဲ့သူပါ မိဇော်ရယ်။ အလကားသက်သက် အတွေးခေါင်နေတာ"

မေမေက ဇော့်ကို ဩဝါဒတွေ ခြွေနေစဉ်မှာပင် တံခါးဘဲလ်လေးက မြည်လာကာ တံခါးဖွင့်ဝင်လာသူက ကျော်ဇင် ဖြစ်လေ၏။

"မဇော်ရေ ... ကျွန်တော် ဝင်လာပြီနော်။ ဒီသားအမိတွေ ဘာတွေ စကားများနေတာလဲ။ အပြင်ကတောင် ကြားရတယ်။ ဘာလဲ ... အန်တီထွေး၊ မဇော်က အန်တီထွေးပေးစားတဲ့ယောကျ်ား မယူဘူးတဲ့လား"





ကျော်ဇင်က ဇော့်ထက်စာရင် မေမေ့ကိုတော့ ခင်မင်နေသူမို့ လှမ်းနောက်လိုက်လျှင် ဇော်က ထုံးစံအတိုင်း မျက်နှာသားတင်းတင်းဖြင့် လှမ်းဟောက်လိုက်ရသည်။

"ဟဲ့ ... ကျော်ဇင်။ နင်ဟာလေ ပြောတာကိုက နောက်ချွတ်ချွတ်နဲ့။ တိတ်စမ်း ... နင် အခုဘာလာလုပ်တာလဲ"

"အစ်မအတွက် အတိုးလာပို့ပေးတာ။ ရော့ ... ဒီမှာ နှစ်သောင်းနော်။ ကျွန်တော် တစ်လတစ်ခါ မှန်မှန်ပေးတယ်နော် အစ်မ။ လတောင်မကုန်သေးဘဲ တမင်စောပြီး လာပေးတယ်နော်"

ဇော်က ကိုယ့်ရဲ့မင်္ဂလာအတိုးလေးကို ပြုံးရွှင်စွာဖြင့် လှမ်းယူလိုက်သည်။ အမယ်လေး ... လူတိုင်းသာ ဒီလိုမှန်နေရင် ဇော်လည်း တင်းနေတဲ့ မျက်နှာကြောတွေ လျှော့ပေးမှာပေါ့။ သူတို့မမှန်လို့သာ ဇော့်မှာ မျက်နှာက ချီထားပြီး တင်းထားရတာ အော်တာ ဟစ်တာနဲ့ ဘီလူးဆိုင်း တီးနေရတာဖြစ်သည်။

"အန်တီထွေး ... နေကောင်းတယ်မှုလား။ ကျွန်တော် နောက်နေ့မှ အန်တီထွေးအတွက် ပန်းဖို့ သစ်ခွတွေ လာပို့ပေးဦးမယ်။ ကျွန်တော် စိုက်ထားတာ အများကြီးပွင့်နေပြီ"

"အေး ... အေး ... ကျေးဇူးပါပဲ ကျော်ဇင်ရယ်။ တကူးတကချည်း လာမပို့ပါနဲ့။ သစ်ခွဆိုတာမျိုးက ပွဲတက်တာ



www.burmeseclassic.com

www.burmeseclassic.com



တက်ပန်ဖို့အတွက် ကောင်းတာ၊ ဒီအတိုင်းကြီး မခူးပစ်လိုက်နဲ့။ အန်တီထွေး အလှူမင်္ဂလာဆောင်သွားစရာရှိမှ လာတောင်းမယ်။ လောလောဆယ် မင်းအစ်မကီစ္စနဲ့ ခေါင်းစားနေရတယ်"

"ဘာဖြစ်လို့လဲ အန်တီထွေးရဲ့။ မဇော်က ဘာဖြစ်လို့လဲ"

မေမေကတော့ ထုံးစံအတိုင်း သမီးကို အားမလိုအားမရဖြစ်တိုင်း အပြင်ကို ဖွင့်ချကာ အထုပ်ဖြေပြနေကြမို့ မေမေတို့စကားဝိုင်းထဲ ဝင်မပါဘဲ ကိုယ့်ဘာသာကိုယ် ပိုက်ဆံထိုင်ရေနေလိုက်သည်။

"ဘာဖြစ်ရမလဲ ကျော်ဇင်ရယ်။ သူ့သူငယ်ချင်းတစ်ယောက်က စီစဉ်တဲ့ fashion show ပွဲဆိုလား ဘာဆိုလားအေ။ အဲဒါကို သူ့ဖိတ်ထားတာ။ အဲဒါ ပွဲမတိုးတဲ့ မိန်းမက မသွားဘူး တကဲကဲ လုပ်နေလို့။ အဲဒါ ငါနဲ့ ရန်ဖြစ်နေရတာ။ သူက ဒီရပ်ကွက်မှာပဲ ကျယ်ရဲ့တာ"

"အမေရယ် ... အဲဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ။ အမေပြောသလို သူ့အိုးနဲ့ သူ့ဆန်လေ။ အဲလို ဟိုတယ်တွေဘာတွေ ပွဲတက်တယ်ဆိုတာ ခမ်းခမ်းနားနား ဝတ်ရစားရတာ။ မသွားချင်ပါဘူး အမေရာ"

"ဩော် ... မဇော်ကလည်း အဲဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ။ သွားတော့ သွားရမှာပေါ့။ အစ်မက မသွားချင်ဘူး





ဆိုတာ သိပ်သွားလေ့သွားထ မရှိလို့ပါ။ ဟိုတယ်တွေမှာ ပွဲလုပ်တယ်ဆိုပေမယ့်လည်း ဒီလိုပဲ သူလို ငါလို ဝတ်စားပြီး တက်နေတာပါ။ ပျံလန်နေတယ်ဆိုတာ မရှိပါဘူးဗျာ။ ဩော် ... ဒီလိုလုပ်ပါလား။ မဇော်က တစ်ယောက်တည်းသွားရမှာဆိုတော့ နည်းနည်းအမ်းတမ်းတမ်း ဖြစ်နေတာပါ။ မဇော်လည်း အဖော်ရသွားအောင် ဟိုကောင် ရှေးကို လိုက်ခဲ့ပေးဖို့ အကူအညီ တောင်းလိုက်ပါလား။ မဇော်ပြောတယ်ဆိုရင် သူ ကူညီပေးမှာပါ။ ဒီကောင်ကြီးနဲ့သာဆို မဇော် အေးအေးဆေးဆေး သွားလို့ရတယ်"

ကျော်ဇင်က အကြံပေးသောအခါ ဇော်က ရှေးဘုန်းကံ ဆိုတာကြောင့် ဇော့်ကြောင့် ခေါင်းအရိုက်ခံရသည့်အတွက် ဘယ်လိုအကူအညီးတောင်းမလဲ။ ပြီးတော့ ဇော်နဲ့က အဲဒီလောက်ထိ သိကျွမ်းခင်မင်မှုမှ မရှိတာ။

"ဟယ် ... ပေါက်ကရ။ ကျော်ဇင် ... နင်ဟာလေ။ ပြောလိုက်ရင်မှ တလွဲကြီးပဲ။ အဲဒီလိုပွဲတက်သွားတာ ငါက ရှေးဘုန်းကံကို ခေါ်စရာလား။ တော်တော် ... နင်အခုလာတာ အတိုးလာပေးတာ မဟုတ်လား။ ပေးပြီးရင်ပြန်တော့။ ပိုက်ဆံလည်း ပြည့်တယ်။ ပြန်တော့ ... ပြန်တော့"

ဇော်က ခပ်သွက်သွက်လေး ပြောကာ ကျော်ဇင့်ကို ပြန်နိုင်းလိုက်လျှင် ကျော်ဇင်က ရူပွပွ ပြန်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



“အစ်မကလည်း ကျွန်တော်က တကယ်ပြောနေတာပါဗျ။ ရှေးဆို အစ်မနဲ့အတူတူ သွားပေးမှာ”

“ဟဲ့ … နင်တော့ ငါ့မှာ သွားဆို မသွားဘူး။ ရှည်ကြော နေတယ်”

“သွားပြီဗျို့။ သွားပြီ။ အန်တီထွေး မဇော်ကို ရအောင် ပြောနော်”

ကျော်ဇင်က ပြောရင်း ဆိုရင်း ထွက်သွားသောအခါ မေမေ တစ်ယောက်ဟာ ဇော်ကို ပြဿနာရှာတော့တာဖြစ်သည်။

“အဲဒါပြောတာပေါ့။ ကိုယ့်ဘာသာကျတော့ အပြစ်မရှိဘူး။ သူများကျတော့လည်း အားမကိုးချင်ဘူး။ ညည်းဟာလေ ရှေ့ကလည်းမသွား နောက်ကလည်း မနေတဲ့ တကယ့် ဂဏန်းမ။ မောင်ကျော်ဇင် ပြောတဲ့ အဲဒီကောင်လေးကိုပဲ အကူအညီ တောင်းလိုက်ပါလားအေ”

“အာ … အမေကလည်း။ မတောင်းချင်ပါဘူး။ တောင်းရ အောင် အဲဒီကောင်လေးက သမီးနဲ့ ဘာမှကို မရင်းနှီးဘူး။ စိတ်ညစ်ပါတယ်။ ဟိုအမွှေကောင်က လာမွှေသွားသေး တယ်”

“ဟဲ့ … ဘာမှမမွှေဘူး။ ကျော်ဇင် ပြောတာ မှန်တယ်။ သူက မိတ်ဆွေကောင်းပီပီ ဖြစ်နိုင်တာကို စဉ်းစားပေးသွား တာ။ ညည်းမှာ အားကိုးအားထား မရှိလို့ သူက အကူအညီ





တောင်းလို့ရတဲ့သူကို ညွှန်ပြသွားတာကို ညည်းက ဖြစ်ရ သေးတယ် မိဇော်ရယ်”

ဇော်က နောက်ဆုံး ဒီဘူတာပဲ ဆိုက်တာကြောင့် မျက်နှာကို မဲ့ရွဲ့ရင်း မေမေ့ကို ကတိပေးကာ နောက်ဖေးထဲ ခပ် သုတ်သုတ် ဝင်လာခဲ့တော့သည်။

“ကဲ … တော်ပါတော့ မေမေရယ်။ မေမေ သွားစေချင် တယ်ဆို သွားပေးမယ် ဟုတ်ပြီလား”

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ မွေးစိန့်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**



www.burmeseclassic.com

www.burmeseclassic.com



ရန်ကင်းစင်တာထဲမှာ ဟိုကြည့် ဒီကြည့်ဖြင့် ဇော်က လိုက်ကြည့်ကာ အဝတ်အစားတွေ ရွေးနေမိသည်။ ဈေးတွေက လည်း ခေါင်ခိုက်နေတာပါပဲ။ ဇော်က ဟိုဟာဝယ်ရနိုး၊ ဒီဟာ ဝယ်ရနိုးဖြင့် လိုက်ရှာနေတုန်း ဖုန်းလေးမြည်လာလေသည်။ ဇော်က ဈေးဝယ်နေရင်း ဖုန်းလှမ်းကိုင်လိုက်သည်။

"ဟယ်လို"

"မမဇော် ... ကျွန်တော် ရွှေဘုန်းကံပါ။ မမ အခုဘယ် မှာလဲ"

ရွှေဘုန်းကံ။ ဇော်က အဲဒီနာမည်ကို ကြားရလျှင် မျက်ခုံးနှစ်ခုက အလိုလို တွန့်ချိုးမိသွားသည်။

"ဘာကိစ္စရှိလို့ ဖုန်းဆက်တာလဲ"

"အယောင် ... ဒီလိုပါ။ မမ တစ်ယောက်တည်း အပြင် သွားနေတယ်ဆိုလို့ ကျွန်တော်လည်း ဒီနေ့ အားနေတာ နဲ့လေ။ မမ အခု ဘယ်မှာလဲ"





"ဒီမှာ ... ငါ့ဘာသာ ဘယ်ရောက်ရောက် မင်းနဲ့ဘာဆိုင် လဲ"

"စိတ်မဆိုးပါနဲ့ မမရယ်။ အထင်မလွဲပါနဲ့။ မမရှိတဲ့နေရာ ကို မေးတယ်ဆိုတာ ကျွန်တော့်မွေးနေ့ဖိတ်စာလေး လာ ဖိတ်ချင်လို့ပါ"

ဟား ... လာပြန်ပြီ။ များမြလှသည့် လူမှုရေးတွေ။ ဇော်က စိတ်ရှုပ်စွာဖြင့် လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်း ဘာ မှပြန်မပြောဘဲနေလျှင် ရွှေဘုန်းကံက ဆက်ပြောလေသည်။

"ဟယ်လို မမ။ ကျွန်တော် မေးနေတယ်လေ။ မမ ဘယ် နားမှာလဲ"

"ရန်ကင်းစင်တာမှာ"

"wow ... အဲဒါဆို အဆင်ပြေတာပေါ့။ ကျွန်တော်က အခု ဆရာစံလမ်းမှာ။ မမဆီ လာခဲ့လိုက်မယ်။ ခဏလေး စောင့်နော် မမ"

ရွှေဘုန်းကံက သူ့ဘာသာ ပြောချင်ရာပြော၍ ဖုန်းချသွားလေတော့သည်။ အင်း ... ဒီကောင်လေးနဲ့တော့ ခက်တော့တာပဲ။ ဇော်က အခုမှတော့ မထူးပြီမို့ လာချင်လည်း လာပစေဆိုတဲ့ စိတ်ဖြင့် ဖုန်းကို အိတ်ထဲပြန်ထည့်ကာ ဈေးပတ် နေလိုက်သည်။ ခဏကြာတော့ ရွှေဘုန်းကံက ဇော်ရှိနေရာသို့ မဆိုင်းမတွပင် ရောက်လို့လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ … ကျွန်တော် နောက်မကျပါဘူးနော်"

ဇော်က ချာတိတ်ရဲ့သွက်လက်တက်ကြွမှုကို ငေးကာ စိတ်ပျော်ရွှင်မှု တစ်ခုတော့ လှစ်ခနဲ ရလေသည်။ ချာတိတ်ဟာ အပြင်ကနေ ပြန်လာတဲ့ဟန်မျိုးဖြစ်၏။ အနက်ရောင် ဂျက်ပြတ်ကို အပေါ်က အနက်လက်ပြတ်ကုတ်ပဲ ပြန်ထပ်ဝတ်ကာ ဂျင်းဘောင်းဘီ ဝတ်ထား၍ လတ်ဆတ်နေသော လူငယ်တစ်ယောက်အသွင် ပေါ်လေသည်။ ကောင်လေးက ဇော် ဘယ်လောက် ဘုကန့်လန့်ပြောပြော သူ့ရဲ့ပင်ကိုစိတ်ရင်းလေးကိုက ခင်တတ်တဲ့သူမျိုးမို့ ဇော်လည်း ခင်မင်စိတ်လေးတော့ ဖြစ်မိလေသည်။

"မင်းက ဘယ်လိုဖြစ်ပြီး ဒီရောက်လာတာလဲ"

"ဟောဗျာ … ခုနက ဖုန်းထဲမှာ ပြောထားတဲ့ဟာ။ လာမယ့် မန်းဒေး 26 ရက်နေ့က ကျွန်တော့်ရဲ့ဘတ်ဒေး။ မမ သေချာပေါက် လာဖြစ်အောင် လာရမယ်နော်။ ဒီမှာ ဖိတ်စာ"

ဇော်က ဖိတ်စာကို လှမ်းယူလိုက်ပြီး ဖွင့်ဖတ်ကြည့်လိုက်သည်။ လူချမ်းသာရပ်ကွက်ရဲ့ ခြံထဲက ပါတီပွဲ ဖြစ်နေတာကြောင့် ဇော်က ဒီကောင်လေးရဲ့ အဆင့်အတန်းကို မှန်းဆလို့ရသွားသည်။

"တို့ လာဖြစ်မယ်တော့ မထင်ပါဘူး ရှေးဘုန်းကံရယ်"





"ဟာ … ဘာဖြစ်လို့လဲ မမကလည်း။ ကျွန်တော်က လာစေချင်လို့ အစောကြီး ကြိုဖိတ်ထားတဲ့ဟာ"

"မင်းမွေးနေ့က ညပိုင်းကြီးလေ။ တို့နေတဲ့နေရာနဲ့ မင်းအိမ်က ဝေးနေတယ်"

"ဟား ဟား … အဲဒီအတွက် ဖမ ဘာမှစိတ်ပူမနေနဲ့။ မမကို ကျော်ဇင်က အကြိုအပို့ လုပ်ပေးလိမ့်မယ်။ အဓိကက မမသာ လာပေးဖို့ပဲ"

အသေအချာကို စီစဉ်ပေးထားတာကြောင့် ဇော့်ဘက်က ငြင်းတော့ ခက်သွားလေသည်။ ဇော်က ဘာမှပြန်မပြောရသေးခင်မှာ ရှေးဘုန်းကံက စကားလမ်းကြောင်း လွှဲသွား၏။

"ဩော် … မမ ဈေးလာဝယ်တာ show ပွဲသွားမလို့ဆို။ ကျွန်တော့်ကို ကျော်ဇင် ပြောတာ။ မမက ဘယ်ပွဲသွားမှာလဲ"

ကျစ် … ကျော်ဇင်တို့ကတော့ မွှေလိုက်ပြန်ပြီဟေ့။ ဇော်က ရှေးဘုန်းကံနားထဲ အရောက်ပို့ပေးသွားသော ကျော်ဇင့်ကို စိတ်ထဲကနေ မေတ္တာပို့လိုက်ပြီးမှ မေးနေတဲ့မေးခွန်းကို မဖြေချင့်ဖြေချင် ဖြေပေးလိုက်ရသည်။

"သန်ဘက်ခါ (……)ဟိုတယ်က Jewerly show ပွဲကို သွားရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဟား ... တိုက်တိုက်ဆိုင်ဆိုင်ပဲ။ ကျွန်တော်လည်း အဲဒီပွဲကို သွားရမှာ။ အဖော်မရှိလို့ တစ်ယောက်တည်းဖြစ် နေတာ။ အဲဒါဆို ဒီလိုလုပ်လိုက်ပါလား။ မမနဲ့ကျွန်တော် အတူသွားလိုက်မယ်လေ။ အဖော်လည်း ရသွားတာပေါ့"

ဇော်က သူ့ကို မသက်သလို မျက်လုံးဖြင့် ကြည့်လိုက်သည်။ ဟုတ်ရဲ့လား။ ချက်ချင်းကြီးကို ဒီပွဲသွားစရာရှိလိုက်တယ်ဆိုတော့ ဒါဟာ သိပ်မဖြစ်နိုင်တဲ့ပုံစံ ဖြစ်နေတာကြောင့် ဇော်က သူ့ကိုကြည့်လိုက်လျှင် သူကလည်း ဇော် ဘာကိုဆိုလိုချင်တယ်ဆိုတာ သိနေသည့်အလား ဇော့်ကို အပြုံးဖြင့်ပြန်၍ တုံ့ပြန်ကြည့်ကာ ...

"ဘာလဲ ... မမက ကျွန်တော် စမာကလာရိုက်ပြီး ၅ီးနေတယ် ထင်လို့လား။ တကယ်ပြောတာ။ ကျွန်တော်လည်း အဲဒီပွဲသွားရမှာ။ ကျွန်တော့်ကိုလည်း ဖိတ်ထားတယ်။ အချိန်က ငါးခွဲလေ ဟုတ်တယ်မလား။ ဒါတွေကို မမ ကျော်ဇင့်ကို ပြောပြထားလို့လား"

အဲ ... အဲဒါတော့ ဟုတ်နေသည်။ ဒါဆို ရှေးဘုန်းကံလည်း အဲဒီပွဲ တက်ရမှာပေါ့။ တကယ်ပဲ ဆိုတော့ ဇော့်အတွက်တော့ ဟန်ကျသွားလေသည်။

"မင်း တကယ်ပြောနေတာလား ရှေးဘုန်းကံ"





"ဩော် ... မမရယ်။ Sure ။ အဲဒီပွဲမှာ show လျှောက်မယ့် မော်လ်ဒယ်တွေထဲမှာ ကျွန်တော့်ညီမလေးလည်းပါတယ်။ အဲဒါကြောင့် ကျွန်တော်လည်း သွားရမှာ။ ယုံ ... မမ။ အဲဒါကြောင့် ကျွန်တော်နဲ့ပဲ မမ အတူတူသွားလိုက်မယ်လေ။ အဲဒီလိုဆိုတော့ ကျွန်တော်လည်း ကြောင်တောင်တောင် မဖြစ်ဘူး။ မမလည်း ကြောင်မနေတော့ဘူး။ ဘယ်လိုလဲ။ လုပ်ပါ join လိုက်ပါ"

ဇော်က ရေကန်အသင့် ကြာအသင့် ရှိနေသော အခြေအနေအတွက် တကူးတကချည်း သိပ်စဉ်းစားမနေတော့ဘဲ ခေါင်းညိတ်လိုက်တော့သည်။

"ကောင်းပြီလေ။ အဲဒါဆို မင်းနဲ့ အတူသွားတာပေါ့"

"အိုခေ ... အဲဒါဆို မမကို ကျွန်တော် လာခေါ်မယ်။ အခု မမ shopping လာတာ ပွဲတက်ဖို့ shopping လား"

"အင်း ... ဟုတ်တယ်။ ဘာရွေးရမလဲ မသိတာနဲ့ ..."

"Don't worry ။ အဲဒီအတွက် ဘာမှမပူနဲ့၊ ကျွန်တော်က အဲဒါမျိုးဆို သိပ်အမြင်ရှိတာ။ ကျွန်တော် ရွေးပေးမယ် မမ"

ရှေးဘုန်းကံက လိုက်ခဲ့ဆိုပြီး တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ခေါ်သွားလျှင် အဲဒီတော့မှ ဇော့်မှာ ရင်မောရတာဖြစ်၏။ ဒီအဝတ်အစားတွေ သူ မရွေးပေးလည်း ကိုယ်နဲ့ ဘယ်ဟာက



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေတယ်ဆိုတာ သိတာပေါ့။ အခု ရှေးဘုန်းကံ တစ်ယောက် ရွေးလိုက်သည်မှာ တကယ့်ခေါင်တွေဖြစ်၏။ ငွေကြေး၏တန်ဖိုးကို နားလည်နေတဲ့ ဇော်ကတော့ အဲဒီလောက်ကြီး ငွေအကုန်မခံလိုပေ။ အဲဒါနှင့်ပင် ရှေးဘုန်းကံက မမ ဒါလေးလိုက်တယ်ဆို ဇော်က မကြိုက်ဘူး။ အရောင်က ဘာဖြစ်တယ်။ သိပ်ကလက်တာပဲ စသဖြင့် အရိုးများသေး ချေးခါးသေး လုပ်ကာ ပတ်ရှောင်ရသည်။ ကြာတော့ ရှေးဘုန်းကံလည်း ရိပ်မိသွားဟန်တူသည်။ ဇော့်အနားနားကပ်ကာ ခပ်တိုးတိုး လာပြော၏။

"မမ ... မမ မကြိုက်လို့လား။ ဒါမှမဟုတ် အပျိုကြီးမမက ကပ်စေးနှဲတာလားဟင်"

"ဘာ"

သူ့ရဲ့အမေးက ဇော့်ရဲ့ဒေါသ ငယ်ထိပ်တက်ဆောင့်စေကာ အနာပေါ်တုတ်ကျမေးခွန်း ဖြစ်တာမို့ ဇော်က ပိုက်ဆံအိတ်ကို ပုတ်ပြလိုက်ရင်း မခံချင်ဒေါသဖြင့် ဇော်က အပြတ်ပြောပစ်လိုက်သည်။

"ဘာကိစ္စ ငါက ကပ်စေးနှဲရမှာလဲ။ ငွေရဲ့တန်ဖိုးကို နားလည်တယ်ဟဲ့။ ဒီမှာ အပြည့်ပါတယ်။ မကြိုက်လို့မဝယ်တာ"

"ဟဲ ဟဲ ... စကားပြော မှားသွားတယ်ဆိုလည်း ဆောရီးပါ မမရာ။ ကျွန်တော်က ကြားဖူးတာလေးကို မေးမိတာ





ပါ။ အပျိုကြီးတွေကတဲ့ သူတို့ပိုက်ဆံအိတ်ကို အဝင်ပဲထားပြီး အထွက်အတွက်တော့ မထုတ်ချင်ဘဲ လက်တွန့်နေကြတယ်တဲ့"

ဇော်က ပြန်ရန်တွေ့မယ် အလုပ်မှာ ရှေးဘုန်းက ပြောင်စပ်စပ် မျက်နှာထားဖြင့် ...

"ဩော် ... ကြားဖူးတာပါ။ ကျွန်တော် သိတယ်။ မမက အဲဒီလို မဟုတ်ဘူးဆိုတာကို ... ဟဲ ဟဲ"

ရှေးဘုန်းကံက ဇော့်ရှေ့ကနေ ခပ်သုတ်သုတ် ကြို ထွက်သွားလျှင် ဇော့်မှာသာ ဒေါသတနုံ့နုံ့ဖြင့် ကျန်ခဲ့ရလေသည်။ မဖြစ်ဘူး... မဖြစ်ဘူး။ ဒီလိုကောင်လေးရှေ့မှာ ဇော့်ကို ကပ်စေးနှဲတယ်လို့တော့ အထင်ခံနေရလို့မဖြစ်ဘူး။ ဇော်က အရှက်ကွဲမှာလည်း အဖြစ်မခံနိုင်တာကြောင့် အိတ်ထဲက ဇော် အနှစ်နှစ်အလလ စုထားရတဲ့ ပိုက်ဆံလေးတွေကိုထုတ်ဖို့ စဉ်းစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၀ )

ကိုယ့်ရဲ့အောင်မြင်မှုကို ချီးမွမ်းတဲ့ပွဲ ဖြစ်တာကြောင့် စိမ်းက လာကြတဲ့ ဧည့်ပရိသတ်တွေကိုကြည့်ကာ သဘောတွေကျနေမိတော့သည်။ ကိုယ်ကိုယ်တိုင် ဧည့်ကြိုကောင်တာကနေ ရပ်စောင့်ကာ လာတဲ့ဧည့်သည် တစ်ယောက်ချင်းစီကို အပြုံးဖြင့် ကျေးဇူးတင်စကားပြောကာ နှုတ်ဆက်နေတာကြောင့် အားလုံးရဲ့ကြားထဲမှာ ကိုယ်က လင်းစတင်းဖြစ်အောင်ကို အစွမ်းကုန်ရှုပါ ဖွင့်ထားတာ ဖြစ်သည်။

"congratulation သူငယ်ချင်းရေ။ နင့်ရဲ့ပွဲကို media တွေကလည်း စိတ်ဝင်စားနေကြတာနော်"

မြကြ စိမ်းအတွက် အစစအရာရာ ကူညီပေးတာကြောင့်လည်း စိမ်းရဲ့ပွဲက ဒီလောက်အထိ ခမ်းနားလာရတာဖြစ်သည်။ စိမ်းအပြင်မှာ ဧည့်ခံနေတာမို့ အပြင်ထိ ထွက်လာကာ လာပြောသော မြကို စိမ်းက တကယ်ပဲ ကျေးဇူးတင်ရလေသည်။





"အဲဒါ နင့်ရဲ့ Organize ကောင်းမှုတွေလည်း ပါ,ပါတယ်။ ဩော် ... ဟဲ့ ... ဟိုမိန်းမလည်း အခုချိန်ထက်ထိ မလာသေးပါလား။ နင် သေချာ ဖိတ်ထားပါတယ်နော်"

ပြောနေရင်းမှ စိမ်းက ဒီပွဲကိုလာမယ့် သူငယ်ချင်းဟောင်း ဇော်ကို သတိသွားရကာ မေးရသေးသည်။

"လာမှာပါ။ ငါ သေချာပြောထားတဲ့ဟာ။ သူက နင်နဲ့လည်း တွေ့ချင်နေတာ။ သူ သေချာပေါက်ကိုလာမှာ။ ဟော ... ဟော ... ဟိုမှာ။ ပြောရင်း ဆိုရင်း လာပါပြီ"

မြက အားရဝမ်းသာစွာ ပြောနေရင်း မျက်နှာတစ်ချက်ညိုးသွားတာကြောင့် စိမ်းကပါ လှည့်ကြည့်မိလိုက်လျှင် မတွေ့ရတာကြာလှပြီဖြစ်သော ဇော်ကို တွေ့လိုက်ရလေသည်။ ဇော်နဲ့အတူတူ။ ဟင် ...။ စိမ်းက ကိုယ့်မျက်လုံးကို ဟုတ်ရဲ့လားရိုတာတောင် သံသယရှိမိသွားသည်။ ဇော်ဟာ မတွေ့ရတာကြာသွားပေမယ့် သိပ်ထူးထူးထွေထွေ ပြောင်းလဲမှု မရှိတာကြောင့် မှတ်မိနေသလို ဇော့်ဘေးက တစ်ယောက်ကိုလည်း စိမ်းက ကောင်းကောင်းကြီးကို သိနေခဲ့သည်။ ရှေးဘုန်းကံနဲ့ ဇော်က ဘယ်လိုဖြစ်ပြီး သိနေရတာလဲ။ စိမ်းက အဲဒီအတွေးတွေကို ခေါင်းထဲကနေ ခဏမေ့၍ သူငယ်ချင်းဖြစ်သူ ဇော့်ကို ဖက်လှဲတကင်း အားရဝမ်းသာစွာဖြင့် ခေါ်လိုက်သည်။

"နင် တကယ်လာတယ်နော်။ ပြန်တွေ့ရတာ အရမ်းဝမ်းသာတာပဲ သူငယ်ချင်းရာ။ နင် ဘာမှမပြောင်းလဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... နင်ကတော့ အရမ်းလှတာပါ စိမ်းရယ်။ မြ ... သိပ်လှနေတယ်နော်"

"ဟာ ... မမတို့သုံးယောက်က သိနေကြတာလား"

ရှေးဘုန်းကံ စကားသံက ထွက်လာလျှင် စိမ်းတို့သုံးယောက်လုံးက မထင်မှတ်ဘဲ သူ့ကို ဖြုန်းခနဲ လှည့်ကြည့်မိသွားသည်။ ရှေးဘုန်းကံဟာ အပြုံးချိုချိုဖြင့် စိမ်းတို့ရဲ့ခင်မင်မှုကို ငေးကြည့်နေတာကြောင့် စိမ်းက မြန့်ပါ ခင်မင်တယ်ဆိုတာ သိလိုက်စွာဖြင့် ခေါင်းညိတ်ပြလိုက်ရင်း ...

"ဟုတ်တယ်။ တို့သုံးယောက်က ကျောင်းနေဖက်သူငယ်ချင်းတွေလေ။ မင်းကကော ဇော်နဲ့ကော မြန့်ပါ သိနေတာလား"

"ဟုတ်တယ်။ တိုက်ဆိုင်လိုက်တာဗျာ။ မမတို့ သုံးယောက်ကလည်း သူငယ်ချင်း ဖြစ်နေရတယ်လို့။ ဒါဆိုလို့ရှိရင်တော့ ကျွန်တော် မမတို့သူငယ်ချင်းသုံးယောက်စလုံးကို ကျွန်တော့်မွေးနေ့ကို ဆက်ဆက်တက်ရောက်ချီးမြှင့်ပေးပါလို့ ကျွန်တော်က သေချာ ထပ်ဖိတ်ပါတယ်ဗျာ"

"လာခဲ့ရမှာပေါ့ ရှေးဘုန်းကံရယ်။ မင်းက တို့သုံးယောက်နဲ့ တစ်ယောက်တစ်မျိုးစီ ခင်မင်နေတဲ့သူဆိုတော့ လာကို လာခဲ့ရမှာပေါ့"





"အေးဟယ်။ စိမ်း ပြောသလိုပဲ။ တိုက်ဆိုင်လိုက်တာ။ ငါတို့သုံးယောက်နဲ့ တစ်ယောက်တစ်မျိုးစီ သူနဲ့သိနေကြတယ်လို့"

"ဟုတ်ပါ့မယ်။ ငါလည်း ပွဲတက်ဖို့ သူ့ကို အဖော်ခေါ်လာရတာ။ အခုတော့ အားလုံးနဲ့ သိနေတော့ ကောင်းတာပေါ့ဟယ်"

စိမ်းတို့သုံးယောက်ရဲ့ comment သုံးခုအတွက် ရှေးဘုန်းကံက ပြုံးမြမြမျက်နှာထားဖြင့် တစ်ခွန်းတည်းသာ ပြောလေသည်။

"ရေစက်ပါလာတယ်လို့ပဲ ပြောရမှာပေါ့ မမတို့ရာ"

အဲဒီနေ့က ပွဲနေ့ဖြစ်နေတာမို့ စိမ်းတို့တွေ သိပ်လည်း စကားရှည်ရှည်ဝေးဝေး ပြောလို့မရခဲ့ချေ။ အဲဒီလောက် အတိုင်းအတာလောက်သာ ပြောပြီး၊ ရေစက်ပါလာတယ်ဆိုတဲ့ ကံတရားကို ယုံးမယ်ဖွဲ့ အံ့သြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com





မြားနတ်မောင် ပစ်ချက်ကြောင့်
ရည်းစားရလေတော့
အဆင်ပြေနေတဲ့ အချိန်တွေများကြတော့
camera 360 နဲ့ Selfie ဓာတ်ပုံရိုက်ရသလိုမျိုး
ဘယ်လိုပဲဖြစ်ဖြစ် အပြစ်မမြင်ဘဲကို လှနေတော့တာ။
စိတ်ကောက်နေတဲ့ အချိန်မျိုးကျပြန်တော့
ရိုးရိုး Camera နဲ့ Selfie ဓာတ်ပုံရိုက်ရသလို
ဘယ်လိုဖြစ်ဖြစ် ကြည့်လို့မရအောင် ရုပ်ဆိုးနေလို့
မေတ္တာကို မရှိဘူး။

P.S ။ ။ Selfie = ရှေ့ကင်မရာဖြင့် ကိုယ့်ဘာသာကိုယ်
ဓာတ်ပုံပြန်ရိုက်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

သူ့ရဲ့ birtyday party မှာ သူ့အတွက်တော့ ရင်ခုန်စိတ်လှုပ်ရှားမှုတွေ ပြည့်နှက်လို့ နေပါသည်။ မာမီက သူနဲ့ လက်ထပ်ပေးဖို့ ရည်ရွယ်ထားပါတယ်ဆိုသော အမျိုးသမီးနဲ့ ဒီကနေ့မှာ သူ တကယ်ပဲ တွေ့ဆုံရမှာဖြစ်သည်။ အဲဒီအတွက် သူ့ဘက်က စိတ်လှုပ်ရှားမှုဆိုတာထက် ပိုသာတဲ့ဖီလင်မျိုး ခံစားရတာဖြစ်သည်။ သူ့ရဲ့ဘတ်ဒေးအတွက် မာမီက အနောက်တိုင်းဝတ်စုံပြည့်ကို သူဝတ်ဖို့အတွက် special စီစဉ်ထားတာကြောင့်ရှေးက Free style party ဒီဇိုင်း မဟုတ်တော့ဘဲ formal ကျကျ ဝတ်စားဆင်ယင်ပြီးနောက် သူ အောက်သို့ ဆင်းလာတဲ့အချိန်မှာ မာမီက သူ့ကို ခြံထဲမဆင်းခိုင်းဘဲ ဧည့်ခန်းထဲအရင်ခေါ်ကာ ထိုင်ခိုင်းစေ၏။

"ဘာဖြစ်လို့လဲ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"သားကို ပီတိနဲ့ မိတ်ဆက်ပေးမယ်လို့ မမေ ပြောထား တာ မေ့နေပလား"

မာမီ့စကားကို သူက ပြုံးလိုက်ရင်း ခေါင်းအသာ ညိတ်ပြလိုက်သည်။

"မမေ့ပါဘူး။ သား မေ့နေရင်တောင် မာမီက အမေ့ခံမှာ မှ မဟုတ်တာ။ အခု မိတ်ဆက်ပေးမှာလား မာမီ"

"ဟုတ်တယ် သား။ ပီတိရေ ... ထွက်ခဲ့ပါဦး"

မာမီ့ခေါ်သံ အဆုံးမှာ အနောက်ဘက် Slide Door တံခါးဖွင့်သံနှင့်အတူ ကောင်မလေးတစ်ယောက် ထွက်လို့လာ၏။ ရှေးက ကိုယ်နဲ့စီစဉ်ပေးချင်တဲ့ မိန်းကလေးဆိုတဲ့ mood တစ်ခုကို သွင်းကာ ထွက်လာတဲ့ ကောင်မလေးကို ကြည့်လိုက်မိသည်။ အင်း ...။

ဘယ်လိုပြောရမလဲ။

ဒီဘက်ခေတ်မှာ မိန်းကလေးတိုင်းက တစ်မျိုးစီ တော့ လှနေကြတာပဲဖြစ်သည်။ အခု မာမီ တွေ့ပေးတဲ့ ဖြိုးပီတိ ဆိုတဲ့ ကောင်မလေးကလည်း အဲဒီလို တစ်မျိုးတော့ လှတာပဲဖြစ် သည်။ Evening Gown အနီရဲရဲဂါဝန်ရှည်ကို ပေါ့ပါးစွာ ဝတ် ဆင်ထား၍ ဆံပင်တွေကို အနောက်သို့ အပြောင်လှန်တင်ကာ မျက်နှာကို ပေါ်လွင်အောင် ထားထားသည်။ မိတ်ကပ်လိမ်းခြယ် မှုမှာလည်း မာမီရဲ့ trend အတိုင်း ပုံသွင်းထားသူမို့ ဥရောပဆန်





စွာ ခပ်ပါးပါးဖြင့် ပြင်ဆင်ခြယ်သထားတာဖြစ်၏။ ရှေးက တခဏ ငေးကြည့်ပြီးနောက်မှာ မာမီက လုံလောက်သော အချိန် အတိုင်းအတာတစ်ခု ဖြစ်သည်အထိ သူ့ကို ကြည့်ခွင့်ပေးပြီးနောက် တွင် စတင်မိတ်ဆက်ပေး၏။

"သား ... ဒါ ဖြိုးပီတိလေ။ မလှဘူးလား။ မေမေ့အတွက် သမီးအရင်းလေးလို ချစ်စရာကောင်းတဲ့ ကလေးပေါ့ ...

သမီး ... သမီးကတော့ အထူးတလည် မိတ်ဆက် ပေးဖို့ မလိုပါဘူး။ ဒါ မေမေ့ရဲ့တစ်ဦးတည်းသော သား လေး ရှေးဘုန်းကံတဲ့"

"ဟုတ် ...။ အခုလို ပထမဆုံး အပြင်မှာစတွေ့ခွင့်ရတဲ့ အတွက် အများကြီး ဝမ်းသာပါတယ် ကိုကြီး"

သွက်လက်တက်ကြွစွာပင် သူ့ကို ပြန်လည်နှုတ် ဆက်တာမို့ ရှေးက ခေါင်းအသာဆတ်ပြလိုက်ကာ ...

"ဝမ်းသာပါတယ် ပီတိ"

"ကိုကြီးအတွက် ပီတိ birthday present စီစဉ်လာတယ်။ ဒီမှာ ... ဒါ ကိုကြီးကြိုက်တဲ့ ရေမွှေးလေးလေ။ HAPPY BIRTHDAY"

ရှေးက သူမပေးတဲ့ မွေးနေ့လက်ဆောင်ကို ယူလိုက် ရင်းက Thank You ပြောလိုက်သည်။ သိပ်တော့လည်း ထူးဆန်း နေပါပေ။ သူ ဘာရေမွှေးကြိုက်တယ်။ ဘာအစားအသောက်



www.burmeseclassic.com

www.burmeseclassic.com



မျိုး ကြိုက်တယ် ဆိုတာလောက်ကတော့ မာမိ ပြောပြထားတယ် ဆိုတာ သူ့ဘက်က အော်တို understood ပြီးသားဖြစ်သည်။

"ကဲ ... သားနဲ့သမီးကို မိတ်လည်းဆက်ပြီးသွားပြီဆို တော့ ဒါ ရင်းနှီးသွားကြပြီနော်။ နောက်လည်း အမြဲတွေ့ ဖြစ်ကြရမှာပဲဟာ။ ကဲ ... ပွဲစဖို့ အချိန်နီးနေပြီ။ သွားကြ မယ်လေ။ သမီးနဲ့သား အတူထွက်လာခဲ့နော်။ မေမေ အရင်သွားနှင့်လိုက်မယ်"

မာမိက ရှေ့ကနေ အရင်ဆုံး ထွက်လို့သွားလေ သည်။ ရှေးက ချက်ချင်းကြီး ဝုန်းဒိုင်းထသွားလို့လည်း မကောင်း ပြန်သေးတာမို့ သူက ယဉ်ကျေးမှုအရ ကောင်မလေးကို တစ်ချက် ပြုံးပြလိုက်သည်။ အဲဒီအတွက် ကောင်မလေးကလည်း သူ့ကို ကြည်ကြည်သာသာပင် ပြန်ပြုံးပြလေသည်။ သူက ဒီအချိန်မှာ ဒယ်ဒီ့ကိုပြေးပြီး သတိရမိသွားသည်။ ဒယ်ဒီက အရေးဟဲ့ အကြောင်းဟဲ့ဆို ဘယ်ရှာရမှန်းကို မသိတော့ချေ။ ဒီကို ညနေက တည်းက ရောက်လာတာဖြစ်ပြီး ရောက်ကတည်းက ဘယ်နေရာ မှာ နေနေလဲမသိ။ သူနဲ့ကို မတွေ့ရသေးပေ။

ဒယ်ဒီသာရှိရင် သူ့မှာ ဒယ်ဒီနဲ့ဝေါင်းပြီး တစ်ပါတီ ထောင်လို့ ရသေးသည်။ အခုတော့ ဘာမှကို အားကိုးလို့မရတော့ ပြီမို့ ရှေးက ကောင်မလေးကို နောက်တစ်ကြိမ် ထပ်ပြုံးပြလိုက် ရင်းက ...





"သွားရအောင်လေ ... လာ"

ရှေးက ကောင်မလေးကို ပြောလိုက်ရင်း သူ အရင် ဆုံး ရှေ့ကထွက်လာလိုက်၏။ သူ ခြံထဲရောက်တော့ ပွဲကစပြီ ဖြစ်သည်။ ရှေးက မာမိညွှန်သည်တွေကို လိုက်နှုတ်ဆက်ရင်း သတိထားမိလာတာကတော့ အဲဒီကောင်မလေးက သူနဲ့မလှမ်း မကမ်းမှာ လိုက်ရပ်နေတာပဲ ဖြစ်သည်။ ရှေးက အဲဒီလိုမလုပ်နဲ့။ ဝေးဝေးသွားနေလို့ ပြောဖို့ကလည်း မဖြစ်နိုင်သေးတာမို့ သူက ခေါင်းတော့စားသွားရသည်။ မာမ့်ကို ပြောဖို့ကျပြန်တော့လည်း မာမိက သူ့မိတ်ဆွေတွေနဲ့ စကားပြောနေကြတာဖြစ်သည်။ ရှေး က မသိကျိုးကျွန်ပြုကာ ညွှန်သည်တွေကို လိုက်ညွှန်ခံနေလိုက် သည်။ ခြံထဲသို့ ကားတစ်စီးဝင်လာတာကြောင့် အဲဒါဟာ မမစိမ်း ရဲ့ကားမှန်း သူ သိနေတာကြောင့် ရှေးက အဦးဆုံး ခရီးဦးကြို သွားပြုလေသည်။

"ဟား ... မမစိမ်း တကယ်လာတယ်။ ဝမ်းသာလိုက်တာ ဗျာ။ ဟား ... မမချိုပါ ပါလာတာပဲ"

"ဟုတ်တယ်လေ။ မွေးနေ့ရှင်က မဖိတ်ပေမယ့်လည်း ဒီက လာရတာပေါ့"

"အဟား ... မဟုတ်ရပါဘူးဗျာ။ မမချိုကို special ကြို ဆိုတယ် ဟဲ ... ဟဲ။ ကြွပါခင်ဗျာ။ မမ ... ကြွပါဗျ"

ရှေးက မမစိမ်းကို ကြိုဆိုလိုက်လျှင် ရှေးကို အပြုံး တစ်ချက်ဖြင့် ခေါင်းဆတ်ပြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... HAPPY BIRTHDAY ရှေးဘုန်းကံ။ Wish You All the Best"

ကတ္တီပါဘူးလေးကို သူ့ရှေ့သို့ ထိုးလိုက်တာကြောင့် ရှေးက အံ့အားသင့် ပျော်ရွှင်ရစွာ ကတ္တီပါဘူးလေးကို ဖွင့်ကြည့်လိုက်သည်။ wow ... တကယ်ကို ထင်မှတ်မထားသော လက်ဆောင်မို့ သူက အရမ်းအံ့ဩသွားရသည်။ ကနုတ်ပန်းဒီဇိုင်းစိန်ရင်ထိုးလေးဖြစ်သည်။ အဖိုးသိပ်တန်သော ပစ္စည်းမှန်း သူကသိနေတာကြောင့် အားနာရကာ ...

"ဟာ ... မမစိမ်းရာ။ အဲဒီလောက် တန်ဖိုးကြီးတဲ့ လက်ဆောင်ပစ္စည်းမျိုးကြီး ကျွန်တော် လက်မခံပါရစေနဲ့။ ကျွန်တော့်ဘတ်ဒေးကို မမစိမ်း လာတာနဲ့တင် မွေးနေ့လက်ဆောင်ပေးတာနဲ့ အတူတူပါပဲ"

"အဟင်း ဟင်း။ မင်းကတော့ တော်တော်စကားပြောတတ်တာပဲ။ ဘာပဲဖြစ်ဖြစ်လေ မွေးနေ့ရှင်ကို စေတနာနဲ့ သေသေချာချာ ရွေးပြီးပေးထားတာကို မငြင်းရဘူး။ ဒီရင်ထိုးလေးက မင်း မြန်မာဝတ်စုံ ရှပ်နဲ့ပုဆိုးဝတ်ရင် တပ်ပေါ့။ ဟိုနှစ်ယောက်ကော မလာသေးဘူးလား။ တို့တွေက မင်းမွေးနေ့ကို အကြောင်းပြုပြီး အေးအေးဆေးဆေး စကားပြောကြမလို့လေ"





"မလာသေးဘူး မမရဲ့။ လာပါလိမ့်မယ်။ မတ်တတ်ကြီး အားနာစရာ။ ကြွပါခင်ဗျ။ ကြွပါ။ မမချို ... ကြွပါဗျ"

သူက ဦးဆောင်ခေါ်လာကာ မမစိမ်းတို့ကို နေရာချထားပေးသည်။ မာမီကလည်း မမစိမ်းတို့ကို လှမ်းမြင်တာကြောင့် ဝမ်းသာအားရကို လာကြိုဆိုလေ၏။

"ဟယ် ... စိမ်း ရောက်နေတာကိုး။ စိမ်း ... အေးဆေးနော်။ အရမ်းလှနေတယ်"

"မမချစ်ကို မမီပါဘူး။ မမချစ်က ဘယ်အချိန်ကြည့်ကြည့် နုပျိုနေတာ"

"အဟင်းဟင်း။ စိမ်းကတော့ သိပ်ပြောတတ်တာပဲ။ ဟောဟိုမှာ ကိုမျိုးအောင်တို့ လာတယ်။ စိမ်းရေ ခဏလေးနော်။ ဟိုဘက်မှာ ဧည့်ခံလိုက်ဦးမယ်"

မာမီက ထွက်သွားလျှင် သူက မမစိမ်းကို ဧည့်ခံရလေသည်။ သူတို့ဝိုင်းကို ကျော်ဇင်နဲ့ မမဇော်က ရောက်လာတာမို့ သူက ပျော်ရွှင်စွာဖြင့် မမဇော်ကို ကြိုဆိုလိုက်သည်။

"ကျွန်တော့်မွေးနေ့ကို အခုလို ကြွရောက်ချီးမြှင့်ပေးတဲ့ မမဇော်ကို ကျေးဇူးပါဗျ"

"ရပါတယ် ရှေးဘုန်းကံရယ်။ မင်းမွေးနေ့ကို လာတော့ ကိုယ့်သူငယ်ချင်းဟောင်းတွေနဲ့ ပြန်တွေ့ရတာပေါ့။ စိမ်း ... မြကော မလာသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... လာနေပြီ ပြောတယ်။ ဟော ... ဟိုမှာ ... လာပါပြီ"

ရှေးက သူ့ရဲ့ဘတ်ဒေးကို ရောက်လာပေးတဲ့ မမြကို သူက အရင်ဦးဆုံး ကြိုဆိုလိုက်ကာ ...

"ကျွန်တော့်ရဲ့ဘတ်ဒေးမှာ အရမ်းကိုမိုက်တဲ့ ပန်းသုံးပွင့် ရောက်လာပြီဆိုတော့ တကယ် ပြည့်စုံသွားပြီဗျာ။ မမတို့ သုံးယောက်နဲ့ အခုလိုမျိုး ရင်းနှီးခင်မင်ခွင့်ရတာ အများကြီး ဝမ်းသာတယ်။ မမတို့ သုံးယောက်ကလည်း သူငယ်ချင်းတွေ ကျွန်တော်ကလည်း မမတို့ရဲ့ New Best Friend လေးဆိုတော့ စိတ်မဆိုးဘူးဆို အခွင့်အရေးတစ်ခု တောင်းချင်တယ်"

သူ့စကားကြောင့် မမသုံးယောက်က သူ့ကို အကဲခတ်သလိုကြည့်ကာ မမစိမ်းက စတင်မေးခွန်းထုတ်လေသည်။

"ဘာလဲ။ မင်းက ဘာကိုများ တောင်းဆိုချင်လို့လဲ"

"ဩော် ... ဒီလိုပါ။ မမတို့သုံးယောက်လုံး Viber သုံးတယ်မှလား။ အဲဒီတော့ ကျွန်တော်တို့ Group Chat လေးလုပ်ပြီး တစ်နေ့တာ ပင်ပန်းမှုကို Relax လုပ်တဲ့ သဘောမျိုး အမြဲတမ်း မဟုတ်တောင် တစ်ပတ်နှစ်ရက်လောက် ပြောကြဖို့ပါ။ မမတို့က ကိုယ့်အလုပ်ကိုယ်စီနဲ့ ပင်ပန်းနေတာမှလား"





"နေစမ်းပါဦး။ မင်းက ဘယ်လိုကြောင့် Viber မှာ Gorpu Chat ပြောချင်ရတာလဲ"

"မမြကတော့ နောက်ပြီ။ ကျွန်တော် ပြောပြီးပြီလေ။ Relax ပါဆို။ အခုလိုမျိုး ကျွန်တော့်မွေးနေ့ကို မမသုံးယောက်လုံး တက်ရောက်ပေးတာ အရမ်းကို ကျေနပ်တယ်။ ပြီးတော့ ကျေးဇူးလည်း တင်တယ်။ အရမ်းလည်းပျော်တယ်။ မမတို့ကို ကျွန်တော့်ရဲ့အရင်းနှီးဆုံး friend အဖြစ် သဘောထားမိသွားတဲ့ အထိကို ပျော်မိသွားလို့ပါ ...

Social Network တစ်ခုနဲ့ ပတ်သက်နေတော့ အပြင်ခင်မင်မှုကို ပိုတိုးစေတဲ့ သဘောပေါ့။ မဟုတ်ဘူးလား။ ဥပမာအားဖြင့် အရင်တုန်းက ချစ်သူစုံတွဲတွေဆိုရင် နေ့ဘက်တွေ့ ညခဏဖုန်းပြော။ ဒီလောက်ပဲလေ။ အခုလို Vibre တွေ၊ Facebook တွေ၊ Skype တွေပေါ်လာတော့ ဘယ်လောက်ဝေးဝေး နီးနီးလေးလိုပဲဖြစ်ပြီး ချစ်ခင်မှုကို ပိုတိုးစေတယ်လေ။ မဟုတ်ဘူးလား"

သူ့စကားကြောင့် မမသုံးယောက်က တစ်ယောက်တစ်မျိုးစီ ပြုံးစစတော့ ဖြစ်သွားလေသည်။

"ကိုကြီး ... ဟိုဘက်က ဦးက ခေါ်နိုင်းနေတယ်"

ဟာ ... ဖျက်တယ်ကွာ။ ရှေးက ဆက်လက်ကာ အလန်းဇယားခင်းမယ် ကြံရွယ်တုန်းမှာ သူ့ဘေးသို့ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကာ လာပြောသူကတော့ မာမီ့အချစ်တော်လေး ပီတိဖြစ်သည်။ ပီတိက သူ့ကို လာခေါ်တာမို့ သူက မလိုက်သွားပြန်လည်း မကောင်းတာကြောင့် ဖီးကျဲပြီး လိုက်လာရတော့သည်။

"မမတို့ ... ခဏလေးနော်။ ကျွန်တော် ခဏသွားလိုက်ဦးမယ်"

"အိုခေ ... ရတယ်။ ရတယ်။ အေးဆေး ... ဒီမှာ တို့သူငယ်ချင်းတွေ စကားပြောလိုက်ဦးမယ်"

သူက မမသုံးယောက်ရဲ့ ပါမစ်ရပြီးလျှင် သွားမယ့်အလုပ်မှာ အင်မတန်မှ ဖော်ရွေပျူငှာလေသော သူ့ရဲ့ဘောမှမအတွာ ဖြိုးပီတိက အပြုံးဖြင့် နှုတ်ဆက်လိုက်သေးလေသည်။

"သွားလိုက်ပါဦးမယ်နော် မမတို့။ ကိုကြီး ... လာ။ ဟိုဘက်မှာ"

ရှေးက ဘာလားဆိုတဲ့ အကြည့်သုံးခုကို မသိချင်ယောင်ဆောင်ကာ အပြုံးအားနည်းစွာဖြင့်ပင်ပြုံး၍ ပီတိနှင့်အတူ ထွက်လာခဲ့ရသည်။





"အဲဒီကောင်မလေးက မောင်လေးရှေးဘုန်းကံရဲ့ ရည်းစားလား မသိဘူးနော်"

ကျောခိုင်းထွက်သွားလေသော ရှေးဘုန်းကံနှင့် အဲဒီကောင်မလေးကိုကြည့်ရင်း ချိုချိုက သူမရဲ့အထင်ကို ပြောလိုက်လျှင် မမကြီးသုံးယောက်က အဲဒီကောင်မလေးဆီသို့ အကြည့်တွေ ရောက်သွားကာ တစ်ယောက်တစ်မျိုးစီတော့ ထင်မြင်ကြလေသည်။ ဟုတ်တယ်လို့ ထင်နိုင်သလို မဟုတ်ဘူးလို့လည်း တစ်နည်းယူဆလို့ ရနေတာမို့ အကဲခတ်သာ ကြည့်နေလိုက်သည်။

"မမတို့ ထိုင်ကြဦးလေ။ ချို ... မမတို့အတွက် အအေးသွားယူလိုက်ဦးမယ်"

ချိုက ဘူဖေးပါတီထဲသို့ သွားချိန်မှာ စိမ်း၊ မြနှင့်ဇော်တို့က မတွေ့ရတာကြာပြီဖြစ်စွာ အခုမှ စကားစပြောဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့တွေလည်း မဆုံတာ တော်တော်တောင် ကြာပြီနော်။ ရှေးဘုန်းကံနဲ့ ပတ်သက်ပြီး ပြန်လာဆုံနေရတာက သူ ပြောသလို တိုက်ဆိုင်မှုပဲ"

"ဟုတ်ပါ့။ မြ ... နင်ပြောသလိုပဲ။ တို့တွေ ကျောင်းပြီးကတည်းက မဆုံတာ ဘယ်လောက်ကြာပြီလဲ။ ဒီလိုလုပ်ပါလား။ ဇော်ကော နင်ကော အားမယ့်ရက် တွေ့ရအောင်လေ"

"ကောင်းသားပဲ။ တွေ့မယ်လေ။ ငါတို့စကားကို အေးဆေး မပြောမှ မပြောဖြစ်ကြသေးတာ"

"ဒါနဲ့ ဇော် ... နင်ကော အပျိုကြီးပဲဆို။ ဘယ်လိုလဲ မရှာသေးဘူးလား"

စိမ်းရဲ့အမေးကို ဇော်က အပြုံးလေးဖြင့်ပင် ခပ်ကြွားကြွားလေး ပြောလိုက်သည်။

"အပူမရှာချင်ပါဘူးဟယ်။ နင်တို့တွေတောင် မယူတာ။ ငါကလည်း ယူစရာလား"

"ငါကတော့ သိတယ်မှလား။ ရှာဖွေနေဆဲလေ။ တော်ရုံတန်ရုံလည်း ရင်ထဲမတိုးတော့ပါဘူးဟယ်။ ငါ့အလုပ်က မော်လ်ဒယ်ဘွိုင်းတွေလည်း train ပေးနေရတာဆိုတော့ ဆရာမကြီးစိတ်ကဝင်ပြီး ကိုယ်ဆရာလုပ်ရမယ့် ယောကျ်ားလိုက်ရှာနေတုန်း။ ဟား ဟား"





စိမ်းတို့တွေက မြရဲ့စကားကို သဘောတကျဖြစ်ကာ အားလုံး လိုက်ရယ်လိုက်ကြသည်။ ဘဝမှာ ဒီလိုသူငယ်ချင်းဟောင်းတွေနဲ့ အခုလို ပြန်ဆုံတုန်း လွတ်လပ်ပေါ့ပါးစွာ ရယ်မောလိုက်ရခြင်းဟာ ဘဝရဲ့ကလေးဆန်သော လွတ်လပ်မှုကို ရရှိလိုက်သလို ခံစားရလေသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



ရှေးက ပီတိ ညွှန်ပြရာဝိုင်းကို သွားလျှင် ဒယ်ဒီတို့ဝိုင်း ဖြစ်နေ၏။ ဒယ်ဒီက သူ ရောက်တာနှင့် သူ့ကိုပြုံးစစမျက်နှာပေးဖြင့် ဦးစွာ bravo လုပ်လေသည်။

"ငါ့သား ... မင်း တယ်စွံပါလားကွ။ နေစမ်းပါဦး ... မင်းမာမီရဲ့ Selection က ဘယ်သူတုံး။ ဟိုးက လေဒီသုံးပါးထဲကလား"

ဒယ်ဒီက ဘယ်သူ့ကို ဆိုလိုတယ်ဆိုတာကို သူက တန်းမြင်သွားကာ ဒယ်ဒီကို ငြင်းချက်ပြန်ထုတ်ရလေသည်။

"အာ ... ဟုတ်ပါဘူး ဒယ်ဒီကလည်း။ မမတို့က ကျွန်တော့်ရဲ့ Friend တွေ"

"wow ... friend ။ ဟား ... ဒါဆိုရင်တော့ ညီလေးရှေးဘုန်းကို အားကိုးနှင်းကီးရတော့မှာပေါ့။ ရှေးဘုန်း ... သူတို့က အပျိုကြီးတွေမှလားဟင်"

ဒယ်ဒီဘေးက ကိုသီဟက သူ့ကို လှမ်းမေးတာကြောင့် ရှေးက ကိုသီဟကို ပြန်ရှိုးလိုက်ကာ ...





"ကိုကြီးက ဘာလုပ်မလို့လဲ"

"မင်းကလည်းကွာ။ ဘော်ဒါအကန့်ပေါ့။ အဲဒါ သိချင်လို့ မင်း၊ဒယ်ဒီကတစ်ဆင့် မင်းကို လှမ်းခေါ်နိုင်းတာ။ မင်းလည်း တို့အကြောင်း သိရဲ့သားနဲ့"

ကိုထင်သွေးကပါ ဝင်ပြောတာကြောင့် သူက အဲဒီကောလုံးတွေရဲ့ အတိမ်အနက် အဓိပ္ပာယ်ကို ဖွေရှာစဉ်းစားမိကာ သက်ာမကင်း ဖြစ်သွားလေသည်။ ဒယ်ဒီရဲ့ပါတနာတွေ ဖြစ်ကြတဲ့ ကိုထင်သွေး၊ ကိုသီဟ၊ ကိုဖြိုးလင်းမောင်တို့ဟာ လူပျိုကြီးတွေ ဖြစ်ကြပြီး ဒယ်ဒီထက် အသက်အများကြီး ငယ်ပေမယ့် ဒယ်ဒီနဲ့အတူပေါင်းကာ စီးပွားရေးတွေလုပ်၍ အောင်မြင်မှုအသီးသီးရနေကြသော ဘဲကြီးတွေဖြစ်သည်။ ဒယ်ဒီနဲ့ပဲ KTV သွားလည်း အတူတူ၊ Club တက်လည်း အတူတူမို့ သိပ်မကဲတဲ့ ဘဲကြီးတွေ ဆိုတာတော့ သူ သိလေသည်။ အခု သူတို့ရဲ့စကားတွေက တစ်မျိုးတစ်မည် ရည်ရွယ်ရာတွေ ဖြစ်တာမို့ ရှေးက သို့လော သို့လော ကြည့်မိသွားသည်။

"အဲဒါတော့ အဟုတ်ပဲကွ။ ဒယ်ဒီတို့ မင်းကို ကြည့်နေတာ။ မင်းက တခြားဝိုင်းတွေကိုတောင် ပလပ်ထားပြီး ဒီဝိုင်းကိုမှ VVIP ဖြစ်နေရတယ်ဆိုတော့ ဘာများထူးခြားနေလို့လဲ သိချင်လို့ပေါ့"

"အဟား ... ဒယ်ဒီက လာစားနေပြန်ပြီ။ သားရဲ့ဘော်ဒါတွေပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင်တော့ သားကူညီပေးဖို့ လိုအပ်လာပြီ သားရေး စိတ်မဆိုးဘူးဆိုရင် မွေးနေ့ရှင်ဆီက အကူအညီတောင်း ချင်တယ်ကွယ်"

ကိုသီဟက စကားဦးသမ်းလာပြီမို့ သူက သဘော ပေါက်သလို ရှိတာကြောင့် ပြုံးစိစိ မျက်နှာထားဖြင့် မေးခွန်းပြန် ထုတ်လိုက်သည်။

"အကူအညီ တောင်းချင်တယ်ဆိုတာ ကိုကြီးတို့ ရိပ်သာ ဝင်ချင်တဲ့ ကိစ္စလား"

"ဟား ... အစ်ကိုကြီးသားက ငါတို့ကို ပြန်နှိပ်ကွပ်နေတယ် ဟေ့။ ရှေးဘုန်းရာ ... ငါတို့ ဘာပြောချင်လည်း မင်းသိ ပါတယ်။ လုပ်လိုက်တော့။ အဲဒါလေးတွေက ကိုယ်တွေနဲ့မှ ဘက်ညီတာတွေ။ အရေးကြီးတာ တစ်ခုတော့ မေးချင်တယ်။ ဒီလိုအလန်းဇယားလေးတွေက ပိုင်ရှင်နဲ့လား လိုင်စင်နဲ့ လား ဆိုတာလေးတော့ မင်း ပြောကွာ"

ဘဲကြီးတွေ ကြည့်ရသည်မှာ ဒီအချိန်မှာ သူတို့နဲ့ ရွယ်တူတန်းတူတွေ အလန်းဇယားမမတွေကို ရှားရှားပါးပါးတွေ့ ရတာမို့ ရေလည်ကြွေနေဟန်တူသည်။ ဒီနေ့ သူ့ဘတ်ဒေးဖြစ်နေ တာကြောင့် စိတ်ကလည်း ကြည်လင်နေကာ ကုသိုလ်ရတဲ့ ကူညီမှုကိုပေးဖို့ သူ လက်သင့်ခံလိုက်သည်။





"အဲဒီ မမသုံးယောက်စလုံးက Showroom မှာ ဈေးကပ် ထားပြီး လာဝယ်မယ့် ဘောစ်ကို စောင့်နေတဲ့ 2014 ထုတ် Brand New BMW ကားတွေလိုပဲဗျ"

"ဟား ... ညွှန်းတယ်ကွာ။ ငါကတော့ အရမ်းကိုစိတ်ဝင် စားမိသွားပြီ။ ရှေးဘုန်း ... ငါတို့ကို မိတ်ဆက်ပေးဦးလေ ကွာ"

"မိတ်ဆက်ပေးလိုက်စမ်းပါ သားရာ။ ဒီကောင်တွေ ကြည့် ရတာ တော်တော်ကို ကြွေနေတယ့်ပုံပဲ"

ဒယ်ဒီ ကိုယ်တိုင်ကလည်း ဟိုက်တိုက်တွန်းတွန်း ရှိတာကြောင့် သူက ခေါင်းညိတ်ပြလိုက်ကာ ...

"ကဲပါဗျာ။ မိတ်ဆက်ပေးပါ့မယ်။ ဒါပေမဲ့ ကိုကြီးတို့က ဘာလာလာခေါင်းမှာကြီးလား"

"အာ ... ဘယ်ကသာ။ ငါက ဟိုးအလယ်က အနက်ရောင် နဲ့လေဒီ"

"ငါက အစိမ်းလေး။ သူ့ကိုတော့ သိပါတယ်။ TV မှာ မကြာမကြာ တွေ့ဖူးပြီးသား။ မြဲရဲရဲ ဟုတ်တယ်မှလား"

"ဒါဆို ကိုကြီးထင်သွေးက ကျားသစ်ဆင်လေးပေါ့ ဟုတ် လား"

သူ့မေးခွန်းကို ကိုထင်သွေးက ပျော်ရွှင်ဝမ်းမြောက် စွာ သွက်သွက်လက်လက်ပင် ခေါင်းညိတ်ပြလေသည်။ ရှေးက



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘာသာခွဲတမ်းချကာ ကျိတ်ကြွေနေမှုတွေကို သဘောတကျ ဖြစ်ရင်းက ရှေးက လေဒီသုံးယောက်ရဲ့ နာမည်ကို ပြောပြလိုက်လေ၏။

"အဲဒီ အနက်လေးက စိမ်းမမကျော်တဲ့။ ကျားသစ်ဆင်လေးက ခခဇော်။ နောက်တစ်ယောက်က မြရဲရဲ"

"ဟား ... နာမည်တွေကတော့ ထက်တယ်ကွာ။ ဟော့ကောင် ... ဟော့ကောင် မိတ်ဆက်ပေးကွာ"

"အာ ... နေဦးလေဗျ။ အဲဒီလိုကြီး ဘဲကြီးတို့ကို ခေါ်သွားပြီး မိတ်ဆက်ပေးလိုက်တော့ ဟိုက ခတ်ပေါက်သွားမှာပေါ့ဗျ။ ကျွန်တော် ကူညီမယ်လို့ ပြောထားပြီးပြီလေဗျာ။ နေဦး ... Birthday Cake ခွဲရင်း မိတ်ဆက်ပေးမယ်"

ရှေးက မာမီ့ဆီ သွားလိုက်ရင်း စကားဘာညာပြောပြီးတဲ့ နောက်မှာတော့ ဘတ်ဒေးကိတ်ခွဲရမယ့်အချိန်သို့ ရောက်လာလေလျှင် ကံဆိုးစွာပင် မမသုံးယောက်က သူတို့ဘတ်ဒေးကိတ်ခွဲတဲ့နေရာကို ရောက်မလာဘဲ စားပွဲဝိုင်းမှာပင် လက်ခုပ်တီး၍ အားပေးလေ၏။

"ဟော့ကောင် ... ဟော့ကောင် လုပ်ဦး။ မင်း မမတွေက မလာဘူး။ ငါတို့က ဘယ်လို မိတ်ဆက်ရမှာလဲ"

အရမ်းကို အဖြစ်သည်းနေသော ဘဲကြီးတွေကို သူက ရယ်ချင်သွားကာ တစ်ချက်ကြည့်လိုက်ပြီးမှ ...





"အဲဒါ ပြောတာပေါ့။ ကိုယ်တိုင်ကလည်း မရှာနိုင်ဆိုတော့ သူများကိုပဲ အပူကပ်ရတာပေါ့။ စိတ်ချ ... ခင်ဗျားတို့ကို ကျွန်တော် ရအောင်မိတ်ဆက်ပေးမယ်။ ဒီလိုလုပ် ... အခု ကျွန်တော် ကိတ်မုန့်သွားခွဲမယ်၊ ပြီးရင် ကိုကြီးတို့သုံးယောက် လိုက်လာခဲ့။ ကျွန်တော် တစ်ခါတည်း မိတ်ဆက်ပေးလိုက်မယ်။ အိုခေ"

"ဟား ... idea တွေက သစ်တယ်ကွာ။ အိုခေ ... ဒါဆို ကိုယ်တို့ အခြေအနေကြည့်ပြီး လာခဲ့မယ်"

ရှေးက ခေါင်းတစ်ချက်ညိတ်ပြကာ ကိတ်မုန့်တင်တဲ့ကိုလိုး၍ ပန်းကန်ထဲ ထည့်လိုက်ကာ မမတို့ဆီ သွားမယ့် အလုပ်မှာ မာမီက သူ့ကို လှမ်းခေါ်ကာ ...

"ဟဲ့ ... သား ဘယ်သွားမလို့လဲ။ ဒီမှာ ... ဧည့်သည်တွေ စိတ်နဲ့ အဖော်လုပ်ပေးဦး"

"ဟို ... ဟို ... မမစိမ်းတို့ကို ကိတ်မုန့်သွားကျွေးမလို့ပါ။ ပီတိ ခဏနော်။ အေးဆေးပေါ့။ ပြီးတော့မှ တူတူစားကြမယ်လေ။ ရွှေရုပ်ကော မာမီ။ ရွှေရုပ် ... ရွှေရုပ်၊ ဒီမှာ ပီတိနဲ့ အဖော်လုပ်ပေးလေကွာ။ နင်ကလည်း"

"ဟုတ်ကဲ့ပါ။ ဟင်း ... ကိုကိုကလည်းနော်။ ယောက်မလေး ... လာ ... ရွှေရုပ်လည်း ဘာမှမစားရသေးဘူး။ သွားစားရအောင်။ တို့တွေအတွက် ဘာမှမကျန်ဘဲ နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုပ်က သူ့နည်းသူ့ဟန်ဖြင့် ပီတိကို ခေါ်ထုတ်သွားလေသည်။ သူက မာမီ့ကို စပ်ဖြဲဖြဲမျက်နှာဖြင့် ရယ်ပြလိုက်ရင်း ထွက်လာခဲ့ကာ မမတို့ဆီ လာခဲ့လိုက်သည်။ သူမတို့သုံးယောက်က ထောင့်စားပွဲဝိုင်းတစ်ခုမှာ နေရာယူကာ သီးသန့်ထိုင်နေတာမို့ သူက သာသာယာယာပင် စကားပြောလို့ ရလေသည်။

"မမတို့ကဗျာ ကိတ်မုန့်ကို ကျွန်တော်က မမတို့နဲ့အတူ ခွဲချင်တာကို"

"မင်းသူငယ်ချင်းတွေနဲ့ အတူလွတ်လွတ်လပ်လပ် ရအောင်ပါ။ တို့တွေက မင်းကို Happy birthday အစောကတည်းက ပြောပြီးသားဟာ"

"ဟား ဟား … မမတို့က ရှောင်လည်း ကျွန်တော့်ရဲ့ ဘတ်ဒေးကိတ်ကို ကျွန်တော်ကတော့ ကိုယ်တိုင်လာကျွေးပါတယ်ဗျာ။ ကဲ … ကျွန်တော် ခွဲ့ကျွေးပါရစေ။ ဘယ်သူ့ကို အရင်ကျွေးရမှာလဲ။ အင်း … ဒီလိုဆိုရင် မမတို့သုံးယောက်ထဲမှာ ဘယ်သူက အသက်ပိုကြီးလဲ။ အကြီးဆုံးကို အရင်ခွဲ့မယ်။ ဘယ်သူက ကြီးတာလဲဟင်"

သူ့မေးခွန်းကြောင့် လေဒီသုံးပါးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ထင်မှတ်မထားစွာပင် ပြိုင်တူပြေလေသည်။

"တို့တွေက ရွယ်တူတွေပဲဟာ"





ရှေးက အဲဒီစကားတွေအတွက် ပြုံးမိသွားသည်။ ဒီအပျိုကြီးက ဘယ်တော့မှ မကြီးပြင်းချင်တဲ့ ကလေးလုပ်ချင်နေတာကိုး။ သူက အဲဒီအတွက် ဘယ်သူ့အရင်ခွဲ့ရမှန်းမသိ ဖြစ်ရစွာ ပခုံးတွန့်ပြ၍ …

"အဟား … အဲဒါဆို ဘယ်သူ့ကို အရင်စကျွေးရမှာလဲ"

"လွယ်ပါတယ်။ မင်း ပန်းကန်ကိုင်ထား။ တို့သုံးယောက်က ကိုယ့်ဘာသာကိုယ် ဟောဒီလို ဇွန်းနဲ့စားလိုက်မှာပေါ့"

မမမြက idea ပေးတဲ့အတိုင်း သူက ပန်းကန်ကို ရှေ့တိုးပေးလိုက်လျှင် ကျေနပ်စွာပင် ကိုယ်စီ ကိုယ်စီ ကိတ်မုန့်စားလိုက်ကြလေသည်။

"ဟား ဟား … မမတို့ idea တွေကတော့ဗျာ လုံးဝလန်ထွက်နေတာပဲ"

"ရှေးဘုန်း …"

သူ စကားပြောနေချိန်မှာပဲ ဘဲကြီးသုံးယောက်က ရောက်လာလေလျှင် ရှေးက စတင်၍ introduce လုပ်ပေးရလေတော့သည်။

"အဟား … ကိုကြီးတို့။ ဪ … မိတ်ဆက်ပေးရဦးမယ်။ မမတို့ ဒါ ကျွန်တော့်ရဲ့ဘော်ဒါတွေပဲ။ ဒါ ကိုထင်သွေးတဲ့။ ဆောက်လုပ်ရေးကုမ္ပဏီမှာ အလုပ်လုပ်တယ်။ သူက ကိုသီဟ Medical product ကုမ္ပဏီ ထောင်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ ကိုဖြိုးလင်းမောင်တဲ့။ အထည်ချုပ်လုပ်ငန်း လုပ်တယ် ...

ကိုကြီးတို့လည်း မှတ်ထားကြနော်။ ဒါ ကျွန်တော့်ရဲ့ မမတွေ။ မမစိမ်းမမကျော့၊ ဒီဘက်ကတော့ မမခေခေတဲ့။ ဒါက မမမြရဲရဲ။ မမ ... ကျွန်တော့်ဘော်ဒါကြီးတွေက လူပျိုကြီးတွေဆိုတော့ ပျော်ပျော်ပဲ။ အားလုံး ခင်ခင်မင်မင် ရင်းရင်းနှီးနှီးပေါ့"

သူက လူပျိုကြီးပါလို့ ထည့်ကြေညာပေးမှုကြောင့် အပျိုကြီးမမတွေက အချေဒီနိုင်းလေးတွေဖြင့် အသိအမှတ်ပြုသွား ခေါင်းအသာညိတ်ပြ၍ သူ့ရဲ့လူပျိုကြီးတွေကတော့ ဖလန်း ဖလန်း ထလို့နေလေသည်။

"ဟုတ်ကဲ့ ... တွေ့ရတာ အများကြီး ဝမ်းသာပါတယ်။ ကိုယ်တို့ကိုလည်း ရှေးဘုန်းကို ခင်သလို ခင်နိုင်ပါတယ်"

အပျိုကြီးမမတွေက အချေပုံစံဖြင့်သာ မကောင်းတတ်၍ ပြုံးပြတဲ့ဒီနိုင်း ဖြစ်တာကြောင့် သူက ချက်ချင်းကြီးတော့ စကားလာလုပ်လို့ မရဘူးဆိုတာ သဘောပေါက်ကာ တပ်ဆုတ်လိုက်ရတော့သည်။

"ဟဲ ဟဲ ... မမတို့၊ အဲဒါဆို အေးဆေးနော်။ ကျွန်တော် ဟိုဘက်ဝိုင်းတွေ သွားဧည့်ခံလိုက်ဦးမယ်"

"ရတယ် ... ရတယ်"





သူက ဘဲကြီးသုံးဖွဲကိုပါ တစ်ပါတည်း ခေါ်လာခဲ့လျှင် ဘဲကြီးတွေက သူ့ကို မကျေမချမ်း ပုံစံဖြင့် ပြောကြတော့သည်။

"ဟေ့ကောင် ... မင်းကလည်း ဒါပဲလားကွာ။ ဘာစကားမှလဲ မပြောလိုက်ရဘူး။ ဘာမှလဲ မရင်းနှီးလာဘဲနဲ့ ငါတို့က ဘယ်လိုရှေ့ဆက်ရတော့မှာလဲ"

"ဟား ... မလောနဲ့လေ ကိုကြီးတို့ရာ။ တစ်ဆင့်ချင်းပေါ့။ အခုမှ စတွေ့တဲ့ဟာ"

"ကူညီပါ ရှေးဘုန်းရာ။ ငါ အနီးကပ်တွေ့လိုက်မှ ငါ့ရင်ထဲက ချစ်စိတ်တွေက ပိုပြီးတော့တောင် ခိုင်မလာသေးတယ်"

"အဖြစ်သည်းနေပြန်ပါပြီဗျာ။ ကဲပါ ... စိတ်မပူနဲ့ဟုတ်ပြီလား။ ကျွန်တော် လုပ်ရှားပေးပါ့မယ်"

"မင်းကိုပဲ အားကိုးရတော့မယ် ရှေးဘုန်းရာ"

ရှေးဘုန်းက ခေါင်းညိတ်ပြလိုက်ကာ ကူညီပေးဖို့ ဆုံးဖြတ်လိုက်တော့သည်။ ဒီအပျိုကြီးမမတွေကို သူက စေတနာအကျိုးမျှော်၍ အပျိုကြီး မဖြစ်ရေးကို နှီးဆော်ချင်တာမို့ သူ မြားနတ်မောင်လုပ်ဖို့ ရည်ရွယ်ထားလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ဒီနေ့မှာ မြရဲ့အမေနဲ့ ကောင်မလေးက အမျိုးတစ်ယောက် မင်္ဂလာဆောင်ရှိနေတာ မော်လမြိုင်ကို ညအိပ်ခရီးထွက်သွားတာကြောင့် မြက အိမ်မှာ တစ်ယောက်တည်း ဖြစ်နေ၏။ အဲဒါကြောင့် မဆုံတာလည်း ကြာပြီဖြစ်သည့် ငယ်သူငယ်ချင်းဟောင်း စိမ်းနှင့် ဇော်ကို တွေ့သာတွေ့တယ် သေချာလည်း မဆုံဖြစ်သေးတာကြောင့် မြက အိမ်မှာ ညလာအိပ်ဖို့ ချိန်းလိုက်လျှင် နှစ်ယောက်စလုံးက လိုလိုချင်ချင် လက်ခံကာ စိမ်းနှင့်ဇော်က မရှေးမနှောင်းမှာပင် အိမ်ကို ရောက်လာကြတာမို့ ငယ်ဘဝကို ပြန်ရောက်သွားသလို ဖြစ်ရကာ မြမှာ ပျော်ရွှင်ရလေသည်။

"သူငယ်ချင်းတို့ ... လုံးဝ လွတ်လွတ်လပ်လပ်ပဲနော်။ အစားအသောက်အတွက်လည်း ဘာမှမပူနဲ့။ အပြည့်ဝယ်ထားပြီးသား။ ငါတို့တွေ ဒီညတော့ လုံးဝစကားတွေပြောလို့ရပြီ"





"နင် ခေါ်လို့သာ ငါ့မှာလာရတာ မြရယ်။ ဒီညနေ ငါ သွားကြည့်မယ့် အိမ်ကိစ္စတောင် ပျက်သွားရပြီ"

"ချစ်တီးမရယ်။ နင်ဟာလေ တစ်နေ့ တစ်နေ့ အဲဒီအတိုးပဲ စဉ်းစားနေတယ်။ နင်နဲ့ စိမ်းနဲ့က ဘာမှမထူးဘူး။ ဟို စိမ်းမကကော တစ်နေ့ တစ်နေ့ ခေါင်းထဲ အလုပ်ချည်းပဲ ထည့်နေတော့ stress တွေ ပိနေတာ။ နင်တို့ထဲမှာ ငါကပဲ အနုပျိုဆုံးလို ဖြစ်နေတာ"

မြက ကိုယ့်ကိုယ်ကိုယ် ချီးမွမ်းခန်းတွေ ဖွင့်နေတာမို့ စိမ်းနဲ့ ဇော်က မျက်စောင်းထိုးလိုက်ရင်းက ဇော်က အရင်ပြန်ချေပ၏။

"အမယ်လေး ... နင်ကတော့ ပြောနိုင်တာပေါ့။ ငါ့မှာက နင့်လိုလည်း အေးဆေးမဟုတ်ဘူး။ စိမ်းလို သူဌေးမလည်း မဟုတ်ဘူးလေ။ ကိုယ့်စီးပွားရေးဈေးကွက်ကို ကိုယ့်ဘာသာ ချဲ့ထွင်နေရတာဟဲ့"

"အဲဒါတော့ ငါ ကန့်ကွက်တယ်။ ဇော် ... နင်ကလေ မြ ပြောသလိုပဲ။ သက်သက်ကို ချစ်တီးကျတာ။ ဘယ့်နှယ်ဟယ်။ နင် ရထားတဲ့ဘွဲ့နဲ့ ကိုယ့်အရည်အချင်းနဲ့ ဒီအလုပ်လုပ်စရာကို မလိုတာ"

"ဟဲ့ ... ငါက သမာအာဇီဝ အတိုးပေးစားတာလေ"

"ဩော် ... အတိုးပေးစားတာက သမာအာဇီဝ။ ဟွန်း ... ငါ မပြောလိုက်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

နှစ်ယောက်က မြမှ ကြားထဲမဝင်ရင် ထသတ်ကြ တော့မယ့် ဒီဗိုင်းမို့ မြက ကြားထဲကနေ ဖွတ်အတင်း ဝင်ဆွဲရ တော့သည်။

"ကဲ ... ကဲ ... အမယ်လေး တော်ကြပါတော့ဟယ်။ ငါ့ နှယ် နင်တို့နှစ်ယောက်နဲ့ ဖလန်းထချင်လို့ ညအိပ်ခေါ်ပါ တယ်ဆိုမှ ငါ လက်ဖွဲ့ပွဲမှာ ဒိုင်လုပ်နေရသလိုပဲ။ နင်တို့ ဟာလေ ငယ်ကျင့်တွေကို မပျောက်ဘူး။ အသက်တွေပဲ အိုနေပြီ"

"ဘာ ... အိုနေပြီ"

စိမ်းနဲ့ဇော်က မြရဲ့စကားကို ဆတ်ဆတ်ထိမခံစွာ ဖြင့် ပြန်ရန်တွေ့လေလျှင် မြမှာ သဘောတကျ ရယ်ရလေတော့ သည်။

"ဟဲ့ ... အမယ်လေး။ ငါတို့ကို အိုတယ်လေး ဘာတယ် လေးနဲ့။ နင်ကကော။ ငါတို့အဘွားကြီးဆို နင်လည်းအဘွား ကြီးပဲ"

"ဟား ဟား ... ဘာမှမဘွားဘူး။ စိမ်း ... နင်နဲ့ငါဆို ငါက ပိုနုတာပါဟယ်နော် ... ဇော်"

မြက ခပ်ကြောကြောလေး ပြန်ချေလိုက်ကာ ဇော့် ဘက်ကိုပါ စစ်ကူတောင်းလိုက်လေလျှင် ဇော်က မျက်နှာတစ်ချက် မဲ့လိုက်ရင်း ...





"ငါကတော့ နင်တို့နှစ်ယောက်စလုံးကို ဟိုင်းနေပြီပဲ ထင် တယ်"

"ဟယ် ... ကြည့်စမ်း။ မိုက်ရိုင်းတာ။ အေးပါ ... အေးပါ၊ နင် တွေ့မယ်။ ငါ ဘယ်လောက်နုပျိုသလဲ သက်သေပြ မယ်"

မြက ပြောရင်းနဲ့ ခေါင်းထဲ အတွေးစတစ်ခုက ဆတ်ခနဲ လင်းလာကာ ဒီပိန်းတိန်းတိန်းနှစ်ယောက်ကို အပါခေါ် ဖို့ တွေးမိသွားသည်။

"ဟဲ့ ... ငါ အခုမှ စဉ်းစားမိတယ်။ ငါတို့တွေ စိတ်လွတ် ကိုယ်လွတ် တစ်ခါလောက် လန်းကြည့်ရအောင်လား"

"ဘယ်လို"

မြရဲ့စကားကြောင့် စိမ်းနှင့်ဇော်က တစ်ယောက်ကို တစ်ယောက် ကြည့်ရင်းက မြစကားကို အထူးအဆန်းသဖွယ် အအံ့တသြဖြစ်ကာ မေးခွန်းပြန်ထုတ်လေလျှင် မြက ရင်ထဲရှိတဲ့ ဆန္ဒကို ဖွင့်ထုတ် ပြောပြလိုက်သည်။

"ဟုတ်တယ်လေဟာ။ ငါဆိုရင်လည်း တစ်နေ့ တစ်နေ့ ဝါသနာပါတဲ့ မော်ဒယ်လ်ဘိုင်းတွေ မော်ဒယ်လ်ဂဲလ်တွေ ကို ဖြစ်လာအောင် ပြောဟယ် ... ဆိုဟယ် ... ကြိမ်းဟယ် ... မောင်းဟယ်နဲ့ ပင်ပန်းရတာက တစ်မျိုး၊ ပွဲစီစဉ်တဲ့သူနဲ့ စကားပြော ဘု ... သောက်ကျရတာက တစ်မျိုး၊ စိတ် တွေက မွန်းကျပ်ပင်ပန်းနေတာ ...



www.burmeseclassic.com

www.burmeseclassic.com



လူတွေက တစ်ယောက်တစ်မျိုးတော့ စိတ်ပင်ပန်းမှုတွေ ရှိတာပဲ။ နင်ဆိုလို့ ရှိရင်လည်း နင့်ရတနာဆိုင်ကိစ္စနဲ့အလုပ်မှာ စိတ်ပင်ပန်းမှု ရှိတာပဲ၊ ဟဲ့ ... ဇော်၊ နင်ဆိုရင်လည်း နင်ချစ်တီး အတိုးတောင်းတဲ့ ကိစ္စတွေနဲ့ ဟိုက အတိုးမပေးရင် ပြောရ ဆိုရနဲ့ စိတ်ပင်ပန်းရတာပဲမှလား"

မြက ပြောချင်တာ တဲ့မပြောဘဲ ဝေ့နေတာကြောင့် စိမ်းနဲ့ဇော်က စိတ်မရှည်တော့ဘဲ မြကို ရှုတည်တည် စိုက်ကြည့်ကာ ...

"အဲဒီ မြဟာလေ မော်ဒယ်လ်မိခင် မယ်တော်ကြီးလို့ မပြောရဘူး။ စကားကို လိုရင်းမပြောဘူး။ သိပ်ဝိုက်တာပဲ။ အဲလို စိတ်ပင်ပန်းမှုတွေရှိတော့ နင်က ဘာဖြစ်ချင်တာလဲ၊ ဘာကို လုပ်ချင်တာလဲ။ တည့်တည့်ပြောစမ်းပါဟယ်"

"အေးလေ ... ပြောစရာရှိတာကို တဲ့မပြောဘူး၊ ဆိုလိုနေတာတွေက နားထဲကို မထော်မနန်းတွေချည်း ဝင်လာတာ"

မြက အနည်းငယ်တော့ ခေတ်မီသေးသော ဇော်ရဲ့ စကားကြောင့် သဘောကျစွာ တဟားဟား ရယ်လိုက်ပြီးမှ ...

"ဟား ဟား ... မိဇော် ... နင်က ဘယ်ဆိုးလို့လဲ၊ မထော်တာတွေ ဘာတွေတောင် ပြောတတ်နေတယ်"

"အမယ်လေးဟယ် ... အထင်သေးလိုက်တာ။ ငါလည်း မြန်မာကားတွေ ကြည့်နေတဲ့ သူပါ။ ဒီဘာသာစကား





လောက်ကတော့ ရုပ်ရှင်ကြည့်ရင်း တတ်တယ်။ နင် အခု ဘာကို ပြောချင်သလဲ ဆိုတာသာပြော"

"အေးပါ ... အေးပါ ပြောပါ့မယ်။ ဒီလိုလေ ... ငါတို့ သုံးယောက်ဆိုတုန်း Night-out ထွက်ကြမလား။ အိမ်ထဲမှာချည်း နေ့နေရတာ ရိုးပါတယ်ဟာ။ အပြင်ထွက်မယ်၊ စားမယ်၊ သောက်မယ်၊ ပြီးရင် ငါတို့တွေ သွားပြီး ဒွန့်ရအောင်။ ဆိုလိုတာကဟာ ငါတို့ Club သွားဖို့ ပြောတာ"

"ဘာဖြစ်တယ် ..."

မြရဲ့ Club သွားမယ် စကားကို ကြားရပြီးသောအခါ စိမ်းနှင့် ဇော်မှာ မြကို ဟို ကိုရီးယားကားထဲက မင်းသားလို တခြားဂြိုဟ်မှလာတဲ့ ဂြိုဟ်သူမအလား တအံ့တဩတွေဖြစ်ကာ မျက်လုံးလေး ကလယ် ကလယ်ဖြင့် မြကိုကြည့်နေပြီးမှ ကျွန်ုပ်ရှင် မမစိမ်းက သူ့ရဲ့ဂုဏ်သိက္ခာ၊ မဟာ့မဟာကို ထိခိုက်တယ်ဆိုတဲ့အလား လက်သီးလက်မောင်းတွေ တန်းကာ ...

"ဘာ ... အဓိပ္ပာယ်မရှိတာ။ ဘာ Club တုံး။ ငါတို့က အဲဒီလိုနေရာမျိုး သွားစရာလား။ မဖြစ်သင့်တာ။ မြရဲ့ရဲ့... နင်ဟာလေ။ အသက်ကြီးပြီး အချိန်ကိုမစီးတာ။ ငါတို့လို မြန်မာအမျိုးသမီးက Club တက်စရာလား"

"အေးလေ ... ဟုတ်တော့ ဟုတ်သား။ မြ ... နင်ကလည်း ဘာတွေ စတန့်ထွင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မြက အတွေးခေါင်လေလွန်းသော မုံမဝင် ဆုံမဝင် နှစ်ယောက်ကို လှတောတိုးလက်ချာ ရိုက်ပေးရ၏။

"နင်တို့ကလည်းဟယ်။ Club ဆိုတာနဲ့ ရှုပ်ထွေးပွေလီရာ နေရာကြီးလို့ သတ်မှတ်လိုက်တာပဲ။ ငါတို့ကကော ဘယ်လိုအနေအထားမျိုးလဲ၊ တစ်ခါတလေကျတော့လည်း စိတ်ရဲ့မွန်းကျပ်မှုကို ဆူညံပွက်လောရိုက်နေပြီး မြူးကြွတဲ့ DJ တွေအောက်မှာ ဖွင့်ထုတ်လိုက်ရတယ်ဟ။ အခု ငါ မင်းတို့ကို ခေါ်သွားမယ့် Club က ဘာညာ ဘာမှမရှိဘူး။ Celebrity တွေ တော်တော်များများ လာကြတယ်။ သွားရအောင်ဟာ။ နင်တို့လည်း မရောက်ဖူးသေးဘူး။ အတွေ့အကြုံအသစ်ပေါ့။ ပြီးတော့ … ငါတို့တွေက လင်းစတင်းတွေ ပြင်ပြီးမှ သွားမယ်။ ဘယ်သူမှ မှတ်မိမှာမဟုတ်ဘူး။ လုပ်ပါ … နင်တို့နဲ့အတူ သွားချင်လို့၊ လုံးဝ … လန်းထွက်သွားစေရမယ်။ သွားရအောင်နော်"

မြက ဖွတ်ကို တိုက်တွန်းနေတာကြောင့် စိမ်းနဲ့ဖော်က နည်းနည်းတော့ စိတ်ဝင်စားလာကြဆိုတာ ရိပ်မိလေသည်။ ဖော်က ငြိမ်နေပေမယ့် စိမ်းကတော့ ချိတုံချတုံ ဖြစ်နေဟန်ဖြင့် မလိုက်ရဲဘဲ အကြောင်းပြချက်ဖြင့် ငြင်းကြည့်လေသည်။

"မလုပ်ပါနဲ့ … ဖြစ်မယ် မထင်ပါဘူး။ ငါ့ကို တစ်ယောက်ယောက် မြင်သွားရင် မကောင်းပါဘူး။ အဆိုးဆုံးကတော့





ဒီ,ဒီနိုင်းနဲ့သာ သွားလို့ကတော့ နင့် Club ထဲ မရောက်ခင် ငါ အပဟားခံရဦးမယ်"

"အေးလေဟယ်။ ဒီအရွယ်ကြီးရောက်မှ ပေါက်ကရမလုပ်စမ်းပါနဲ့"

"ဒီအတွက်တော့ ဘာမှမပူနေနဲ့ ငါက အဲလို အော်လီတွေကို ပြင်ဆင်ပေးနေကြ။ ငါ ပြင်ပေးလိုက်လို့ နင်တို့ မှတ်တောင် မမှတ်မိဘဲ နေသွားဦးမယ်။ ကဲ … လာ လာ"

"ဘာ … ငါတို့ကိုများ အောလီ … ဟုတ်လား"

"ကဲ … စိတ်မဆိုးပါနဲ့ မိန်းမနှစ်ယောက်ရယ် လာစမ်းပါလာ"

မြက စိမ်းနှင့်ဖော်ကို ဖွတ်အတင်း လက်ဆွဲ၍အိမ်ခန်းအတွင်းသို့ ခေါ်လာကာ မှိုင်းနေတဲ့စိတ်တွေကို ဘလင်း … ဘလင်း ဖြစ်အောင် ပြင်ပေးဖို့ ကြံရွယ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြောက်ကြွကာ မိုးပေါ်ရောက်နေသော Club Beat များအတိုင်း Dancing floor တွင် လှုပ်ကာကနေတော့သည်။ ဒီနေ့က သူ့ဘော်ဒါတစ်ယောက် ပွဲဖြစ်တဲ့နေ့မို့ Club သွားဖို့ အတွက် gold Sponsor အဖြစ် တာဝန်ယူကာ ခေါ်လာတာမို့ သူက လွှတ်ဆကွက်တွေ ကဲနေတော့တာဖြစ်သည်။

"သွားစမ်းပါ အဲလို သက်ကြီးဘဲတွေ စိတ်ကိုမဝင်စား၊ တို့တွေက ပလူလေးတွေမှ ကြိုက်တာ၊ ဒိုးလိုက်တော့"

ဟ ... ကောင်းလှချည်လား။ သူ့ရဲ့နောက်ကျောက နေ တီးလုံးသံများကြားထဲက ဖောက်ထွက်လာသော အသံတစ်ခု ကြောင့် သူက အဲဒီစကားတွေကို ဂါတဲ့စိတ်ဖြင့် လှည့်အကြည့် တွင် သူ့နားထဲက Club Beat တွေ ရုတ်တရက် တိတ်ဆိတ်သွား လျက် Dancing floor မှာ ကနေကြတဲ့ လူတွေအားလုံး အငွေ့ပျံ ပျောက်ဆုံးသွားကာ သူ့ရဲ့အမြင်အာရုံတွင် သုံးယောက်ကိုသာ သီးသန့်ကွက်မြင်လေ၏။ ဟင် ... မမစိမ်း ... မမမြ ... မမဇော်။





သူမတို့ သုံးယောက်၏ အပြင်အဆင်သည် လုံးဝကို လင်းစတင်း တွေ ဖြစ်နေကာ လန်ပျံထွက်နေတာကြောင့် ရှေးက ဟုတ်မှဟုတ် ရဲ့လားဆိုပြီး သံသယဝင်မိတာကြောင့် မှောင်မည်းမည်း မှိတ်တုတ် မှိတ်တုတ်အောက်မှာ ပဲပေးချင်လို့ တပ်ထားတဲ့ ဂလဲကြီးကို အလျင်အမြန် ဖြုတ်ကြည့်လိုက်လျှင် တကယ်ပဲ သူ့ရဲ့အာရုံတွေက မလွဲချေ။

မမသုံးယောက်ရဲ့ အနားမှာ ကပ်အိနေသော ဘဲကြီး သုံးဖွေကို တောက်လွှတ်လိုက်သော တော်ကီတွေက မိုက်လှတာ ကြောင့် သူက ဒီလေဒီကြီးတွေ ဘယ်လောက်အထိ မိုးပေါ်တက် နိုင်မလဲ ဆိုတာကို အနီးကပ် လေ့လာချင်တာကြောင့် သူဝတ် ထားတဲ့ ဂျင်းကုတ်ရဲ့ ခေါင်းစွပ်ဦးထုပ်ကို ဆောင်းလိုက်ကာ မျက်မှန်ပြန်တပ်၍ Pit bull နှင့် JLO တို့ရဲ့ Latest ကမ္ဘာ့ဖလား သီချင်း We are one ကို remix လုပ်ထားသော club beat နှင့် အတူ လှုပ်ရင်းခါရင်း မယောင်မလည်ဖြင့် မမသုံးယောက်ရဲ့ အနားသို့ ကပ်သွား၏။

"တကယ်ပါ ... ကိုကြီးတို့က ညလေးတို့ကို တကယ်ကြး ကြင်နာချင်လို့ပါ။ အချင်းချင်းတွေ အဲလိုမျိုးကြီး ပလစ် ကိတ်တွေ မကျွေးပါနဲ့"

"ဒီမှာ ... ရှင်တို့ နှောင့်ယှက်တာ နည်းနည်းတော့ လွန် သွားပြီနော်။ ကျွန်မတို့ security ခေါ်လိုက်ရင် ဘာဖြစ်


www.burmeseclassic.com

www.burmeseclassic.com



သွားမယ် ထင်လဲ။ အရင်က ဒီ club မှာ အားလုံးက VIP တွေချည်းပါပဲ။ အခုမှ ဘယ်က OT တွေ ရောက်လာတာလဲ။ ဘာလဲ … အခုမှ Club ထဲဝင်လို့ရအောင် ပုလင်းဖောက်ဖို့ ပိုက်ဆံ ကောက်ရလို့ ဒီထဲရောက်လာတာလား"

ဟားဟား … ရေလည်မိုက်တယ်ကွာ၊ ဒီအသွားကြီးတွေ ဒီလောက် ပြောတတ်လိမ့်မယ်လို့ ထင်မထားပေ။ သူမတို့ရဲ့ ရန်ပွဲက တိတ်တိတ်ဆိတ်ဆိတ် အနေအထားကနေ ရုတ်ရုတ်သဲသဲ အခြေအနေဖြစ်အောင် လုပ်လာတာကတော့ ဘဲကြီးတစ်ဖွဲ့က မမစိမ်းရဲ့လက်ကို ဆွဲတာကြောင့် ဘေးနားမှာရှိနေတဲ့ သူက Security တွေ ရောက်လာပြီး အခြေအနေတွေရှုပ်ကာ အရှုက်မကွဲခင်မှာ သူက ဝင်ကာလိုက်ရသည်။

"လွှတ်စမ်း … ငါ့လက်ကို"

"ဒီမှာ … ဘဲကြီး၊ ခင်ဗျား ဒီမှာ ဘယ်လိုအနေအထားမျိုးနဲ့ နေရမလဲဆိုတာ နားမလည်ဘူးလား။ ဒါ … အာဝါဒါးနေရာ မဟုတ်ဘူးနော်။ အားလုံးက အချဉ်တစ်ကောင်မှ မပါဘူး။ ဖယားလာမရှုပ်နဲ့ လက်ကိုလွှတ်လိုက်"

သူက ခပ်တည်တည်နဲ့ ဝင်ဖြကာ hero ထလုပ်လိုက်သည်။ ဘဲကြီးက နည်းနည်းတော့ ကျွတ်သွားပုံရကာ နည်းနည်းငြိမ်သွားပြီး သူ့ကို ရှုတည်တည် စိုက်ကြည့်ကာ …

"ဟေ့ကောင် … မင်းက ဘာကောင်မို့လို့လဲ"





"အေး … ဘာကောင်လဲ ဆိုတော့ ဒီမမသုံးယောက်ရဲ့ PSO ပေါက်တယ်နော်၊ ဆက်မလိုက်နဲ့တော့။ မမတို့ သွားမယ်"

ရှေးက မမစိမ်းရဲ့လက်ကိုဆွဲကာ ကျန်နှစ်ယောက်ကိုပါ ခေါ်လာခဲ့သည်။ လေဒီသုံးယောက်ဟာ ကျဉ်းထဲကျပ်ထဲ အနေအထားမို့ သူခေါ်တဲ့နောက်ကို လိုက်လာရပေမယ့် အပြင်အပေါက်ဝ ရောက်တာနဲ့ သူ့ကို ခွတ်ကောကော့သည်။

"လွှတ်စမ်း … ငါ့လက်ကို။ မင်းက ဘာကောင်လဲ"

ရှေးက အသာတကြည်ပင် လက်ကိုလွှတ်ပေးလိုက်ကာ သူ့ခေါင်းစွပ် ဦးထုပ်ကို လှန်ချွတ်၍ မျက်မှန်ကိုပါ ချွတ်လိုက်လျှင် လေဒီသုံးယောက်သည် သူ့မျက်နှာကိုတွေ့လျှင် သရဲသဘက်ကို တွေ့သည့်အလား အံ့အားတွေသင့်လျက် အထိတ်ထိတ်အလန့်လန့်ဖြင့် …

"ရှေး … ရှေးဘုန်းကံ"

"မင်း … မင်းက ဒီမှာ"

"ဒီကို ဘယ်လိုဖြစ်ပြီး ရောက်လာတာလဲ"

တစ်ယောက်တစ်မျိုးစီ ထိတ်လန့်ကုန်သော အမူအရာတို့ကို ရှေးက သဘောတကျဖြင့် ရယ်လိုက်ပြီးမှ …

"ကျွန်တော်က ခေတ်လူငယ်လေ။ Club လာတာ မဆန်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ရှေးဘုန်းကံ၊ မင်းဟာ ဒီအချိန် ဒီလိုနေရာမှာ ငါတို့ကို တွေ့လိုက်လို့ အရှိအသေတန်တဲ့ စကားတော့ လာမပြောနဲ့၊ ငါတို့က သိက္ခာရှိ အဆင့်အတန်းရှိတဲ့ မိန်းမတွေနော်၊ ငါတို့က ရိသဲ့သဲ့တော့ လာမပြောနဲ့။ ငါတို့ကို ဘာထင်နေလဲ"

"ဟား ... ဟ ... ဒေါ်သချည်းပဲ။ မမမြရယ် ... ကျွန်တော်က အဲဒီလို မရည်ရွယ်ပါဘူးဗျာ။ စိတ်ကို relaxing လာလုပ်တယ်ဆိုတာကို ကျွန်တော် နားလည်ပါတယ်။ အဲဒါကြောင့်လည်း မမတို့ကို ကျွန်တော်က လာကူတာပေါ့။ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့နော်"

ရှေးက ပြေရာပြေကြောင်း ပြောလိုက်လျှင် မမတို့က အတန်ငယ်တော့ ကျေနပ်သွားပုံရသည်။ ပြီးတော့ သူတို့ကိုယ်သူတို့လည်း မလုံမလဲဖြစ်ကာ သူ့ကို အားနာသော မျက်လုံးဖြင့် ကြည့်ကာ ...

"Sorry ပါ၊ ရှေးဘုန်းကံရယ်။ မင်းကို တို့ပြောတာ နည်းနည်းလွန်သွားတယ်။ တို့သူငယ်ချင်းတွေဆုံတုန်း ပျော်စရာကောင်းမယ်ထင်တဲ့ အတွေ့အကြုံသစ်တစ်ခုကို ရှာချင်လို့ ဒီကိုလာတာပါ။ ဒီကို လာလိုက်လို့ တို့ရဲ့ဂုဏ်သိက္ခာပိုင်းဆိုင်ရာအားဖြင့် ဘယ်လောက်ထိ Imtression ကျသွားလိမ့်မယ် ဆိုတာကို တို့ အခုမှပဲ သိတော့တယ်။ အင်းလေ ...





ဟုတ်ပါတယ်။ ဘယ်လောက်ပဲ ခေတ်မီ ခေတ်မီ မြန်မာမိန်းကလေး ဖြစ်နေတဲ့အတွက် အလွန်ပျော်လို့ ရတယ်၊ အပျော်လွန်လို့တော့ မရဘူးဆိုတာ တို့ ဒီတစ်ချက်နဲ့တင် ကောင်းကောင်း သဘောပေါက်သွားပါပြီ။ အကူအညီပေးတာ မင်းကို ကျေးဇူး အများကြီး တင်ပါတယ်၊ အားလုံးရဲ့ ကိုယ်စား ပြောတာပါ"

မမများက သူ့ကို တကယ်ကြီး ပြောနေသောအခါ ရှေးက မမတွေ သူ့ကို အားနာသွားတာမျိုး ရှိန်သွားတာမျိုး မဖြစ်စေချင်တာကြောင့် ထုံးစံတိုင်း နောက်ပြောင်လေသံဖြင့် ...

"မမတို့ကလည်းဗျာ ... ဒီခေတ်မှာ Club သွားတာ သိပ်ပြီး အထူးအဆန်းကိစ္စမှ မဟုတ်တာ။ နောက်ပြီး ဒီနေရာမှာ လာတဲ့သူတွေက လူကြီးသားသမီးတွေ၊ Celebrity တွေ၊ စီးပွားရေးသမားတွေ လာတဲ့နေရာပဲ။ အဲလိုမျိုးတော့ မထင်လိုက်ပါနဲ့ဗျာ၊ Club လာတာ စိတ်ဓာတ်ပျက်စီးစေတာမျိုးမှ မဟုတ်တာ။ မမတို့ သုံးယောက်စလုံးက ကျွန်တော် အားကျတဲ့ အမျိုးသမီးတွေပါ။ အဲဒီတော့ ဒီနေ့ အဖြစ်အပျက်ကို စိတ်ထဲမထားပါနဲ့။ ကျွန်တော့်ကို ကျေးဇူးတင်တယ်ဆို Night Out လုပ်တဲ့ အနေနဲ့ မုန့်လိုက်ကျွေးလေ၊ ဒါဆိုရင် မမတို့ကို ကြီးမှ ကလက်တဲ့ ကြက်ကလေးမတွေလို့ မထင်တော့ဘူးလေ။ ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့စကားကြောင့် မမသုံးယောက်က အတန်ငယ် စိတ်ပြေလက်ပျောက် ဖြစ်သွားကာ သဘောတကျ ရယ်မောလိုက်ရင်း ...

"မင်းဟာလေ လူငယ်ပေမယ့် face book တွေ သုံးတာကြောင့် Social network တွေ ကောင်းလာတာလား မသိဘူး။ ငါတို့တွေကို စိတ်ကြည်အောင် ပြောပေးနိုင်တာပဲ ကျေးဇူး အများကြီးတင်တယ်၊ ရှေးဘုန်းကံ တစ်ခုခုသွားစားကြတာပေါ့၊ Night out ထွက်ကြတာပေါ့"

ရှေးက ကျေနပ်ဖွယ်ကောင်းသော ခင်မင်မှုတစ်ခုထို ရလိုက်ပြီ ဖြစ်တာမို့ ဒီမမတွေနဲ့အတူ တစ်နေရာရာမှာ သွားစားဖို့အတူတူ ထွက်လာခဲ့တော့သည်။

❦ ❦ ❦





## ၁၃

ဒက်ဒီက သူ့အတွက် ပေါင်မုန့်ကြက်ဥကြော်ပေးရင်း ပန်းကန်ကို စားပွဲပေါ် တင်ပေးရင်းက ...

"ဟော့ကောင် ... ရှေးရေ၊ မင်း ဟိုကောင် ထင်သွေးတို့ သီဟတို့ကို ကူညီမယ်ဆိုလည်း နည်းနည်းလုပ်ပေးလိုက်ပါဦးကွာ၊ ငါ့ကို တစ်ချိန်လုံး Ph တဂျီဂျီ ဆက်နေတယ်။ ငါလည်း အားနာလှပြီ၊ မင်းရဲ့အဘွားကြီးတွေနဲ့ Join ပေးမယ်ဆိုလည်း လုပ်ပေးလိုက်တော့လေကွာ၊ အားနာစရာ"

"ဒက်ဒီကလည်း ဘာအဘွားကြီးလဲ၊ ပြောရမယ်ဆိုရင် ဒက်ဒီ့သူငယ်ချင်းတွေကသာ Old modal ဖြစ်နေတာ၊ သူတို့က လုံးဝအလန်းဇယားတွေနော်။ သားကူညီပေးမယ်လို့ ပြောထားပြီးသားပဲ ဒက်ဒီရာ။ စိတ်ပူမနေပါနဲ့။ အဲဒီဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



ရှိရင် အဲဒီ မမသုံးယောက်စလုံးနဲ့ ကျွန်တော်နဲ့ Ok နေတာ ဒက်ဒီ ဘာမှစိတ်မပူနဲ့"

"အေးပါကွာ ... ကူညီမယ်ဆိုလည်း ပြီးတာပဲ။ နေစမ်းပါဦး၊ မင်းကို မေးရဦးမယ်။ အခုလို မေးတယ်ဆိုတာကလည်း ခုရှုပ်မှ နောင်ရှင်းနော်။ မင်းနဲ့ အဲဒီသုံးယောက်က ဘာလဲ။ မင်းက သူတို့ကို ငြိနေတာလား။ ဒါမှမဟုတ် သူတို့ကပဲ မင်းကိုငြိနေတာလား။ အဲဒါဆိုလည်း ရှင်းရှင်းပြောနော်၊ ငါလူတွေကို အောင်သွယ်ပေးမယ် လုပ်ပေးပြီးမှ အောင်သွယ်နဲ့ ဖြစ်သွားတာမျိုး ဖြစ်နေဦးမယ်နော်"

"အာ ... ဒက်ဒီကလည်း ကျွန်တော်တို့က ရိုးရိုးသားသား ခင်တာပါ။ ပြီးတော့ အဲဒီမမသုံးယောက်က ကျွန်တော့်ထက် အသက်ဆယ်နှစ်ကျော်လောက် ကြီးတာ။ ကားတစ်စီးက ဘယ်လောက်ပဲ ဒီဇိုင်းတွေ ဆင်ထား ဆင်ထား ရုတ်တဲ့မော်ဒယ်လ်က 90 ဆိုရင် သေချာတယ် ဘယ်လောက်ကောင်းကောင်း။ ဘယ်လောက်လန်းလန်း သံရုံကျိုးစက်ပို့ရတော့မှာပဲ။ အဲဒီတော့ ဒက်ဒီ စိတ်သာချ။ ဖြစ်နိုင်ရင်သားက Lamborghini ကားမျိုးကိုပဲ ထည်လဲစီးချင်တာ၊ သံရည်ကျိုစက် ပို့ရတော့မယ့် ကားဟောင်းတွေတော့ ဘယ်လောက်ပဲ ဆင်ထား ဆင်ထား မကြိုက်ပါဘူးဗျာ။ အဲ ... ဒါပေမဲ့ ကားလေးက လန်းနေတော့လည်း နည်း





နည်းတော့ ကြည့်ရတာပေါ့ဗျာ။ ဒီသဘောပါပဲ။ နောက်ဆုံး အဲဒီလန်ထွက်နေတဲ့ အဲဒီ Old modal ကားကြီးတွေကို ဒက်ဒီ့ ဘော်ဒါ ဘော်ကြွပ် သံရည်ကျိုစက်မှာအပ်ပြီး ကျွန်တော်က စလစ်ထုတ် ပါမစ်ရောင်းစားမှာ ဟဲ ဟဲ"

ရှေးရဲ့စကားကို ဒက်ဒီက သဘောကျလွန်းစွာဖြင့် အုလိုက်သည်းလိုက် ရည်နေကာ ခေါင်းတညိတ်ညိတ်ဖြင့် သူပြောတာတွေကို သဘောကျနေတော့တာ ဖြစ်သည်။

"မင်းကတော့ကွာ တကယ်ပဲ။ ဪ ... ဒါနဲ့ သား၊ မင်းမာမီရဲ့ အချစ်တော်လေး ဖြိုးပီတီတောင် ညက အိမ်ဖုန်းကို ဆက်သေးတယ်။ မင်း ဖုန်းဆက်မရလို့တဲ့။ ပြန်ဆက်ပေးလိုက်ဦး။ ဘာပဲဖြစ်ဖြစ် အဲဒီကောင်မလေးဆိုတော့ သားဘဝရဲ့လက်တွဲဖော် ဖြစ်လာနိုင်တဲ့အထိ စိတ်နှစ်ပေးထားပါကွာ။ မင်းမာမီကလည်း မင်းအတွက် သေသေချာချာ ရွေးထားတာဆိုတော့ nearly perfect ပဲ ဖြစ်နေမှာပါ"

ရှေးက ဒက်ဒီပြောနေတဲ့ စကားတွေကို နားထောင်ရင်း ကော်ဖီတစ်ငုံ သောက်လိုက်ကာ ...

"ဒက်ဒီကကော အဲဒီကောင်မလေးနဲ့ သဘောတူလို့လား။ မာမီကတော့ လူကသာ လန်ထွက်နေတာ အရည်အချင်းကတော့ ဓိးရိုးတဲ့။ ကျွန်တော်ကတော့ သိပ်ပြီး စိတ်ဝင်စားလှတယ်တော့ မဟုတ်ပါဘူး။ မာမီက သည်းသည်းလှုပ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



"ပြနေလို့ ကျွန်တော် အလိုက်အထိုက် ဆက်ဆံနေတာ။ ဒယ်ဒီ့ကို မေးရဦးမယ်။ အဲဒီကောင်မလေးဆို မာမီက ငယ်ငယ်လေးတည်းက ထောက်ပံ့ပေးထားတာဆို"

"ဟုတ်မှာပေါ့ကွာ၊ မင်းအမေက သူ့သားအတွက် နှစ်ရှည်စီမံကိန်းဆွဲပြီး ချွေးမမွေးထားတာ နေမှာပေါ့။ ဒီကောင်မလေးကို အရည်အချင်း စီးရှိုးဖြစ်အောင် သူပဲပံ့သွင်းထားတာနေမှာပေါ့။ ကောင်မလေးပုံစံကတော့ ထက်ထက်မြက်မြက်ကလေးပါ။ မဆိုးပါဘူး"

ဒက်ဒီနဲ့သူ စကားပြောနေတုန်း သူ့ရဲ့ဟန်းဖုန်းက မြည်လို့လာလျှင် စကားစပြတ်သွားကာ သူက ဖုန်းနံပါတ်ကို ကြည့်လိုက်သည်။ မာမီ့ဆီက ဖြစ်နေတာကြောင့် ရှေးက ဒက်ဒီ့ကို မာမီ့ဆီကလို့ ပြောရင်း ဖုန်းကိုင်လိုက်သည်။

"ဟယ်လို ... မာမီ ပြော"

"အေး၊ သားရေ ... နိုးပြီလား"

"ဟုတ်ကဲ့ ... နိုးပါပြီ၊ ဒက်ဒီပြင်ပေးတဲ့ breakfast စားနေတယ်။ မာမီ ဘာကိစ္စရှိလို့လဲ ပြောလေ"

"အဲဒါ ပြောမလို့။ သားရေ ... မင်း၊ဒီနေ့ ပီတိလေးနဲ့ ရွှေရုပ်ကို လိုက်ပြီး ကားမောင်းပို့ပေးလိုက်ပါကွယ်"

ရှေးက စိတ်ညစ်သွားကာ မျက်ခုံးနှစ်ခုကို တွန့်ချိုးလိုက်ရင်း မာမီ့ကို မေးခွန်းပြန်ထုတ်လိုက်သည်။





"ဘာဖြစ်လို့လဲ မာမီရဲ့။ ရွှေရုပ်လည်း ကားမောင်းတတ်နေတဲ့ဟာ။ သားက ဘာကို လိုက်မောင်းပေးနေစရာလိုလို့လဲ"

"ခြော် ... ရှေးရှယ်၊ လိုအပ်လို့ မင်းကို မာမီက အကူအညီတောင်းရတာပေါ့။ အခု မင်းကို ကားလိုက်မောင်းခိုင်းတယ် ဆိုတာကလည်း မင်းဘိုးဘိုးကြီးအတွက် ရေမန်းက ဟို ထမလုံအထိ သွားယူရမှာမို့လို့။ မေမေက ဒီနေ့ မင်းအန်တီလေးနဲ့အတူ အစည်းအဝေး လိုက်သွားရမှာမို့လို့။ လူ့ခွဲမရှိလို့ သားကို အကူအညီတောင်းတာ။ ဘိုးဘိုးအတွက်ပဲဟာ သား လိုက်မောင်းပေးလိုက်ပါနော်"

မာမီက သူ့ကိုငြင်းမရအောင် ချုပ်နေပြီမို့ ရှေးက ပို့ပေးမဖြစ် ပို့ပေးရတော့မယ် ဆိုတာကို သိနေသောကြောင့် နည်းနည်းတော့ အတွန့်တက်လိုက်သည်။

"အဲဒါဆိုလည်း မာမီရာ၊ ရေမန်း သွားယူမယ်ဆိုလည်း သားနဲ့ ရွှေရုပ်ပဲ မောင်နှမနှစ်ယောက် သွားလိုက်မယ်လေ။ ပီတိကို ခေါ်လာတဲ့အခါကျတော့ သူလည်း အနေကျုံ့သလို သားလည်း လွတ်လွတ်လပ်လပ် ဘယ်ရှိပါ့မလဲ"

"သားရယ် ... ပီတိဆိုတာက မေမေတို့အတွက် သားနဲ့ ရည်ရွယ်ထားတဲ့သူ လက်တွဲဖော်၊ သူပါလာတော့လည်း

www.burmeseclassic.com



ဘာဖြစ်လဲ၊ သူပါလာတော့လည်း သားတို့နှစ်ယောက် အတွက် ရင်းနှီးမှုက အခုချိန်မှာ လိုအပ်နေတာမှလား။ နောက်ပြီး ရွှေရုပ်ကလည်း သူတစ်ယောက်တည်း မသွားချင်ဘူးဆိုတော့ မေမေက ပီတိကိုပါ ခေါ်လိုက်ရတာပါ။ မင်းကလည်းလေ အိုးကမပူ စလောင်းက ပူနေပြန်ပါပြီ။ ကဲ … ကဲ … သားရေမိုးချိုးပြီးသွားရင် အိမ်ကိုလာခဲ့လိုက်။ မေမေ့ကားကို ယူသွားလိုက်၊ သား … ငြင်းမယ်လို့တော့ မကြိုးစားနဲ့ မေမေစောင့်နေမယ်”

မာမီက ပြောပြီးတာနဲ့ ဖုန်းချသွားလျှင် သူ့မှာ ဘာမှ ပြောချိန်မရလိုက် ဟတ်ကော့ကြီး ကျန်ခဲ့ရတာဖြစ်သည်။ ဒက်ဒီက သူ့ကို အကဲခတ်ကာ …

“ဘာဖြစ်လဲ သား၊ မင်းကို နှီးစပ်မယ့်အကွက်တွေ ခင်းပေးနေတာလား”

ရှေးက ဖုန်းကိုဘေးပြန်ချကာ ဒက်ဒီမေးခွန်းကို ပခုံးအသာတွန့်ပြ၍ …

“မသိတော့ပါဘူး ဒက်ဒီရာ၊ မာမီက သားကို လာပါဆိုပြီး ခေါ်နေတယ်လေ။ အဲဒါ သွားရဦးမယ်”

“အေးပေါ့ကွာ သွားလိုက်ပေါ့၊ မင်းကလည်း ကိုယ့်မာမီစကားပဲ နားထောင်ရမှာပေါ့”





“ဟုတ်ကဲ့ပါဗျာ။ ဒယ်ဒီကလည်းနော် သူ့ချစ်ချစ်ဆို ဘာမဆို အကောင်းချည်းပဲ မြင်နေတော့တာပဲ …

ကဲ … အဲဒါဆိုလည်း သား ရေသွားချိုးလိုက်ဦးမယ်”

ရှေးက အိပ်ခန်းထဲ ပြန်ဝင်လာကာ မာမီဆီသွားဖို့ အတွက် ရေချိုးပြင်ဆင်ရသည်။

www.burmeseclassic.com



"ကိုကိုရေ ... ရွှေပုစွန်မှာ ရပ်လိုက်လေ တစ်ခုခုစားရအောင်။ ပီတိကော အချိန်ရတယ် မဟုတ်လား"

"ရတယ် ရွှေရုပ်။ ပီတိက အေးဆေးပဲ"

နှစ်ယောက်စလုံးက အတိုင်အဖောက်ညီစွာ ပြောနေတာမို့ သူက မရပ်ချင်ဘဲ ရပ်ပေးကာ စားရတော့မည့် အနေအထားသို့ ရောက်သွားလေသည်။ ဒီနေ့က မေမေ ခိုင်းထားတဲ့ ဘိုးဘိုးအတွက် ရေမန်းကို ထမလုံမှာ သွားယူလာကာ အဲဒီမှာဝယ်ထားတဲ့ မြေကွက်ကိုပါ ဝင်ကြည့်နေသေးတာမို့ အချိန်က ပိုလင့်သွားကာ သူ့မှာ မရှည်တဲ့စိတ်ကို အတင်းပြန်ဆွဲဆန့်ပြီး နေရပါတယ်ဆိုမှ မိရွှေရုပ်တို့က အငတ်ဘေးကြီးဆိုက်ကာ စားချင်လှပါချည်ရဲ့ဆိုပြီး ပူဆာကာ ပီတိကိုပါ အဖော်လုပ်မ်းညှိလိုက်သေးသည်။ အဲဒီအတွက်ကြောင့် သူ့မှာ သာကေတရွှေပုစွန်ထဲသို့ ကားမောင်းကွေ့လာကာ စားဖို့အတွက် သူမတို့နှစ်ယောက်နှင့်အတူ အောက်ဆင်းလာ၍ ဆိုင်ထဲဝင်လာခဲ့လိုက်သည်။





ရွှေရုပ်က အလိုက်သိစွာပင် အအေးများ သူ့ဘာသာသူ သွားမှာ၍ တမင်ကြီး ရှောင်နေပေးတာကြောင့် သူကစားပွဲမှာ နှစ်ယောက်တည်း ကျန်နေခဲ့သည့်အတွက် နားလည်မှုရှိစွာပင် ဘာညာ စမောကလာ လုပ်ရလေတော့သည်။

"ဘယ်လိုလဲ ပီတိ၊ ဒီနေ့ တစ်နေကုန် ကိုယ်တို့ကိစ္စတွေ လိုက်လုပ်ပေးနေရတာ မောသွားပြီလား"

"မမောပါဘူး။ ကိုကြီးတို့အတွက်ဆို ကူညီလုပ်ပေးရမှာ ပီတိတာဝန်ပဲလေ။ အားနာစရာ မလိုပါဘူး ကိုကြီးရဲ့"

"ကျေးဇူးပါဘဲ ပီတိရယ်။ ဒါနဲ့ မာမီက အရင်တုန်းက ပီတိအကြောင်း တစ်ခါမှ မပြောဖူးဘူး။ အခုမှ ပြောတာ။ ပီတိနဲ့ မာမီ သိတာကြာပြီလား"

"မေမေက ပီတိငယ်ငယ်လေးကတည်းက ပီတိရဲ့အစစအရာရာတိုင်းကို တာဝန်ယူပေးတာလေ။ သိတာကြာပြီပေါ့"

ရှေးက အခွင့်အရေး ရတာနဲ့ သဘောထား ဘယ်လိုရှိတယ်ဆိုတာ သိရအောင် အင်ကွာတိ ရိုက်လိုက်သေးသည်။

"ဪ ... မာမီက အလွန်လျှို့ဝှက်ထားတာပဲ။ ကိုယ့်ကို တစ်ခါဆို တစ်ခါမှ ပီတိရဲ့အကြောင်းကို ပြောမပြဖူးပါဘူး။ ကိုယ့်ကို ပီတိနဲ့ လက်ထပ်ပေးမယ်ဆိုပြီး ပြောတော့မှ ပီတိအကြောင်း ကိုယ်က သိရတာ။ ပီတိကကော ... ကိုယ့်ကို ဘယ်ကတည်းက သိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... အတော်ပဲ၊ ရှေးဘုန်းကံ ... မင်းဟာလေ ငါ့ရဲ့ကယ်တင်ရှင်ပဲ။ ငါ့ကို တစ်ခုလောက် ကူညီပါဟယ်"

သူတို့ စကားပြောနေတုန်း သူ့ဘေးသို့ ရောက်လာတာကတော့ မမဇော် ဖြစ်၏။

"ဟာ ... မမဇော်။ ဘယ်လိုဖြစ်ပြီး ဒီကိုရောက်နေတာလဲ"

သူက တအံ့တသြ မေးတာကို ပီတိက အကဲခတ်လေ့လာဟန်ဖြင့် ကြည့်နေကာ အအေးသွားမှာလိုက်သည်။ ရွှေရုပ်က ရောက်လာ၍ မမဇော်ကတော့ ထုံးစံအတိုင်း ပျာရိပျာရာဖြင့် သူ့ကို ပြန်ဖြေလေ၏။

"စာချုပ်ကျန်ခဲ့လို့ အဲဒါ အရေးတကြီးလိုနေတယ်။ ဒီအနီးအနားတစ်ဝိုက်မှာ စာချုပ်ရောင်းတာ ဘယ်နေရာမှာများ ရှိလဲဟင်။ ကူညီပါဦး ရှေးဘုန်းကံရယ်"

ရှေးက အကူအညီလိုနေတဲ့ မမဇော်ကို အကူအညီပေးဖို့ ဆုံးဖြတ်ကာ ...

"ကျွန်တော် ဒီနားတစ်ဝိုက်မှာတော့ မရှိလောက်ဘူးထင်တယ်။ မမက ဘာစာချုပ် လိုတာလဲ။ ကျွန်တော် ကူညီပေးမယ်လေ"

မမဇော်က ပြောမယ်လုပ်ပြီးမှ သူ့ဘေးကနှစ်ယောက်ကိုကြည့်ကာ သတိထားမိသွားကာ ...





"ဪ ... ရပါတယ်။ မင်းကို ရုတ်တရက်တွေ့လိုက်တော့ အကူအညီတောင်းမိသွားတယ်။ Sorry နော်၊ ဒီနားမှာတော့ ရှိတော့ ရှိမှာပါ"

"မရှိဘူး မမရဲ့။ ရပ်ကွက်ထဲမှာတော့ ရှိလောက်မယ်။ ကျွန်တော် ကူညီပေးပါ့မယ်။ မမ ဘာမှ အားနာစရာမလိုဘူး။ ဒါတွေက ကျွန်တော့်ညီမတွေပါ။ ပြောနေကြာပါတယ် ကျွန်တော့်မှာလည်း ကားပါတယ်။ လာ ... ကျွန်တော် လိုက်ပို့ပေးမယ်။ ရွှေရုပ်နဲ့ ပီတိ ခဏလေး ဒီမှာစောင့်နေဦးနော် ...

လာ ... မမ"

"ဪ ... နေပါစေ၊ ရတယ် ... ရတယ်"

"မဟုတ်တာ"

"ကျွန်တော် အကူအညီပေးပါ့မယ်။ လာ ... မမ"

သူက မမကို ခေါ်လာကာ ရပ်ကွက်ထဲက ဆိုင်တစ်ဆိုင်ဆိုင်မှာ စာချုပ်ရလိုရငြား ရှာပေးဖို့ ဆုံးဖြတ်လိုက်သည်။ သူနဲ့အတူတူ လျှောက်လာသည်။ မမက အားတုံ့အားနာဟန်ဖြင့်...

"မင်းကို အရမ်းအားနာတာလဲ။ ရှေးဘုန်းကံရယ် ... တို့အတွက်ကလည်း မဖြစ်မနေမို့လို့ပါ ဒီနားက ရပ်ကွက်ထဲမှာ တို့ရဲ့ စီးပွားရေးဈေးကွက်ကို လိုက်ချဲ့ဖို့ စပြီး ငွေထုတ်ပေးပြီလေ။ အဲဒါ အခု ပိုက်ဆံအပေးအယူကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



စာချုပ်စာတမ်းနဲ့ လုပ်မယ်ဆိုတော့ စာချုပ်က ပါမလာဘူး။ အဲဒါကြောင့်ပါ"

"ရပါတယ် မမရယ်။ ကျွန်တော်က မမအလုပ်အတွက် အုတ်တစ်ချပ် သဲတစ်ပွင့် ကူညီခွင့်ရရင်ပဲ ကျေနပ်ပါပြီ။ လာပါ ... သွားရအောင်"

သူနှင့် မမက ရွှေပုစွန်ထဲက ထွက်လာကာ ရပ်ကွက်ထဲက မိတ္တူဆိုင်မှာသွား၍ စာချုပ်သွားဝယ်ခဲ့သည်။ စာချုပ်ဝယ်ပြီး ပြန်အလာတွင် မမဇော်က ...

"ကျေးဇူးအများကြီး တင်ပါတယ်။ မင်းကူညီပေးလို့အဆင်ပြေပြေနဲ့ စာချုပ်ရတာ။ ဒါပေမဲ့ မင်းညီမလေး နှစ်ယောက်မှလား။ အားနာလိုက်တာ"

ရှေးက အဲဒီစကားအတွက် အေးရာအေးကြောင်း ခေါင်းတစ်ချက်သာ ညိတ်ပြ၍ ...

"ပြဿနာမရှိပါဘူး၊ ကျွန်တော်က မမကို ကူညီရတာနဲ့တင် ကျေနပ်ပါပြီ။ အင်း ... အဲဒါကြောင့် ကျွန်တော်လည်းတွေးမိတယ်။ တစ်ခုခုဆို ဘာပဲဖြစ်ဖြစ် အားကိုးလေးတော့ရှိမှ၊ အားကိုးစရာ လူမရှိတော့ မမမှာ အခုလို စာချုပ်လိုတယ်၊ ဘာညာဆိုတော့ ဘယ်လိုသွားဝယ်မလဲ ...

ဘယ်လိုလဲ မမ၊ အားကိုးလေး ဘာလေး ရှာလိုက်လေဗျာ"





သူ့စကားကြောင့် အပျိုကြီးမမမှာ ရင်ခုန်သံတွေဘာတွေ ဖိုးသိုးဖပ်သပ် ဖြစ်ကုန်၍ အပျိုကြီးရှက်လျှင် ဒေါသတွေဖြစ်ကာ သူ့ကို စွတ်ကောတော့သည်။

"ရှေးဘုန်းကံနော် ... ဘာစကားတွေ ပြောနေတာလဲ။ ငါက ဒီလောက် အရည်အချင်းရှိတာ ဘာကို အားကိုးရှာရမှာလဲ"

ရှေးက သူဆင်ထားတဲ့ ခွင်ထဲကို အမှတ်မထင်ရောက်လာပြီး ဖြစ်တာကြောင့် သူက အခွင့်အရေးရတာနဲ့ တစ်ပြိုင်နက် မမဇော်ကို ကြိုက်နေသော ကိုထင်သွေး အတွက် ခွင်ဆင်ပေးလိုက်တော့သည်။

"တကယ်ပြောတာပါ မမရဲ့။ လူဆိုတာ တစ်သက်လုံးကြီးတစ်ယောက်တည်းနေဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ။ အဲဒီတော့ကျွန်တော်တို့တွေကလည်း အားကိုးရှာရမယ် မဟုတ်ဘူးလား ...

ဘယ်လိုလဲ မမ။ ကျွန်တော် ရှာပေးရမလား၊ မမလို အလန်းဖယားဒီဇိုင်းနဲ့ဆိုရင် ချစ်မဲ့သူတွေက ဝိုင်းဝိုင်းလည်နေမှာ သေချာပါတယ်ဗျာ"

"ကဲ ... ကဲ ... ရှေးဘုန်းကံ၊ မင်းလည်းလေ တော်တော်ကို လျှာရှည်တာပဲ၊ မောင်းစရာရှိတာ မြန်မြန်မောင်းစမ်းပါ။ သိပ်စကားရှည်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... တကယ်ပြောတာပါ မမရဲ့၊ မမကိုချစ်မယ့်သူတွေက ဝိုင်းဝိုင်းကို လည်နေမှာ၊ ကိုယ့်အစ်မ ရွှန်ဖို့အတွက် ကျွန်တော့်တက်က အောင်သွယ်တော် လုပ်ပေးရမလားဟင် မမ"

သူ့စကားကြောင့် မမက သဘောတကျဖြင့် ရယ်ကာ ...

"ရှေးဘုန်းကံရယ်၊ လာနောက်မနေစမ်းပါနဲ့၊ ကိုယ့်ဘာသာကိုယ် အေးအေးနေပါရစေနော်"

ရှေးက အဲဒီစကားဟာ ဘာပဲဖြစ်ဖြစ် သူအောင်သွယ်တော် ဖူးစာရေးလုပ်ပေးဖို့ ဝွင်ပဲမို့ သူရည်ရွယ်ထားသည့် ကိုထင်သွေးတို့ကို ကူညီပေးမည့်ကိစ္စ 90 % အောင်မြင်ဖို့တွက်ထားလိုက်သည်။ ဒီလိုဖြင့် သူနှင့် မမဇော်တို့ စကားပြောလာကြသည်။ ရွှေပုစွန် ပြန်အရောက်တွင်တော့ မမဇော်သည် အလုပ်ကလည်း အသင့်စောင့်နေသလို ပီတိနှင့် ရွှေရုပ်ကလည်း သူ့ကိုတင်းနေစွာ စောင့်နေလေ၏။

"Sorry ပါ ပီတိနဲ့ ရွှေရုပ်ရယ်၊ အခုကိစ္စက ဘယ်လိုမှမကူညီရင် မရတော့တဲ့ကိစ္စမို့လို့ ကိုယ် ကူညီပေးလိုက်ရတာပါ။ စောင့်နေရတာ ကြာသွားတဲ့အတွက် စိတ်မရှိနဲ့နော်။ အဲဒီမမက ကိုယ့်ရဲ့အစ်မကြီးလို ဖြစ်နေတော့ ကိုယ်မကူညီလို့ မကောင်းဘူး၊ ပီတိလည်း စိတ်မဆိုးပါနဲ့နော်"





"ရပါတယ် ကိစ္စမရှိပါဘူး။ ပီတိတို့ကတော့ စားပြီးသွားပြီ။ ကိုကြီး ဘာစားဦးမလဲ"

"တော်ပြီလေ၊ ပီတိတို့ စားပြီးသွားပြီဆို ပြန်ကြတာပေါ့။ ကိုယ်လည်း နားချင်ပြီ"

ရှေးက ပြောပြီးတာနဲ့ ထွက်လာကာ သူမတို့နှစ်ယောက်ကလည်း ၊ နောက်ကနေ ခပ်သုတ်သုတ် ထွက်လာ၏။ သူ့စိတ်ထဲမှာ ကျေနပ်ခြင်း မကျေနပ်ခြင်းတွေ ပြည့်နေ၏။ ကျေနပ်တာကတော့ သူ့ရဲ့မြားနတ်မောင်အလုပ်အကိုင် စလို့ရပြီဖြစ်တာကြောင့်ဖြစ်ပြီး မကျေနပ်တာကတော့ သူအတည်တကျတွဲမည့် ချစ်သူကောင်မလေးမှာ ပီတိမဟုတ်သေးတာကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့ မနက်တွင် စိမ်းရဲ့ရုံးခန်း မြဲ့အရှေ့ဈေးဆီ နောက်ပြီး ဖော်ရဲ့အိမ်။ ထိုသုံးနေရာ၌ ပန်းစည်းတစ်စည်း ရောက်လာလေသည်။ ဘယ်သူ့ဆီကပါလိမ့်ဆိုတဲ့ တွေးခေါ်မှုနှင့်အတူ ဒီပန်းစည်းကို တဒင်္ဂဆီသာ ဘယ်သူ့ဆီကလဲဆိုပြီး တွေးမိပေမယ့် အဲဒီအတွေးဟာ ခနလေးပဲ ဖြစ်မည်ဆိုတာ သူက သိနေလေသည်။ ထို့အတွက်ကြောင့် ရှေးက မမသုံးယောက်ဆီ ရောက်လာမယ့် ပန်းစည်းရဲ့ပိုင်ရှင်က ဘယ်သူဆိုတာကို စိတ်ဝင်စားလာစေဖို့ သူကပဲ စီစဉ်ကာ ပထမဆုံး မမစိမ်းဆီသို့ ကိုသီဟကို အရင်လွှတ်ရသည်။

"ကဲ ... ကိုကြီး၊ ဒီအချိန်ဆို မမစိမ်းက ကောင်တာမှာ ထိုင်နေကြ။ အဲဒီတော့ ကိုကြီး ဝင်သွားလိုက်။ ဘာညာ သာရကာ ပြောတာလောက်ကတော့ ပြောတတ်ပါတယ်"

"ဟုတ်ပြီ ... စိတ်ချ ညီလေး။ ဒီလောက် intro ကတော့ အေးဆေးပါ"





"အိုခေ ဘဲကြီး။ အောင်မြင်ပါစေဗျာ။ ကျွန်တော့်ကားပေါ်က စောင့်နေမယ်နော်"

ရှေးက ကားပေါ်မှာ စောင့်နေကာ သီချင်းဖွင့်ရင်း ထိုင်စောင့်နေတုန်း သူ့ရဲ့ကားမှန်တံခါးကို တဒေါက်ဒေါက် လာခေါက်တာကြောင့် ရှေးက အံ့အားတသင့်ဖြင့် ကားမှန်ကိုချ လိုက်သည်။ သူ့ရဲ့ကားမှန်တံခါးကို လာခေါက်သူဟာ မမစိမ်း ဖြစ်နေတာကြောင့် သူက အံ့အားသင့်စွာဖြင့် မမကို ခေါ်လိုက်သည်။

"မမ ... မမစိမ်း"

"ရှေးဘုန်းကံ ... ဘာလုပ်နေတာလဲ"

မမစိမ်းရဲ့မေးခွန်းကြောင့် သူက ဘာဖြေရမှန်းမသိ တော့စွာဖြင့် ရှေးက ကားပေါ်ကနေ အရင်ဆင်းလိုက်ရင်းက ကိုကြီးသီဟကို တွေ့လိုတွေ့ငြား အရင်ကြည့်လိုက်ရသေးသည်။ ဟား ... ဒီဘဲကြီးကတော့ ကျွိုင်ပဲကွာ။

"ဟဲ့ ... ရှေးဘုန်းကံ။ ဘာဖြစ်နေတာလဲ"

"အမ် ... ဩော် ... ဟဲဟဲ။ ဘာမှမဖြစ်ပါဘူး။ စကော့ ဈေးမှာ shopping လာလုပ်တာလေ။ မမကကော အခုမှ ဆိုင်လာတာလား"

"မဟုတ်ဘူး။ ပြန်မလို့။ ဒီနေ့ တို့ကားမပါဘူးလေ။ အဲဒါ Taxi နဲ့ ပြန်ရမှာ။ အိမ်မှာချိန်းထားတဲ့ ကိစ္စလေး ရှိနေလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အဲဒါဆို ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"တကယ်လား။ ဒါဆိုရင်တော့ အဆင်ပြေသွားပဲ"

ရှေးက ခေါင်းညိတ်ပြကာ မမစိမ်းကို လိုက်ပို့ပေးဖို့ ဆုံးဖြတ်ရင်းက ကိုသီဟကို လှမ်းကြည့်မိလေသည်။ ဟား ကွာ ... ဒီဘဲကြီးကလည်း ကွိုင်ပဲ။ မမစိမ်းကို မတွေ့ဘူးဆိုရင်လည်း ပြန်လာတာ မဟုတ်ဘူး။

"ဟေး ... ရှေးဘုန်းကံ။ ဘာလုပ်နေတာလဲ။ လိုက်ပို့ပေးမယ်ဆိုလည်း လိုက်ပို့တော့လေ။ ဘာကြည့်နေတာလဲ"

ရှေးက ခုမှတော့ မထူးတော့တာမို့ လိုက်ပဲပို့ပေးဖို့ ဆုံးဖြတ်ကာ နောက်ကျနေရော့ အဲဒီဘဲကြီးကိုတော့ ထားပစ်ခဲ့ လိုက်တော့သည်။

"ဘာမှမကြည့်ပါဘူး မမရဲ့။ လာလေ သွားကြမယ်"

သူက မမနဲ့အတူ ကားပေါ်တက်လာကာ မောင်း လာခဲ့လိုက်တော့သည်။ မမရဲ့လက်ထဲမှာ ဒီကနေ့မနက်က သူ ပို့ပေးထားတဲ့ ပန်းစည်းလည်း မတွေ့တာကြောင့် သူက အနည်း ငယ် စကားတောက်ကြည့်လိုက်ရသည်။

"မမ ... ဒီနေ့ပြန်တာ စောတယ်ဆိုတော့ ထမင်းကော စားပြီးသွားပြီလား"

"စားပြီး,ပြီး မပြီးပြီး မင်းက ဘာလုပ်မလို့လဲ"

"ဩော် ... ဘာမှတော့ မလုပ်ပါဘူး။ သိချင်လို့ မေးတာပါ"





"ဒါနဲ့လေ ... ဟိုတစ်နေ့ကတောင် ကျွန်တော့်မွေးနေ့မှာ မမတို့ကို မိတ်ဆက်ပေးတဲ့ အစ်ကိုကြီးသုံးယောက်ကို မမ မှတ်မိသေးတယ်မှလား"

"အင်း ... အဲဒီတော့ ..."

မမစိမ်းက သူ့ကို ရှုတည်တည်ဒီဇိုင်းဖြင့် မေးခွန်း ပြန်ထုတ်နေတာကြောင့် သူက ပြုးစိစိ မျက်နှာထားဖြင့် ဘာမှ တော့ မဖြစ်ပါဘူးဗျာ၊ မမစိမ်းကို အဲဒီထဲက တစ်ယောက်က ကြိုက်နေလို့ ကျွန်တော့်ကို လာပြောခိုင်းတယ်။

"ရှေးဘုန်းကံ ... ငါ့ကို အဲဒီလိုပုံစံမျိုးနဲ့ အောင်သွယ်တော် လုပ်ပေးမယ်လို့ စဉ်းစားနေတယ်ဆိုလို့ရှိရင် မင်းရဲ့အတွေး တွေ မေ့ပစ်လိုက်နော်။ ငါက အဲဒီလို ရှုပ်ရှုပ်ယှက်ယှက် လုံးဝ စိတ်မဝင်စားဘူး။ အပြောအဆို ဆင်ခြင်ပါ"

မမစိမ်းက တကယ်ကြီးတင်းနေတာမှန်း သူ ရိပ်စား မိသွားတာကြောင့် ရှေးက အတည်ရည်ရွယ်ပြောရင်းမှ ဖောရှော ပြန်လုပ်လိုက်လေသည်။

"စိတ်မဆိုးပါနဲ့ မမရယ်။ ကျွန်တော်က နောက်တာပါ။ ကျွန်တော်က ကိုယ့်မမတွေကို လူကောင်းလေးတွေနဲ့ နီးစပ်စေချင်တဲ့ သဘောပါ"

"အဲဒါဆိုလည်း ကိုယ့်ဘာသာကိုယ်ရှာပြီး ကောင်းကောင်း မွန်မွန်ရအောင် ယူလိုက်တော့ဟေ့။ ငါ့ကို အဲဒီလို အောင်



www.burmeseclassic.com

www.burmeseclassic.com



သွယ်ပေးမယ့် စိတ်ကူးရှိနေတယ် ဆိုရင်တော့ မင်းနဲ့ငါ အပေါင်းအသင်းလုပ်လို့ ရမှာမဟုတ်ဘူး ရှေးဘုန်းကံ”

မမရဲ့ပုံစံကို ကြည့်ရတာ သူ့ကို တကယ်ကြီး တင်းသွားတဲ့ပုံစံ ပေါက်တာမို့ ရှေးက ဖော်ရွေပြန်လုပ်ကာ ...

“ဟဲ ... ဟဲ ... စိတ်မဆိုးပါနဲ့ မမကလည်း၊ ကျွန်တော်က ကိုယ့်အစ်မကို လင်ကောင်းသားကောင်း ရစေချင်တဲ့ စေတနာနဲ့ပါ”

“ရှေးဘုန်းကံ။ နင့်ရဲ့ပါးစပ်ကိုပိတ်ပြီး ကားကိုပဲ မောင်း စရာရှိတာ မောင်း”

“ဟဲ ... ဟဲ ... ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါဗျာ။ မမက လည်းလေ သိပ်ဒေါသကြီးတာပဲ။ ကျွန်တော်က နောက်တဲ့ ဟာကို”

“အဲ့ လို လာမနောက်နဲ့ မကြိုက်ဘူး။ ငါ တည်တည် တံ့တံ့ပဲ သဘောကျတယ်”

ရှေးက မမရဲ့ အဲဒီတည်တည်တံ့တံ့ဆိုတဲ့စကားကို ကိုကြီးသီဟအတွက် မှတ်ထားလိုက်ရင်း အသာငြိမ်ကာ ကား ဆက်မောင်းလာခဲ့တော့သည်။ အဲဒီအချိန်ကျတော့မှ ပြုံးပြုံးပျပျ ဖြင့် သူ့ဆီကို ဖုန်းဝင်လာတာကတော့ ကိုသီဟဆီကပဲ ဖြစ်သည်။ ရှေးက ဘေးနားမှာ မမကလည်း ရှိနေတာမို့ တိုးတိုးတိတ်တိတ် လေသံဖြင့် ပြောရလေတော့သည်။





“ဟယ်လို ... ကိုကြီးပြော”

“ဟော့ကောင် ... ရှေးဘုန်း၊ မင်း ဘယ်ရောက်နေတာလဲ၊ မင်း တော်တော်ရက်စက်တာပဲနော်။ မင်းကားကလည်း ရှာလို့မတွေ့ဘူး။ မင်းဘယ်ရောက်နေလဲ”

ခုမှလာပြီး အသည်းအသန်တွေ လုပ်နေတာမို့ သူက မမရှိနေတာကို ငဲ့ညှာ၍ သိပ်တွေတွေထူးထူး မပြောတော့ဘဲ ...

“Sorry ပဲ ကိုကြီးရာ။ ကျွန်တော် ကိစ္စရှိလို့အပြင်သွား ပြီ။ ကိုယ့်ဘာသာကိုယ်ပဲ ပြန်လာခဲ့လိုက်တော့လေ နော်”

“ဟော့ကောင်ရ ... ငါ အခုထက်ထိ စိမ်းကို မတွေ့ရသေး ဘူးကွ”

ရှေးက စိတ်ထဲကနေ အဲဒီလောက်တောင်မှ တုံးနေ လည်း ခံပေါ့ဗျာလို့ ပြောလိုက်ချင်ပေမယ့် မမလည်း ရှိနေသေး တာကြောင့် သူက အခြေအနေအားဖြင့် ငဲ့ကွက်ရကာ ဟီး ဟီး ဟဲဟဲ လုပ်နေရင်းကပဲ ပြောလိုက်တော့သည်။

“အဲဒါဆိုလည်း မရှိလို့ပေါ့ဗျာ။ မတွေ့ရင်လည်း ကိုယ့် ဘာသာကိုယ် ပြန်လာခဲ့လိုက်တော့လေ ကိုကြီးရ။ ဒါပဲ နော်။ ကျွန်တော် လုပ်စရာကိစ္စလေးတွေ ရှိသေးတယ်၊ မအားဘူးဗျ။ နောက်မှ ပြန်ဆက်လိုက်မယ်”

“ဟာ ... ဟော့ကောင် ... ဟော့ကောင် ... နေဦးလေကွာ”



www.burmeseclassic.com

www.burmeseclassic.com



ရှေးက ပြောလည်း ဆက်ပြီးဂရုမစိုက်တော့ဘဲ ဖုန်းသာပိတ်လိုက်သည်။ ရှေးက ဖုန်းချလိုက်ပေမယ့်လည်း မလုံမလဲဖြစ်သော စိတ်တို့ဖြင့် မမဘက်ကို လှည့်ရယ်ပြ၍ ...

"ဟဲ ဟဲ ... ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆီက ဖုန်းလေ၊ အနှောင့်အယှက်ဖြစ်သွားရင် Sorry နော် မမ"

"ပြဿနာမရှိပါဘူး။ မင်းဘာသာမင်း ဖုန်းပြောတဲ့ကိစ္စက တို့ကို အနှောင့်အယှက်ပေးတာမှ မဟုတ်တာ။ ပြောစရာရှိတာ ပြောပါ"

မမရဲ့ပုံစံက ခပ်တည်တည် ဖြစ်နေတာမို့ သူက သူကြံနေတာများ မမရိပ်မိနေမလားဟု တွေးမိကာ ကိုယ့်ဘာသာကိုယ် မလုံမလဲ ဖြစ်နေသည်။ မမစိမ်း ကျေနပ်အောင် ပြောလိုက်တော့သည်။

"မမအတွက် အနှောင့်အယှက် မဟုတ်ပေမယ့်လည်း ကျွန်တော့်အတွက်ကတော့ မမကို ဘေးမှာထားပြီး ဖုန်းပြောရတာကို စိတ်ထဲမှာ သဘောမတွေ့ပါဘူး။ ကျွန်တော်က မမစိမ်းကို ဘေးနားမှာရှိနေရင် ဖုန်းတောင် ပြောချင်တာမှ မဟုတ်တာ"

သူ့စကားကြောင့် အပျိုကြီးမမမှာ ချက်ချင်းပင် မျက်နှာပြင်ကာလာ ချိန်းသွား၍ သူ့ကိုကောတော့၏။





"ရှေးဘုန်းကဲ ... မင်းဟာလေ တော်တော်ကို စကားများတာပဲ။ ငါကလည်း အဲလိုစကားများရင် တစ်စက်မှကို မကြိုက်ဘူး"

"ဩော် ... မမ မကြိုက်ဘူးလား။ အဲဒါဆိုရင် ကျွန်တော် မမကြိုက်အောင်လို့ စကားမများဘဲ ကားအေးဆေးမောင်းတော့မယ်နော်"

သူက ပါးစပ်လေး အသာပိတ်ဟန်ဖြင့်သာ ကားဆက်မောင်းလာခဲ့လျှင် မမက သူ့ကို ရှုတည်တည်မျက်နှာထားဖြင့်ကြည့်၍ ဘာမှတော့ ဆက်မပြောချေ။ ဒီအချိန်ဆို ကိုကြီးသီဟတစ်ယောက်ကတော့ သူ့ကို ဒေါသတွေထွက်၍ ဆွေ့ဆွေ့ခုန်နေတာ အခန့်မသင့်လျှင် ဒက်ဒီဆီကိုတောင် ဖုန်းလှမ်းဆက်၍ သူ့ကိစ္စကို လှမ်းတောင်တိုင်နိုင်၏။ ဒါပေမဲ့ သူကလည်း ဒက်ဒီအဆူကိုခံပြီး အဲဒီ အပျိုကြီးသုံးယောက်နှင့် ဒီငေါ်မစွံ လူပျိုကြီးသုံးယောက် အိုကေမှာ စိုပြည်နိုင်စေမည့် နည်းလမ်းအတွက် ရှေးက အင်တိုက်အားတိုက်ကို ရက်ရက်ရောရော စေတနာတွေပို၍ ကြိုးစားနေတာပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

သူ့ရဲ့ဒုတိယတစ်ဆင့် ကြိုးပမ်းမှုကတော့ ကိုသိ
လို လွဲမှာစိုးလို့ မမမြဆီကို ဒီတစ်ကြိမ်မှာတော့ ကိုယ်တိုင်
ကိုကြီးဖြိုးလင်းမောင်ကို ကိုယ်တိုင်ကိုယ်ကျ သွားပို့ပေးလိုက်
တော့သည်။ မမမြဆီကို သွားဖို့အတွက်ကြတော့ သိပ်ပြီး ခက်ခဲ
ခဲခဲ မရှိချေ။ သူ့ညီမ ရွှေရုပ် ကိုယ်တိုင်ကိုက မမရဲ့အေဂျင်စီမှာ
သင်တန်းတက်နေသူ ဖြစ်တာကြောင့် ညနေ ရွှေရုပ်ကို လာကြိုတယ်ဆိုတဲ့ ပုံစံမျိုးနဲ့ သာသာယာယာ သွားလိုက်လို့ရတယ်။

မမရဲ့သင်တန်းရှိရာကို Lift ဖြင့် တက်လာ
လမ်းတစ်လျှောက်မှာ သူက အလွဲမခံနိုင်တာကြောင့် ကိုဖြိုး
အထပ်ထပ်မှာရလေသည်။

"ခင်ဗျား လွဲလို့မရဘူးနော်။ ကြောက်သလို ရွံ့သလိုတေ
လုပ်မနေနဲ့။ မမမြက ယောက်ျားကျမ်းကျေပြီးသား။ ခင်ဗျား
တုံးနေတယ်ဆိုရင် ဟို ခင်ဗျားကို စိတ်ဝင်စားမှာ မဟုတ်
ဘူးနော်။ ခင်ဗျား သူ့ထက်သွက်နေမှ ဖြစ်မှာ"





"အေးပါကွာ ... ငါသိပါတယ်၊ မင်းကလည်း စိတ်ချ
လုံးဝမလွဲစေရဘူး"

အဲဒီလိုဖြင့် သူနှင့် ကိုဖြိုးတို့က အတူတူ အေဂျင်စီခန်းမထဲသို့ ဝင်လာကာ အရင်ဆုံး ရွှေရုပ်ကို လှမ်းခေါ်ရလေသည်။

"ဟေ့ ... ရွှေရုပ်၊ ငါ နင့်ကို လာခေါ်တာ"

"အမယ်လေး... ထူးထူးနဲ့မှ ခြားခြား ကိုကိုရယ်၊ ဒီလောက်
သဘောကောင်းနေပုံ ထောက်ရင်တော့ ရွှေရုပ်ဆီ စေတနာ
ရှိလို့ လာချင်တာထက် မမမြဆီကို လာတာပဲဖြစ်မယ်။
ဟုတ်တယ် မှလား"

ရှေးက သူ့နီးနီးတော်တဲ့ ညီမဖြစ်သူကို ခေါင်းညိတ်ပြရင်း ...

"မဆိုးဘူးပဲ ... မမမြ ရှိလား"

"ရှိတယ် ... နိုင်ငံခြားဧည့်သည်နဲ့ စကားပြောနေတယ်၊
နေစမ်းပါဦး ... နည်းနည်းလောက် မေးပါရစေဦး၊ ကိုကြီး
ဟာက သိပ်တော့ မဟုတ်တော့ဘူးနော်၊ ဟိုတစ်နေ့ မွေး
နေ့မှာကတည်းက ကြည့်နေတာ အရမ်းတွေ အိုဗာတင်း
ဖျော်နေတယ်။ ဘာဖြစ်တာလဲ ... အဲဒါ ရှင်းစမ်းပါဦး"

ရှေးက ရှေ့မကြည့် နောက်မကြည့် စွတ်ဆက်ပြောနေတဲ့ ရွှေရုပ်စကားကြောင့် သူ့အားမှာပါလာတဲ့ ကိုဖြိုးကို အားနာသွားရကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင်ဟာလေ။ တော်တော်ကို စပ်စပ်စုစုနဲ့ လျှာရှည်တယ်။ အဲဒီအကန့်က ငါ့အကန့် မဟုတ်ဘူးဟ။ အဲဒါက ဟောဒီက ကိုဖြိုးရဲ့အကန့်တွေ၊ နင် မသိရင်လည်း မသိသလို နေပါဟာ၊ ဆရာကြီး လာ,လာလုပ်မနေနဲ့"

သူတို့ စကားပြောနေတုန်း ဆလိုက်ထိုးမှန်ချပ်တံခါး ပွင့်လာကာ မမြ ထွက်လာ၍ သူတို့ကိုမြင်လျှင် ...

"ဟယ် ... ရှေးတို့ပါလား။ ရွှေရုပ်ကို လာခေါ်တာလား"

"ဟုတ်တယ် မမရဲ့။ ဒီနေ့က ဒီဘက်ကိုလည်း လမ်းကြုံနေတာနဲ့ သူ့ဂိုပါ လာကြိုလိုက်တာ။ အလုပ်တွေ များနေတယ် ထင်တယ်"

"အင်း ... ဆိုပါတော့။ ဒီကာလတွေက ပွဲကာလတွေဆိုတော့ အလုပ်နည်းနည်း ရှုပ်နေတာပေါ့"

ရှေးက စကားပြောနေရင်းကမှ ကိုဖြိုးဘက်ကိုလှည့်ကာ ...

"မမ ... ဒါ ကိုဖြိုးလင်းမောင်လေ။ ဟိုတစ်ခါ ကျွန်တော့်မွေးနေ့တုန်းက မိတ်ဆက်ပေးထားတာ မှတ်မိတယ်မှလား"

ရှေးက အခွင့်အရေးရတာနဲ့ တစ်ပြိုင်နက် မိတ်ဆက်ပေးလိုက်လျှင် မမက အပြုံးတစ်ခုဖြင့်သာ ခေါင်းညိတ်ပြ၏။ ကိုဖြိုးကတော့ အင်မတန်မှ ဖော်ရွေပျူငှာသော အပြုံးဖြင့် မမြကို ...





"နောက်တစ်ခါ တွေ့ရတာ အရမ်းဝမ်းသာတာပဲ။ မမြရဲရဲရဲ့မော်ဒယ်အေဂျင်စီကြီးက အရမ်းကို ခမ်းနားတာပဲနော်။ အရမ်းလည်း အောင်မြင်တယ်။ Congratulation ပါ"

"Welcome ပါ။ ကျွန်မတို့ရဲ့ အလုပ်ကို အခုလိုမျိုး သဘောကျချီးကျူးဘယ်ဆိုတော့ ကျေနပ်ပါတယ်။ အကူအညီလိုအပ်တယ် ဆိုရင်လည်းပဲ ပြောပါ။ ကျွန်မတို့ဘက်က တတ်နိုင်သလောက် အကူအညီပေးပါ့မယ်"

ရှေးက ဘေးမှပွဲကြည့်ပရိသတ်အနေဖြင့် ကြည့်နေတာ မဆိုးတဲ့ အခြေအနေမို့ အရမ်းပဲ ကျေနပ်ရလေသည်။ သူက ထပ်၍ တွန်းပေးတဲ့သဘောဖြင့် ထပ်တွန်းပေးလိုက်သည်။

"မမရေ ... အဲဒါဆိုလို့ရှိရင်လည်း ဖုန်းနံပါတ်ခြင်း လဲထားလိုက်တော့လေ။ ကိုဖြိုးက အထည်ချုပ်လုပ်ငန်း လုပ်တာဆိုတော့ မမတို့ချင်းက လုပ်ငန်းပါတနာချင်း တွဲမိတယ်လေ"

မမြက သူ့စကားကြောင့် သူမရဲ့ visiting card ကို ထုတ်ပေးကာ ကိုဖြိုးကလည်း သူ့ရဲ့ကတ်ပြားကို ထုတ်ပေးလေ၏။

"ကျေးဇူးပါ။ မမြရဲရဲ ကျွန်တော်တို့ လုပ်ငန်းချင်းလည်း နီးစပ်တယ်ဆိုတော့ မမြရဲရဲဆီ ဖုန်းဆက်မယ်လေ"

"ဟုတ်ကဲ့ပါ။ လိုအပ်တဲ့ အကူအညီရှိရင်လည်း ပြောပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



Intro က ဒီလောက်ဆို တော်သင့်ပြီမို့ သူက ဒီမှာ တင်ရပ်ကာ ပြန်ဖို့စကားစရသည်။

"ကဲ ... အဲဒါဆိုရင်လည်း ပြန်ကြရအောင်လေ၊ မမမြ ပြန်လိုက်ပါဦးမယ်နော်"

"ကောင်းပါပြီ"

ရှေးက ကိုဖြိုးကိုပါ ခေါ်လာခဲ့ကာ ပြန်ထွက်လာတာမို့ ကိုဖြိုးက အားမလို အားမရဟန်ဖြင့် ...

"ဟာ ... ရှေးဘုန်းရာ၊ မင်းကလည်း ခဏလေးပဲရှိသေးတယ်။ ဘာလို့ ပြန်လာတာလဲ"

"ဩော် ... မပြန်လို့ရမလားဗျ။ အဲဒီလောက်ကြီးတော့ သွားပြီး စွတ် intro တွေ ဝင်နေရင် ဟိုက ခုတ်ပေါက် သွားမှာပေါ့။ ဘွားတော်က ခင်ဗျားထက် နပ်တယ်။ မော်ဒယ်ဘိုင်းတွေကို လက်ချာရိုက်နေတဲ့ ဆရာမကြီး။ ခင်ဗျား ဒီလောက် ဖော်ရွေနေတာနဲ့တင် မမမြက ဘာကိုရည်ရွယ်နေတယ်ဆိုတာ သဘောပေါက်နေလောက်ပြီ၊ ဘာမှစိတ်မပူနဲ့ ကျွန်တော့်ကို ယုံစမ်းပါ။ ကိုကြီးရဲ့ကိစ္စအဝဝ အစဉ်ပြေအောင် ဒီကမြားနတ်မောင် လုပ်ပေးဦးမှာ"

သူ့စကားကြောင့် ဘဲကြီးမှာ ဖီလင်တွေတက်၍ ကျေနပ်နေကာ ရှေ့ရပ် တစ်ယောက်ကတော့ သူတို့စကားဝိုင်းထဲ ဝင်ပါကာ ...





"ကြည့်လည်းလုပ်နော် ကိုကို။ တော်ကြာ မမမြနဲ့ ရှေ့ရပ်နဲ့ မျက်နှာပျက်စရာတွေ ဖြစ်နေဦးမယ်"

"အောင်မာ ... နင့်အစ်ကို မပိုင်ရင် ခြင်ကောင်မရိုက်ဘူး၊ လက်နှာမှာစိုးလို့ သဘောပေါက်တယ်နော်"

သူ့စကားကြောင့် ရှေ့ရပ်က သဘောတကျရယ်ကာ ရှေးက ကျော်တက်သွား၏။ ဘာပဲဖြစ်ဖြစ် သူကတော့ အောင်သွယ်နိုင်ဖို့ကိုပဲ စိတ်အားထက်သန်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

“ဟာ … မင်းဟာကြီးက မဟုတ်သေးပါဘူးကွာ။ ငါက သူ့ကို ကြိုက်နေတဲ့သူလေ။ အဲဒီလိုကြီး လုပ်လိုက်တော့ ဘယ်လိုလုပ် ဟိုက ငါ့ကို အထင်ကြီးတော့မှာလဲ”

ရှေးက အဲဒီစကားကြောင့် သဘောတကျ တဟားဟား ရယ်မောလိုက်ကာ ဆရာကြီးလေသံအတိုင်းလိုက်၍ …

“မယုံဘူးဆိုလို့ရှိရင်လည်း မလုပ်နဲ့နော် … သဘော အဲဒီ မမသုံးယောက်ထဲမှာ လက်ပေါက်အကတ်ဆုံးနဲ့ ပြောရအခက်ဆုံးက အဲဒီ မမဇော်ဘဲ။ ကိုကြီးကို ကျွန်တော်က ကူညီပေးနေတာနော်၊ မလုပ်ချင်ဘူး မယုံဘူးဆိုရင်လည်း သဘောပဲ။ မမဇော်နဲ့ ခင်မင်ပတ်သက်ချင်တယ်ဆိုရင် သူလုပ်တဲ့အလုပ်နဲ့ ကိုယ်က ပတ်သက်မှုရှိနေရမှာပေါ့ …





ပြောသာ ပြောတယ် ကိုကြီးတို့ သုံးယောက်ထဲမှာ ကံအကောင်းဆုံးကတော့ ကိုကြီးပဲ။ ပြောရမယ်ဆိုရင် ဟိုဘဲကြီးနှစ်ယောက်ကြိုက်တဲ့ မမတွေကမှ ပတ်သက်လို့ရအောင် ဗွင်ကိုမနည်းဆင်နေရတယ်။ ကိုကြီးကတော့ သာသာယာယာနဲ့ ဒီဗွင်ထဲကို ဝင်သွားလိုက်ရုံပဲ။ ဘယ်လောက်ကောင်းလဲ။ ဒီအချိန်မှာ မမဇော်နဲ့ ပတ်သက်လို့ရအောင် လုပ်ရမယ် …

တစ်ခုတည်းသော နည်းလမ်းကတော့ ကိုကြီး မမဇော်ဆီကပိုက်ဆံ အတိုးနဲ့ချေးဖို့ပဲ”

သူ့ရဲ့စကားကြောင့် ကိုထင်သွေးက အနည်းငယ်တော့ စဉ်းစားတွေဝေ သွားလေသည်။ သူ ဘာလုပ်ရမလဲကို သူ့ကိုယ်သူတောင် အခွဲမရဟန် ဖြစ်နေကာ နောက်ဆုံးမှာတော့ သူက အပြောကောင်းစွာ အကြံဉာဏ်ပေးနိုင်တာကြောင့် လက်ဖျောက်တစ်ချက်တီးကာ ခေါင်းညိတ်ပြရင်း …

“ကောင်းပြီကွာ။ မင်း ပြောသလိုပဲ ငါ ခခဇော်ဆီက ပိုက်ဆံချေးမယ်”

ရှေးက နိုင်မာသော ဆုံးဖြတ်ချက်ကို မလွဲရအောင်လို့ comfirm ဖြစ်အောင် ထပ်မေးရသည်။

“ကိုကြီးထင်သွေး သေတော့ သေချာပါတယ်နော်။ တော်ကြာ ဟိုရောက်မှဆို ပြင်လို့မရတော့ဘူးနော်”



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်ကွာ။ ငါ ခခဇော်နဲ့ ပတ်သက်ချင်တယ်။ အဲဒါကြောင့် ငါ လုပ်ကိုလုပ်မယ်"

"အိုကေ ... အဲဒီစိတ်မာတ်ကို ကြိုက်တာ။ ကျွန်တော် အခုပဲ ဖုန်းလှမ်းဆက်လိုက်မယ်"

ရှေးက မမဇော်ဆီ ဖုန်းလှမ်းဆက်လိုက်၏။ သူတို့ ရောက်နေသော နေရာက မမဇော် အိမ်နှင့်မနီးမဝေး အနေအထား မို့လို့ ပွဲကိုချက်ချင်းဖြစ်အောင် သူက ဖုန်းလှမ်းဆက်လိုက်တာ ဖြစ်သည်။ ဖုန်းက လိုင်းဝင်သွားလျှင် ချက်ချင်းမကိုင်သေးတာ ကြောင့် သူက နည်းနည်းတော့ စိတ်ပူသွားရသည်။

"ဟယ်လို"

မမဇော်ဆီက ဖုန်းပြန်ထူးလိုက်သံကြောင့် သူက ပျော်ရွှင်စွာဖြင့်ပင် မမဇော်ကို ဖုန်းလှမ်းပြောလိုက်သည်။

"ဟယ်လို ... မမဇော်။ ကျွန်တော်ပါ ရှေးဘုန်း။ မမ အခု ဘယ်မှာလဲဟင်"

"အိမ်မှာလေ။ ဘာဖြစ်လို့လဲ"

"ဟား ... အဲဒါဆိုရင်တော့ အတော်ပဲဗျာ။ မမ ... ကျွန် တော် မမအတွက် အကျိုးရှိမယ့် အလုပ်တစ်ခု သယ်လာ ခဲ့တယ်။ အဲဒါ အိမ်လာလို့ ရမလားဟင်"

သူ့စကားကြောင့် မမဇော်က စိတ်ဝင်တစားတော့ ဖြစ်သွားရကာ ...





"လာခဲ့လေ။ လာခဲ့ ... ရတယ်"

သူက ဖုန်းချလိုက်ကာ ကိုကြီးထင်သွေးဘက်လှည့်၍ လက်မထောင်ပြကာ မမဇော်ရဲ့အိမ်ရှိရာသို့ ကားမောင်းပြီး ထွက်လာခဲ့လေသည်။ သူတို့နှစ်ယောက် မမဇော်ဆီ ရောက်သော အခါတွင်တော့ မမဇော်က သူတို့ကို အပြုံးဖြင့် ကြိုဆိုနေသည်။

"ကဲ ... ဆိုစမ်းပါဦး။ ဘာကိစ္စလဲ"

"ဒီလိုလေ မမရဲ့၊ ဟိုတစ်ခါ မွေးနေ့တုန်းက မမနဲ့မိတ် ဆက်ပေးတဲ့ ကိုထင်သွေးလေ မမ မှတ်မိလား"

"အင်း ... မှတ်မိပါတယ်။ ဒါနဲ့လာရင်းကိစ္စက ..."

"ဩော် ... ဒီလိုပါ။ မမဆီမှာ အကူအညီလေး တောင်း စရာရှိလို့။ ကျွန်တော့်အစ်ကိုကြီးက ဆောက်လုပ်ရေးလုပ် တာ။ အဲဒါ နည်းနည်းလေး ငွေလိုနေလို့ သိပ်အများကြီး လည်း မဟုတ်ပါဘူး၊ သုံး,လေး,ငါးသိန်းလောက်ပါ"

သူ့စကားကြောင့် မမဇော်က စဉ်းစားသွားဟန်ဖြင့် သူ့ကို ပြန်ကြည့်၍ ...

"ဟယ် ... ဘယ်လိုဟာတုံး။ သုံးသိန်းဖြင့် သုံးသိန်း၊ လေးသိန်းဖြင့် လေးသိန်း၊ အခုဟာ မရေမရာနဲ့ ဘယ် လောက်လိုချင်တာတုံး၊ နောက်ပြီး နေစမ်းပါဦး။ နင့်ဟာ ကဘယ်လိုတုံးဟဲ့။ ဆောက်လုပ်ရေးလုပ်ငန်းလုပ်ပြီး သုံး, လေးသိန်းကို လိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



မမဇော်က ချက်ကျလက်ကျ အမေးကြောင့် သူက အင်ခနဲ ဖြစ်သွားရချိန်မှာ သူ့ထက်ပို၍ တုန်လှုပ်ကြောက်လန့်သွားသူကတော့ ကိုကြီးထင်သွေးပဲဖြစ်သည်။ ကိုထင်သွေး ပြူးပြူးပျာပျာ ဖြစ်သွားတော့သည်။

သူက လိမ္မာပါးနပ်စွာ အခြေအနေကို ဆက်ထိန်းလိုက်ရင်း ရှင်းချက်ပြန်ထုတ်လိုက်သည်။

"ဪ ... ဒီလိုပါ ... ဒီလိုပါ ... လုပ်ငန်းအတွက်လိုအပ်တယ် ဆိုပေမယ့် ကိုကြီးက တခြားဆီမှာလည်း ရစရာ ရှိတယ်လေ။ သူက ဒီသုံး,လေးသိန်းလောက်ပဲ ကပ်လိုတဲ့ အခါကျတော့ မမဆီကို သတိရလိုက်ပြီး ခေါ်လာခဲ့တာ၊ မမ အဲဒါ အဆင်ပြေနိုင်ပါ့မလား မသိဘူး"

သူ့အပြောကို မမက ခေါင်းတစ်ချက်ညိတ်ပြပြီး...

"အင်း ... အဆင်ကတော့ ပြေပါတယ်၊ ဒါပေမဲ့ ယူတာက ဘယ်လိုယူမှာလဲ၊ ခင်မင်မှုကြောင့် လုပ်ပေးလိုက်တယ် ဆိုပေမယ့် အတိုးမမှန် ဘာမမှန် ဆိုရင်တော့ မျက်နှာပျက်စရာတွေ ဖြစ်မယ်လေ။ နောက် အပေါင်ပစ္စည်းကကော ဘာပါလဲ။ အပေါင်ပစ္စည်းပါရင် တစ်ဆယ်တိုးယူတယ်။ မပါရင်တော့ နှစ်ဆယ်တိုးယူတယ်။ ကြိုက်မှယူနော်"





မမဇော်ရဲ့ အပြတ်ပြောလေသော စကားကြောင့် သူက ရိုးနေပြီဖြစ်စွာ ဘာမှမဖြစ်ပေမယ့် ကိုထင်သွေးကတော့ သူ့ကို အထင်သေး အမြင်သေး ဖြစ်သွားမှာ အတော်လေး စိုးရိမ်တွေးကြောက်နေဟန်ဖြင့် သူ့ရဲ့လက်ကို အသာလှမ်းကုတ်လေ၏။ ရှေးက လက်တို့နေတာကို ဂရုမစိုက်အားဘဲ သူ့ရဲ့အစီအစဉ်အောင်မြင်ဖို့ကိုတော့ ရည်ရွယ်လေသည်။

"ဪ ... အဲဒီအတွက်တော့ ဘာမှစိတ်မပူနေပါနဲ့ မမရယ်။ ကျွန်တော်တို့ကလည်း ဒီငွေလောက်နဲ့တော့ အဆုံးမခံပါဘူး။ ကျွန်တော်က မမကို မြိုးမြိုးမြက်မြက်လေး အကျိုးအမြတ် ရှိစေချင်လို့ပါ။ ရခြင်းရ ကိုယ့်အစ်မကိုပဲ ရစေချင်တာလေ။ ဒီသဘောပါ"

သူ့ဘက်တ စကားပြော ကောင်းနေသောအခါ မမဇော်က စိတ်ဝင်တစားတော့ ဖြစ်သွားလေ၏။ ရှေးက ကိုထင်သွေးကို အချက်လှမ်းပြလိုက်ရင်း ...

"ကဲ ... ကိုကြီးရေ ... ကိုကြီး ဝင်ပြောဦးလေ။ အခု ဘယ်လိုယူမှာလဲ၊ ပစ္စည်းတားခဲ့မှာလား အလွတ်ယူမှာလား"

အဲဒီအခါမှာတော့ သူနှင့် ကိုထင်သွေးတို့ ကားပေါ်မှာကတည်းက စည်းဝါးကိုက်ထားသည့်အတိုင်း ကိုထင်သွေးက ဟန်းဖုန်းကိုထုတ်၍ မမဇော်ကို ပေးလိုက်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီပစ္စည်းလေး ဆိုရင်ကော အပေါင်ပစ္စည်းအဖြစ် ထားလို့ ရမလားဟင်"

မမဖော်က ဖုန်းကိုယူကြည့်ကာ အနည်းငယ်မျှ စဉ်းစားနေတာမို့ သူက ဝှင်တွေလွဲမထွက်သွားအောင် တိုက်တိုက်တွန်းတွန်း ပြောပေးလိုက်၏။

"မမကလည်း ဒါလေးကို လက်ခံထားလိုက်ပါ။ ဒါက iPhone 5.S လေဗျာ။ ဝယ်ဈေးတင် ခြောက်သိန်းကျော်၊ ခုနှစ်သိန်းလောက် ရှိနေတာ ယူထားလိုက်ပါ"

"အံမယ်လေး ... တော်တော်အပြောကောင်းတယ်။ ဖုန်းက ဝယ်တော့သာ ဈေးကြီးတာ၊ ပြန်ရောင်းရင် တစ်ဝက်ဈေးတောင်မှ မနည်းဖျစ်ဖျစ်မည်ရအောင် ရောင်းရတာ၊ နှင့်ဘာသာနှင့် ဘရန်းဒက်ကြီး ဖြစ်နေလည်း ဂရုမစိုက်ဘူး။ အခုဟာက ဘယ်လောက်လိုချင်တာလဲ"

"သုံးသိန်းလောက်ပေါ့"

"ကောင်းပြီလေ ... ရှေးဘုန်းကံ မျက်နှာလည်းရှိနေတဲ့ အခါကြတော့ ထုတ်ပေးလိုက်ပါ့မယ်။ ဒါပေမဲ့ အတိုးကတော့ တစ်ခါတည်း နုတ်ထားလိုက်မယ်နော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့။ ရပါတယ်။ ရပါတယ်"

"အဲဒါဆို ခဏလေးစောင့်"





မမဖော်က အခန်းတွင်းသို့ ဝင်သွားကာ ပိုက်ဆံသွားယူလေသည်။ ကိုကြီးထင်သွေးက သူ့အနားနားကပ်လာကာ ခပ်တိုးတိုးပြော၏။

"ဟေ့ကောင် ... မိုက်တယ်နော်။ ငါ နည်းနည်းတော့ ကျွတ်ချင်လာပြီ"

"အစောကတည်းက ပြောထားတယ် မှုလား။ မမဖော်က မိုက်တာပါဆို။ ခင်ဗျားပဲ ကြိုက်လှပါချည်ရဲ့ဆိုပြီး ကျွန်တော့်ကို အကူအညီတောင်းတာနော်။ အခုမှ ဗလောင်းဗလဲ လာလုပ်မနေနဲ့။ ငြိမ်ငြိမ်နေ ... ဟိုမှာ လာနေပြီ"

မမဖော်က ပိုက်ဆံယူလာကာ စားပွဲပေါ်မှာ တင်လိုက်ရင်းက ...

"ကဲ ... ရော့။ အတိုးနုတ်ပြီးသားနော်"

"ဟုတ်ကဲ့။ ဟုတ်ကဲ့။ ကျေးဇူးအများကြီး တင်ပါတယ်ဗျ။ မခဖော်နော် ... ကျေးဇူးပါပဲ"

"ရပါတယ်။ ရှေးဘုန်းကံ ... မင်းအာမခံကောင်းလို့နော်။ တစ်ခါမှ တို့က ဖုန်းအပေါင်ခံဖူးတာ မဟုတ်ဘူး"

"ဟား ဟား ... စိတ်ချပါ မမဖော်ရ။ ကျွန်တော်က အာဒကေမပါဘဲနဲ့ အခမဲ့ မေတ္တာနဲ့ ကူညီတာနော်။ ကဲ ... ကျွန်တော့်ဘက်က မမဖော်နဲ့ကိုကြီးထင်သွေးတို့ကို မေတ္တာပေါင်းကူးပေးလိုက်ပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



သူက သိသိသာသာကြီး မို့မပေးလိုက်တာကြောင့် မမဇော်က မျက်နှာကွက်ခနဲပျက်ကာ သူ့ကို လှမ်းဟန့်လိုက်၏။

"ဟဲ့ ... ရှေးဘုန်းကံ၊ ဘာတွေလျှောက်ပြောနေတာလဲ"

"အေးလေကွာ။ မင်းကလည်း အားနာစရာတွေ။ သွားမယ် သွားမယ်၊ မခခဇော် ... သွားလိုက်ပါဦးမယ်ဗျ"

ကိုကြီးထင်အေးက သူ့ကိုပါ ဆွဲခေါ်လာ၍ ပြန်လာခဲ့တော့သည်။

"ဘာလဲ ... ကိုကြီး။ ခင်ဗျားက ဘာကိစ္စရှိယာ ပြန်ထိုးတာလား"

"အာ ... ဘယ်ကလာ။ ငါက အားနာသွားလို့ကွ။ ဟဲဟဲ ... ခခဇော်က လုံးဝမိုက်တယ်။ အဲဒီစွာတေးလန် ဒီဖိုင်းလေးက နည်းနည်းတော့ လန့်စရာကြီး ဖြစ်ပေမယ့် သူ့ပုံစံလေးက ချစ်စရာကြီးကွာ။ ကြိုက်တယ်"

"ဟား ဟား ... ဟုတ်ပါပြီဗျာ။ ကဲ ... ကျွန်တော်ကတော့ Connecton ချိတ်ဖို့ ဖုန်းတစ်လုံးထားခဲ့လိုက်ပြီ။ ကျွန်တော့် ဘက်က တာဝန်ကျေတယ်နော် ... ဘဲကြီး"

"ဟား ဟား။ ဟုတ်တယ် ... ငါ့ညီလေးကို အရမ်းကျေးဇူးတင်တယ်"





ရှေးဘုန်းက ပီတိကိုစားရင်း ကြည်နူးစွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။ သူ့အတွက်တော့ ဒီကိစ္စဟာ အရေးကြီးတဲ့ အောင်သွယ် Project ဆိုတာ သဘောပေါက်ရလေသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

"ဟယ်လို ... ကိုကြီး၊ ပီတီပါ။ ဟို ... ကိုကြီးနဲ့အရေး တကြီး ပြောစရာ ကိစ္စလေးရှိနေလို့ ကိုကြီး ခဏလောက် တွေ့ခွင့်ပေးပါလားဟင်"

ပီတီစကားကြောင့် သူက နည်းနည်းတော့ အံ့အား သင့်သွားရလေသည်။

"အင်း ... ရပါတယ်။ ကိုယ် ဘယ်ကိုလာခဲ့ရမလဲ"

"မေမေ့ဆီပဲ လာခဲ့လိုက်ပါ။ ကိုကြီးကို မေမေကလည်း ပြောစရာရှိနေတယ်"

"မာမီက ပြောစရာရှိရင် သူကိုယ်တိုင် ဖုန်းဆက်ပြောမှာ ပေါ့။ ပီတီက ကိုယ့်ကို ပြောစရာရှိတာနဲ့ မာမီ ကိုယ့်ကို ပြောမယ့်စကားက တူနေလို့လား"

"အင်း ... ဆိုပါတော့"





"ဟုတ်ပါပြီ။ အဲဒါဆိုရင်လည်း လာကြည့်ကြည့်လိုက်မယ် လေ။ ကိုယ် ဘယ်အချိန် လာရမလဲ"

"ရတယ်လေ။ လာခဲ့ပေါ့။ ပီတီ အိမ်မှာရှိတယ်"

သူက ဖုန်းချလိုက်ကာ ပီတီဆီကိုသွားဖို့ ပြင်ဆင် လိုက်တော့သည်။ သူ အိမ်ရောက်သွားသောအခါတွင်တော့ သူ့ ကိုချိန်းတဲ့ ပီတီကို မတွေ့ဘဲ မာမီကိုသာ တွေ့လေသည်။

"မာမီ သားကို ပီတီနဲ့ ချိန်းတာ ဘာကိစ္စပြောဖို့လဲ"

"မင်းကို မင်းရဲ့ဘိုးဘိုးကလည်း ကလေးမလေးနဲ့ လက် ထပ်စေချင်ပြီ။ မင်းဒက်ဒီကလည်း မာမီတို့ သဘောကို မငြင်းဘူး။ အဲဒါကြောင့် ပီတီနဲ့ မင်းကို လက်ထပ်ပေး တော့မယ်"

ရှေးက စိတ်ရှုပ်ရကာ လေပူတစ်ချက် မှုတ်ထုတ် လိုက်ရင်း ...

"မာမီ ကျွန်တော် လက်မထပ်ချင်သေးဘူး။ အဲလိုပြောတာ မာမီကို စိတ်ဆင်းရဲအောင် ကလန်ကဆန် လုပ်တာမျိုး မဟုတ်ပါဘူး။ ကျွန်တော် တကယ်မချစ်ဘဲနဲ့ အိမ်ထောင် မပြုချင်သေးဘူး။ ဒါပေမဲ့ ပီတီကို ကျွန်တော်က ရင်းနှီးမှု အတိုင်းအတာ ယူနေတာ။ သူနဲ့ကျွန်တော် တွေ့ကြတာ လည်း သိပ်မှမကြာသေးတာ၊ အဲဒါကြောင့် အချိန်တော့ ခဏယူနေတဲ့ သဘောပါ မာမီ၊ ပီတီကကော ဘာပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မေးခွန်းကြောင့် မာမီက သဘောတကျ ပြော လိုက်ရင်း ...

"ကလေးမလေးက သားနဲ့လက်ထပ်မယ့်ကိစ္စကို အစော ကတည်းက သူ သိထားပြီးဖြစ်လို့ သူ့ဘက်က ဘာမှမပြင်း ထားပါဘူး"

"ကျွန်တော့်ကို အချိန်နည်းနည်းလောက်တော့ ပေးပါ မာမီ"

"ရှေးဘုန်းကံ ... မင်းကို မေမေ ဘယ်လိုနားလည်ရမှာ လဲ။ ဘာကြောင့်မို့ ပီတိလေးနဲ့ မင်းကို လက်ထပ်ပေးချင် ရတယ်ဆိုတဲ့ သဘောထားကို မင်းလည်းသိနေရဲ့သားနဲ့ ဘာဖြစ်လို့ အချိန်တွေ ဆွဲနေရတာလဲ။ မင်းမှာ ချစ်သူရှိ နေလို့လား။ မင်းရဲ့ပုံစံတွေက တစ်ဖက်မိန်းကလေးကို အားနာစရာကောင်းတယ်။ အဲဒီတော့ ဒီကနေ့ မေမေတို့ အပြတ်စကားပြောကြရအောင်။ မင်း မေမေ့စကားကို လက်ခံမှာလား၊ လက်မခံဘူးလား ဒီတစ်ခွန်းပဲပြော၊ မေမေ အဲဒီကိစ္စ တိတိကျကျ သိချင်လို့ မင်းကို ပီတ်ကာတစ်ဆင့် ခေါ်ခိုင်းလိုက်တာ"

ရှေးက စဉ်းစားရကျပ်စွာဖြင့် ခဏငြိမ်နေလိုက် သည်။ မာမီပြောသလိုပဲ သူ့ကို အခုလို လက်ထပ်မှာလား လက်





မထပ်ဘူးလားမေး၍ သူ့ဆီက အဖြေစကားကို စောင့်နေရကာ သူ ခေါင်းညိတ်မှ လက်ထပ်ရမယ့် တစ်ဖက်မိန်းကလေးကိုတော့ သူက နှမချင်းစာနာပေးကာ နည်းနည်းတော့ အားနာပေးရပါသည်။ ဒါပေမဲ့လည်း အခုချိန်မှာ သူ့ရဲ့စိတ်ခံစားမှုက ပီတိအပေါ် ခံစား ချက်ရယ်လို့ မယ်မယ်ရရ မရှိသေးတာကြောင့် သူ့အတွက်ဆုံး ဖြတ်ဖို့ရာ ခက်ခဲလေသည်။

လောလောဆယ်မှာတော့ သူ့မှာ လက်ထပ်မယ်လို့ ညှိရွယ်ရလောက်သောချစ်သူ မရှိတာကြောင့် မာမီစိတ်ကျေသွား အောင် သူက ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ အခြေအနေ မျိုးဖြစ်အောင် ဖြေလိုက်လေသည်။

"ကျွန်တော် မာမီ့ဆန္ဒကို မပစ်ပယ်ပါဘူး။ ဒါပေမဲ့ အချိန် ခဏတော့ ပေးစေချင်တယ် မာမီ၊ မာမီရဲ့သားကလည်း အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ မာမီ့တို့ကို စံနမူနာယူပြီး ဆိုက်ကိုရှိနေလို့ပါ။ ကျွန်တော် မာမီ့စကားကို မငြင်းပါ ဘူး။ ဒါပေမဲ့ ခဏတော့ အချိန်ယူမယ် မာမီ။ အဲဒါ ကျွန်တော်ရဲ့ဆုံးဖြတ်ချက်ပဲ"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ သားဘက်က အဲဒီလိုမျိုး ပွင့်ပွင့် လင်းလင်း ပြောတယ်ဆိုတော့ မေမေ ကျေနပ်တယ်။ ဒါပေမဲ့ အချိန်ယူမယ်ဆိုတဲ့ စကားကို ကာဗာယူပြီး မင်း



www.burmeseclassic.com

www.burmeseclassic.com



က မေမေ့ကို အချိုသပ်နေရင် ဘယ်လိုလုပ်မလဲ။ အဲဒီ တော့ မင်း အချိန်ယူမယ်ဆိုတာ ဘယ်လောက်အတိုင်း အတာလဲ၊ တစ်ပတ်လား၊ တစ်လလား၊ နှစ်လလား"

မာမီက် သူ့ကို ချည်ပြီးတုပ်ပြီး မေးတာကြောင့် သူက အချိုသပ်ဖို့ရာ အဖြေရခက်သွားသည်။ အဲဒီအချိန်မှာပဲ တိုက်ဆိုင်စွာပင် ကိုသီဟဆီက message ရောက်လာတာကြောင့် သူက စကားမပြောရသေးခင် message အရင်ဖတ်လိုက်သည်။ မမစိမ်းဆီ သူရောက်နေပြီဖြစ်ကြောင်း message ဖြစ်သည်။

"ဟဲ့ ... မင်းကို မေမေ မေးနေတယ်လေ၊ ဘာတွေလုပ် နေတာလဲ။ အဲဒီအမူအကျင့်က ရိုင်းတယ်နော်၊ စကားပြော နေတုန်း စိတ်ပါသလိုလို မပါသလိုလို နားထောင်ပြီး ဖုန်းကို ကလိနေတာ သိပ်ရိုင်းတဲ့ အပြုအမူပဲ၊ ကဲ ... ပြော ပြော၊ မင်းယူမယ့်အချိန်က ဘယ်အချိန်လဲ၊ အဲဒါကို အတိအကျပြော".

ရှေးက နည်းနည်းအကြံအိုက်သွားချိန်မှာ ကိုသီဟ ဆီက message ကြောင့် idea ရသွားကာ ပြောလိုက်တော့သည်။

"ကျွန်တော် အခု စိတ်ရောကိုယ်ပါနှစ်ပြီး လုပ်နေတဲ့ အလုပ်တစ်ခုရှိတယ်။ အဲဒီအလုပ် အောင်မြင်ပြီဆိုတာနဲ့ ကျွန်တော် ပီတိကို လက်ထပ်မယ်"





သူ့စကားကြောင့် မာမီက အံ့အားတသင့်ဖြစ်လျက် ပြန်မေးလေသည်။

"အလုပ် ... ဘာအလုပ်လဲ၊ သား အခု ဘာအလုပ် လုပ် နေလို့လဲ"

"လုပ်တာပေါ့ မာမီရ။ သား အခု အလုပ်အကြီးကြီးလုပ် နေတာ။ အောင်သွယ်တော် အကျိုးဆောင်ကုမ္ပဏီ လုပ် နေတာ။ သားကုမ္ပဏီ အောင်မြင်ဖို့အတွက် ပစ်မှတ်သုံးခု ထားထားတယ်။ အဲဒီသုံးခု ထိပြီဆိုတာနဲ့ မာမီ ဖြစ်စေချင် တဲ့အတိုင်း သား လုပ်ပေးမယ်။" ဟုတ်ပြီလား"

သူ့စကားကို မာမီက စိတ်ဝင်တစား ဖြစ်နေရာက နေ စိတ်မရှည်တော့စွာဖြင့် ...

"ကဲ ... ပြောမှာဖြင့် မြန်မြန်ပြော။ ငါ စိတ်မရှည်တော့ ဘူး ရှေးဘုန်းကဲ"

"ပြောရမှာပေါ့။ ဒီလို မာမီရ။ သား အခု မာမီရဲ့ဘော်ဒါ ကြီး မမစိမ်းရယ်၊ ပြီးတော့ ရွှေရုပ်ရဲ့ဆရာမ မမမြရယ်၊ သားဘော်ဒါ မမဖော်ရယ်၊ သူတို့သုံးယောက်ကို ဒက်ဒီရဲ့ သူငယ်ချင်း လူပျိုကြီးသုံးယောက်နဲ့ ကျွန်တော် အောင် သွယ်တော် လုပ်ပေးထားတယ်။ မကြာခင် အဆင်ပြေ တော့မှာပါ။ သူတို့သုံးယောက် ကိုယ်စီ ကိုယ်စီ အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြေသွားပြီ ဆိုတာနဲ့ ကျွန်တော် မာမီဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရမယ်လို့ ကတိပေးတယ်"

"ရှေးရယ် ... အဲဒါနဲ့ မင်းနဲ့ ဘာဆိုင်လဲ။ ရှုပ်ရှုပ်ယှက်ယှက် လျှောက်လုပ်မနေနဲ့။ ဘယ်သူနဲ့မှ မျက်နှာမပျက်ချင်ဘူးနော်"

"မာမီရယ် ... ကျွန်တော့်အတွက်ကတော့ အဲဒါ ကျွန်တော့်ရဲ့အရည်အချင်းကို စိန်ခေါ်တဲ့ ကိစ္စပဲ။ အဲဒီတော့ အဲဒီကိစ္စကို စိတ်နှစ်နေတဲ့အတွက် ကျွန်တော့်ကို အချိန်ပေးပါ မာမီ"

"မင်းကိုတော့ မေမေ လုံးဝ သဘောမတွေ့တော့ဘူး။ အဓိပ္ပာယ်မရှိတဲ့ ကိစ္စတွေကို လျှောက်လုပ်ပြီး အချိန်အကုန်မခံနေပါနဲ့။ သူများကိစ္စနဲ့ အချိန်ကို သုံးနေတာမဟုတ်ဘူး။ ဖြုန်းနေတာ။ လုံးဝအဓိပ္ပာယ်မရှိဘူး"

"အဲဒါကတော့ မာမီရစ်တာပဲ။ ကျွန်တော်ဖြစ်ချင်တဲ့ အာသီသကိုလုပ်ရမှာပဲ။ အဲဒါမှလည်း ကျွန်တော်ကျေနပ်နိုင်မှာ"

"ကောင်းပြီလေ ... မင်းကိုတော့ မေမေ မတားတော့ဘူး။ အဲဒီတော့ အချိန်တစ်လပေးမယ်။ မင်းစိတ်ဆန္ဒရှိတာကို လုပ်ပါ။ အေး ... တစ်လပြည့်ပြီဆိုရင်တော့ ပီတိနဲ့လက်ထပ်ဖို့ ပြင်ထားတော့"





မာမီက သူ့ကိုအပြတ် Last warrny ပေးကာ ထ, ထွက်သွားလေသည်။ ရှေးက စိတ်ပျက်စွာဖြင့် လေပူတစ်ချက် မှုတ်ထုတ်လိုက်၍ ဘာမှမဆိုင်တဲ့ ကိစ္စနှစ်ခုကို မလိုအပ်ဘဲ ဆွဲစိလိုက်ပြီ ဖြစ်တာကြောင့် ရှေးက မမသုံးယောက်ကို တစ်လအတွင်း ဟိုဘဲကြီးသုံးယောက်နှင့် Join ပေးနိုင်လျှင် သူလည်း ပီတိနှင့် ဘာမှမဆိုင်ဘဲ မောင်ဂလာဆင်ရတော့မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

ညပိုင်းတွင် ရှေးက မမသုံးယောက်နှင့် Viber မှာ Group chat လုပ်၍ တောင်တောင်အီအီ လျှောက်ပြောနေလာခဲ့တာဟာ တစ်ပတ်လောက်တောင်ရှိပြီဖြစ်၏။ အစတုန်းကတော့ သူက Hi လည်း ပြန်ပြီး အဖက်မလုပ်ဘဲ သုံးယောက်စလုံး တစ်ယောက်တစ်မျိုး ချေနေကြတာဖြစ်သည်။ ဒါပေမဲ့ ရောပါများတော့ အားနာလာဂဟာ သူပြောရင် ပြန်ပြောရင်း ပြောရင်း Topic တွေက ဆွေးနွေးလို့ကောင်းတဲ့ Topic တွေ ဖြစ်နေတာကြောင့် သူနဲ့ ညတိုင်းလိုလို စကားပြောဖြစ်နေသည်။

Viber မှာ သူတို့ပြောတဲ့ စကားအကြောင်းအရာကတော့ သိပ်မယ်မယ်ရရ ထွေထွေထူးထူး မရှိပါ။ ဥပမာအားဖြင့် ဒီနေ့ မိုးရွာတယ်နော်၊ နေပူတယ်နော်၊ အင်တာနက်လိုင်း





က မကောင်းဘူး၊ ကမ္ဘာ့ဖလားမှာ ဘယ်သူဖလားရမလဲ စသဖြင့် ပြောလို့ကောင်းတဲ့ ပေါ့ပေါ့ပါးပါး Topic လေးတွေ ပြောဖြစ်တာဖြစ်သည်။ ဒီနေ့လည်း သုံးယောက်ဆုံပြီး သူက စားပြီးပြီလား၊ ဘာလား ညာလား ပြောနေစဉ် ပီတိဆီက ဖုန်းဝင်လာ၏။ သူ့အင်တာနက် သုံးနေတဲ့ဖုန်းကို လာတာမဟုတ်သဖြင့် သူက အေးရာအေးကြောင်းပဲဖြစ်ကာ လက်တစ်ဖက်က Viber chat နေရင်း ပီတိကို တစ်ဖက်မှ ဖုန်းပြောနေလိုက်၏။

"ဟယ်လို ... ပီတိ ပြော"

"ကိုကြီး အိမ်မှာလား"

"ဟုတ်တယ်။ ဘာပြောစရာရှိလို့လဲ။ ပြောစရာရှိတာကိုသာ ပြောပါ။ ဟိုတစ်နေ့တုန်းကလည်း ကိုယ့်ကိုပြောစရာရှိတယ် ဆိုပြီးတော့ ဘတ်သွားတယ်နော်"

"အဲ ... မဟုတ်ပါဘူး။ အဲဒီနေ့က ပီတိ သွားစရာရှိလို့ လောလော လောလောနဲ့ ထွက်သွားလိုက်လို့ပါ"

ရှေးက ပီတိပြောတာကို နားထောင်နေလိုက်ရင်း တစ်ဖက်ကလည်း မမမြက လှမ်းမေးသည့် 2 ne 1 Show ပွဲလက်မှတ်အကြောင်း မေးတာမို့ သူက ပြန်ဖြေရန် လက်တစ်ဖက်က type ရိုက်နေရင်း ပီတိကို လှမ်းပြောလိုက်သည်။

"ကိစ္စမရှိပါဘူး။ ကိုယ် နားလည်ပါတယ်။ ပီတိပြောစရာရှိတယ်ဆိုတဲ့ ကိစ္စက ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ကိုကြီးနဲ့ လက်ထပ်မယ့်ကိစ္စလေ။ အဲဒါ ဖြစ်နိုင်မယ်ဆိုရင် ကိုကြီးဘက်က ငြင်းပေးပါလား"

"ဘယ်လို"

သူက လုံးဝမထင်မှတ်ထားသော စကားကို ကြားလိုက်ရတာမို့ သူကြားတာပဲ နားမရှင်းလို့လား ဆိုသော သံသယဖြင့် တစ်ဖက်က Viber ပြောနေသောဖုန်းကို ခုတင်ပေါ်တင်ခဲ့လိုက်ပြီး ထလာကာ ဝရန်တာဘက်ထွက်၍ သေချာအောင် ထပ်မေးလိုက်သည်။

"ဘယ်လို ... ဘယ်လို ... ဘာဖြစ်တယ် ပီတိ၊ ပြန်ပြောပါဦး"

သူ့ရဲ့အလောတကြီး မေးခွန်းကြောင့် ပီတိက မဝံ့မရဲလေသံဖြင့် သူ့ကို ပြန်ပြောလေသည်။

"ပီတိ အရမ်းကို တောင်းပန်ပါတယ်။ မေမေက ပီတိဘဝရဲ့ ကျေးဇူးရှင်ပါ။ ပီတိ အေးအေးဆေးဆေး နေနိုင်စားနိုင်အောင် မေမေပဲ ထောက်ပံ့ပေးခဲ့တာ။ ဟိုး ... အရင်ကတည်းက ကိုကြီးနဲ့ ပီတိနဲ့ လက်ထပ်ရမယ်ဆိုတာ မေမေက အမြဲပြောပါတယ်။ ပီတိလည်း အဲဒီစကားကို တစ်ခါမှ လွန်ဆန်မယ်လို့ စိတ်ကူးမရှိခဲ့ပါဘူး။ ဒါပေမဲ့ အခု ပီတိမှာ ချစ်သူရှိနေပြီ။ ပီတိ မေမေ့ကို လုံးဝမလွန်ဆန်ချင်ဘူး။ ဒါပေမဲ့လည်း ကိုကြီးအပေါ် ပီတိက အစ်ကိုရင်းတစ်





ယောက်လိုပဲ ချစ်တယ်။ အဲဒါကြောင့် ကိုကြီးကို ကိုယ့်အစ်ကိုရင်း တစ်ယောက်လို သဘောထားပြီး ပြောပြတာပါ။ ဒီကိစ္စတွေကို မေမေ့ကို မပြောရဲတာထက် မငြင်းရဲတာပါ၊ အဲဒါကြောင့် ဖြစ်နိုင်မယ်ဆိုရင် ကိုကြီးဘက်က ဒီကိစ္စကို ငြင်းပေးပါ။ တကယ်လို့ ကိုကြီးက မငြင်းဘူးဆိုရင်လည်း ပီတိဘက်က ချစ်သူကို စွန့်လွှတ်လိုက်မှာပါ"

ရှေးက တကယ်ကို ကြားချင်နေတဲ့စကားကို ကြားလိုက်ရတာကြောင့် အရမ်းပဲ ဝမ်းသာရကာ အားတက်သရောဖြစ်သွား၍ ...

"ဟား ... တကယ်ကို ကိုယ်ကြားချင်နေတဲ့ စကားပဲ။ ကျေးဇူးအများကြီးတင်ပါတယ် ပီတိ။ မင်းက မာမီမွေးစားထားတဲ့ မာမီ့ရဲ့သမီးပဲ ဆိုတော့ ကိုယ့်ရဲ့ညီမလေးပါပဲ။ အိုခေ ... ပီတိရဲ့သဘောထား ဘာရှိတယ် ဆိုတာလဲ ကိုယ်သိပြီ။ အဲဒီတော့ စိတ်ချ ပီတိ။ မင်းချစ်တဲ့သူနဲ့ပဲ မင်းညားစေရမယ်။ ကိုယ်နဲ့လည်း အခုလို ပွင့်ပွင့်လင်းလင်း ပြောလိုက်တော့ ပိုပြီးတော့ ပီတိနဲ့ ကိုယ် ပိုပြီး Close ဖြစ်တာပေါ့။ ကိုယ့်ကိုလည်း မင်းလိုအပ်တဲ့ အကူအညီကိုတောင်းပါ ပီတိ။ လက်ထပ်ဖို့ကိစ္စကတော့ ဘာမှ စိတ်မပူပါနဲ့။ ကိုယ်ပဲ ငြင်းလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးအများကြီးတင်ပါတယ် ကိုကြီးရယ်။ ပီတီလည်း ပြောဖို့ မဝံ့မရဲ ဖြစ်နေတာ။ အခုတော့လည်း အရှိန်းကို အဆင်ပြေသွားပြီ။ ကျေးဇူးတင်ပါတယ်"

"ဟုတ်ပါပြီ။ နောက်ရက်မှ ကိုယ်တို့မောင်နှမတွေ အေးအေးဆေး မုန့်သွားစားကြတာပေါ့။ ဘာမှလဲ စိတ်ပူမနေနဲ့နော်။ See U"

ရှေးက ဖုန်းချလိုက်လျှင် ဝမ်းသာသွားစွာဖြင့် လေထဲကို လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ စိတ်ထဲမှာ တကယ့်ကိုပဲ ပေါ့ပါးသွားရလေသည်။ မာမီ့ကိုတော့ ဒီလိုပဲ ကြည့်ကျက်ပြောလိုက်ခြင်းအားဖြင့် ကာယကံရှင် နှစ်ဖက်စလုံးက သဘောမတူတဲ့ကိစ္စ ဖြစ်တာကြောင့် အလိုလိုပြတ်ပြီဆိုတာ သေချာပြီမို့ သူက လုံးဝစိတ်အေးသွားရတော့သည်။

ရှေးက ပျော်ရွှင်နေတဲ့ စိတ်နဲ့အတူ အိပ်ခန်းထဲပြန်ဝင်လာခဲ့လျှင် ခုတင်ပေါ်မှာ တင်ထားတဲ့ဖုန်းကိုမြင်မှ Viber သုံးထားတာကို သတိရမိတော့သည်။ ဟာ ... ကွိုင်ပဲ။ မမတွေ့တော့ စိတ်ဆိုးတော့မှာပဲ။ သူက ခုတင်ပေါ် ကန့်လန့်ဖြတ်လှဲချရင်း ဖုန်းကိုကြည့်လိုက်မိသွားလျှင် လှဲနေရာက ဝုန်းခနဲ ပြန်ထထိုင်လိုက်မိသည်အထိ Shock ရသွားရတော့သည်။

ဟား ... သေပြီ။ သေပြီ။ သူ့အမြင်အာရုံတွေပဲ ဝေဝါးကာ လွဲမှားနေပြီလား။





ရှေးက ဖုန်းကိုပြူးကြည့်ကာ အကြောင်သားငေးကြည့်နေမိသည်။ မဟုတ်ဘူး ... မဖြစ်နိုင်ဘူး။ ဟာ ... ကွိုင်ပဲကွာ။ ရှေးက ဖုန်း Display မှာ ပေါ်နေတဲ့ စာသားကိုကြည့်ကာ ရင်မောသွားရတော့သည်။

"Ma Ma"

ဆိုသော စာသားကတစ်ခု message ပို့လိုက်သလို နောက်တစ်ကြောင်းကတော့ စာသားမဟုတ်ဘဲ I love You ဆိုတဲ့ Sticker လေးပဲ ဖြစ်သည်။ ဘယ်လိုဖြစ်သွားတာလဲ။ မမ ... I love You ဆိုတဲ့ အဓိပ္ပာယ်က တော်တော်ကို ကြီးသွားပြီဖြစ်၏။ ဘယ်လိုဖြစ်ပြီး ဒီဟာကို သူ ပို့လိုက်တာလဲ။ ဖြစ်နိုင်တာကတော့ ပီတိရဲ့စကားကြောင့် သူ 'အံ့အားတသင့် ဖြစ်နေတုန်း လက်ကမှားနှိပ်သွားတာဖြစ်သည်။ သေချာတာကတော့ ဒီ message ဟာ ဝင်သွားပြီဖြစ်လို့ မမသုံးယောက်စလုံးက မြင်သွားကာ delivered ဖြစ်သွားလေပြီဖြစ်၏။

သူ့ရဲ့ အဲဒီ message အဆုံးမှာ ဘာမှလဲ reply ပြန်မလာတော့ဘဲ ငြိမ်သက်သွားကာ သုံးယောက်စလုံး အသီးသီး online ကနေ ထွက်သွားကြပြီမို့ သူလည်း ဘာမှဆက်မပြောနိုင်တော့ပေ။ သေပြီ။ သေပြီ ... အဲဒီကိစ္စကို သူ ဘယ်လိုရှင်းရမယ်မှန်းလဲ မသိတော့ပေ။ စိတ်ဆိုးသွားလားဆိုတဲ့ အတွေးတွေနဲ့အတူ ငေါင်ပြီး ကျန်ခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟား … ပြဿနာကတော့ မိုးကို မီးတက်ရှို့လိုက်သလိုဖြစ်ပြီမို့ ဘာဆက်လုပ်ရမယ်တောင် မသိတော့ချေ။ ပြဿနာတစ်ခု အေးသွားပြန်တော့လည်း နောက်ပြဿနာက ပိုကြီးနေတာကြောင့် သူက စိတ်မောလှမော ဖြစ်ရကာ ဘာဆက်လုပ်ရမယ်မှန်း မသိတော့ချေ။

❦ ❦ ❦





စိမ်း၊ မြနှင့် ဇော် သုံးယောက်က ဒီအချိန်မှာ ခေါင်းချင်းဆိုင် ဆွေးနွေးနေကြသည်။ ဒီအချိန်ကာလမှာ သုံးယောက်စလုံးရဲ့ စိတ်ထဲမှာ ဒွိဟဖြစ်နေရတာဖြစ်၏။ တစ်ဖက်က ဒေါသဖြစ်ရသလို နောက်တစ်ဖက်က ကျပြန်တော့လည်း သူဘာသဘောနဲ့ ဒီလိုလုပ်ပြီး I love You ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်က ဘာကိုရည်ညွှန်းတယ်ဆိုတာ သိချင်စိတ်တော့ အနည်းငယ်ဖြစ်ရလေသည်။

"ငါတို့ကို သူက ဘာသဘောနဲ့ ဒီစကား ပြောရတာလဲ။ ပြီးတော့ အခုချိန်ထက်ထိလည်း ဘာတစ်ခွန်းမှ မပြောဘူးဆိုတာကတော့ ဒါ ငါတို့ရဲ့သိက္ခာကို စော်ကားတာ။ ဒီကိစ္စကို ဘယ်လိုဖြေရှင်းရမလဲ"

ဇော်က မခံမရပ်နိုင် ဖြစ်ရလေသော ဒေါသတို့ကြောင့် အားလုံးကို တိုင်ပင်ဟန် ပြောလိုက်လျှင် စိမ်းကလည်း ထောက်ခံကာ …



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ဟုတ်တယ်။ ငါလည်း လုံးဝကို သည်းမခံနိုင်ဘူး။ ဒီစကားလုံးဟာ ငါတို့ကို စော်ကားတာ"

"Viber ကနေ အခုလိုမျိုး ပို့လိုက်တယ်ဆိုတော့ သူက ဘာကိုဆိုလိုချင်တာလဲ၊ အဲဒီစကားက ဘယ်သူ့ကိုရည်ရွယ်တာလဲ။ သုံးယောက်စလုံးကိုလား။ ငါတို့တွေ ဒီချာတိတ်ကို ပတ်သက်မိတာ မှားသွားပြီ ... တောက်"

အခုချိန်မှ စိမ်းတို့ရဲ့ဒေါသတွေက အရမ်းထွက်နေကာ သုံးယောက်စလုံး၏စိတ်ခံစားချက်မှာလည်း ဒီ I love You ဆိုတဲ့စကားဟာ ဘယ်သူ့ကို ရည်ရွယ်တာလဲ ဆိုတာ သိချင်လှပေသည်။ ပွင့်ပွင့်လင်းလင်း ပြောရမယ် ဆိုရင်တော့ သုံးယောက်စလုံးဟာ ဘယ်ဘဝရဲ့ရေစက်ကြောင့်မှန်းကိုမသိ ဒီကောင်လေးကိုမှ ရင်းနှီးခင်မင်စွာ ပတ်သက်ခဲ့တာဖြစ်သည်။ အမြဲလိုလို ခပ်တည်တည်ဖြင့် ချေနေတတ်သော အပျိုကြီးတွေအဖြစ် လောကမှာ တင့်တင့်တယ်တယ် ရပ်တည်နေပြီးကာမှ ဒီကောင်လေးကြောင့် ရင်ခုန်သံတွေကော စိတ်ဒေါသတွေပါ ပွက်ပွက်ဆူအောင် မွှေလေသော အဲဒီကောင်လေးကို စိတ်ထဲမှာ ဒွိဟအတွေးတွေနှင့် မှတ်မှတ်ထင်ထင် ဖြစ်နေရတာပဲဖြစ်သည်။

သုံးယောက်စလုံးဟာ ဒေါသများဖြင့် အတွေးကိုယ်စီတွေးကာ ငေးငိုင်နေကြစဉ်မှာပဲ စိမ်းရဲ့ဟန်းဖုန်းလေးက မြည်လို့လာပေသည်။





"ဟဲ့ .... ဟိုကောင်လေးဆီက ဖုန်း"

အားလုံးက စိမ်းရဲ့ Galaxy S5 ဟန်းဖုန်းလေးရဲ့ Display ကို အံ့အားတသင့် ကြည့်မိလိုက်သည်။ စိမ်းက ကိုယ့်ဘေးနှစ်ဖက်မှာ ဖုန်းကိုပဲ အံ့ရုံစိုက်၍ ကြည့်နေသော မြနှင့်ဖော်ကို တစ်ချက်စီ ငေးကြည့်ပြီးမှ ...

"ဘယ်လိုလုပ်သင့်လဲ မြနဲ့ ဖော်"

"ဘယ်လိုလုပ်ရမလဲ၊ ဒီကိစ္စကို သိအောင် ဖုန်းကိုင်ပြီး ကောကို ကောရမယ်"

စိမ်းက ခေါင်းညိတ်ကာ ဖုန်းကို စပီကာဖွင့်လိုက်သည်။

"ဟယ်လို"

"မမစိမ်း ... ကျွန်တော် ရှေးဘုန်းကံပါ"

"ဘာကိစ္စရှိလို့လဲ"

"ဟို ... မနေ့က ..."

"အဲဒါနဲ့ မေးပါရစေဦး။ မင်း မနေ့တုန်းက ဘာသဘောနဲ့ အဲဒီ message ကို ပို့ရတာလဲ"

"ကျွန်တော် တောင်းပန်ပါတယ် မမ။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်ဘက်က ... ကျွန်တော့် ရင်ထဲမှာ ..."

စိမ်းက ဆက်ပြောလတော့မည့် စကားတွေကို ဘာကြောင့်မှန်းမသိ စိမ်းက တားမြစ်ပိတ်ပင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း ... မင်း ဘာသဘောနဲ့ ဒီစကားကို ပြောရတာလဲ။ မင်းက ဘာလဲ ... ငါတို့ကို စော်ကားနေတာလား။ မင်းရဲ့ရည်းစားစကားကို ငါက အသိအမှတ်ပြုမယ် များ ထင်နေလား"

"ခင်ဗျာ"

စိမ်းက ဒေါသလည်းထွက် ရှက်လည်းရှက်နေကာ အပြတ်ပြောလိုက်၍ ဖုန်းချလိုက်သည်။ စိမ်းက စိတ်ရှုပ်စွာဖြင့် ဖုန်းကို စားပွဲပေါ် ပစ်တင်လိုက်ကာ လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"ကောင်လေးကလည်းဟယ် ဘယ်လိုကောင်လေးလဲ မသိပါဘူး။ စိမ်း ... အဲဒီကောင်လေးက နင့်ကို ရည်ရွယ်တာပေါ့"

စိမ်းက တွေဝေငေးငိုင်သွားကာ အဖြေရခက်နေတုန်း မြရဲ့ဖုန်းလေးက မြည်လို့လာလေသည်။ မြက ဖုန်းနံပါတ်ကို ပြန်ကြည့်လိုက်ရင်း ...

"ဟဲ့ ... ရှေးဘုန်းကံဆီကပဲ"

မြက ပြောရင်း ဖုန်းကိုင်လိုက်သည်။

"ဘာကိစ္စလဲ ရှေးဘုန်းကံ"

"ကျွန်တော် မမကို တကယ်အနူးအညွတ် တောင်းပန်ပါတယ်။ မနေ့ကလေ ကျွန်တော် I love You ..."





"တော်ပြီ။ မင်းက ဘယ်လိုလူလဲ။ ဒီမှာ ရှေးဘုန်းကံ ငါတို့က မင်းထက် အသက်ကြီးတယ်နော်။ မင်းက ငါတို့ကို မလေးမစား လုပ်တာလား။ ဒီမှာ ... မြဲရဲ့ရကို ဒီလိုအကွက်တွေ လာနင်းဖို့ မကြိုးစားနဲ့။ ဒါပဲ"

မြက စိတ်ဆိုးမာန်ဆိုးနှင့် ဖုန်းကိုချလိုက်သည်။

"ရှေးဘုန်းကံက ဘယ်သူ့ကို ရည်ရွယ်တာလဲ။ စိမ်းလား ဒါမှမဟုတ်ရင် မြလား"

ဒီအချိန်မှ မြကော စိမ်းပါ ဒေါသတွေဖြစ်နေကြသည်။ သူတို့နှစ်ယောက် စကားသံ ခဏတိတ်နေကြချိန်မှာ ဇော့်ရဲ့ဖုန်းကလည်း ထပ်လို့မြည်လာပြန်၏။ ဒီတစ်ခါမြည်တဲ့ဖုန်းသံကိုတော့ စိမ်းကော မြကပါ စိတ်ဝင်တစား မေးလာလေသည်။

"ရှေးဘုန်းကံရဲ့ ဖုန်းပဲမှလား"

ဇော်က ဖုန်းနံပါတ်ကို ကြည့်လိုက်ရင်း စိတ်ထဲမှာ တနုံ့နုံ့ ဒေါသတွေထွက်ကာ ဖုန်းမကိုင်ဘဲ ဒီအတိုင်း ချထားလိုက်၏။

"ဘာဖြစ်လို့ မကိုင်တာလဲ ဇော်၊ ကိုင်လိုက်လေ"

"ဟင့်အင်း။ ငါက တတိယမြောက် အစော်ကားခံရတဲ့သူ မဖြစ်ချင်ဘူး။ အဲဒါကြောင့် ငါ ဖုန်းမကိုင်ဘူး၊ ဒီကောင်လေးက ငါတို့တွေကို လှောင်တွက်လွန်းအားကြီးသော



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး။ ဒါမှ ငါတို့ သူ့ကို ပြတ်ပြတ်သားသား ပြောလို့ရမှာ။ ဒီအသက်အရွယ်ရောက်နေမှ ဒီလိုမျိုး စုံလိုက်သုံးယောက်စလုံး ရည်စားစကား ပြောခံလိုက်ရတာဟာ ကလေးဆန်တဲ့ အပြုအမူ၊ ငယ်ငယ်တုန်းကလို ဒီလိုမျိုး ငါတို့သုံးယောက်ကို တစ်ပြိုင်တည်း စာလိုက်ပေးခံရရင် စိတ်ဆိုသလိုမျိုးကို စိတ်ဆိုးရမယ် ...

အခု ဒီအချိန်မှာ ငါတို့က ဒီထက်ပိုပြီး စိတ်ဆိုးသင့်တယ်။ ပြောလို့ကောင်းအောင် ဖုန်းကိုင်လိုက်ပါ"

မြရဲ့စကားအဆုံးမှာ ဖုန်းက ကျသွားလေ၏။ ဇော်က missed call ဖြစ်သွားသော ဖုန်းနံပါတ်ကို တစ်ချက်ပြန်ကြည့်လိုက်သည်။

"ဖုန်းက missed call ဖြစ်သွားပြီ။ ပြန်ခေါ်ရင်တော့ cl roll ကျသွားမှာနော်"

အဲဒီအချိန်မှာပဲ ဇော်ရဲ့ဖုန်းလေးက ထပ်မံမြည်လာ၏။ ဒီတစ်ခါတော့ ဇော်က သူငယ်ချင်းတွေရဲ့စကားကို နားထောင်ပြီး ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"

"မမဇော် ... ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော် မမစိမ်းနဲ့ မမမြကိုလည်း တောင်းပန်ပြီးသွားပြီ။ ဘယ်လိုမှ လက်မခံဘူး။ ကျွန်တော် တောင်းပန်ပါတယ် မမရယ်"





"တော်ပြီ ရှေးဘုန်းကံ။ မင်း ဘာမှတောင်းပန်စရာ မလိုတော့ဘူး။ မင်းနဲ့လည်း ဘာမှပတ်သက်စရာ မလိုတော့တဲ့အတွက် ငါ့ကို ထပ်မဆက်သွယ်ပါနဲ့။ ငါ မင်းတို့ကိုကူလည်း ကူညီပေးမှာ မဟုတ်ဘူး"

ဇော်က ခံပြင်းဒေါသတို့ဖြင့် အပြတ်ပြောကာ ဖုန်းချလိုက်လေသည်။ စိတ်ထဲမှာ နာကျင်တာရော ခံပြင်းတာတွေရော ပေါင်း၍ ဒေါသက အရမ်းကို ထွက်နေတာဖြစ်၏။ သူ့ဘာသာသူ စိမ်းနဲ့မြကို ပတ်ရှုပ်ချင်တာနဲ့ ဇော့်ကို အသုံးချခံတစ်ခုလို သဘောထားကာ တောင်းပန်ခယ ဆက်ဆံပုံကြီးကို အင်မတန်မှ ခါးသီးရလေ၏။

"တော်တော်စိတ်ပျက်ဖို့ကောင်းတဲ့ ချေးထုပ်"

"အဲဒီတော့ ဒီကိစ္စကို ဘယ်လိုဆက်ရှင်းမလဲ"

မြရဲ့အမေးကို ဇော်က ခပ်ပြတ်ပြတ် ဖြေပေးလိုက်သည်။

"ဘယ်လိုမှ ရှင်းစရာ မလိုပါဘူး။ ဒီလိုအပြုအမူမျိုးနဲ့ ဒီလိုစိတ်ဓာတ်မျိုး ရှိတဲ့သူကို ဘာမှ ပတ်သက်စရာ အကြောင်းမရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

လုံးဝကြီးကို အတိအကျ လွဲပြီမို့ရှေးကာ စိတ်ခာတ် တို့မှာ အကြီးအကျယ်ပင် လဲကျလို့ သွားရလေ၏။ သူ ပီတိနှင့် လက်ထပ်ဖို့ မလိုဘူးဆိုတဲ့ ပျော်ရွှင်မှုကြောင့် လက်က မှားနှိပ်မိတဲ့ I love You sticker ကြောင့် မမတွေ အထင်လွဲပါတယ်ဆိုမှ သူ ဘာများစကားထပ်မှားလည်း မတွေးနိုင်လောက်အောင် မမတွေက သူ့ကို ရည်းစားစကားကို သုံးယောက်စလုံး တစ်ပြိုင်တည်း ပြောတယ်ထင်၍ စိတ်တွေဆိုးသွားသောအခါ သူ့မှာ တကယ်ပဲ တိုင်ပတ်ရပြီ ဖြစ်သည်။

အမှန်အတိုင်း ပြောရမယ်ဆိုရင် သူ့ရင်ထဲမှာ အဲဒီ မမသုံးယောက်ကိုတော့ သံယောဇဉ်ရှိလှပေသည်။ သူ့အစ်မတွေကို စေတနာထား၍ သူက မြားနတ်မောင်တော် လုပ်ပေးနေတာ ဖြစ်သည်။ ဒါပေမဲ့ ကံဆိုးမိုးမှောင်ကျစွာပင် မမတွေက စိတ်ဆိုး





လေတယ် ဆိုသောအခါ သူဟာ အကြိမ်ကြိမ် အခါခါ မမတွေဆီ ဖုန်းဆက်၍ တောင်းပန်သော်လည်း မမတို့က လုံးဝလက်သင့်မခံကြတော့ချေ။

ဤသို့ဖြင့် သူ့ဘက်က အောင်သွယ်ပေးပါမည်ဟု ကတိခံထားတဲ့ကိစ္စလည်း ပျက်ကာ မမသုံးယောက်ကလည်း သူ့ကိုစိတ်တွေဆိုး လုံးဝလက်သင့်ခံ စကားမပြောကြတော့ချေ။ အဲဒီအခါမှာလည်း သူဟာ အသည်းကွဲရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လခွဲကြာပြီးနောက်တွင် ...



www.burmeseclassic.com

www.burmeseclassic.com



သူ မွေးလိုက်ကာ ဖြစ်သွားရတဲ့ ဝုန်းဒိုင်းကြဲအကျိုးဆက်တွေကြောင့် မာမီနှင့်သူဟာ အနည်းငယ်တော့ ကတောက်ကဆ ဖြစ်ရလေသည်။ ပီတိကပါ ဝင်ရှင်းပေးသည့်အတွက် ပီတိနှင့် သူ လက်ထပ်ဖို့ကိစ္စက အော်တိုပျက်သွားလေသည်။ မမသုံးယောက်ကတော့ သူ့ကို အဖက်လုပ် ပြန်ပြောခြင်း မရှိတော့ဘဲ အရင်လို အချေအမျိုးသမီးသုံးဦးအဖြစ် ရှိနေကာ သူနှင့်ပတ်သက်ဆက်နွယ်ခြင်း မရှိတော့ချေ။ သူနှင့် မပတ်သက်ပေမယ့် သူ မိတ်ဆက်ပေးလေတဲ့ ဘဲကြီးသုံးဦးနှင့်တော့ အထိုက်အလျောက် ပတ်သက်မှု ရှိတယ်ဆိုတဲ့ သတင်းကြောင့် သူ့မှာ ကျေနပ်ရလေသည်။

ဒက်ဒီကတော့ သူ့ကို အရင်လို နွေးထွေးစွာချက်ပြုတ်ကျွေးမွေးမြဲ ဖြစ်လေသည်။ ရှေးသည် အရင်ကလိုမျိုးတော့ ဖလန်းဖလန်း သိပ်မထနိုင်တော့ဘဲ လိမ်လိမ်မာမာဖြင့် အေးဆေးပဲ ဖြတ်သန်းနေတော့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင်တော့ သူ ကျောပိုးအိတ်ဆီက memory stick လာယူဖို့ သူတို့လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာတွေ့ပြီး ပြန်အလာမှာ လမ်းချိုးတစ်နေရာ၌ ရန်ပွဲတစ်ခုကို မြင်ရလျှင် ထို ရန်ပွဲမှာ ပါနေတဲ့သူက မမဇော် ဖြစ်နေတာကြောင့် သူက အံ့ဩ နဘမ်း ဖြစ်သွားဖြင့် ကားကိုဘေးထိုးရပ်ကာ မမဇော်ဆီ သွားလိုက် ၏။

"ကောင်မ ... လူပါးဝလို့။ လာစမ်းပါ။ သူများဆီက ချေး ပြီးရင် ပြန်ဆပ်ရတယ်ဆိုတာ နင် နားမလည်ဘူးလား။ ဟမ် ..."

"မမ ... မမဇော်"

ဝိုင်းအုံနေသော လူအုပ်ကြားထဲသို့ သူက တိုးဝင် လာကာ မမဇော်ကို လှမ်းဆွဲခေါ်လိုက်လျှင် မမဇော်က သူ့တား လည်း ဂရုမစိုက်ဘဲဖြင့် အော်ဟစ်ဆဲဆိုနေတာကြောင့် သူက စိတ်မောသွားရသည်။

"ကဲ ... ကဲ ... မင်းက ဘာကောင်မလဲ။ ဒါ ငါ့မိန်းမ။ နင် စကားပြော မမိုက်ရိုင်းနဲ့"

"မိုက်ရိုင်းတယ်။ ခဇော်တဲ့ ... တစ်ဇော်တည်းရှိတယ်။ နင့်မယား ငါ့ကို အတိုးမပေး အရင်းမပေးဘဲ လိမ်နေတာ ကို ငါက လက်ပိုက်ကြည့်နေရမှာလား"

"ဟား ... $ ကောင်မ။ ငါ ရိုက်လိုက်ရ"





"ဟေ့လူ။ ခင်ဗျား စကားပြောရင် မမိုက်ရိုင်းနဲ့"

ရှေးက ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ ဝင်ပါလေ လျှင် မမဇော်က သူ့ကို ဝင်တားလေ၏။

"ရှေးဘုန်းကံ ... နင်နဲ့ ဘာဆိုင်လို့ ဝင်ပါနေရတာလဲ"

"ဟေ့ကောင် ... မင်းက ဘာကောင်လဲ။ မဆိုင်ရင်လည်း အေးဆေးနေလိုက်။ ဒီကောင်မ (...)တိုးလည်း ပေးရသေး တယ်။ ငါတို့ကိုလည်း အိမ်ရှေ့အထိ လာရန်တွေ့တာ"

"ဟား ... ခင်ဗျားတို့ဘက်က အေးဆေးပြောလေ။ ဘာကိစ္စ ဒီလောက် ရိုင်းစိုင်းနေရတာလဲ"

ရှေးက မမဇော့်ဘက်ကနေ ရပ်တည်ပေးကာ ပြော လိုက်မိတော့သည်။ ရုတ်တရက်ကြီး မမဇော်အတွက် မားမားမတ် မတ် ရပ်တည်ပေးချင်တဲ့ စိတ်တွေက ပေါ်လာလျက် သူကပါ မမဇော်ဘက်ကနေ ရပ်တည်ပေးလိုက်သည်။

"မင်းက ဘာလာကျယ်နေတာလဲ။ ဟေ့ကောင် ... ခေါကြီး လူမိုက်ဆိုတာ တစ်ရပ်ကွက်လုံး သိတယ်။ ငါတို့ကိစ္စကို မင်း ဘာမှ ဝင်မပြောနဲ့ ...

ဟဲ့ ... ဒီမှာ ခဇော်။ နင့်(...)ဆံကို ငါတို့ မရှိလို့ မပေးနိုင်ဘူး။ ငါ့မိန်းမကို လာရန်တွေ့မနေနဲ့"

"ဟဲ့ ... ခေါကြီး။ နင့်စကားကို ကြည့်ပြော။ နင့်ဟာမက ယူထားတာ ကြာပြီ။ သူများဆီက ယူပြီးရင် ပြန်ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ..."

စောကြီး ဆိုသည့်ကောင်က မမဇော်ကို လက်ရွယ်လိုက်တာမို့ သူက လျင်မြန်စွာပင် လက်ဦးမှုရယူကာ စောကြီးကို ဆွဲထိုးလိုက်၏။

"ဟဲ့ ... ရှေးဘုန်းကံ။ ဘာကိစ္စ ဝင်ပါနေရတာလဲ"

မမဇော်က သူ့ကို လှမ်းဆွဲချိန်မှာ ဟိုကောင် စောကြီးက သူ့ကို ဝင်ထိုးတာမို့ သူက ဒေါသတွေထွက်ကာ ပြန်ထိုးတော့ သူတို့နှစ်ယောက် ရန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်ကာ နောက်ဆုံးမှာ လူကြီးတွေ ဆွဲကြ လွဲကြဖြင့် ရပ်ကွက်လူကြီးတွေရဲ့ ထိန်းသိမ်းခြင်းကို ခံလိုက်ရလေသည်။

❦ ❦ ❦





"ငါတကယ် စိတ်ဆင်းရဲတယ်။ တစ်သက်လုံး ခခဇော်တို့ ငွေတိုးချေးစားလာခဲ့တာ ဘာမှမဖြစ်ဘူး။ နင် ဘာလို့ ဒီလောက်ရှည်ကြာနေရတာလဲ။ အခုလို နင် အချုပ်ထဲရောက်တော့ ငါက ဘယ်လိုလုပ်ရမှာလဲ"

"မသိဘူး။ ကျွန်တော့်ကို ဒေါသဖြစ်အောင် အဲဒီကောင်က မမကို လက်ရွယ်တာကိုး"

"ဟဲ့ ... အဲဒါနဲ့ပဲ နင်က ထိုးကြိတ်စရာလား။ နင့်ကို အစကတည်းက မပတ်သက်ဖို့ပြောထားပြီးသား။ တောက် ... လာပတ်သက်တော့လည်း ငါ့မှာ တစ်ခါမှ မရောက်ဘူးတဲ့ ရဲစခန်းမှာတောင် နင့်အတွက် လိုက်ရှင်းနေရတယ်။ တကယ် စိတ်ကုန်တယ်"

ဇော်က စိုးရိမ် စိတ်ပူ ဒေါသဖြင့် ရှေးဘုန်းကံကို အော်ဟစ်ဆူပူမိတော့သည်။ ဇော့်ကြောင့် သူ အချုပ်ကျနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်က တကယ့်ကို စိတ်မချမ်းမြေ့ဖွယ်ရာမို့ ဇော်က မျက်ရည်ကျနေတာဖြစ်သည်။ မတွေ့ကြရတာ တစ်လကျော်လောက် ကြာခဲ့ပေမယ့် ဇော့်စိတ်ထဲမှာ ဒီကောင်လေးကို တနုံ့နုံ့ဖြင့် အမြဲပဲ စိတ်ဆိုးနေခဲ့ရသည်မှာလည်း ဒီနေ့ထိပဲ မဟုတ်လား။

"မမဇော် ... ပြန်တော့ဗျာ။ မမ တစ်ယောက်တည်း ကျွန်တော် အားနာတယ်"

"ငါ မနှင်နေနဲ့။ မင်း အာမခံရဖို့ ငါလုပ်ပေးရဦးမယ်လေ"

"ရပါတယ်ဆိုဗျာ။ မမဇော် ... ကျွန်တော့်ဘဝမှာ အချုပ်ခန်းထဲ ရောက်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးမိခဲ့ဖူးဘူး။ ဒါပေမဲ့ အခု ဒီအထဲမှာ နေ့နေရတာကို ကျွန်တော် ဘာကြောင့်မို့ ကျေနပ်လဲ သိလား။ မမဇော့်အတွက် ကျွန်တော် ကာကွယ်ပေးလိုက်ရလို့။ အဲဒါဟာ ကျွန်တော့်ရဲ့ အကြည်နူးဆုံး စိတ်ခံစားချက်ပဲ မမဇော်"

ဇော်က အဲဒီစကားတွေအတွက် ရှေးဘုန်းကံကို ငေးခနဲ ကြည့်လိုက်မိသည်။ ရှေးဘုန်းကံရဲ့ မျက်လုံးထဲမှာ စကားတွေ အများကြီးကို တွေ့လိုက်ရသလိုပင်။ ဇော်က ရုတ်တရက် ငြိမ်ကျသွားရသည်။

"အမယ်လေး ... သားလေး ... မေမေ့သားတော့ ဒုက္ခရောက်ပါပြီ"





အနောက်ကနေ စိုးရိမ်စိတ်ပူသံတွေနဲ့အတူ ကြားရတဲ့ အသံတို့ကြောင့် ဇော်က လှည့်ကြည့်လိုက်မိသည်။ ရှေးဘုန်းကံရဲ့ မိသားစုဝင်တွေ ဖြစ်၏။ အချုပ်ခန်းထဲ ရောက်နေသော ရှေးဘုန်းကံကို မရှုစိမ့်သော နှလုံးသားဖြင့် အစွမ်းကုန် စိတ်ပူပေးနေကြသော ဖိတ်ဖိတ်တောက် အမျိုးသမီးတွေကို ဇော်က မယှဉ်နိုင်စွာ နောက်သို့ အသာဆုတ်ပေးနေလိုက်သည်။

"သားရယ် ... ဒီလို အဆင့်အတန်းမျိုးနဲ့ ဘာကိစ္စရန်သွားဖြစ်ရတာလဲ ...

သား ... ဘာမှစိတ်မပူနဲ့နော်။ မေမေ အာမခံရအောင်လုပ်မယ်။ ဖြစ်မှဖြစ်ရလေ သားရယ်။ ဒီလို ဘာမဟုတ်တဲ့ဟာတွေနဲ့ ဘယ်လိုများ ပတ်သက်မိလို့ ရန်တောင်ဖြစ်ရတာလဲ"

ရှေးဘုန်းကံရဲ့အမေ စကားကြောင့် ဇော်က ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရသည်။ သိလိုက်ပါပြီ။ ဇော်က ဘာကြောင့်မှန်းမသိ စိတ်ထဲမှာ သိမ်ငယ်ရှက်ရွံ့လာကာ အသာလေးပဲ တိတ်တဆိတ် ထွက်လာခဲ့တော့သည်။

ရှေးဘုန်းကံ ... မင်းဟာ အစကတည်းက ငါ့နှလုံးသားကို ဝုန်းဒိုင်းကြဲအောင် လုပ်သွားခဲ့တဲ့သူပါ။ မင်း အမှော်အပြက် Viber ကနေ ချစ်တယ်ဆိုတဲ့ စကားဟာလည်း ငါ့အတွက် မဖြစ်လာခဲ့သလို ဒီတစ်ခါမှာလည်း ငါက မင်းဆီ့



www.burmeseclassic.com

www.burmeseclassic.com



မိသားစုရဲ့စကားလုံးထဲမှာ ဘာမှမဟုတ်တဲ့ အဆင့်အတန်း ဖြစ်ခဲ့ရပြန်ပြီ။ မင်းကို ဘယ်တုန်းက စရင်ခုန်မိသလဲ မသိခဲ့သလို ငါဟာ ဘယ်တုန်းက အသည်းကွဲမိသွားမှန်းလဲ မသိတော့ပါဘူး။

သေချာတာ တစ်ခုကတော့ ရေးဘုန်းကံနှင့် ပတ်သက်ပြီး စိတ်ခံစားချက်။ ပြီးတော့ ဒဏ်ရာရရှိခဲ့ရလေသည်။

❦ ❦ ❦





❦ ၂၀ ❦

"ဘယ်လိုခံစားရမယ် xxx သို့ရဲ့သားနဲ့ xxx လွယ်လွယ်ပြောထွက်တယ် xxx စိတ်ကုန်သွားပြီတဲ့ xxx မြူမှုန်တစ်စလောက်တောင် ငါ့စိတ်ထဲက xxx ငြိုငြင်ခြင်းမရှိပါ xxx ဟိုးအရင်ကလိုပဲ"

သူက နီနီခင်ဇော်ရဲ့ "ကျေးကျွန်"သီချင်းသံတွေကို ခံစားနေရင်း မမဇော်ကို သတိရနေမိသည်။ ရုတ်တရက်ကြီး ပြောင်းလဲသွားတဲ့ စိတ်ခံစားချက်အတွက် သူက ကိုယ့်ကိုယ်ကိုယ်လည်း အံ့သြမိလေသည်။ နဂိုကမှ သံယောဇဉ်အခံရှိထားတာကြောင့် အချစ်ဖြစ်လာတာကတော့ သိပ်အဆန်းကြီးတော့ မဟုတ်ချေ။ ဘာဖြစ်လို့လဲဆိုတော့ ဟို အပျိုကြီး မမနှစ်ယောက်နှင့် သူ့ရဲ့လူပျိုကြီးနှစ်ယောက် အိုခေနေကြတယ်ဆိုတဲ့ သတင်းစကားကြောင့် သူက ယုံကြည်လက်ခံပြီးသားဖြစ်၏။ အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူက ချစ်တယ်ဆိုတာကို ချစ်တယ်ဆိုတဲ့ အတွေးခံစားချက်တို့ဖြင့် မမဇော်ဆီကို ဆက်သွယ်လေလျှင် မမဇော်က အပြတ်သားဆုံး စကားတစ်ခွန်းဖြင့်သာ သူ့ကို ဖြတ်ချသွားလေသည်။

"မင်း ငါ့ကို ဘယ်တော့မှ မဆက်သွယ်ပါနဲ့ ရှေးဘုန်းကံ။ ငါက ဘယ်တော့မှ မင်းနဲ့ပတ်သက်ပြီး ဘာခံစားချက်မှ ရှိမှာ မဟုတ်ဘူး"

"မမ ... ကျွန်တော့်မှာ အချစ်ဆိုတာကို ခေါင်းစဉ်တပ်ခွင့် မရှိတော့ဘူးလား။ ကျွန်တော့်ဘက်ကတော့ သေချာသွားပြီ မမ"

အဲဒီစကားအတွက် မမဇော်က ဖုန်းချသွားလေသည်။ အဲဒီကိစ္စနှင့် ပတ်သက်ပြီး မာမီကလည်း လုံးဝသဘောမတူချေ။ သူ့ရဲ့ ဝေလေလေ ဖြစ်နေသော စိတ်တွေအတွက် မာမီကအပြတ်သားဆုံး စကားကို ပြောလေသည်။

"မင်းကို အဲဒီလိုမျိုးတော့ မေမေက အဖြစ်မခံနိုင်ဘူး ရှေးဘုန်းကံ။ မင်းက ငါ့ရဲ့သား။ ငါ့ရဲ့အတွေးအခေါ်တွေ ငါ့ရဲ့စိတ်ဓာတ်တွေနဲ့ပဲ မင်း ရှင်သန်နေရမယ် ...

မင်းထက် အသက်ကြီးတဲ့ မိန်းမကို ငါက ချွေးမ မတော်နိုင်ဘူး။ အဲဒီတော့ မင်း ဆုံးဖြတ်ပါ။ ငါ့သားကို အချုပ်ထဲတောင် ပို့နိုင်တဲ့ အစွမ်းရှိတဲ့ မိန်းမကို ငါ ဘယ်လိုနည်းနဲ့မှ ချွေးမ မတော်နိုင်ဘူး"





မာမီ့သဘောမတူမှုအတွက် သူ စိတ်ဆင်းရဲနေတုန်းမှာ ဒယ်ဒီကတော့ သူ့ကို နှစ်သိမ့်ပေးလေသည်။

"သားစိတ်ထဲမှာ ဖြစ်ချင်တာကို ဖြစ်ချင်တဲ့အတိုင်း သင့်လျော်မလျော် ဆုံးဖြတ်ပါ။ အမိက,ကဘော့ ကိုယ့်အိမ်ထောင်ဖက်ဟာ ကိုယ့်ရဲ့တစ်သက်တာတွဲဖက် ဖြစ်ဖို့ပဲ ...

သားချစ်တဲ့သူက ဘယ်လိုလူမျိုးပဲ ဖြစ်နေပါစေ။ သားစိတ်ထဲမှာ သူ့ကို တစ်သက်တာ လက်ခံနိုင်စွမ်းရှိပြီဆိုမှ ရွေးချယ်ပါလို့ပဲ ပြောချင်တယ်"

ဒယ်ဒီရဲ့စကားတွေက သူ့နားထဲမှာ ပဲ့တင်ထပ်လို့နေလေသည်။ သူ ဘယ်တုန်းကမှ ချစ်လိမ့်မယ် မထင်ထားသော ခပ်ကြမ်းကြမ်းနှင့် ပျော့ပျောင်းမှုမရှိတဲ့ အတိုးပေးစားပြီး ရန်ဖြစ်တတ်သော မမဇော်ကို သူ တစ်သက်တာ လက်ခံနိုင်သလားဆိုတဲ့ မေးခွန်းကို သူ့ကိုယ်သူ ပြန်မေးရင်း တွေဝေမှုကို ခံစားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





ပြန်မပြောချင်တဲ့ဖုန်းဆို
ကိုင်မနေနဲ့
အချိန်တန်တော့ missed call ဖြစ်သွားလိမ့်မယ်။

မမြင်ချင်တဲ့ account ဆို
block ပစ်လိုက်
အချိန်တန်တော့ boicked user စာရင်းထဲ ဝင်သွားတယ်။

အရမ်းလွမ်းနေတယ်ဆို
သတိရလိုက်
မကိုင်ခဲ့တဲ့ missed call ကို ပြန်ခေါ်ချင်တယ်
block ခဲ့တဲ့ account ကို unblock လုပ်ပြီး
သူ့ wall ကို ပြန်ကြည့်ချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ အဲဒီလိုပဲ
ပြန်မပိုင်တော့တဲ့ အတိတ်ကို
နောက်ခဏလှည့်ကြည့်ချင်တဲ့
အရူးထစိတ်တစ်မျိုးနဲ့ ပေါင်းစပ်ထားတယ်
အဲဒီစိတ်ကြောင့်
ငါ့ရင်ဘတ်တွေ ဝုန်းဒိုင်းကြဲခဲ့တယ်။





## ၂၁

ဇော်က ဒီကနေ့အတွက် စာရင်းကို စာအုပ်ထဲမှာ ရေးမှတ်နေချိန်မှာ ဇော်ရဲ့အရှေ့မှာ ရိပ်မိုးကျလာသော အရိပ်တစ်ခုကြောင့် ဇော်က မော့်ကြည့်လိုက်မိသည်။ ထင်မှတ်မထားစွာသောသူကို တွေ့လိုက်ရတာကြောင့် ဇော်က အံ့သြသွားရကာ ထိုင်နေရာမှ ထရပ်လိုက်ကာ ...

"မင်း ... ဒီကို ဘာလာလုပ်တာလဲ"

"ကျွန်တော် အပေါင်ခံချင်လို့ပါ"

"ဘာ"

ရှေးဘုန်းကံက သူလွယ်ထားတဲ့ ကျောပိုးအိတ်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်၍ ခုံမှာဝင်ထိုင်ကာ ...

"ကျွန်တော့်ကို ငွေထုတ်ပေးပါ မမ။ ကျွန်တော် အိမ်ပေါ်က ဆင်းလာခဲ့ပြီ။ မမအိမ်မှာပဲ နေမယ်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဟိုဘက်ရပ်ကွက်မှာ နေပြန်တိုးလိုက်ချေးမယ်။ အဲဒီလို စီးပွားရေးလုပ်ဖို့ ငွေလိုနေတယ်။ အဲဒါကြောင့် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အပေါင်ထားပြီး ငွေလာချေးတာပါ"

ဇော်က ပျောက်တုန်းက ပျောက်နေကာ အခုမှပြန်ပေါ်လာတဲ့ ရှေးဘုန်းကံကို အံ့အားတသင့်ဖြင့် ဘာပြန်ပြောရမှန်းမသိချိန်မှာ ရှေးဘုန်းကံက ဇော့်ရဲ့လက်တစ်ဖက်ကို ဆုပ်ကိုင်လာကာ ...

"မမ ... ကျွန်တော့်ဘက်က လုံးဝသေချာတာမို့လို့ မမဆီလာခဲ့တာပါ။ ကျွန်တော်က ကျွန်တော့်မိဘတွေရဲ့ အိမ်ထောင်ရေးကိုကြည့်ပြီး ကျွန်တော့်ဘဝအတွက် တစ်သက်တာ လက်တွဲနိုင်မယ့်သူကိုပဲ လက်ထပ်ဖို့ ရွေးချယ်မယ်လို့ ဆုံးဖြတ်ခဲ့တဲ့သူပါ ...

Viber ကနေ မမတို့သုံးယောက်ကို I love You ပို့မိတာက တကယ့် မတော်တဆ မှားယွင်းမှုပါ။ အဲဒီတုန်းက ကျွန်တော့်ဘက်က အမှားအတွက် မမတို့ရဲ့ အထင်လွဲခြင်းကို ခံခဲ့ရတယ်။ မမမြနဲ့ မမစိမ်း ကျွန်တော့်ကို အထင်လွဲ စိတ်ဆိုးတာကို ကျွန်တော် ခံစားရပါတယ်။ ဒါပေမဲ့ မမဇော် စိတ်ဆိုးနေတာလောက်တော့ မခံစားခဲ့ရဘူး ...





မမဇော်ကို ဟိုကောင် နှစ်ကြီး လက်ရွယ်တော့ ကျွန်တော် ဘယ်သူ့ကိုမှ ထည့်မစဉ်းစားနိုင်လောက်အောင် ဒေါသတွေ ကြီးခဲ့ရတယ်။ အဲဒါတွေဟာ မမဇော်ကိုချစ်တဲ့ စိတ်ကြောင့်ပါ။ ကျွန်တော့်ကို လက်ခံပါ မမရယ်။ မမရဲ့ယုံကြည်မှုရဖို့ ကျွန်တော် မမဆီမှာ ဘယ်လိုယုံကြည်အောင် သက်သေပြရမလဲ"

ရှေးဘုန်းကံက တကယ် ခံစားသက်ဝင်ပြောနေတယ်ဆိုတာ ဇော် သိသည်။ အဲဒီလိုပဲ ဇော့်ဘက်ကလည်း ...။ ဒါပေမဲ့ ကောင်လေးဟာ ဇော့်လိုလူမျိုးနဲ့ မဖြစ်နိုင်ပေ။ ဇော်က ရှေးဘုန်းကံဆွဲထားတဲ့ လက်တွေကို ဖြုတ်ချလိုက်ကာ ...

"ဟင့်အင်း ... မင်းဟာ ငါနဲ့ အစကတည်းက မပတ်သက်သင့်တဲ့သူပါ ရှေးဘုန်းကံ။ မင်း ငါ့ကို လာမပတ်သက်ပါနဲ့။ ငါ့ရဲ့တည်ငြိမ်အေးချမ်းနေတဲ့ ဘဝကို မင်းလာမနှောင့်ပါနဲ့တော့"

"မဟုတ်ဘူး မမ။ ကျွန်တော်က မမနဲ့ ပတ်သက်သင့်လို့ကို လာပတ်သက်ရတာပါ။ ကျွန်တော့်ဘဝရဲ့ ဖူးစာရှင်အဖြစ် မြားနတ်မောင်က မမ တစ်ယောက်တည်းကိုပဲ ထိအောင်ပစ်ခဲ့ပေမယ့် ကျွန်တော်က အဲဒီမြားကို မမြင်ဘဲ အမြင်လွဲခဲ့တာပါ။ မမရယ် ... ကျွန်တော့်ကို မချစ်နိုင်ဘူးလားဟင် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာဖြစ်လို့ အိမ်ပေါ်က ဆင်းလာခဲ့တာလဲဆိုရင် မမ ကျွန်တော့်ကို လက်မခံမှာစိုးလို့ ဆင်းလာခဲ့တာ။ မမနဲ့ တစ်ထပ်တည်းကျတဲ့ ဘဝတစ်ခုကို ကျွန်တော် ရချင်လို့"

ဇော်က ဘာမှပြန်မပြောပေ။ ဇော့်ရင်ထဲမှာ ရေးဘုန်းကံ ရှိနေတာ သူသိလို့မဖြစ်ပေ။ ဇော် သူ့ကို ဇော်နဲ့မပတ်သက်စေချင်။

"ရတယ်လေ။ မမ ဘာမှ ပြန်မတုံ့ပြန်ဘူး ဆိုတော့လည်း ရတယ်။ ကျွန်တော် ပျောက်သွားတော့မယ်။ ဖြစ်ချင်ရာ ဖြစ်ပါစေ။ ကျွန်တော့်ဘဝကို ဝုန်းဒိုင်းကြဲ လွှင့်ပစ်လိုက်တော့မယ်"

အင်မတန်မှ စိတ်မြန်စွာဖြင့် ရေးဘုန်းကံက သူ့အိတ်ကို ကောက်ယူကာ ထွက်သွားလေသည်။ ဇော်က ရှိတုံ့ချတုံ့ ဖြစ်နေလေသည်။ ဟင့်အင်း ... အချစ်ဟာ အချစ်ပဲ။ ဘာကိုဂရုစိုက်နေရမှာလဲ။

"ရေးဘုန်းကံ ... ခဏလေး"

ဇော်က အနောက်က အမီလိုက်ခေါ်ကာ သူ့ကိုတားလိုက်လျှင် ရေးဘုန်းကံက သူမဘက်သို့ ပြန်လှည့်လာ၏။

"ဘာလဲ မမ။ ကျွန်တော့်ကို ဘာပြောစရာ ကျန်လို့လဲ"





ဘာကိုမှ ထည့်တွက် မစဉ်းစားချင်တော့သော စိတ်ဖြင့် ဇော်က ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ချစ်ရတဲ့ကောင်လေး ဝုန်းဒိုင်းကြဲပျော်စေဖို့ ပြောလိုက်တော့သည်။

"မင်းကို ငွေချေးဖို့ ဆုံးဖြတ်လိုက်ပြီ။ အဲဒီအတွက် မင်းက တို့ရဲ့အပေါင်ပစ္စည်း ဖြစ်သွားပြီမို့လို့ ဒီမှာပဲ နေခွင့်ရှိတယ်"

ဇော့်စကားကြောင့် ရေးဘုန်းကံ အပြုံးများဖြင့် ဇော့်ဆီ အပြေးလာလေသည်။ ဘဝမှာ တစ်ခါမှလည်း သေချာမချစ်ခဲ့ဘူးပေ။

ကိုယ်က တစ်သက်လုံး ဖိုက်တာ ဖံဖံကြဲ လုပ်လာခဲ့သမျှ အချစ်နဲ့တွေ့မှ ရင်ခုန်သံတွေ မြန်ဆန်လာရကာ မလှုပ်မယှက်ဖြစ်ရလေသည်။

"အဲဒါဆိုရင် ကျွန်တော့်ဘက်က ပေးမယ့်အတိုးက အပျိုကြီးမမ ဘယ်တော့မှ စိတ်မဆင်းရဲစေရမယ့် ချစ်ခြင်းအတိုးပဲ ...

မမကို ကျွန်တော် အရမ်းချစ်တယ်"

အဲဒီစကားကြောင့် ဇော်က ရှက်ရွံ့ရင်ခုန်စွာ ခေါင်းညိတ်ပြလေသည်။ ချစ်သူဘဝ အမှတ်တရဆိုကာ ရေးက ဇော်နှင့်အတူတွဲ၍ Selfie ဓာတ်ပုံရိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သားစုံတွဲဓာတ်ပုံဟာ မြားနတ်မောင်ရဲ့ ဖန်ဆင်းပေးတဲ့ ချစ်ခြင်းကြောင့် ဘယ်လိုကြည့်ကြည့် လှနေကာ အချစ်တွေကို ပိုလို့ ဝှန်းဒိုင်းကြဲ တိုးတက်စေ၏။ ။

ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ
3:16 A.M

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဈေးမီးရှူးလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"

BURMESE CLASSIC
www.burmeseclassic.com